ミャンマー語版

# နေထိုင်မှုဘဝနှင့် လုပ်ငန်းခွင်ဆိုင်ရာ လမ်းညွှန်စာအုပ်

~ဂျပန်နိုင်ငံ၌နေထိုင်သည့်နိုင်ငံခြားသားများသို့~





ယာယီဘာသာပြန်

ကြီးကြပ်-လူဝင်မှုကြီးကြပ်ရေးဝန်ဆောင်မှုအေဂျင်စီ

# ရှေးဦးစွာ

ဂျပန်နိုင်ငံတွင် နေထိုင်သော နိုင်ငံခြားသားဦးရေမှာ၂၀၂၂ခုနှစ်ဇွန်လကုန်တွင်၂.၉၆သန်းခန့် ရှိပြီးမြင့်မားသော စံချိန်ကိုထိန်းထားကာ၊ အနာဂတ်တွင်ဂျပန်နိုင်ငံ၌နေထိုင်သော နိုင်ငံခြားသားဦးရေပိုမိုများပြားလာမည်ဟု ခန့်မှန်းရသည်။

ဂျပန်နိုင်ငံတွင်း ဂျပန်လူမျိုးနှင့်နိုင်ငံခြားသားများ သာယာချမ်းမြေ့စွာ နေထိုင်နိုင်ရေးကို အကောင် အထည်ဖော်ဆောင်ရွက်ရာတွင် ဂျပန်လူမျိုးများသည် နိုင်ငံခြားသားများအပေါ် နားလည်ရန်မှာလည်း အရေးကြီးသလို၊ ဂျပန်နိုင်ငံ၏ စည်းကမ်း၊ ဓလေ့ထုံးစံ စသည်နှင့် စပ်လျဉ်းသည့် အသိ ပညာများ၊ သတင်းအချက်အလက်များကို နိုင်ငံခြားသားများ တိကျမြန်ဆန်စွာရယူနိုင်မှုသည် အရေးပါ သောအခန်းကဏ္ဍမှပါဝင်နေသည်။

"နေထိုင်မှုဘဝနှင့်လုပ်ငန်းခွင်ဆိုင်ရာလမ်းညွှန်စာအုပ်"သည် ၂၀၁၈ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပ ခဲ့သည့် "နိုင်ငံခြားသားလူ့စွမ်းအားအရင်းအမြစ်များ လက်ခံရေး၊ အတူတကွပေါင်းစည်းနေထိုင်ရေး အတွက် သက်ဆိုင်ရာဝန်ကြီးများအစည်းအဝေး"မှ ဆုံးဖြတ်ရရှိခဲ့သော "နိုင်ငံခြားသားလူ့စွမ်းအား အရင်းအမြစ်များ လက်ခံရေး၊ အတူတကွ ပေါင်းစည်း နေထိုင်ရေးအတွက် ဘက်စုံတုံ့ပြန်မှုစီမံကိန်း" ကိုအခြေခံ၍ ဝန်ကြီးဌာန အသီးသီးသည် တစ်သားတည်းဖြစ်သွားပြီး၊ ဂျပန်နိုင်ငံတွင် နေထိုင်သော နိုင်ငံခြားသားများ ဘေးအန္တရာယ်ကင်းရှင်း၍ သာယာချမ်းမြေ့စွာ နေထိုင်မှုဘဝနှင့် လုပ်ငန်းခွင် ဝင်ရောက်နိုင်ရန်အတွက် လိုအပ်၍ အခြေခံကျသော သတင်းအချက် အလက်များကို စုစည်းပြီး ရေးသားထုတ်ဝေထားသည့်အရာဖြစ်ပါသည်။ ဤလမ်းညွှန်စာအုပ်နှင့်ပတ်သက်၍သည် လူဝင်မှု ကြီးကြပ်ရေးဝန်ဆောင်မှုအေဂျင်စီ၏ အင်တာနက်စာမျက်နှာ၌ တည်ထောင်ထားသည့် "နိုင်ငံခြားသား များ၏နေထိုင်မှုဘဝ ကို ထောက်ပံ့ပေးရန် ပေါ်တယ်ဝပ်ဆိုက် " တွင်ဘာသာစကားမျိုးစုံ(၁၆ ဘာသာစကား)တို့ဖြင့် ရေးသားထုတ်ဝေထားပါသည်။

ယခုအချိန်တွင်သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊အေဂျင်စီများ၏ အတူတကွပူးပေါင်းဆောင်ရွက်မှုအောက်တွင် စနစ်သစ်တည်ထောင်ခြင်း၊ ပြန်လည်ပြုပြင်ခြင်းစသည်တို့ကိုအခြေခံ၍ စတုတ္ထအကြိမ်စာအုပ်ကိုပြုပြင်မွမ်းမံထားသည့်ပဥ္စမအကြိမ်စာအုပ်ကိုပြုစုပြီး၊ "နိုင်ငံခြားသားများ၏နေထိုင်မှုဘဝကိုထောက်ပံ့ပေးရန် ပေါ်တယ်ဝပ်ဆိုက်" ပေါ်တွင် ရေးသားထုတ်ဝေခဲ့ပါသည်။

နိုင်ငံခြားသားများအားလုံး ဤလမ်းညွှန်စာအုပ်တွင်ရေးသားပြုစုထားသော သတင်းအချက်အလက် များကို လိုက်နာကျင့်သုံး၍ ဂျပန်နိုင်ငံတွင် သာယာဖြောင့်ဖြူးသော နေထိုင်မှုဘဝရရှိနိုင်ရေးအတွက် အကူအညီဖြစ်စေရန် ရည်ရွယ်ပါသည်။

၂၀၂၃ခုနှစ်မတ်လ

လူဝင်မှုကြီးကြပ်ရေးဝန်ဆောင်မှုအေဂျင်စီ

ဤလမ်းညွှန်စာအုပ်သည် အောက်ဖော်ပြပါ ဝန်ကြီးဌာနများနှင့်အေဂျင်စီများမှ ပူးပေါင်းစီစဉ်ထား ခြင်းဖြစ်ပါသည်။

ဝန်ကြီးဌာနများ၊အေဂျင်စီများစာရင်း

| | | |
|---|---|---|
| ကက်ဘိနက်အတွင်းရေးမှူးအဖွဲ့ | တရားရေးဝန်ကြီးဌာန | စိုက်ပျိုးရေး၊သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာန |
| ဝန်ကြီးများရုံး(ကက်ဘိနက်ရုံး) | နိုင်ငံခြားရေးဝန်ကြီးဌာန | စီးပွားရေး၊စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန |
| အမျိုးသားရဲအေဂျင်စီ | ဘဏ္ဍာရေးဝန်ကြီးဌာန | မြေ၊အခြေခံအဆောက်အအုံ၊ သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလာရေးဝန်ကြီးဌာန |
| ငွေကြေးဝန်ဆောင်မှုအေဂျင်စီ | ပညာရေး၊ယဉ်ကျေးမှု၊ အားကစား၊သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးဌာန |
| စားသုံးသူရေးရာအေဂျင်စီ | ကျန်းမာရေး၊အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန | |
| ပြည်ထဲရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန | | |

# မာတိကာ

ရှေးဦးစာ

## အခန်း ၁။ ပြည်ဝင်ခွင့်၊ နေထိုင်ခွင့်ဆိုင်ရာလုပ်ထုံးလုပ်နည်း


၁ နေထိုင်ခွင့်ကတ်ပြား....1

၁-၁ နေထိုင်ခွင့်ကတ်ပြားထုတ်ပေးခြင်း....2

၁-၂ နေထိုင်ကြောင်းအကြောင်းကြားစာ(ပြောင်းရွှေ့လာကြောင်းအကြောင်းကြားစာ)....2

၁-၃ နေထိုင်ခွင့်ကတ်ပြားပျောက်ဆုံးခြင်း....3

၁-၄ နေထိုင်ခွင့်ကတ်ပြားပြန်လည်အပ်နှံခြင်း....3

၂ နေထိုင်ခွင့်အဆင့်ဆိုင်ရာလုပ်ထုံးလုပ်နည်း....4

၂-၁ နေထိုင်ခွင့်သက်တမ်းတိုးခြင်း(နေထိုင်ခွင့်သက်တမ်းကိုတိုးမြှင့်လိုလျှင်)....4

၂-၂ နေထိုင်ခွင့်အဆင့်ပြောင်းလဲခြင်း (ဂျပန်နိုင်ငံတွင်းနေထိုင်မှုရည်ရွယ်ချက်ကိုပြောင်းလဲလိုလျှင်)....4

၂-၃ ရာသက်ပန်နေထိုင်ခွင့်....5

၂-၄ နေထိုင်ခွင့်အဆင့်ရရှိခြင်း(ကလေးမွေးဖွားသည့်အခါ)....5

၂-၅ နေထိုင်ခွင့်အဆင့်လွန် လုပ်ရှားလုပ်ဆောင်မှုခွင့်ပြုချက်....6

၂-၆ ဒေသဆိုင်ရာလူဝင်မှုကြီးကြပ်ရေးရုံးသို့အကြောင်းကြားစာ....6

(၁) နေထိုင်မှုအဆင့်အရလုပ်ရှားဆောင်ရွက်နေသောအဖွဲ့အစည်းနှင့်ပတ်သက်၍ အသိပေးစာ

(၂) စာချုပ်ချုပ်ဆိုထားသောအဖွဲ့အစည်းနှင့်ပတ်သက်၍ အသိပေးစာ

(၃) အိမ်ထောင်ဖက်နှင့်ပတ်သက်၍အသိပေးစာ

၃ ထပ်မံပြည်ဝင်ခွင့်(လက်ရှိကိုင်ဆောင်ထားသော နေထိုင်ခွင့်အဆင့်ကို ထိန်းသိမ်း၍ ဂျပန် နိုင်ငံတွင်းသို့ ထပ်မံဝင်ရောက်ခြင်း)....9

(၁) (မီနရှိ)အထူးထပ်မံပြည်ဝင်ခွင့် (တစ်နှစ်အတွင်းဂျပန်နိုင်ငံသို့ပြန်လာပါက)

(၂) ထပ်မံပြည်ဝင်ခွင့် (တစ်နှစ်ထက်ပို၍ဂျပန်နိုင်ငံမှထွက်ခွာလျှင်)

၄ ဒုက္ခသည်အသိအမှတ်ပြုရေးဆိုင်ရာလုပ်ထုံးလုပ်နည်း....10

၄-၁ ဒုက္ခသည်ဆိုသည်မှာ....10

၄-၂ ဒုက္ခသည်အသိအမှတ်ပြုမှုလျှောက်ထားခြင်းနှင့်စပ်လျဉ်း၍....10

၄-၃ ဥပဒေအရပြန်လည်စိစစ်ပေးရေးတောင်းခံချက်....11

၅ နိုင်ငံမှအတင်းအကျပ်ထွက်ခွာစေခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း....11

၅-၁ အတင်းအကျပ်ထွက်ခွာစေခြင်းအဓိကအကြောင်းအရင်း....11

၅-၂ အတင်းအကျပ်ထွက်ခွာစေမှုဖြစ်ပါက....11

၅-၃　ထွက်ခွာစေအမိန့်စနစ်......11

၅-၄　အထူးနေထိုင်ခွင့်......12

၆　ပြည်ဝင်ပြည်ထွက်၊နေထိုင်မှုစသည့်လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ မေးမြန်းစုံစမ်းနိုင်သော နေရာများ......13

၇　ဂျပန်နိုင်ငံ လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ခြင်း......14

၇-၁　ဂျပန်နိုင်ငံ လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာန တရားဝင် Home page......14

၇-၂　ဂျပန်နိုင်ငံ လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာန တရားဝင် SNS စသည်......14


## အခန်း ၂။ မြို့နယ်ရပ်ကွက်ကျေးရွာရုံး၌ပြုလုပ်ရမည့် လုပ်ထုံးလုပ်နည်းများ


၁　လိုအပ်သောအကြောင်းကြားခြင်း......16

၁-၁　နေရပ်လိပ်စာအကြောင်းကြားစာ......16

(၁) ပြည်ဝင်ခွင့်အသစ်ရယူပြီး ဝင်ရောက်လာခြင်း၌

(၂) အိမ်ပြောင်းရွှေ့သည့်အခါ၌

၁-၂　လက်ထပ်မှတ်ပုံတင်......17

(၁) လက်ထပ်ထိမ်းမြားမှုအကြောင်းကြားရာ၌လိုအပ်သည့်အရာများ

(၂) မိမိနိုင်ငံအတွင်း၌တရားဝင်မှု

၁-၃　ကွာရှင်းပြတ်စဲကြောင်းအကြောင်းကြားစာ......18

(၁) မိမိနိုင်ငံအတွင်း၌တရားဝင်မှု

(၂) တစ်ဖက်လူမှ ကွာရှင်းပြတ်စဲကြောင်းအကြောင်းကြားစာ တင်ပြခြင်းခံရမည်ကို စိုးရိမ်သည့်အခါ၌

၁-၄　သေစာရင်း......19

(၁) သေဆုံးမှုကိုအကြောင်းကြားရာ၌ လိုအပ်သည့်အရာများ

(၂) နေထိုင်ခွင့်ကတ်ပြားပြန်လည်အပ်နှံခြင်း

၁-၅　တံဆိပ်တုံးမှတ်ပုံတင်ခြင်း......20

(၁) တံဆိပ်တုံးမှတ်ပုံတင်ခြင်းလုပ်ထုံးလုပ်နည်း

(၂) တံဆိပ်တုံးမှတ်ပုံတင်ခြင်းအထောက်အထား

၂　My Numberစနစ်......20

၂-၁　My Numberစနစ်ဆိုသည်မှာ......20

၂-၂　My Numberကတ်......21

(၁) ဖော်ပြချက်

(၂) မည်သို့သောအချိန်၌ အသုံးပြုရမည်နည်း

(၃) လျှောက်လွှာတင်ရန်နည်းလမ်း

(၄) လက်ခံရယူရန်နည်းလမ်း

၂-၃　My Number ကတ်အသုံးပြုရာ၌ သတိပြုရန်အချက်များ......23

၂-၄　တခြား......23

## အခန်း ၃။ လုပ်ငန်းခွင်ဝင်ခြင်းနှင့်အလုပ်လုပ်ခြင်း


၁ အလုပ်စတင်မလုပ်မီ သိရှိထားသင့်သော အခြေခံဗဟုသုတများ......24

၁-၁ နေထိုင်ခွင့်အဆင့်......24

၁-၂ လုပ်ကိုင်မှုပုံစံ......25

(၁) အငှားစေလွှတ်အလုပ်သမား(အငှားစေလွှတ်ဝန်ထမ်း)

(၂) စာချုပ်ဝန်ထမ်း (အလုပ်လုပ်ကိုင်ရန် အချိန်ကာလတစ်ခုအားဖြင့် စာချုပ်ချုပ်ဆို၍ အလုပ်လုပ်ကိုင်သော ဝန်ထမ်း)

(၃) Part Timer အချိန်ပိုင်းအလုပ်သမား

(၄) အလုပ်အပ်နှံစာချုပ်(အလုပ်စာချုပ်)ချုပ်ဆို၍ အလုပ်လုပ်ကိုင်သူများ

၁-၃ အလုပ်သမားစာချုပ်......27

(၁) အလုပ်သမားဟု သတ်မှတ်ခေါ်ဆိုနိုင်သည့် အတိုင်းအတာ

(၂) အလုပ်လုပ်ခြင်းဆိုင်ရာ သတ်မှတ်ချက်များကိုဖော်ပြခြင်း

၁-၄ လုပ်အားခ......29

(၁) အနိမ့်ဆုံးလုပ်အားခဆိုသည်မှာ

(၂) အနိမ့်ဆုံးလုပ်အားခ၏ထူးခြားချက်

(၃) အလုပ်ရပ်နားစရိတ်

၂ အလုပ်လုပ်ကိုင်ရာတွင် သတ်မှတ်ထားသောစည်းကမ်းများ......30

၂-၁ လုပ်အားခပေးချေနည်း......30

၂-၂ အလုပ်ချိန်၊နားချိန်၊နားရက်......31

(၁) အလုပ်ချိန်

(၂) နားချိန်

(၃) နားရက်

(၄) အငှားစေလွှတ်အလုပ်သမား၏ အလုပ်လုပ်ခြင်းဆိုင်ရာသတ်မှတ်ချက်ကို သတ်မှတ်ခြင်းနှင့်ပတ်သက်သည့်တာဝန်

၂-၃ အလုပ်ချိန်ပြင်ပ တာဝန်ထမ်းဆောင်ခြင်း၊နားရက်၌ တာဝန်ထမ်းဆောင်ခြင်း......32

(၁) အလုပ်ချိန်ပြင်ပ တာဝန်ထမ်းဆောင်ခြင်း၊နားရက်၌ တာဝန်ထမ်းဆောင်ခြင်း

(၂) အပိုလုပ်အားခ

၂-၄ မိခင်၏ကျန်းမာထိန်းသိမ်းစောင့်ရှောက်မှု၊မီးဖွားခွင့်၊ကလေးစောင့်ရှောက်မှုခွင့်၊ လူနာ ပြုစုစောင့်ရှောက်မှုခွင့်......34

(၁) ကိုယ်ဝန်ရှိလာပါက

(၂) မီးဖွားခွင့်

(၃) ကလေးစောင့်ရှောက်မှုခွင့်

(၄) လူနာပြုစုစောင့်ရှောက်မှုခွင့်

၂-၅ အလုပ်ထွက်ခြင်း၊အလုပ်မှထုတ်ပယ်ခံရခြင်း ....................................................................................36
(၁) အလုပ်ထွက်ခြင်း
(၂) အလုပ်မှ ထုတ်ပယ်ခံရခြင်း
(၃) ကုမ္ပဏီဒေဝါလီခံခြင်း
(၄) အလုပ်အကိုင်အာမခံ(အခြေခံထောက်ပံ့စရိတ်)(unemployment insurance)
(၅) အလုပ်ရှာဖွေခြင်းလှုပ်ရှားမှု

၃ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး ...............................................................................................42

၃-၁ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်သက်တောင့်သက်သာရှိသောလုပ်ငန်းခွင်......................................42
(၁) အလုပ်သမားများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာသန့်ရှင်းရေးဆိုင်ရာဥပဒေ၌ ပါဝင်သည့် အကြောင်းအရာများ
(၂) ကျန်းမာရေးစစ်ဆေးခြင်းအစရှိသဖြင့်
(၃) ဆရာဝန်၏ တိုက်ရိုက်ညွှန်ကြားမှု (ကုသမှု)

၃-၂ အလုပ်၌ ရရှိသည့် ဒဏ်ရာ၊ ရောဂါ အစရှိသည်တို့အပေါ်ပေးအပ်သည့် နစ်နာကြေး(လုပ်ငန်းခွင်ဆိုင်ရာထိခိုက်မှုအာမခံ) ..........................................................................................................43
(၁) လုပ်ငန်းခွင်ဆိုင်ရာထိခိုက်မှုအာမခံ ကျင့်သုံးခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း
(၂) အခြားသတိပြုရန် အချက်များ

၃-၃ ကျား၊မခွဲခြားဆက်ဆံမှု တားမြစ်ချက်...........................................................................................44
(၁) အလုပ်လျှောက်သည့်အခါ
(၂) အလုပ်ဝင်ပြီးနောက်

၃-၄ နှောင့်ယှက်ထိပါးမှု ကာကွယ်တားဆီးရန် လုပ်ဆောင်မှု.......................................................................45

၃-၅ နိုင်ငံခြားသား အလုပ်ခန့်အပ်မှုဆိုင်ရာ စီမံခန့်ခွဲရေးလမ်းညွှန်ချက် ................................................46

၄ လူမှုရေးအာမခံနှင့်အလုပ်သမားအာမခံ ..........................................................................................................47

၄-၁ ကျန်းမာရေးအာမခံနှင့်အမျိုးသားကျန်းမာရေးအာမခံ.........................................................................47

၄-၂ အမျိုးသားပင်စင်နှင့် အလုပ်အကိုင်ပင်စင်အာမခံ ..............................................................................47

၄-၃ ပြုစုစောင့်ရှောက်မှုအာမခံ ...............................................................................................................47

၄-၄ အလုပ်ခန့်အပ်မှုအာမခံ.....................................................................................................................47
(၁) ပေးအပ်ရန် သင့်တော်သူ
(၂) အာမခံကြေးအတွက် တာဝန်ရှိသူ

၄-၅ လုပ်ငန်းခွင်ဆိုင်ရာထိခိုက်မှုအာမခံ.......................................................................................................48

## အခန်း ၄။ ကလေးမွေးဖွားခြင်းနှင့်ပြုစုပျိုးထောင်ခြင်း


၁ ကိုယ်ဝန်ဆောင်အတွက်လုပ်ထုံးလုပ်နည်း....49

၁-၁ ကိုယ်ဝန်ဆောင်ဖြစ်ကြောင်းအသိပေးအကြောင်းကြားခြင်းနှင့် မိခင်နှင့်ကလေးကျန်းမာရေးဆိုင်ရာမှတ်တမ်းစာအုပ်ထုတ်ပေးခြင်း စသည်....49

၁-၂ ကိုယ်ဝန်ဆောင်မိခင်အားကျန်းမာရေးစစ်ဆေးခြင်း....49

၁-၃ ပြည်သူ့ကျန်းမာရေးသူနာပြုနှင့်သားဖွားဆရာမစသည်တို့မှနေအိမ်အထိလာရောက် ညွှန်ကြားပေးခြင်း....50

၁-၄ မိခင်နှင့်ဖခင်(မိဘများ)သို့ဦးတည်သောသင်တန်းများ....50

၂ ကလေးမွေးဖွားပြီးနောက်လုပ်ထုံးလုပ်နည်း....51

၂-၁ ကလေးမွေးဖွားကြောင်းအသိပေးအကြောင်းကြားခြင်း....51

(၁) မွေးဖွားကြောင်းအသိပေးစာပေးပို့ရာတွင်လိုအပ်သည့်အချက်များ

(၂) တခြားလုပ်ထုံးလုပ်နည်းများ

၂-၂ မွေးဖွားပြီးနောက်ကလေး၏အမိနိုင်ငံသို့အသိပေးစာ....51

၃ ကလေးမွေးဖွားစရိတ်နှင့်အထွေထွေစရိတ်....52

၃-၁ ကလေးမွေးဖွားစောင့်ရှောက်မှုအတွက်တစ်ကြိမ်ပေးငွေ....52

၃-၂ ကလေးမွေးဖွားစောင့်ရှာက်စရိတ်ထောက်ပံ့ငွေ....52

၃-၃ ကလေးပြုစုစောင့်ရှောက်ရန်ခွင့်အတွက်ထုတ်ပေးငွေ....53

(၁) ကလေးပြုစုစောင့်ရှောက်ရန်အလုပ်ရပ်နားစဉ်အတွင်းထုတ်ပေးခြင်း

(၂) သတ်မှတ်ကာလအတွင်းခန့်အပ်ခြင်းခံရသောဝန်ထမ်း(စာချုပ်အရသတ်မှတ်ကာလအတွင်းသာ လုပ်ကိုင်နိုင်သောဝန်ထမ်း)ဖြစ်လျှင်

၃-၄ ကလေးစရိတ်....54

(၁) စရိတ်ရရှိနိုင်သောသူ

(၂) စရိတ်ရရှိနိုင်မည့်နည်းလမ်း

(၃) ရရှိနိုင်သည့်ငွေပမာဏ

(၄) စရိတ်ရရှိနိုင်မည့်အချိန်

၄ ကလေးပြုစုစောင့်ရှောက်ခြင်း....55

၄-၁ နို့စို့ကလေးအားကျန်းမာရေးစစ်ဆေးခြင်း....55

၄-၂ ကာကွယ်ဆေးထိုးခြင်း....55

၄-၃ ကလေး၏ဆေးကုသမှုစရိတ်....55

၄-၄ ကျောင်းမနေရသေးသောကလေးများအတွက်လိုအပ်သောအထောက်အပံ့ကျောင်းများ....56

(၁) ကလေးထိန်းကျောင်း (Hoikusho)

(၂) မူကြိုကျောင်း (Youchien)

(၃) အစိုးရအသိအမှတ်ပြုကလေးထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပြုစုပျိုးထောင်ရေးကျောင်း (Nintei kodomo en)

၄-၅ ကျောင်းဆင်းချိန်ကလေးစောင့်ရှောက်ရေးClub (ကျောင်းသားကျောင်းသူများအားကြည့်ရှုပေး ခြင်း)......57
၄-၆ မိသားစုထောက်ပံ့ရေးစင်တာ......57

## အခန်း ၅။ ပညာရေး

၁ ဂျပန်နိုင်ငံ၏ပညာရေးစနစ်......59
၁-၁ မူလတန်း၊အလယ်တန်း......60
၁-၂ အထက်တန်းကျောင်း......60
၁-၃ နိုင်ငံခြားသားကျောင်း......60
၁-၄ ညအလယ်တန်းကျောင်း......61
၁-၅ အလယ်တန်းအောင်မြင်ကြောင်းစစ်ဆေးရေးစာမေးပွဲ......61
၁-၆ အထက်တန်းအောင်မြင်ကြောင်းစစ်ဆေးရေးစာမေးပွဲ......61
၁-၇ အထက်တန်းလွန်ပညာရေးစနစ်(တက္ကသိုလ်အစရှိသဖြင့်)......62
၁-၈ အထက်တန်းပညာရေးအဖွဲ့အစည်းများသို့ ဝင်ခွင့်စာမေးပွဲဖြေဆိုခြင်း......63
၂ ပညာသင်စရိတ်အား ငွေကြေးအရထောက်ပံ့ပေးခြင်း......64
၂-၁ မူလတန်းကျောင်းသားများအတွက် ငွေကြေးအရထောက်ပံ့ပေးခြင်း......64
၂-၂ အထက်တန်းကျောင်းတက်ရောက်ရန် ပညာသင်စရိတ်ထောက်ပံ့ပေးခြင်း......64
၂-၃ အထက်တန်းကျောင်းသားအတွက် ပညာသင်ထောက်ပံ့ကြေး......65
၂-၄ အထက်တန်းပညာရေးအဆင့်၌ ရရှိနိုင်သော ထောက်ပံ့ကြေး......65
၃ ဂျပန်စာနှင့်ပက်သက်၍......66
၃-၁ ဂျပန်စာလေ့လာသင်ယူခြင်း အကြမ်းဖျင်း......66
၃-၂ ဂျပန်စာသင်ကြားခြင်းအတွက် ကိုးကားရန်ကော်လံ......66
၃-၃ ဂျပန်စာလေ့လာသင်ယူရန်နေရာ......68
(၁) ဂျပန်စာသင်ကျောင်း
(၂) ဒေသတွင်းဂျပန်စာသင်ကျောင်း
(၃) အဝေးသင်ပညာရေး၊အွန်လိုင်းပညာရေး
၃-၄ ဂျပန်ဘာသာသင်ကြားရန် ဝက်ဘ်ဆိုက်
[ဂျပန်ဘာသာစကားဖြင့်ကျယ်ပြန့်စွာချိတ်ဆက်၍ နေထိုင်ခြင်း]
"**つながるひろがる　にほんごでのくらし**" (အများအခေါ် - **つなひろ**)......69

## အခန်း ၆။ ဆေးကုသမှု


၁ ဆေးကုသမှုဆိုင်ရာအဖွဲ့အစည်း ....70

၁-၁ ဆေးကုသမှုဆိုင်ရာအဖွဲ့အစည်းအမျိုးအစား ....70

၁-၂ ဆေးကုသမှုဆိုင်ရာအဖွဲ့အစည်းများကိုရှာဖွေခြင်း ....71

၂ ဆေးကုသမှုအာမခံ....72

၂-၁ (လုပ်ငန်းခွင်)ကျန်းမာရေးအာမခံ ....72

(၁) အာမခံဝင်ရောက်ရန်လိုအပ်ချက်များ

(၂) အာမခံကြေး

(၃) ထုတ်ပေးခြင်းအကြောင်းအရပ်

၂-၂ အမျိုးသားကျန်းမာရေးအာမခံ ....75

(၁) အာမခံဝင်ရောက်ရန်လိုအပ်ချက်များ

(၂) အာမခံဝင်ခြင်းနှင့်ရုတ်သိမ်းခြင်းလုပ်ထုံးလုပ်နည်း

(၃) အာမခံကြေး

(၄) ထုတ်ပေးခြင်းအကြောင်းအရပ်

၂-၃ နောက်ပိုင်းကာလသက်ကြီးရွယ်အိုများဆေးကုသမှုစနစ်....77

(၁) လျှောက်ထားရန်လိုအပ်ချက်များ

(၂) အာမခံလျှောက်ထားခြင်း၊ရုတ်သိမ်းခြင်းလုပ်ထုံးလုပ်နည်း

(၃) အာမခံကြေး

(၄) ထုတ်ပေးခြင်းအကြောင်းအရပ်

၃ ဆေးဝါး ....80

၃-၁ ဆေးပေးဌာန....80

၃-၂ ဆေးဆိုင်....80


## အခန်း ၇။ ပင်စင်နှင့်လူမှုဖူလုံရေး


၁ ပင်စင် ....81

၁-၁ အမျိုးသားပင်စင်(kokumin nenkin)....82

(၁) အာမခံရှိသူ (အာမခံဝင်ထားသူ) နှင့် အာမခံဝင်ခြင်းလုပ်ထုံးလုပ်နည်း

(၂) အာမခံကြေး

(၃) အာမခံကြေးထုတ်ပေးခြင်း

၁-၂ အလုပ်အကိုင်ပင်စင်အာမခံ....84

(၁) အာမခံရှိသူ (အာမခံဝင်ထားသူ)

(၂) အာမခံကြေး

(၃) အာမခံကြေးထုတ်ပေးခြင်း

၁-၃ တစ်ကြိမ်တစ်ခါတည်းဖြင့် ငွေထုတ်ယူခြင်း....87

၂ ပြုစုစောင့်ရှောက်မှုအာမခံ ...90
၂-၁ အာမခံဝင်နိုင်ရန် ...90
၂-၂ အာမခံကြေး ...90
၂-၃ ပြုစုစောင့်ရှောက်ရေးဝန်ဆောင်မှုအသုံးပြုခြင်း ...91
၃ ကလေးသူငယ်ဆိုင်ရာ လူမှုဖူလုံရေး ...92
၃-၁ ကလေးသူငယ်ဆိုင်ရာထောက်ပံ့ခြင်း ...92
၃-၂ ကလေးသူငယ်ဆိုင်ရာထောက်ပံ့စရိတ် ...92
၃-၃ ကလေးသူငယ်အထူးပံ့ပိုးမှုဆိုင်ရာ ထောက်ပံ့စရိတ် ...93
၃-၄ မသန်စွမ်းကလေးသူငယ်များအတွက် လူမှုဖူလုံရေးထောက်ပံ့စရိတ် ...93
၄ မသန်စွမ်းလူမှုဖူလုံရေး ...94
၄-၁ မသန်စွမ်းလက်မှတ် ...94
၄-၂ မသန်စွမ်းသူ၊ မသန်စွမ်းကလေးသူငယ်များ အတွက်အကောင်အထည်ဖော်နေသော ဝန်ဆောင်မှုများ ...94
၅ နေထိုင်မှုဘဝဆိုင်ရာ ကာကွယ်စောင့်ရှောက်ခြင်း ...95
၅-၁ နေထိုင်မှုဘဝဆိုင်ရာကာကွယ်စောင့်ရှောက်ခြင်းရယူရန် ကိုက်ညီသည့် လိုအပ်ချက်များ ...95
(၁) ပိုင်ဆိုင်မှုများအသုံးချခြင်း
(၂) စွမ်းရည်အသုံးချခြင်း
(၃) အခြားသော ဝင်ငွေများ
(၄) ထောက်ပံ့ရန် တာဝန်ရှိသူ၏ ထောက်ပံ့ပေးမှု
၅-၂ ကာကွယ်စောင့်ရှောက်မှုအမျိုးအစားနှင့် အကြောင်းအရာ ...96
၆ နေထိုင်မှုအထောက်အပံ့လိုအပ်နေသူများကိုယ်တိုင်ရပ်တည်နိုင်ရန်ပံ့ပိုးသောစနစ် ...97

## အခန်း ၈။ အခွန်

၁ ဝင်ငွေခွန် ...98
၁-၁ အခွန်ပေးဆောင်သူနှင့်အခွန်ကောက်ခံနိုင်သည့်ဝင်ငွေအတိုင်းအတာ ...99
(၁) နေထိုင်သူ
(၂) ရာသက်ပန်နေထိုင်သူမဟုတ်သောသူ
(၃) နေထိုင်သူမဟုတ်သူ
၁-၂ ဝင်ငွေခွန်၏နောက်ဆုံးအခွန်ရှင်းတမ်းနှင့်အခွန်ပေးဆောင်ခြင်း ...100
(၁) နောက်ဆုံးအခွန်ရှင်းတမ်းတင်ပြရန်လိုအပ်သောသူ
(၂) နောက်ဆုံးအခွန်ရှင်းတမ်းပြုလုပ်တင်ပြခြင်းကြောင့်အခွန်ပြန်အမ်းခံရသောသူ
(၃) နောက်ဆုံးအခွန်ရှင်းတမ်းနှင့်အခွန်ပေးဆောင်ရန်သတ်မှတ်ရက်
(၄) ဂျပန်နိုင်ငံမှထွက်ခွာလျှင်

၁-၃ အဓိကဝင်ငွေခွန်နုတ်ယူခြင်းများ ..... 101
(၁) မိသားစုဝင်များကိုထောက်ပံ့နေရလျှင်
(၂) အိမ်ထောင်ဖက်ရှိလျှင်
(၃) လူမှုရေးအာမခံကြေးပေးသွင်းပြီးလျှင်
(၄) အသက်အာမခံကြေးစသည်တို့ကိုပေးသွင်းပြီးလျှင်
(၅) ဆေးကုသစရိတ်ပေးသွင်းပြီးလျှင်
၁-၄ လစာဝင်ငွေမှဝင်ငွေခွန်နုတ်ယူထားခြင်းစနစ်နှင့်နှစ်ကုန်ညှိနှိုင်းမှု ..... 102
၁-၅ အခွန်စာချုပ်ပါခြွင်းချက်များ ..... 102
၂ နေထိုင်ခွန် ..... 103
၂-၁ နေထိုင်ခွန်ဆိုသည်မှာ ..... 103
၂-၂ နေထိုင်ခွန်ပေးဆောင်ခြင်း ..... 103
၂-၃ အခြား ..... 104
၃ စားသုံးခွန် ..... 104
၄ မော်တော်ယာဉ်ပိုင်ဆိုင်သည့်သူများပေးဆောင်ရမည့်အခွန် ..... 105
၄-၁ မော်တော်ယာဉ်ခွန်/ယာဉ်ငယ်ခွန် ..... 105
(၁) မော်တော်ယာဉ်ခွန်/ယာဉ်ငယ်ခွန်၏ပတ်ဝန်းကျင်သို့အကျိုးပြုမှုနှုန်းထား
(၂) မော်တော်ယာဉ်ခွန်/ယာဉ်ငယ်ခွန်၏အမျိုးအစားနှုန်းထား
၄-၂ မော်တော်ယာဉ်အလေးချိန်အခွန် ..... 105
၅ အိမ်ခြံမြေအခွန် ..... 106
၆ အခွန်နှင့်စပ်လျဉ်း၍မေးမြန်းနိုင်သောလိပ်စာများ ..... 106
၆-၁ နိုင်ငံတော်အခွန်နှင့်စပ်လျဉ်း၍မေးမြန်းခြင်း ..... 106
(၁) ဖုန်းဆက်ဆွေးနွေးနိုင်သောစင်တာ
(၂) အခွန်နှင့်စပ်လျဉ်း၍ဖြေကြားချက်များ(အမေးများသောအခွန်ဆိုင်ရာမေးခွန်းများ)
(၃) နိုင်ငံတော်အခွန်အေဂျင်စီ၏အင်တာနက်စာမျက်နှာလမ်းညွှန်
၆-၂ ဒေသခွန်နှင့်စပ်လျဉ်း၍မေးမြန်းခြင်း ..... 107


## အခန်း ၉။ လမ်းပန်းဆက်သွယ်ရေး


၁ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း ..... 108
၁-၁ လမ်းလျှောက်သည့်အခါ၌ သတိပြုသင့်သော အချက်များ ..... 108
(၁) ဖြတ်သန်းသွားလာသည့်အခါ
(၂) လမ်းဖြတ်ကူးသည့်အခါ
(၃) ညဘက်လမ်းမပေါ်၌ လမ်းလျှောက်သည့်အခါ

၁-၂ စက်ဘီးစီးနင်းသည့်အခါ၌ သတိပြုသင့်သောအချက်များ ..... 110

(၁) စက်ဘီးစီးနင်းသည့်အခါလိုက်နာရမည့်ဖြတ်သန်းသွားလာရေးစည်းကမ်း “စက်ဘီး အန္တရာယ်ကင်းစွာ အသုံးပြုရန်အတွက် စည်းမျဉ်း ၅ချက်”ကို လိုက်နာခြင်း

(၂) လမ်းဆုံ၌ဖြတ်ကူးနည်း

၁-၃ မော်တော်ယာဉ် (မော်တော်ဆိုင်ကယ်အပါအဝင်)မောင်းနှင်သည့်အခါ ..... 112

၂ ယာဉ်မောင်းလိုင်စင် ..... 113

၂-၁ ဂျပန်ယာဉ်မောင်းလိုင်စင်ရယူခြင်း ..... 113

၂-၂ ဂျပန်ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းအစရှိသည် ..... 114

၂-၃ ယာဉ်မောင်းလိုင်စင်အမှတ်ပေးစနစ် ..... 114

၃ မော်တော်ယာဉ်(မော်တော်ဆိုင်ကယ်အပါအဝင်)ပိုင်ဆိုင်မှု ..... 114

၃-၁ မော်တော်ယာဉ်မှတ်ပုံတင် ..... 114

(၁) မှတ်ပုံတင်ခြင်းလုပ်ထုံးလုပ်နည်းဆောင်ရွက်ရန် လိုအပ်သောအချိန်နှင့် မှတ်ပုံတင်ခြင်းလုပ်ထုံး လုပ်နည်း အမည်

(၂) မှတ်ပုံတင်ခြင်းလုပ်ထုံးလုပ်နည်းပြုလုပ်သည့်နေရာနှင့် မေးမြန်းရန်နေရာ

၃-၂ ကားဂိုထောင်အသုံးပြုခွင့်လက်မှတ် ..... 115

၃-၃ မော်တော်ယာဉ်(မော်တော်ဆိုင်ကယ်အချို့အပါအဝင်) စစ်ဆေးခြင်း ..... 116

၃-၄ မော်တော်ယာဉ်အာမခံ ..... 117

(၁) မော်တော်ယာဉ်တာဝန်ဝတ္တရားအာမခံ (Kyousai)

(၂) မိမိဆန္ဒအလျောက်ဝင်နိုင်သော အာမခံ (Kyousai)

၄ ယာဉ်မတော်တဆမှုဖြစ်ပေါ်ပါက ပြုလုပ်ရမည့်အရာများ ..... 118

၄-၁ ယာဉ်မောင်းနှင်မှုရပ်တန့်ခြင်း ..... 118

၄-၂ အရေးပေါ်နှင့်ရဲစခန်းသို့အကြောင်းကြားခြင်း ..... 118

၄-၃ ဆရာဝန်၏ဆေးစစ်ချက် ..... 119

၄-၄ ယာဉ်တော်တဆမှုသက်သေခံလက်မှတ်လျှောက်ထားခြင်း ..... 119


## အခန်း ၁၀။ အရေးပေါ်နှင့်သဘာဝဘေးအန္တရာယ်


၁ အရေးပေါ်အခြေအနေ၌ ဆက်သွယ်ရန် ဖုန်းနံပါတ် ..... 120

၁-၁ အရေးပေါ်ဆေးကုသမှုလိုအပ်ခြင်းနှင့်ဒဏ်ရာရခြင်း၊မီးလောင်မှုစသည်(ဖုန်းနံပါတ် ၁၁၉) ..... 120

၁-၂ ယာဉ်မတော်တဆမှုနှင့်ရာဇဝတ်မှုဆိုင်ရာထိခိုက်နစ်နာမှု (ဖုန်းနံပါတ်“၁၁၀”) ..... 121

၂ သဘာဝဘေးအန္တရာယ် ..... 122

၂-၁ တိုင်ဖွန်းမုန်တိုင်းနှင့် နေရာကွက်ကျားမိုးသည်းထန်စွာရွာသွန်းခြင်း ..... 122

(၁) မြစ်ရေကြီးမှု

(၂) မြေပြိုခြင်းအန္တရာယ်

၂-၂ လျှော် ... 124
၂-၃ ဆူနာမီ ... 126
၂-၄ မီးတောင်ပေါက်ကွဲခြင်း ... 127
၃ တိမ်းရှောင်ခြင်း ... 129
၃-၁ ကယ်ဆယ်ရေးစခန်း ... 129
၃-၂ တိမ်းရှောင်ရေးသတင်းအချက်အလက် ... 129
၃-၃ တိမ်းရှောင်ရန်နည်းလမ်း ... 132
၃-၄ ဘေးအန္တရာယ်ဖြစ်ပွားချိန်တွင် အသုံးဝင်သော မိုးလေဝသသတင်းများကို ရယူခြင်း ... 134

**အခန်း ၁၁။** **နေအိမ်**

၁ ဂျပန်နိုင်ငံရှိအိမ်ရာနှင့်စပ်လျဉ်း၍ ... 137
၁-၁ ကိုယ်ပိုင်အိမ် (Mochi ie) ... 137
၁-၂ ပြည်သူ့အိမ်ရာ ... 137
၁-၃ URမှငှားရမ်းသောအိမ်ရာ ... 137
၁-၄ ပုဂ္ဂလိကမှငှားရမ်းသောအိမ်ရာ ... 137
၂ ဝင်ရောက်နေထိုင်ခြင်းနှင့်စပ်လျဉ်း၍ ... 138
၂-၁ ပြည်သူ့အိမ်ရာ ... 138
၂-၂ URမှငှားရမ်းသောအိမ်ရာ ... 138
၂-၃ ပုဂ္ဂလိကမှငှားရမ်းသောအိမ်ရာ ... 138

**အခန်း ၁၂။** **နေထိုင်မှုဘဝတွင်လိုက်နာရမည့်စည်းကမ်းနှင့်ဓလေ့များ**

၁ နေထိုင်မှုဘဝတွင်လိုက်နာရမည့်စည်းကမ်းများ ... 141
၁-၁ အမှိုက် ... 141
(၁) အမှိုက်စွန့်ပစ်ရာတွင်လိုက်နာရမည့်အခြေခံစည်းကမ်း
(၂) တရားမဝင်စွန့်ပစ်ခြင်းစသည် (တရားမဝင်အမှိုက်ပစ်ခြင်း)
၁-၂ ဆူညံသံ ... 143
၁-၃ အိမ်သာ ... 143
၁-၄ လက်ကိုင်ဖုန်းအသုံးပြုခြင်း ... 143
၁-၅ ရထားနှင့်ဘတ်စကားအတွင်း ... 144
၁-၆ ရေပူစမ်းနှင့်အခပေးရေချိုးခန်း ... 144
၁-၇ တားမြစ်ခြင်းကိုဖော်ပြသည့်သင်္ကေတများ ... 144

၂ ကူးစက်ရောဂါကာကွယ်တားဆီးရေး ..... 145

၂-၁ လက်ဆေးကြောခြင်း ..... 145

၂-၂ ချောင်းဆိုးခြင်းကျင့်ဝတ် ..... 146

၂-၃ စိုထိုင်းဆ ..... 146

၂-၄ အနားယူခြင်းနှင့် အာဟာရများရယူခြင်း ..... 146

၂-၅ အပြင်ထွက်ခြင်း ..... 147

၃ နေ့စဉ်လူမှုဘဝအတွက်လိုအပ်သည့်အရာများ ..... 148

၃-၁ ဒေသတွင်းနေ့စဉ်လူမှုဘဝ ..... 148

(၁) ရပ်ရွာအဖွဲ့အစည်း (ရပ်မိရပ်ဖအဖွဲ့)

(၂) အိမ်နီးနားချင်းဆက်ဆံရေး

၃-၂ ရာဇဝတ်မှုတားဆီးကာကွယ်ရေး ..... 149

၃-၃ နေ့စဉ်လူမှုဘဝအတွက်လိုအပ်သောဝန်ဆောင်မှုများ ..... 149

(၁) လျှပ်စစ်ဓာတ်အား

(၂) ဂက်စ်

(၃) ရေပေးဝေခြင်း

၃-၄ လက်ကိုင်ဖုန်း ..... 152

(၁) လက်ကိုင်ဖုန်းစာချုပ်

(၂) လက်ကိုင်ဖုန်းစာချုပ်ချုပ်ဆိုစဉ်နှင့် အသုံးပြုစဉ် သတိပြုရမည့်အရာများ

၃-၅ ဘဏ်အကောင့် ..... 153

(၁) ဘဏ်အကောင့်ဖွင့်ခြင်း

(၂) လိပ်စာနှင့် နေထိုင်ခွင့်ကာလ ပြောင်းလဲသွားပါက ချက်ချင်း ဘဏ်သို့အသိပေးခြင်း

(၃) အသုံးမပြုသောဘဏ်အကောင့်ကိုပိတ်ခြင်း

၃-၆ စာတိုက် ..... 154

၄ အများပြည်သူသယ်ယူပို့ဆောင်ရေး ..... 155

၄-၁ IC Card ..... 155

(၁) အခြေခံကျသောလုပ်ဆောင်ချက်

(၂) နာမည်ပါကတ် (မှတ်ပုံတင်ပြီး)

(၃) နာမည်မပါကတ် (မှတ်ပုံမတင်ရသေးသော)

(၄) အာမခံစပေါ်ငွေ

၄-၂ ရထား ..... 156

(၁) ရထားကိုအသုံးပြုခြင်း

(၂) လက်မှတ်အမျိုးအစား

(၃) အခြားလက်မှတ်များ

၄-၃ ဘတ်စကား ...... 157
(၁) အကွာအဝေးရှည်လျားသောလမ်းကြောင်းကိုသွားလိုလျှင်(ခရီးဝေးဘတ်စ်)
(၂) မိမိနေထိုင်ရာဒေသတွင်းရှိသတ်မှတ်ထားသောလမ်းကြောင်းအတိုင်းသွားလိုလျှင်
(လမ်းကြောင်းဘတ်စ်)

အခန်း ၁

# ပြည်ဝင်ခွင့်၊နေထိုင်ခွင့် ဆိုင်ရာလုပ်ထုံးလုပ်နည်း




## ၁ နေထိုင်ခွင့်ကတ်ပြား

ဂျပန်နိုင်ငံတွင် နေထိုင်သော နိုင်ငံခြားသားများ၏ ID ကတ်ပြားဖြစ်သည်။ ကတ်ပြားကိုင်ဆောင် ထားသူ၏ ကိုယ်ရေးအချက်အလက်များ၊ဂျပန်နိုင်ငံအတွင်း နေထိုင်နိုင်သည့် သက်တမ်း (နေထိုင်ခွင့် သက်တမ်း) နှင့် ဂျပန်နိုင်ငံတွင် ဆောင်ရွက်နိုင်သည့် လှုပ်ရှားမှုများ (နေထိုင်ခွင့်အဆင့်) စသည်ဖြင့် ရေးသားထားသည်။




- အသက်၁၆နှစ်နှင့်အထက်ရှိသူတိုင်းအမြဲကိုင်ဆောင်ထား ပါ။
- မြို့နယ်ရပ်ကွက်ကျေးရွာရုံးရှိ လုပ်ထုံးလုပ်နည်းများ နှင့် စာချုပ်များ ပြုလုပ်သည့်အခါ တင်ပြရမည့် ID ကတ်ပြား လည်း ဖြစ်သည်။

### နေထိုင်ခွင့်ကတ်ပြားလက်ခံရရှိသူများ

နေထိုင်ခွင့်ကတ်ပြားကို ဂျပန်နိုင်ငံတွင် ၃လထက်ပို၍ နေထိုင်သော နိုင်ငံခြားသားများအား ထုတ် ပေးသည်။
(ထိုနေထိုင်ခွင့်ကတ်ပြားလက်ခံရရှိသူများကို “အလယ်အလတ်မှရေရှည်နေထိုင်ခွင့်ရရှိသူများ” ဟုခေါ်သည်။)

**[နေထိုင်ခွင့်ကတ်ပြားထုတ်မပေးနိုင်သည့်အခြေအနေဖရပ်]**

**(၁) နေထိုင်ခွင့်သက်တမ်းသည် “၃လ(၃လတာ)”နှင့်အောက် ရှိသူ**
**(၂) နေထိုင်ခွင့်အဆင့်သည် “ကာလတိုနေထိုင်ခွင့်” ဖြစ်သူ**
**(၃) နေထိုင်ခွင့်အဆင့်သည် “သံတမန်ရေးရာ” သို့မဟုတ် “အစိုးရဆိုင်ရာ” ဖြစ်သူ**
**(၄) နေထိုင်ခွင့်အဆင့်သည် “အထူးလှုပ်ရှားဆောင်ရွက်ခွင့်” ဖြစ်ပြီး တိုင်ဝမ်-ဂျပန် ချစ်ကြည်ရေး ဂျပန် အခြေစိုက်ရုံး (ဂျပန်အခြေစိုက်တိုင်ပေစီးပွားရေးနှင့်ယဥ်ကျေးမှုကိုယ်စားလှယ်ရုံး) မှ အမှုထမ်း၊ ဂျပန်နိုင်ငံရှိ ပါလက်စတိုင်းအမြဲတမ်းအထွေထွေကိုယ်စားလှယ်အဖွဲ့ မှ အမှုထမ်းနှင့် ၎င်းတို့၏ မိသားစုဝင်များ**
**(၅) အထူးရာသက်ပန်နေထိုင်သူ**
**(၆) နေထိုင်ခွင့်အဆင့်မရှိသောသူ**

## ၁-၁ နေထိုင်ခွင့်ကတ်ပြားထုတ်ပေးခြင်း

နေထိုင်ခွင့်ကတ်ပြားထုတ်ပေးသောအချိန်မှာ အဓိကအားဖြင့် အောက်ပါအတိုင်းဖြစ်သည်။

**(၁) ပြည်ဝင်ခွင့်ရရှိ၍ နာရီတာ လေဆိပ်၊ ဟာနဲဒါလေဆိပ်၊ ချူးအိုး လေဆိပ်၊ ကန်းဆိုင်း လေဆိပ်၊ နယူး ချီတိုဆဲ လေဆိပ်၊ ဟီရိုရှီးမား လေဆိပ်၊ ဖူကူအိုကာ လေဆိပ်တို့မှ ပြည်ဝင်သည့်အခါ**

➡ လေဆိပ်၌ နေထိုင်ခွင့်ကတ်ပြား ထုတ်ပေးမည်။

**(၂) ပြည်ဝင်ခွင့်ရရှိ၍ (၁)တွင်ဖော်ပြထားသော လေဆိပ်များမှအပ အခြား လေဆိပ်၊ ဆိပ်ကမ်းတို့မှ ပြည်ဝင်သည့်အခါ**

➡ ပြည်ဝင်ပြီးနောက် မိမိနေထိုင်ရာရှိ မြို့နယ်ရပ်ကွက်ကျေးရွာရုံးသို့ "ပြောင်းရွှေ့ကြောင်း အသိပေးစာ"ကို တင်ပြပါ။ ထို့နောက် နေထိုင်ခွင့်ကတ်ပြားကို စာတိုက်မှ တစ်ဆင့် အိမ်တိုင်ရာရောက် ပေးပို့မည်ဖြစ်သည်။

**(၃) နေထိုင်ခွင့်သက်တမ်းတိုးမြှင့်ရန် ခွင့်ပြုချက်ရသည့်အခါ**

➡ နေထိုင်ခွင့်သက်တမ်းမကုန်ဆုံးမီဒေသဆိုင်ရာလူဝင်မှုကြီးကြပ်ရေးရုံး (ရုံးခွဲနှင့် ဆိုက်ရောက် ရုံးခွဲများအပါအဝင်၊ အောက်ပါတို့ကိုချန်လှပ်ထားသည်)၌ နေထိုင်ခွင့်သက်တမ်းတိုးမြှင့်မှုလျှောက်လွှာ (ကိုးကား၂-၁) တင်၍ခွင့်ပြုချက်ရလျှင် နေထိုင်ခွင့် ကတ်ပြားအသစ် ထုတ်ပေးမည်။

**(၄) နေထိုင်ခွင့်အဆင့်ပြောင်းလဲရန် ခွင့်ပြုချက်ရသည့်အခါ**

➡ ဂျပန်နိုင်ငံတွင်းနေထိုင်မှုရည်ရွယ်ချက်ကို ပြောင်းလဲလိုပါက ဒေသဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးရုံး၌ နေထိုင်ခွင့်အဆင့်ပြောင်းလဲမှုလျှောက်လွှာ (ကိုးကား၂-၂) တင်၍ ခွင့်ပြုချက်ရလျှင် နေထိုင်ခွင့်ကတ်ပြားအသစ်ထုတ်ပေးမည်။

**(၅) နေထိုင်ခွင့်အဆင့်ရယူရန် ခွင့်ပြုချက်ရသည့်အခါ**

➡ ဂျပန်နိုင်ငံ၌မွေးဖွားသော ကလေးသည် ဂျပန်နိုင်ငံသားမရပါက မွေးဖွားပြီး ရက်ပေါင်း ၆၀ ထက်ပို၍ ဂျပန်နိုင်ငံတွင်နေထိုင်လိုလျှင် မွေးဖွားသည့်နေ့မှစ၍ရက်ပေါင်း၃၀ အတွင်း ဒေသဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးရုံး၌ နေထိုင်ခွင့်အဆင့်ရယူမှုလျှောက်လွှာ(ကိုးကား၂-၄) တင်၍ ခွင့်ပြုချက်ရလျှင် နေထိုင်ခွင့်ကတ်ပြားအသစ်ထုတ်ပေးမည်။

## ၁-၂ နေထိုင်ကြောင်းအကြောင်းကြားစာ(ပြောင်းရွှေ့လာကြောင်း အကြောင်းကြားစာ)

နေထိုင်ခွင့်ကတ်ပြားလက်ခံရရှိထားသူသည် မိမိနေထိုင်မည့်နေရာ(နေရပ်၊ လိပ်စာ)ကို သတ်မှတ်ပြီးသည့် နေ့မှစ၍ ၁၄ရက်အတွင်း မိမိနေထိုင်ရာရှိမြို့နယ်ရပ်ကွက်ကျေးရွာရုံးတွင် နေထိုင်ကြောင်းအကြောင်း ကြားစာ (ပြောင်းရွှေ့ကြောင်း အသိပေးစာ) ပြုလုပ်ရန်လိုအပ်သည်။

ထို့အပြင် အကြောင်းကြားစာတွင် နေထိုင်ခွင့်ကတ်ပြား (၁-၁၏(၁)အရဖြစ်ပါက) သို့မဟုတ် နိုင်ငံကူးလက်မှတ် (၁-၁၏(၂)အရဖြစ်ပါက) ပါ တင်ပြရန် လိုအပ်သည်ဖြစ်ရာ မမေ့မလျော့ ယူဆောင် သွားပါ။

**အခန်း၂၏ အခန်းခွဲ၁(၁-၁) မှ နေရပ်လိပ်စာအကြောင်းကြားစာကိုကြည့်ပါ။**

## ၁-၃ နေထိုင်ခွင့်ကတ်ပြားပျောက်ဆုံးခြင်း

နေထိုင်ခွင့်ကတ်ပြားပျောက်ဆုံးသွားသည်ကို သိရှိသည့်နေ့မှစ၍ ၁၄ရက်အတွင်း၊ ဒေသဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးရုံးတွင် မိမိ၏နေထိုင်ခွင့်ကတ်ပြားထပ်မံထုတ်ပေးရန် လျှောက်ထားရမည်။

### လျှောက်ထားရာတွင်လိုအပ်သည့်အရာများ

- နိုင်ငံကူးလက်မှတ်
- ဓာတ်ပုံ ၁ပုံ (အလျား၃စင်တီမီတာ၊ အနံ၄စင်တီမီတာ၊ ၃လအတွင်း ရိုက်ကူးထားသော ဓာတ်ပုံဖြစ်ရမည်၊ အသက် ၁၆နှစ်မပြည့်သေးသူများ မလိုအပ်ပါ)
- နေထိုင်ခွင့်ကတ်ပြားပျောက်ဆုံးသွားကြောင်းသက်သေပြနိုင်မည့်စာရွက်စာတမ်း (ပျောက်ဆုံးခြင်းအကြောင်းကြားမှုအထောက်အထား၊ ခိုးယူခံရခြင်းအကြောင်းကြားမှုအထောက် အထား၊ သဘာဝဘေးကြောင့်ပျက်စီးကြောင်း အထောက်အထား စသည်)
- နေထိုင်ခွင့်ကတ်ပြားထပ်မံထုတ်ပေးရန်လျှောက်လွှာ

**အသေးစိတ်ကို အောက်ပါ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုပါ။**

https://www.moj.go.jp/isa/applications/procedures/nyuukokukanri10_00010.html

## ၁-၄ နေထိုင်ခွင့်ကတ်ပြားပြန်လည်အပ်နှံခြင်း

နေထိုင်ခွင့်ကတ်ပြားပျောက်ဆုံးသွားသည်ကို သိရှိသည့်နေ့မှစ၍ ၁၄ရက်အတွင်း၊ ဒေသဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးရုံးတွင် မိမိ၏နေထိုင်ခွင့်ကတ်ပြားထပ်မံထုတ်ပေးရန် လျှောက်ထားရမည်။

**ရိုးရိုးထွက်ခွာခြင်း** (ဂျပန်နိုင်ငံတွင်းလုပ်ငန်းဆောင်တာများပြီးစီး၍ ဂျပန်နိုင်ငံမှထွက်ခွာသည့်အခါ)

- ဂျပန်နိုင်ငံမှထွက်ခွာသည့်အခါ လေဆိပ် သို့မဟုတ် ဆိပ်ကမ်းရှိ လူဝင်မှုကြီးကြပ်ရေးအရာရှိထံ တွင် နေထိုင်ခွင့်ကတ်ပြားကို ပြန်လည်အပ်နှံပါ။

- မိသားစုဝင် နှင့် အတူနေထိုင်သူတစ်ဦးဦးသေဆုံးလျှင်
- ထပ်မံပြည်ဝင်ခွင့်နှင့် (မီနရှိ)အထူးထပ်မံပြည်ဝင်ခွင့်ရရှိ၍ ထွက်ခွာ၍ ထပ်မံပြည်ဝင်ခွင့်နှင့် (မီနရှိ)အထူးထပ်မံပြည်ဝင်ခွင့်ရှိသော သက်တမ်း ကာလအတွင်း ပြည်မဝင်ခဲ့လျှင်
- ဂျပန်နိုင်ငံသားခံယူပြီးလျှင်



အောက်ဖော်ပြပါမည်သည့်နည်းလမ်းနှင့်မဆို ၁၄ရက်အတွင်းပြန်လည်အပ်နှံရမည်။

- အနီးဆုံးဒေသဆိုင်ရာလူဝင်မှုကြီးကြပ်ရေးရုံးသို့ ယူဆောင်သွားရမည်။
- စာတိုက်မှတစ်ဆင့်ပေးပို့လျှင် အောက်ပါနေရပ်လိပ်စာသို့လိပ်မူ၍ပေးပို့ရမည်။

ပေးပို့ရန်လိပ်စာ - စာတိုက်သေတ္တာအမှတ်၁၃၅-၀၀၆၄၊ တိုကျိုမြို့ ကိုတိုရပ်ကွက်၊ အာအိုမိ၂-၇-၁၁

တိုကျိုဆိပ်ကမ်းပူးတွဲအစိုးရအဆောက်အဦ (၉)လွှာ

တိုကျိုလူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ အိုဒိုင်ဘာရုံးခွဲ
Odaiba Branch Office,
the Tokyo Immigration Bureau Tokyo Port Joint Government Building
9F, 2-7-11 Aomi, Koto-ku, Tokyo 135-0064
( စာအိတ်၏မျက်နှာစာတွင် "နေထိုင်ခွင့်ကတ်ပြားအပ်နှံခြင်း(**在留カード返納**" ဟုရေးပါ။)

**အသေးစိတ်ကို အောက်ပါ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုပါ။**
https://www.moj.go.jp/isa/applications/procedures/nyuukokukanri10_00020.html

# ၂ နေထိုင်ခွင့်အဆင့်ဆိုင်ရာလုပ်ထုံးလုပ်နည်း

## ၂-၁ နေထိုင်ခွင့်သက်တမ်းတိုးခြင်း(နေထိုင်ခွင့်သက်တမ်းကိုတိုးမြှင့်လိုလျှင်)



လက်ရှိ ခွင့်ပြုချက်ရထားသော နေထိုင်ခွင့်ကာလကိုကျော်လွန်၍ ဂျပန်နိုင်ငံတွင် ဆက်လက် နေထိုင်လိုပါက ဒေသဆိုင်ရာလူဝင်မှုကြီးကြပ်ရေးရုံး၌ နေထိုင်ခွင့်သက်တမ်း တိုးမြှင့်မှုအတွက် လျှောက်ထားရန်လိုအပ်သည်။

**လျှောက်ထားရာတွင်လိုအပ်သည့်အရာများ**

- နိုင်ငံကူးလက်မှတ်
- နေထိုင်ခွင့်ကတ်ပြား(လက်ခံရရှိထားလျှင်)
- ဓာတ်ပုံ ၁ပုံ (အလျား၃စင်တီမီတာ၊ အနံ၄စင်တီမီတာ၊ ၃လအတွင်း ရိုက်ကူးထားသော ဓာတ်ပုံဖြစ်ရမည်၊ အသက်၁၆နှစ်မပြည့်သေးသူများ မလိုအပ်ပါ)
- နေထိုင်ခွင့်သက်တမ်းတိုးမြှင့်ခွင့်လျှောက်လွှာ
  https://www.moj.go.jp/isa/applications/procedures/16-3-1.html
- ရည်ရွယ်ထားသည့်လုပ်ရှားလုပ်ဆောင်မှုကိုအခိုင်အမာဖော်ပြနိုင်သည့်စာရွက်စာတမ်းများ စသည်
  https://www.moj.go.jp/isa/applications/procedures/16-3.html

## ၂-၂ နေထိုင်ခွင့်အဆင့်ပြောင်းလဲခြင်း (ဂျပန်နိုင်ငံတွင်းနေထိုင်မှုရည်ရွယ်ချက်ကိုပြောင်းလဲလိုလျှင်)



လက်ရှိနေထိုင်မှုရည်ရွယ်ချက်ကိုပြောင်းလဲ၍ ဂျပန်နိုင်ငံတွင် နေထိုင်လိုပါက ဒေသဆိုင်ရာလူဝင်မှုကြီးကြပ်ရေးရုံး၌ နေထိုင်ခွင့် အဆင့်ပြောင်းလဲမှုအတွက် လျှောက်ထားရန်လိုအပ်သည်။

### လျှောက်ထားရာတွင်လိုအပ်သည့်အရာများ

- နိုင်ငံကူးလက်မှတ်
- နေထိုင်ခွင့်ကတ်ပြား(လက်ခံရရှိထားလျှင်)
- ဓာတ်ပုံ ၁ပုံ (အလျား၃စင်တီမီတာ၊ အနံ၄စင်တီမီတာ၊ ၃လအတွင်း ရိုက်ကူးထားသော ဓာတ်ပုံဖြစ်ရမည်၊ အသက် ၁၆နှစ်မပြည့်သေးသူများ မလိုအပ်ပါ)
- နေထိုင်ခွင့်အဆင့်ပြောင်းလဲခွင့်လျှောက်လွှာ
https://www.moj.go.jp/isa/applications/procedures/16-2-1.html
- ရည်ရွယ်ထားသည့်လုပ်ရှားလုပ်ဆောင်မှုကိုအခိုင်အမာဖော်ပြနိုင်သည့် စာရွက်စာတမ်းများစသည်
https://www.moj.go.jp/isa/applications/procedures/16-2.html

○နေထိုင်ခွင့်မှရှာဖွေမည်○
https://www.moj.go.jp/isa/applications/status/index.html

## ၂-၃ ရာသက်ပန်နေထိုင်ခွင့်

ဂျပန်နိုင်ငံတွင်ရာသက်ပန်နေထိုင်လိုသူသည် ရာသက်ပန်နေထိုင်ခွင့်အတွက် လျှောက်ထားရန် လို အပ်သည်။ ရာသက်ပန်နေထိုင်ခွင့်ရရှိပါက ဂျပန်နိုင်ငံအတွင်းလှုပ်ရှားလုပ်ဆောင်မှုတွင် မဆိုပါဝင်နိုင်ပြီး ဂျပန်နိုင်ငံတွင် စိတ်ကြိုက်နေထိုင်နိုင်ပါသည်။ ထို့ပြင်၊ နေထိုင်ခွင့်သက်တမ်းတိုးမြှင့်မှု လုပ်ထုံးလုပ်နည်းနှင့် နေထိုင်ခွင့် အဆင့် ပြောင်းလဲမှု လုပ်ထုံးလုပ်နည်းများလည်း ဆောင်ရွက်ရန် မလိုအပ်ပေ။

### လျှောက်ထားရာတွင်လိုအပ်သည့်အရာများ

- နိုင်ငံကူးလက်မှတ်
- နေထိုင်ခွင့်ကတ်ပြား
- ဓာတ်ပုံ ၁ပုံ (အလျား၃စင်တီမီတာ၊ အနံ၄စင်တီမီတာ၊ ၃လအတွင်း ရိုက်ကူးထားသော ဓာတ်ပုံဖြစ်ရမည်၊ အသက် ၁၆နှစ် မပြည့်သေးသူများ မလိုအပ်ပါ)
- ရာသက်ပန်နေထိုင်ခွင့်လျှောက်လွှာ
- အခြားလိုအပ်သောစာရွက်စာတမ်းများ

**အသေးစိတ်ကို အောက်ပါ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုပါ။**
https://www.moj.go.jp/isa/applications/procedures/16-4.html

## ၂-၄ နေထိုင်ခွင့်အဆင့်ရရှိခြင်း(ကလေးမွေးဖွားသည့်အခါ)

ဂျပန်နိုင်ငံ၌မွေးဖွားသောကလေးသည် ဂျပန်နိုင်ငံသားမရပါပဲ မွေးဖွားပြီး ရက်ပေါင်း၆၀ထက်ပို၍ ဂျပန်နိုင်ငံတွင် ဆက်လက်နေထိုင်လိုပါက မွေးလာသည့်နေ့မှစ၍ ရက်ပေါင်း၃၀အတွင်း ဒေသဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးရုံး၌ ကလေး၏နေထိုင်ခွင့်အဆင့်ရရှိမှုအတွက် လျှောက်ထားရန်လိုအပ်သည်။

* အောက်တွင် ဖော်ပြထားသော "မွေးဖွားကြောင်းအသိပေးစာရေးသွင်းချက်အထောက်အထား" စသည့် စာရွက်စာတမ်းများလိုအပ်သည်ဖြစ်ရာ ဦးစွာ မြို့နယ်ရပ်ကွက်ကျေးရွာရုံး၌ မွေးဖွားကြောင်း အသိပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ဆောင်ရွက်ပြီးစီးမှသာ ဒေသဆိုင်ရာလူဝင်မှုကြီးကြပ်ရေး ရုံးတွင် လုပ်ထုံးလုပ်နည်းများ ဆက်လက်ဆောင်ရွက်ပါ။

**အခန်း၄၏ အခန်းခွဲ၂(၂-၁) မှ မွေးဖွားကြောင်းအသိပေးစာကိုကြည့်ပါ။**

### လျှောက်ထားရာတွင်လိုအပ်သည့်အရာများ

- နိုင်ငံကူးလက်မှတ်(ထုတ်ယူထားပြီးဖြစ်လျှင်)
- နေထိုင်မှုအဆင့်ရရှိခွင့်လျှောက်လွှာ
- မွေးဖွားကြောင်းအသိပေးစာ ရေးသွင်းချက် အထောက်အထား (သက်ဆိုင်ရာ မြို့နယ်ရပ်ကွက် ကျေးရွာရုံးများတွင်ရယူနိုင်သည်) စသည့်မွေးဖွားကြောင်းသက်သေပြရန်စာရွက်စာတမ်းများ
- ရည်ရွယ်ထားသည့်လုပ်ရှားလုပ်ဆောင်မှုကိုအခိုင်အမာဖော်ပြနိုင်သည့်စာရွက်စာတမ်းများ စသည်
  https://www.moj.go.jp/isa/applications/procedures/16-10.html
- နေထိုင်မှုမှတ်တမ်း မိတ္တူ သို့မဟုတ် နေထိုင်မှုမှတ်တမ်း ရေးသွင်းချက် အထောက်အထား (သက်ဆိုင်ရာ မြို့နယ်ရပ်ကွက်ကျေးရွာရုံးများတွင် ရယူနိုင်သည်)

## ၂-၅ နေထိုင်ခွင့်အဆင့်လွန် လှုပ်ရှားလုပ်ဆောင်မှုခွင့်ပြုချက်




အလုပ်လုပ်ခွင့်မရှိသည့် နေထိုင်ခွင့်အဆင့် (ပညာတော်သင်၊ မိသားစုအလည်အပတ်စသည်) နှင့် အလုပ်လုပ်သော အတိုင်းအတာကိုသတ်မှတ်ထားသည့် နေထိုင်ခွင့်အဆင့် ရှိသူများသည် ၎င်းအတိုင်း အတာကို ကျော်လွန်၍အလုပ်လုပ်ကိုင်ကာ ဝင်ငွေ(သို့)အလုပ်ဝန်ဆောင်ခ ရရှိလိုပါက ဒေသဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးရုံး၌ လျှောက်ထားကာ နေထိုင်ခွင့်အဆင့် လွန် လှုပ်ရှားလုပ်ဆောင်မှု ခွင့်ပြုချက် ရယူရန်လိုအပ်သည်။

(မိမိ၏နေထိုင်ခွင့်အဆင့်အရ မည်သည့်အတိုင်းအတာအထိ လုပ်ကိုင်နိုင်သည်ကို အခန်း၃၏ အခန်းခွဲ ၁(၁-၁) "နေထိုင်ခွင့်အဆင့်"တွင် ဖတ်ရှုပါ။)

### လျှောက်ထားရာတွင်လိုအပ်သည့်အရာများ

- နိုင်ငံကူးလက်မှတ်
- နေထိုင်ခွင့်ကတ်ပြား
- နေထိုင်ခွင့်အဆင့်လွန် လှုပ်ရှားလုပ်ဆောင်မှု ခွင့်ပြုချက်တောင်းခံလွှာ

- ဝင်ငွေ(သို့)အလုပ်ဝန်ဆောင်ခရရှိရန် လုပ်ကိုင်မည့်လုပ်ရှားမှုနယ်ပယ်များကို အခိုင်အမာ ဖော်ပြ ထားသည့် စာရွက်စာတမ်း

**အသေးစိတ်ကို အောက်ပါ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုပါ။**
https://www.moj.go.jp/isa/applications/procedures/16-8.html

## ၂-၆ ဒေသဆိုင်ရာလူဝင်မှုကြီးကြပ်ရေးရုံးသို့အကြောင်းကြားစာ

နေထိုင်ခွင့်ကတ်ပြား ကိုင်ဆောင်ထားသူများအနက်မှ အောက်ပါနေထိုင်ခွင့်အဆင့်ရှိသူများသည် မိမိဝင်ရောက် လုပ်ကိုင်လျက်ရှိသော အဖွဲ့အစည်းစသည်တို့တွင် အပြောင်းအလဲ ပေါ်ပေါက်ခဲ့ပါက ဒေသဆိုင်ရာလူဝင်မှုကြီးကြပ်ရေး ရုံးသို့ ၎င်းကိစ္စကို အသိပေးအကြောင်းကြားရန် လိုအပ်သည်။

### (၁) နေထိုင်မှုအဆင့်အရလုပ်ရှားဆောင်ရွက်နေသောအဖွဲ့အစည်းနှင့်ပတ်သက်၍ အသိပေးစာ

| | |
|---|---|
| သက်ဆိုင်ရာနေထိုင်ခွင့်အဆင့် | တက္ကသိုလ်ဆရာဆရာမများဆိုင်ရာ၊ အဆင့်မြင့်လုပ်ငန်းကျွမ်းကျင်(၁)(ဂ)၊ အဆင့်မြင့်လုပ်ငန်း ကျွမ်းကျင်(၂) (၂(ဂ)တွင်သတ်မှတ်ထားသောလုပ်ရှားမှုသာ)၊ စီးပွားရေးနှင့်စီမံခန့်ခွဲမှု၊ ဥပဒေနှင့် စာရင်းအင်းကဏ္ဍ၊ ဆေးကုသမှုဆိုင်ရာ၊ သင်ကြားရေး၊ လုပ်ငန်းကုမ္ပဏီအတွင်း ရာထူးနေရာ ပြောင်းရွှေ့ခံရမှု၊ နည်းပညာဆိုင်ရာအလုပ်သင်၊ ပညာတော်သင်၊ မွမ်းမံသင်တန်း(ထရိန်နင်) |
| သက်ဆိုင်ရာအသိပေးစာပါအကြောင်းအရာ | • လုပ်ရှားဆောင်ရွက်နေသောအဖွဲ့အစည်း၏အမည်နာမ ပြောင်းလဲလျှင်<br>• လုပ်ရှားဆောင်ရွက်နေသောအဖွဲ့အစည်း၏တည်နေရာပြောင်းလဲလျှင်<br>• လုပ်ရှားဆောင်ရွက်နေသောအဖွဲ့အစည်းပျက်ပြားလျှင်<br>• လုပ်ရှားဆောင်ရွက်နေသောအဖွဲ့အစည်းမှခွဲထွက်လျှင်<br>• လုပ်ရှားဆောင်ရွက်နေသောအဖွဲ့အစည်းမှပြောင်းရွှေ့လျှင် |
| အသိပေးရန်ကာလ | ၁၄ရက်အတွင်းအသိပေးအကြောင်းကြားပါ။ |

**အသေးစိတ်ကို အောက်ပါ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုပါ။**
https://www.moj.go.jp/isa/applications/procedures/nyuukokukanri10_00014.html

## (၂) စာချုပ်ချုပ်ဆိုထားသောအဖွဲ့အစည်းနှင့်ပတ်သက်၍ အသိပေးစာ

| | |
|---|---|
| သက်ဆိုင်ရာနေထိုင်ခွင့် အဆင့် | အဆင့်မြင့်လုပ်ငန်းကျွမ်းကျင်(၁)(က)၊ အဆင့်မြင့်လုပ်ငန်းကျွမ်းကျင်(၁)(ခ)၊ အဆင့်မြင့်လုပ်ငန်း ကျွမ်းကျင်(၂) ((၂)(က) သို့မဟုတ် (ခ) တွင် သတ်မှတ်ထားသောလုပ်ရှားမှုသာ)၊ သုတေသန၊ သိပ္ပံဝိဇ္ဇာ ပညာရပ်နှင့် အပြည်ပြည်ဆိုင်ရာကဏ္ဍ၊ ပြုစုစောင့်ရှောက်မှု၊ ဖျော်ဖြေရေးဆိုင်ရာ (ဂျပန်နိုင်ငံတွင်း အစိုးရနှင့်ပုဂ္ဂလိကအဖွဲ့အစည်းများတွင် စာချုပ်အရ လုပ်ကိုင်လျှင်သာ)၊ သတ်မှတ်ကျွမ်းကျင်ဆိုင်ရာ၊ အထူးသတ်မှတ်ကျွမ်းကျင်ဆိုင်ရာ |
| သက်ဆိုင်ရာအသိပေးစာ ပါအကြောင်းအရာ | • စာချုပ်ချုပ်ဆိုထားသောအဖွဲ့အစည်း၏အမည်နာမ ပြောင်းလဲလျှင်<br>• စာချုပ်ချုပ်ဆိုထားသောအဖွဲ့အစည်း၏တည်နေရာပြောင်းလဲလျှင်<br>• စာချုပ်ချုပ်ဆိုထားသောအဖွဲ့အစည်းပျက်ပြားလျှင်<br>• စာချုပ်ချုပ်ဆိုထားသောအဖွဲ့အစည်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးလျှင်<br>• စာချုပ်ချုပ်ဆိုထားသောအဖွဲ့အစည်းနှင့်စာချုပ်အသစ်ချုပ်ဆိုလျှင် |
| အသိပေးရန်ကာလ | ၁၄ရက်အတွင်းအသိပေးအကြောင်းကြားပါ။ |

**အသေးစိတ်ကို အောက်ပါ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုပါ။**

https://www.moj.go.jp/isa/applications/procedures/nyuukokukanri10_00015.html

## (၃) အိမ်ထောင်ဖက်နှင့်ပတ်သက်၍အသိပေးစာ

| | |
|---|---|
| သက်ဆိုင်ရာနေထိုင်ခွင့် အဆင့် | မှီခို၊ ဂျပန်လူမျိုး၏အိမ်ထောင်ဖက်၊သို့မဟုတ်အိမ်ထောင်ဖက်အဖြစ် နေထိုင်ခွင့်အဆင့်ရှိသည့် ရာသက်ပန် နေထိုင်သူ၏အိမ်ထောင်ဖက် |
| သက်ဆိုင်ရာအသိပေးစာ ပါအကြောင်းအရာ | • အိမ်ထောင်ဖက်နှင့်ကွာရှင်းပြတ်စဲခြင်း<br>• အိမ်ထောင်ဖက်သေဆုံးခြင်း |
| အသိပေးရန်ကာလ | ၁၄ရက်အတွင်းအသိပေးအကြောင်းကြားပါ။ |

**အသေးစိတ်ကို အောက်ပါ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုပါ။**

https://www.moj.go.jp/isa/applications/procedures/nyuukokukanri10_00016.html

ဖော်ပြပါအသိပေးစာနှင့်ပတ်သက်၍ကောင်တာသို့ ယူဆောင်လာခြင်း၊ စာပို့ခြင်းအပြင်၊ အင်တာနက်မှတစ်ဆင့်လည်း အသိပေးအကြောင်းကြားနိုင်သည်။

**အင်တာနက်မှတစ်ဆင့်အသိပေးခြင်းအတွက် အသေးစိတ်ကို အောက်ပါ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုပါ။**

https://www.moj.go.jp/isa/publications/materials/i-ens_index.html

One Point:

**အဆင့်မြင့်နိုင်ငံခြားသားလူ့အရင်းအမြစ်အားPointအရဦးစားပေးခြင်းစနစ်**

ဂျပန်နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုစသည်တို့တွင် ပါဝင်ကူညီနိုင်သည်ဟု မျှော်မှန်းရသော အဆင့်မြင့် စွမ်းရည်နှင့် အရည်အချင်းရှိသည့် နိုင်ငံခြားသားများသည် ဂျပန်နိုင်ငံရှိ လုပ်ရှားမှုအကြောင်းအရာနှင့် နေထိုင်ခွင့်သက်တမ်းဆိုင်ရာ အထူးအခွင့်အရေးများရရှိမည်။

လုပ်ရှားမှုနယ်ပယ်ပေါ်လိုက်၍ "ပညာရေးမှတ်တမ်း"၊ "လုပ်ငန်းအတွေ့အကြုံ"၊ "နှစ်စဉ်ဝင်ငွေ" စသည့် အချက်များပေါ်တွင် အမှတ်(Point)ပေးမည်။ ထို့နောက် ဒေသဆိုင်ရာလူဝင်မှုကြီးကြပ်ရေးရုံးတွင် လျှောက်ထားကာ၊ စုစုပေါင်း အမှတ်(Point)၇၀နှင့်အထက်ရရှိ၍ "အဆင့်မြင့်နိုင်ငံခြားသားလူ့စွမ်းအားအရင်းအမြစ်" အဖြစ်သတ်မှတ်ခံရသူသည် အောက်ပါ အထူးအခွင့်အရေးများ ရရှိနိုင်မည် ဖြစ်သည်။

- အမျိုးမျိုးသောနေထိုင်ခွင့်အဆင့်များတွင်ရှိသည့် လှုပ်ရှားမှုများတွင် ပါဝင် ခွင့်ပြုပေးခြင်း
- နေထိုင်ခွင့်သက်တမ်းဖြစ်သည့် (၅နှစ်)နေထိုင်နိုင်ခွင့် ထုတ်ပေးခြင်း
- ရာသက်ပန်နေထိုင်ခွင့် အတွက်လိုအပ်ချက်များကို ဖြေလျှော့ပေးခြင်း စသည်

**အသေးစိတ်ကို အောက်ပါ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုပါ။**

https://www.moj.go.jp/isa/publications/materials/newimmiact_3_index.html

# ၃ ထပ်မံပြည်ဝင်ခွင့်(ကိုင်ဆောင်ထားသော နေထိုင်ခွင့်အဆင့်ဖြင့် ဂျပန်နိုင်ငံတွင်းသို့ ထပ်မံဝင်ရောက်ခြင်း)

ဂျပန်နိုင်ငံမှထွက်ခွာသည့်အချိန်တွင် ထပ်မံပြည်ဝင်မှုစနစ်ကို အသုံးပြုလျှင် သတ်မှတ်ထားသော ကာလအတွင်းဖြစ်ပါက လက်ရှိကိုင်ဆောင်ထားသည့် နေထိုင်ခွင့်အဆင့်နှင့် နေထိုင်ခွင့်သက်တမ်း အတိုင်းပင် ဂျပန်နိုင်ငံတွင်းသို့ ထပ်မံပြည်ဝင်ခြင်းပြုနိုင်သည်။

## (၁) (မီနရှိ)အထူးထပ်မံပြည်ဝင်ခွင့် (တစ်နှစ်အတွင်းဂျပန်နိုင်ငံသို့ပြန်လာပါက)

နေထိုင်ခွင့်ကတ်ပြားကိုင်ဆောင်ထားသူအနက်မှ သက်တမ်းမကုန်လွန်သေးသောနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူသည် ဂျပန်နိုင်ငံမှထွက်ခွာ၍ ၁နှစ်အတွင်း (နေထိုင်ခွင့်သက်တမ်းကုန်ဆုံးချိန်သည် ၁နှစ်အောက်သာကျန်ရှိပါက ကျန်ရှိနေထိုင်ခွင့်သက်တမ်းအတွင်း) ဂျပန်နိုင်ငံသို့ပြန်လာပါက ဒေသ ဆိုင်ရာလူဝင်မှုကြီးကြပ်ရေးရုံး၌ ထပ်မံပြည်ဝင်ခွင့်ကို ရယူရန် မလိုအပ်ပါ။

## (၂) ထပ်မံပြည်ဝင်ခွင့် (တစ်နှစ်ထက်ပို၍ဂျပန်နိုင်ငံမှထွက်ခွာလျှင်)

အနီးဆုံးဒေသဆိုင်ရာလူဝင်မှုကြီးကြပ်ရေးရုံးတွင် လျှောက်ထားကာ ထပ်မံပြည်ဝင်ခွင့်ကို ရယူလျှင် လက်ရှိကိုင်ဆောင်ထားသည့် နေထိုင်ခွင့်အဆင့်နှင့် နေထိုင်ခွင့်သက်တမ်း အတိုင်းပင် ပြည်ဝင် ပြည်ထွက်ပြုလုပ်နိုင်သည်။ (အများဆုံးသက်တမ်းမှာ၅နှစ်အထိ၊သို့မဟုတ် နေထိုင်ခွင့်သက်တမ်းကုန်ဆုံးချိန် သည် ၅နှစ်အောက်သာကျန်ရှိလျှင် ကျန်ရှိနေထိုင်ခွင့်သက်တမ်းအတွင်း)

**အသေးစိတ်ကို အောက်ပါ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုပါ။**

https://www.moj.go.jp/isa/applications/procedures/16-5.html

# ၉ ဒုက္ခသည်အသိအမှတ်ပြုရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း

ဂျပန်နိုင်ငံသည် ဒုက္ခသည်ပဋိညာဉ် စသည် (ဒုက္ခသည်များအခြေအနေဆိုင်ရာပဋိညာဉ်၊ ဒုက္ခသည် များအခြေအနေဆိုင်ရာနောက်ဆက်တွဲစာချုပ်) ကိုလက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံ ဖြစ်သည့် အလျောက် ပဋိညာဉ်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် ဒုက္ခသည်များကို အသိအမှတ်ပြုပြီး ပဋိညာဉ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဒုက္ခသည်ကာကွယ်စောင့်ရှောက်ရေးစီမံချက်များ ဆောင်ရွက်လျက်ရှိသည်။

## ၉-၁ ဒုက္ခသည်ဆိုသည်မှာ

ဒုက္ခသည်ပဋိညာဉ် Article-1 (သို့) ဒုက္ခသည်ဆိုင်ရာနောက်ဆက်တွဲစာချုပ် Article-1 တွင် အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

- လူမျိုး၊ ဘာသာ၊ နိုင်ငံသား၊ လူမှုရေးအဖွဲ့အစည်းတစ်ခုခုတွင် အဖွဲ့ဝင်ဖြစ်မှု သို့မဟုတ် နိုင်ငံရေး ခံယူချက်တစ်ခုခု ရှိမှု စသည့်အကြောင်းများက ဖိနှိပ်မှုခံရရန်စိုးရိမ်ဖွယ်ရှိသည်ဟု အပြည့်အဝယူဆရ ပြီး ထိုယူဆချက်ကြောင့် မိခင်တိုင်းပြည်၏ပြင်ပတွင်နေထိုင်ကာ မိခင်တိုင်းပြည်၏ ကာကွယ် စောင့်ရှောက်မှုကို မခံယူနိုင်သော သို့မဟုတ် မခံယူလိုသောသူစသဖြင့်ိ။

## ၉-၂ ဒုက္ခသည်အသိအမှတ်ပြုမှုလျှောက်ထားခြင်းနှင့်စပ်လျဉ်း၍

- ဒုက္ခသည်အသိအမှတ်ပြုမှုလျှောက်ထားခြင်းဆိုသည်မှာ မိမိတိုင်းပြည်မှ ထွက်ပြေးတိမ်းရှောင် လာခဲ့သော ဒုက္ခသည်များ (၉-၁ကိုကြည့်ပါ) သည် ဂျပန်နိုင်ငံ၏ကာကွယ်စောင့်ရှောက်မှုကို ခံယူ လိုလျှင် လျှောက်ထားနိုင်သော စနစ်တစ်ခု ဖြစ်သည်။ ဂျပန်နိုင်ငံရှိ နိုင်ငံခြားသားများ လျှောက်ထား နိုင်သည်။ ဒုက္ခသည်အဖြစ် အသိအမှတ်ပြုခံရသော နိုင်ငံခြားသားအား ဒုက္ခသည်အဖြစ် အသိ အမှတ်ပြုကြောင်း ထောက်ခံစာထုတ်ပေးမည့်အပြင် အမြဲတမ်းနေထိုင်သူအဖြစ် နေထိုင်ခွင့် အဆင့် ပေးအပ်မည်။
- လျှောက်ထားခြင်းအရ ဒုက္ခသည်အဖြစ်အသိအမှတ်ပြုခံရသော နိုင်ငံခြားသားအား နိုင်ငံကူး လက်မှတ်အစား ခရီးသွားလာခွင့်လက်မှတ်အဖြစ် ဒုက္ခသည်များခရီးသွားလာရေး ထောက်ခံစာကို ထုတ်ပေးမည်။
- ဒုက္ခသည်အဖြစ်အသိအမှတ်ပြုခံရသော နိုင်ငံခြားသားနှင့် ၎င်း၏မိသားစုဝင်များသည် ဂျပန်စာ သင်ကြားရေးနှင့် နေ့စဉ်လူမှုဘဝဆိုင်ရာညွှန်ကြားချက်များ၊ လုပ်ငန်းမိတ်ဆက် စသည်ဖြင့် "အမြဲတမ်းနေထိုင်သူများအားကူညီဖေးမရေးအစီအစဉ်"အရ အကူအညီများရရှိနိုင်သည်။

## ၄-၃ ဥပဒေအရပြန်လည်စိစစ်ပေးရေးတောင်းခံချက်

ဒုက္ခသည်အဖြစ်အသိအမှတ်ပြုမခံရသည့်ကိစ္စရပ်အပေါ် မကျေနပ်လျှင် တရားရေးဝန်ကြီးထံသို့ ပြန်လည်စိစစ်ပေးရန် တောင်းခံချက်ပြုနိုင်သည်။

တရားရေးဝန်ကြီးသည် တောင်းခံချက်ကို စဉ်းစားဆုံးဖြတ်သည့်အခါ ဥပဒေနှင့်နိုင်ငံတကာရေးရာ အခြေအနေများကို သိရှိနားလည်သည့် ဒုက္ခသည်စိစစ်ရေးအကြံပေး၏အမြင်ကို နားထောင်လေ့ရှိ သည်။

**အသေးစိတ်ကို အောက်ပါ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုပါ။**

https://www.moj.go.jp/isa/applications/guide/nanmin_tetuduki.html

# ၅ နိုင်ငံမှအတင်းအကျပ်ထွက်ခွာစေခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း

## ၅-၁ အတင်းအကျပ်ထွက်ခွာစေခြင်းအဓိကအကြောင်းအရင်း

- နေထိုင်ခွင့်သက်တမ်းကိုကျော်လွန်၍ ဂျပန်နိုင်ငံတွင်နေထိုင်ခြင်း (၁ရက်ကျော်လွန်လျှင်ပင် တရား မဝင်နေထိုင်မှု မြောက်သည်ဖြစ်သဖြင့် အတင်းအကျပ်ထွက်ခွာစေခြင်း လုပ်ထုံးလုပ်နည်းများ စတင်မည်ကို သတိပြုပါ။)
- နေထိုင်ခွင့်အဆင့်လွန် လုပ်ရှားလုပ်ဆောင်မှု ခွင့်ပြုချက်မရရှိဘဲ ကိုင်ဆောင်ထားသော နေထိုင်ခွင့် အဆင့်ကျော်လွန်သည့်လှုပ်ရှားလုပ်ဆောင်မှုကိုလုပ်ကိုင်၍ ဝင်ငွေ (သို့) အလုပ်ဝန်ဆောင်ခ ရယူ ခြင်း
- ပြစ်မှုဆိုင်ရာပြစ်ဒဏ်တစ်မျိုးမျိုးအရ အရေးယူခံရခြင်း

## ၅-၂ အတင်းအကျပ်ထွက်ခွာစေမှုဖြစ်ပါက

အတင်းအကျပ်ထွက်ခွာစေခြင်း ခံရလျှင် မူအရ ၅နှစ် (သို့) ၁၀နှစ်အတွင်း ဂျပန်နိုင်ငံတွင်းသို့ဝင်ရောက်ခွင့်မရှိပေ။ ထို့ပြင် ရာဇဝတ်မှု ဆိုင်ရာပြစ်ဒဏ် တစ်မျိုးမျိုးအရအရေးယူခံရခြင်းတို့ကြောင့် အတင်းအကျပ် ထွက်ခွာစေခြင်း ခံရလျှင် မူအရ နောက်တစ်ကြိမ် ဂျပန်နိုင်ငံတွင်းသို့ဝင်ရောက်ခွင့်မရှိတော့ပေ။

## ၅-၃ ထွက်ခွာစေအမိန့်စနစ်

တရားမဝင်နေထိုင်စဉ်အတွင်း အောက်ပါအချက်များနှင့်ကိုက်ညီပါက ချုပ်နှောင်ထိန်းသိမ်းခြင်း မခံ ရဘဲ သာမန်လုပ်ထုံးလုပ်နည်းအရ ထွက်ခွာနိုင်သောစနစ်ဖြစ်သည်။

ထွက်ခွာစေအမိန့်နှင့်ထွက်ခွာရလျှင် မူအရ ၁နှစ်တာ ဂျပန်နိုင်ငံတွင်းသို့ဝင်ရောက်ခွင့်မရှိပေ။

### ထွက်ခွာစေအမိန့်စနစ်ကျင့်သုံးရန်လိုအပ်သောအချက်များ

ထွက်ခွာစေအမိန့်စနစ်ကျင့်သုံးရန် အောက်ပါအချက်များနှင့်ကိုက်ညီရန်လိုအပ်သည်။

- ဂျပန်နိုင်ငံမှ ထွက်ခွာရန်ရည်ရွယ်ချက်ဖြင့် လူဝင်မှုကြီးကြပ်ရေးရုံးသို့ ကိုယ်တိုင် ကိုယ်ကျလာရောက်လျှင်
- တရားမဝင်နေထိုင်မှုမှအပ အခြားအတင်းအကျပ်ထွက်ခွာစေရခြင်းအကြောင်းအရင်း မရှိလျှင်
- ဂျပန်နိုင်ငံတွင်း ခိုးယူမှု စသည့် ပြစ်မှုတစ်မျိုးမျိုးကြောင့် အလုပ်နှင့်ထောင်ဒဏ် (သို့) အလုပ်မဲ့ ထောင်ဒဏ်အရေးယူခံရခြင်းမရှိလျှင်
- ယခင်က အတင်းအကျပ်ထွက်ခွာစေခြင်း မခံရဖူးလျှင်
- ယခင်က ထွက်ခွာစေအမိန့်အရ ထွက်ခွာရခြင်းမျိုးမရှိလျှင်
- ဂျပန်နိုင်ငံမှအလျင်အမြန်ထွက်ခွာတော့မည်ဖြစ်ကြောင်း သေချာပေါ့ ယူဆရလျှင်

## ၅-၄ အထူးနေထိုင်ခွင့်



နိုင်ငံမှ အတင်းအကျပ်ထွက်ခွာစေခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ဆောင်ရွက်နေသော်လည်း၊ ဂျပန်နိုင်ငံအတွင်း နေထိုင်ခဲ့ဖူးခြင်းနှင့် မိသားစုအခြေအနေများကို ညှာတာထောက်ထား၍ တရားရေးဝန်ကြီးမှ အထူးနေထိုင်ခွင့်ပေးအပ်သည့်အခြေအနေမျိုးလည်းရှိသည်။

# ၆ ပြည်ဝင်ပြည်ထွက်၊နေထိုင်မှုစသည့် လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ မေးမြန်းစုံစမ်းနိုင်သော နေရာများ

## ဒေသဆိုင်ရာလူဝင်မှုကြီးကြပ်ရေးဝန်ဆောင်မှုအေဂျင်စီ

| | | | |
|---|---|---|---|
| ဆပိုရိုလူဝင်မှု ကြီးကြပ်ရေးဝန်ဆောင်မှုအေဂျင်စီ | | စာတိုက်သေတ္တာအမှတ် ဝ၆ဝ-ဝဝ၄၂၊ ဟိုကိုင်းဒိုး၊ ဆပိုရိုမြို့ ချူးအိုးရပ်ကွက်၊ ဒိုးရိနီရှိ၊ ၁၂ ဘလောက် | ဖုန်း- ၀၅၇၀-၀၀၃၂၅၉ (IP ဖုန်း၊ နိုင်ငံရပ်ခြားမှ) : ဝ၁၁-၂၆၁-၇၅ဝ၂ |
| ဆန်းဒိုင်းလူဝင်မှုကြီးကြပ်ရေး ဝန်ဆောင်မှုအေဂျင်စီ | | စာတိုက်သေတ္တာအမှတ်၉၈၃-ဝ၈၄၂၊ဆန်းဒိုင်းမြို့မီရာဂီရပ်ကွက်၊ဂိုရင်း၁-၃-၂၀ | ဖုန်း-ဝ၂၂-၂၅၆-၆ဝ၇၆(တစ်ဆင့်) |
| တိုကျိုလူဝင်မှုကြီးကြပ်ရေး ဝန်ဆောင်မှုအေဂျင်စီ | | စာတိုက်သေတ္တာအမှတ် ၁ဝ၈-၈၂၅၅၊ တိုကျို၊ မီနာတိုရပ်ကွက်၊ ကိုနမ် ၅-၅-၃ဝ | ဖုန်း-ဝ၅၇ဝ-ဝ၃-၄၂၅၉ (အင်တာနက်ဖုန်း၊နိုင်ငံခြားမှခေါ်ဆိုပါက ဝ၃-၅၇၉၆-၇၂၃၄) |
| တိုကျိုလူဝင်မှု ကြီးကြပ်ရေးဝန်ဆောင်မှုအေဂျင်စီ နီရှိယဌာနခွဲရုံး | | စာတိုက်သေတ္တာအမှတ် ၁၆ဝ-ဝဝဝ၄ တိုကျို၊ ရှင်းဂျုခုရပ်ကွက်၊ နီရှိယ ၁-၆-၁ နီရှိယတာဝါ ၁၄လွှာ | ဖုန်း-ဝ၅၇ဝ-ဝ၁၁ဝဝဝ(နံပါတ်၈) (အင်တာနက်ဖုန်း၊ နိုင်ငံခြားမှခေါ်ဆိုပါက ဝ၃-၅၃၆၃-၃ဝ၁၃) |
| | နေထိုင်ခွင့်ကြီးကြပ်ရေး သတင်းအချက်အလက်ဌာန | မိမိဝင်ရောက်လုပ်ကိုင်လျက်ရှိသောအဖွဲ့အစည်းစသည်နှင့် စပ်လျဉ်း၍လျှောက်ထားခြင်း၊ မိမိဝင်ရောက်လုပ်ကိုင်လျက်ရှိသော အဖွဲ့အစည်းသို့လျှောက်ထားခြင်း | ဖုန်း-ဝ၃-၅၃၆၃-၃ဝ၃၂ |
| | | နေထိုင်ခွင့်အွန်လိုင်းလျှောက်ထားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ | ဖုန်း-ဝ၃-၅၃၆၃-၃ဝ၃ဝ |
| | သတင်းအချက်အလက် စီမံခန့်ခွဲမှုဌာန | ပြန်လည်သုံးသပ်မှုစံချိန်စီမံခန့်ခွဲမှု | ဖုန်း-ဝ၃-၅၃၆၃-၃ဝ၃၉ |
| နာရီတာလေဆိပ်အေဂျင်စီဌာနခွဲ | | စာတိုက်သေတ္တာအမှတ် ၂၈၂-ဝဝဝ၄၊ ချိဘခရိုင်၊ နာရီတာမြို့ ဖုရူကိုမဲ အာဇဖုရူကိုမဲ ၁-၁၊ နာရီတာ အပြည်ပြည်ဆိုင်ရာလေဆိပ်၊ တာမီနယ်(၂) အဆောက်အဦး ၆လွှာ | ဖုန်း-ဝ၄၇၆-၃၄-၂၂၂၂(တစ်ဆင့်) |
| | | (ပြန်လည်သုံးသပ်စီမံခန့်ခွဲမှုဌာန) | ဖုန်း-ဝ၄၇၆-၃၄-၂၂၁၁ |
| ဟာနဲဒါလေဆိပ်အေဂျင်စီဌာနခွဲ | | စာတိုက်သေတ္တာအမှတ် ၁၄၄-ဝဝ၄၁၊ တိုကျို၊ အိုတာရပ်ကွက်၊ ဟာနဲဒါလေဆိပ် ၂-၆-၄ ဟာနဲဒါဆိပ် CIQ အဆောက်အဦး | ဖုန်း-ဝ၃-၅၇ဝ၈-၃၂ဝ၂(တစ်ဆင့်) |
| ယိုကိုဟားမားအေဂျင်စီဌာနခွဲ | | စာတိုက်သေတ္တာအမှတ် ၂၃၆-ဝဝဝ၂၊ ခါနဂါဝခရိုင်၊ ယိုကိုဟားမားမြို့ ခါနဇဝရပ်ကွက်၊ ၁ဝ-၇ | ဖုန်း-ဝ၅၇ဝ-ဝ၄၅၂၅၉ (အင်တာနက်ဖုန်း၊ နိုင်ငံခြားမှခေါ်ဆိုပါက ဝ၄၅-၇၆၉-၁၇၂၉) |
| နာဂိုယာလူဝင်မှုကြီးကြပ်ရေး ဝန်ဆောင်မှုအေဂျင်စီ | | စာတိုက်သေတ္တာအမှတ် ၄၅၅-၈၆ဝ၁၊ အာအိချိခရိုင်၊ နာဂိုယာမြို့ မီနာတိုရပ်ကွက်၊ ရှောဟိုဘလောက် ၅-၁၈ | ဖုန်း- ဝ၅၇ဝ-ဝ၅၂၂၅၉ (IP ဖုန်း၊ နိုင်ငံရပ်ခြားမှ) : ဝ၅၂-၅၅၉-၈၉၄၄ |
| ချူဘုလေဆိပ်အေဂျင်စီဌာနခွဲ | | စာတိုက်သေတ္တာအမှတ်၄၇၉-ဝ၈၈၁၊အာအိချိခရိုင်၊တိုခိုနာမဲရပ်ကွက်၊ CENTRAIRအဆောက်အအုံ တတိယထပ်CIQ၁-၁ | ဖုန်း-ဝ၅၆၉-၃၈-၇၄၁ဝ(တစ်ဆင့်) |
| အိုဆာကာဒေသဆိုင်ရာလူဝင်မှု ကြီးကြပ်ရေးဝန်ဆောင်မှုအေဂျင်စီ | | စာတိုက်သေတ္တာအမှတ် ၅၅၉-ဝဝ၃၄၊ အိုဆာကာခရိုင်၊ အိုဆာကာမြို့ ဆုမီနိုအဲရပ်ကွက်၊ တောင်ဘက် ခိုးဟိုခု ၁-၂၉-၅၃ | ဖုန်း- ဝ၅၇ဝ-ဝ၆၄၂၅၉ (IP ဖုန်း၊ နိုင်ငံရပ်ခြားမှ) : ဝ၆-၄၇ဝ၃-၂၁ဝ၅ဝ |
| ကန်းဆိုင်းလေဆိပ်အေဂျင်စီဌာနခွဲ | | စာတိုက်သေတ္တာအမှတ် ၅၄၉-ဝဝ၁၁၊ အိုဆာကာ၊ ဆန်းနမ်းရပ်ကွက်၊ တာဂျီရီဘလောက်၊ ဆန်းရှုလေယာဉ်ကွင်းအတွင်း မြေအမှတ် ၁ | ဖုန်း-ဝ၇၂-၄၅၅-၁၄၅၃(တစ်ဆင့်) |
| ကိုဘေးအေဂျင်စီဌာနခွဲ | | စာတိုက်သေတ္တာအမှတ် ၆၅ဝ-ဝဝ၂၄၊ ဟရောဂိုခရိုင်၊ ကိုဘေးမြို့ ချူးအိုးရပ်ကွက်၊ ခိုင်းဂန်း လမ်းမ မြေအမှတ် ၂၉ | ဖုန်း-ဝ၇၈-၃၉၁-၆၃၇၇(တစ်ဆင့်) |
| ဟီရိုရှီးမားလူဝင်မှုကြီးကြပ်ရေး ဝန်ဆောင်မှုအေဂျင်စီ | | စာတိုက်သေတ္တာအမှတ် ၇၃ဝ-ဝဝ၁၂၊ ဟီရိုရှီးမားခရိုင်၊ ဟီရိုရှီးမားမြို့ နာကာရပ်ကွက်၊ ခါမိဟချိဘိုရီ ၂-၃၁ | ဖုန်း-ဝ၈၂-၂၂၁-၄၄၁၁(တစ်ဆင့်) |
| တာကမဆုလူဝင်မှုကြီးကြပ်ရေး ဝန်ဆောင်မှုအေဂျင်စီ | | စာတိုက်သေတ္တာအမှတ် ၇၆ဝ-ဝဝ၃၃၊ ခါဂဝခရိုင်၊ တာကမဆုမြို့ မာရုနိုအုချိ ၁-၁ | ဖုန်း-ဝ၈၇-၈၂၂-၅၈၅၂(တစ်ဆင့်) |
| ဖူကူဆိုကာလူဝင်မှုကြီးကြပ်ရေး ဝန်ဆောင်မှုအေဂျင်စီ | | စာတိုက်သေတ္တာအမှတ် ၈၁ဝ-ဝဝ၇၃၊ ဖူကူအိုကာခရိုင်၊ ဖူကူအိုကာမြို့ ချောရပ်ကွက်၊ ချူးအိုးရပ်ကွက်၊ ၃ ဘလောက် နံပါတ် ၅၊ အမှတ်စဉ် ၂၅ | ဖုန်း-ဝ၉၂-၇၁၇-၅၄၂ဝ(တစ်ဆင့်) |
| နာဟအေဂျင်စီဌာနခွဲ | | စာတိုက်သေတ္တာအမှတ် ၉ဝဝ-ဝဝ၂၂၊ အိုကီနာဝါခရိုင်၊ နာဟမြို့ ဟီဂဝ ၁-၁၅-၁၅ | ဖုန်း-ဝ၉၈-၈၃၂-၄၁၈၅(တစ်ဆင့်) |

| | | |
|---|---|---|
| ဂျပန်အရှေ့ပိုင်း လူဝင်မှု ကြီးကြပ်ရေး စင်တာ | စာတိုက်သေတ္တာအမှတ် ၃၀၀-၁၂၈၈၊ အီဘာရာကီခရိုင်၊ အုရှိခုရပ်ကွက်၊ ခုနိုဘလောက် ၁၇၆၆-၁ | ဖုန်း-၀၂၉-၈၇၅-၁၂၉၁(တစ်ဆင့်) |
| အိုမူရာ လူဝင်မှုကြီးကြပ်ရေးစင်တာ | စာတိုက်သေတ္တာအမှတ် ၈၅၆-၀၈၁၇၊ နာဂါဆာကီခရိုင်၊ အိုမူရာမြို့ ခိုဂါရှိမာဘလောက် ၆၄၄-၃ | ဖုန်း-၀၉၅၇-၅၂-၂၁၂၁(တစ်ဆင့်) |

## နိုင်ငံခြားသားနေထိုင်ခွင့်ထောက်ပံ့မှုစင်တာ

| | | |
|---|---|---|
| နိုင်ငံခြားသားနေထိုင်ခွင့် ထောက်ပံ့မှု စင်တာ | စာတိုက်သေတ္တာအမှတ် ၁၆၀-၀၀၀၄ တိုကျို၊ ရှင်းဂျုခုရပ်ကွက်၊ နီရှိယ ၁-၆-၁ နီရှိယတာဝါ ၁၃လွှာ | ဖုန်း-၀၅၇၀-၀၁၁၀၀၀ (အင်တာနက်ဖုန်း၊ နိုင်ငံခြားမှခေါ်ဆိုပါက ၀၃-၅၃၆၃-၃၀၁၃) |

## သတင်းအချက်အလက်ဌာန

| | | |
|---|---|---|
| နိုင်ငံခြားသားနေထိုင်မှုဆိုင်ရာအထွေထွေ သတင်းအချက်အလက်ဌာန | ဆန်းဒိုင်း၊ တိုကျို၊ ယိုကိုဟားမား(ရုံးခွဲ)၊ နာဂိုယာ၊ အိုဆာကာ၊ ကိုဘေး(ရုံးခွဲ)၊ ဟီရိုရှီးမားနှင့် နာဂါဆာကီတို့ရှိ ဒေသဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးဝန်ဆောင်မှုအေဂျင်စီ | ဖုန်းနံပါတ်-၀၉၅၇-၅၂-၂၁၂၁ (အင်တာနက်ဖုန်း၊ လိုင်းသေးဖုန်း၊ နိုင်ငံခြားမှခေါ်ဆိုပါက- ၀၃-၅၇၉၆-၇၁၁၂) |
| တိုင်ပင်ညှိနှိုင်းနိုင်သောနေရာ | ဆပိုရို၊ တာကမဆုနှင့် နာဟ(ရုံးခွဲ)တို့ရှိ ဒေသဆိုင်ရာ လူဝင်မှုကြီးကြပ်ရေး ဝန်ဆောင်မှု အေဂျင်စီ | |

# ၇ ဂျပန်နိုင်ငံ လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ခြင်း

## ၇-၁ ဂျပန်နိုင်ငံ လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာန တရားဝင် Home page

ဂျပန်နိုင်ငံ လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာန တရားဝင် Home page တွင် နေထိုင်မှုလုပ်ထုံးလုပ်နည်း စသည်တို့ကို လမ်းညွှန်ပေးနေပါသည်။ ဂျပန်ဘာသာအပြင်၊ ဘာသာစကား ၁၄ မျိုးဖြင့် သတင်းအချက်အလက်များကို ဖြန့်ဝေပေးနေပါသည်။

**ဂျပန်နိုင်ငံ လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာန တရားဝင် Home page**

https://www.moj.go.jp/isa/index.html

## ၇-၂ ဂျပန်နိုင်ငံ လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာန တရားဝင် SNS စသည်

ဂျပန်နိုင်ငံ လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာနတွင် SNS အကောင့်အမျိုးမျိုးကို ဖွင့်ထားပြီး၊ စနစ်သစ်လမ်းညွှန်မှုနှင့် နေထိုင်နေသော နိုင်ငံခြားသားများ၏ ဘဝနေထိုင်မှုအတွက် အထောက်အပံ့ဖြစ်စေမည့် သတင်းအချက်အလက် စသည်တို့ကို ထုတ်ပြန်ပေးနေပါသည်။

**ဂျပန်နိုင်ငံ လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာန တွစ်တာအကောင့်**

https://twitter.com/MOJ_IMMI

**ဂျပန်နိုင်ငံ လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာန Facebook အကောင့်**

https://www.facebook.com/ImmigrationServicesAgency.MOJ/

**မေးလ်ပေးပို့၍ဝန်ဆောင်မှု**

https://www.moj.go.jp/isa/about/pr/mail-service.html

ဒေသတွင်း လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာနရုံး၏ တွစ်တာအကောင့်တွင်၊ ကောင်တာ၏ ရှုပ်ထွေးလှသော အခြေအနေများကို လမ်းညွှန်ပေးနေပါသည်။

**ဒေသတွင်း လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာနရုံး အကောင့်စာရင်း**

https://www.moj.go.jp/isa/about/pr/index.html

အခန်း ၂

# မြို့နယ်ရပ်ကွက်ကျေးရွာရုံး၌ပြုလုပ်ရမည့် လုပ်ထုံးလုပ်နည်းများ



## ၁ လိုအပ်သောအကြောင်းကြားခြင်း

### ၁-၁ နေရပ်လိပ်စာအကြောင်းကြားစာ

နိုင်ငံခြားသားများအနက် အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် နေရပ်လိပ်စာကို မြို့နယ်ရပ်ကွက် ကျေးရွာရုံးသို့ အကြောင်းကြားရန် လိုအပ်သည်။

**အကြောင်းကြားရန်လိုအပ်သူများ**

- နေထိုင်ခွင့်ကတ်ပြားရရှိထားသူ(အလယ်အလတ်နှင့်ရေရှည်နေထိုင်သူ)
- အထူးရာသက်ပန်နေထိုင်ခွင့်ရှိသူ
- ယာယီခိုလှုံခွင့် (သို့) ပြန်လည်နေထိုင်ခွင့်လျှောက်ထားသူ
- ကလေးမွေးဖွားခြင်း(သို့)ဂျပန်နိုင်ငံသားဆုံးရှုံးမှုကြောင့် ကာလကျော်၍ဆက်လက်နေထိုင်သူ

#### (၁) ပြည်ဝင်ခွင့်အသစ်ရယူပြီး ဝင်ရောက်လာခြင်း၌

- နေရပ်လိပ်စာ အတည်တကျ ဖြစ်သည့်နေ့မှစ၍ ၁၄ရက်အတွင်း မြို့နယ်ရပ်ကွက်ကျေးရွာရုံးတွင် “ရွှေ့ပြောင်းမှုအကြောင်းကြားခြင်း”ကို ပြုလုပ်ရန်လိုအပ်သည်။
- အကြောင်းကြားသည့်အခါနေထိုင်ခွင့်ကတ်ပြား (နေထိုင်ခွင့်ကတ်လက်ဝယ်မရရှိသေးသူဖြစ်ပါက နိုင်ငံကူးလက်မှတ်) လိုအပ်သည့်အတွက်ကြောင့် သေချာပေါက် ယူဆောင်လာရန်
- မိသားစုနှင့်အတူနေထိုင်မည့်အခါမျိုး၌ လက်ထပ်မှတ်ပုံတင်နှင့် မွေးစာရင်းစသည်ဖြင့် မိသားစု တော်စပ်ကြောင်းကို သက်သေပြနိုင်သော ရုံးပိုင်းဆိုင်ရာ စာရွက်စာတမ်းများလည်း လိုအပ်မည်။
- ပြောင်းရွှေ့ကြောင်းအသိပေးစာပေးပို့ပါက အောက်ပါအတိုင်းဖြစ်မည်။

(၁) ပြောင်းရွှေ့ကြောင်းအသိပေးစာပေးပို့ပါက နေထိုင်ခွင့်ကတ်ပြား၌ နေရပ်လိပ်စာပါ တစ်ပြိုင်နက် မှတ်ပုံတင်ပြီးစီးမည်။

(၂) နေထိုင်မှုမှတ်တမ်း ပြုလုပ်ပြီးပါက

- အမည်၊မွေးသက္ကရာဇ်၊ကျား-မ၊နေရပ်လိပ်စာ စသည်တို့ကို မှတ်တမ်းတင်ရေးသွင်းမည်။
- အမှန်အကန်နေထိုင်ကြောင်းသက်သေပြရန်အတွက် နေထိုင်မှုမှတ်တမ်းမိတ္တူ ထုတ်ပေးရန် လျှောက်ထားနိုင်မည်ဖြစ်သည်။ (အခကြေးငွေဖြင့်)


(၃) မြို့နယ်မှ သင်၏ My Number ကိုအကြောင်းကြားမည်။

*My Number - ဂျပန်နိုင်ငံအတွင်း လူမှုရေးအာမခံ၊အခွန်၊သဘာဝဘေးကာကွယ်မှုများအတွက် စာရွက်စာတမ်းများပြုလုပ်သည့်အခါ သင့်အားမည်သူမည်ဝါဖြစ်ကြောင်း ချက်ချင်းသိရှိနိုင်ရန် အတွက် ပြုလုပ်ထားသည့် ဂဏန်း၁၂လုံးပါရှိသည့် (ကိုယ်ပိုင်)နံပါတ်

**အသေးစိတ်ကို အခန်းခွဲ(၂) My Number စနစ်တွင် မှီငြမ်းပါ။**

(၄) My Number ကတ်မလျှောက်ထားသေးသူများအနေဖြင့် .My Number အကြောင်းကြားစာ နှင့်အတူ ပူးတွဲပေးပို့ထားသည့် လျှောက်လွှာကို အသုံးပြု၍ လျှောက်ထားနိုင်သည်။

## (၂) အိမ်ပြောင်းရွှေ့သည့်အခါ၌



(၁) အခြားမြို့နယ်သို့ပြောင်းရွှေ့သည့်အခါ

- မပြောင်းရွှေ့မီ - လက်ရှိနေထိုင်ရာမြို့နယ်ရှိရုံးသို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်းအသိပေးရန်
- ပြောင်းရွှေ့ပြီး - ပြောင်းရွှေ့ပြီး၁၄ရက်အတွင်းအသစ်ပြောင်းရွှေ့လာသောမြို့နယ်ရှိရုံးသို့ ပြောင်းရွှေ့လာကြောင်းအသိပေးရန်

(၂) မြို့နယ်တစ်ခုတည်းအတွင်း၌ အိမ်ပြောင်းရွှေ့သောအခါ

အိမ်ပြောင်းရွှေ့ပြီး၁၄ရက်အတွင်း နေထိုင်သော မြို့နယ်ရှိရုံးသို့ အိမ်ပြောင်းရွှေ့ကြောင်း အကြောင်း ကြားရန်

(၃) နိုင်ငံရပ်ခြားသို့ပြောင်းရွှေ့သောအခါ

မပြောင်းရွှေ့မီ လက်ရှိနေထိုင်သောမြို့နယ်ရှိရုံးသို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်း အကြာင်းကြားရန်

**အသေးစိတ်ကို အောက်ပါ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုပါ။**

https://www.soumu.go.jp/main_sosiki/jichi_gyousei/c-gyousei/zairyu/english/move-in_move-out.html

# ၁-၂ လက်ထပ်မှတ်ပုံတင်



### ဂျပန်နိုင်ငံအတွင်းလက်ထပ်ထိမ်းမြားပါက

- မြို့နယ်သို့လက်ထပ်ထိမ်းမြားကြောင်းအကြောင်းကြားရမည်။
- လက်ထပ်ထိမ်းမြားမည့်သူနှစ်ဦးအတွက် ထိမ်းမြားခြင်းဆိုင်ရာသတ်မှတ်ချက်နှင့် ပြည့်စုံသည် ဟု မှတ်ယူနိုင်၍ လျှောက်ထားချက်ကို ရုံးမှ လက်ခံရရှိပြီးပါက ၎င်းလက်ထပ်ထိမ်းမြားမှု အရာရောက်မည်ဖြစ်သည်။

## (၁) လက်ထပ်ထိမ်းမြားမှုအကြောင်းကြားရာ၌လိုအပ်သည့်အရာများ

| | |
|---|---|
| ဂျပန်လူမျိုးဖြစ်ပါက | အိမ်ထောင်စုစာရင်းမူရင်း |
| နိုင်ငံခြားသားဖြစ်ပါက | • လက်ရှိအိမ်ထောင်မရှိကြောင်းထောက်ခံစာ<br>* မိမိနိုင်ငံ၏ ဂျပန်အခြေစိုက်သံရုံး၌ စာရွက်စာတမ်းများပြုလုပ်ရမည်ဖြစ်သည်။ (မှတ်ချက်-၁)<br>• လက်ရှိအိမ်ထောင်မရှိကြောင်းထောက်ခံစာကို နိုင်ငံခြားဘာသာစကားဖြင့် ရေးသားထားသော စာရွက်စာတမ်းကို တင်ပြသည့်အခါ၌ အဆိုပါအကြောင်းအရာအားလုံး၏ ဂျပန်ဘာသာပြန်ကိုပါ ပူးတွဲတင်ပြရန်လိုအပ်မည်ဖြစ်သည်။ (မှတ်ချက်-၂) |

(မှတ်ချက်-၁) အချို့နိုင်ငံများသည်အဆိုပါထောက်ခံစာကိုထုတ်မပေးသည်မျိုးလည်းရှိသည်။ ထိုအခါ မျိုး၌ အဆိုပါစာချုပ်အစားတင်ပြနိုင်သည့်စာရွက်စာတမ်းတင်ပြရန်။

(မှတ်ချက်-၂) ဘာသာပြန်ထားသည့် စာရွက်စာတမ်း၌ ဘာသာပြန်သူ၏အမည်ကို ထည့်သွင်းဖော်ပြ ရမည်။ ကာယကံရှင်ကိုယ်တိုင်ဘာသာပြန်သည့်အခါ၌လည်း အကျုံးဝင်သည်။

## (၂) မိမိနိုင်ငံအတွင်း၌တရားဝင်မှု

ဂျပန်နိုင်ငံအတွင်းအထမြောက်သောလက်ထပ်ထိမ်းမြားမှုသည် ဂျပန်နိုင်ငံအတွင်း၌ တရားဝင် သော် လည်း ထိုထိမ်းမြားမှုသည် မိမိ၏မူလနိုင်ငံအတွင်း၌ တရားဝင်မည်ဟု မယူဆနိုင်ပါ။ ဂျပန်နိုင်ငံအတွင်း အထမြောက်သောထိမ်းမြားမှုမှာ မိမိနိုင်ငံအတွင်းတရားဝင်မဝင်နှင့်ပတ်သက်၍ မိမိနိုင်ငံ၏ ဂျပန် အခြေစိုက်သံရုံးသို့ မေးမြန်းပါ။

# ၁-၃ ကွာရှင်းပြတ်စဲကြောင်းအကြောင်းကြားစာ

### ဂျပန်နိုင်ငံအတွင်းကွာရှင်းပြတ်စဲပါက

- ကွာရှင်းပြတ်စဲလိုသူနှစ်ဦးသည် ကွာရှင်းပြတ်စဲရန်သဘောတူပါက မြို့နယ်ရပ်ကွက်ကျေးရွာရုံး တွင် ကွာရှင်းပြတ်စဲကြောင်းကို အကြောင်းကြားရပါမည်။
- နေထိုင်သည့်နေရာနှင့် နိုင်ငံသားအပေါ်မူတည်၍ သတ်မှတ်ချက်များကွဲပြားမည်ဖြစ်သောကြောင့် အသေးစိတ်ကို မြို့နယ်ရပ်ကွက်ကျေးရွာရုံးသို့ မေးမြန်းပါ။
- တစ်ဖက်လူမှ ကွာရှင်းပြတ်စဲရန်သဘောမတူပါက ဖျန်ဖြေကွာရှင်းခြင်း သို့မဟုတ် တရားခွင်ကွာရှင်းခြင်းများကို ပြည်တွင်းရေးတရားရုံးတွင် ပြုလုပ်ပါသည်။

## (၁) မိမိနိုင်ငံအတွင်း၌တရားဝင်မှု

ဂျပန်နိုင်ငံအတွင်းအထမြောက်သောကွာရှင်းပြတ်စဲမှုသည် ဂျပန်နိုင်ငံအတွင်း၌ တရားဝင် သော်လည်း ထိုကွာရှင်းပြတ်စဲမှုသည် မိမိ၏မူလနိုင်ငံအတွင်း၌ တရားဝင်မည်ဟု မယူဆနိုင်ပါ။ ဂျပန်နိုင်ငံအတွင်း အထမြောက်သော ကွာရှင်းပြတ်စဲမှုမှာ မိမိနိုင်ငံအတွင်းတရားဝင်မဝင် နှင့်ပတ်သက်၍ မိမိနိုင်ငံ၏ ဂျပန်အခြေစိုက်သံရုံးသို့ မေးမြန်းပါ။

## (၂) တစ်ဖက်လူမှ ကွာရှင်းပြတ်စဲကြောင်းအကြောင်းကြားစာ တင်ပြခြင်းခံရမည်ကို စိုးရိမ်သည့်အခါ၌

တစ်ဖက်လူ(ဂျပန်လူမျိုး) မှ ခွင့်ပြုချက်မရှိဘဲ ကွာရှင်းပြတ်စဲကြောင်းအကြောင်းကြားစာကို မြို့နယ်ရပ်ကွက်ကျေးရွာရုံးသို့ တင်ပြလိုက်မည်ကို စိုးရိမ်ပါက တစ်ဖက်လူ (ဂျပန်လူမျိုး) ၏အမြဲတမ်း နေထိုင်ရာနေရာ သို့မဟုတ် သင်နေထိုင်ရာနေရာရှိ မြို့နယ်ရပ်ကွက်ကျေးရွာရုံးသို့ သွားရောက်၍ ကွာရှင်းပြတ်စဲကြောင်းအကြောင်းကြားစာအားလက်မခံကြောင်းအစီရင်ခံစာကို တင်ပြထားခြင်းဖြင့် ကွာရှင်းပြတ်စဲမှုအထမြောက်ခြင်းကို ကာကွယ်နိုင်ပါသည်။

# ၁-၄ သေစာရင်း

**ဂျပန်နိုင်ငံအတွင်းဆုံးပါးသွားသောအခါမျိုး၌**

- ဆွေမျိုး၊အတူနေထိုင်သူ အစရှိသဖြင့် သေစာရင်းလျှောက်ထားရန် လိုအပ်မည်ဖြစ်သည်။
- ထိုလျှောက်ထားမှုသည် သေဆုံးမှုအကြောင်းကိုသိရှိပြီးရက်မှ၇ရက်အတွင်း လျှောက်ထားရမည်။
- ထိုလျှောက်ထားမှုသည် သေဆုံးသွားသောနေရာရှိမြို့နယ်ရပ်ကွက်ကျေးရွာရုံး (သို့) လျှောက်ထား သူ၏နေရပ်၌ရှိသော မြို့နယ်ရပ်ကွက်ကျေးရွာရုံးသို့ လျှောက်ထားရမည်။

## (၁) သေဆုံးမှုကိုအကြောင်းကြားရာ၌ လိုအပ်သည့်အရာများ

- သေဆုံးမှုစစ်ဆေးချက် (သို့) အလောင်းဆေးစစ်ချက်
- အခြားလိုအပ်မည့်အရာများကို အသိပေးအကြောင်းကြားမည့် မြို့နယ်ရပ်ကွက်ကျေးရွာရုံးသို့ မေးမြန်းစုံစမ်းရန်


## (၂) နေထိုင်ခွင့်ကတ်ပြားပြန်လည်အပ်နှံခြင်း

သေဆုံးသွားသော နိုင်ငံခြားသား၏ နေထိုင်ခွင့်ကတ်ပြားကို အောက်ပါတစ်နည်းနည်းဖြင့် ပြန်လည် အပ်နှံရမည်။

- နီးစပ်သည့် ဒေသဆိုင်ရာလူဝင်မှုကြီးကြပ်ရေးရုံးသို့ ယူဆောင်သွားရန်
- စာတိုက်မှတစ်ဆင့် အောက်ပါလိပ်စာသို့ပေးပို့ရန်

**ပေးပို့ရန်လိပ်စာ** - စာတိုက်သင်္ကေတအမှတ်၁၃၅-၀၀၆၄၊ တိုကျိုမြို့ ကိုတိုရပ်ကွက်၊ အာအိုမိ၂-၇-၁၁
တိုကျိုဆိပ်ကမ်းပူးတွဲအစိုးရအဆောက်အဦ (၉)လွှာ
တိုကျိုလူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ အိုဒိုင်ဘာရုံးခွဲ
Odaiba Branch Office,
the Tokyo Immigration Bureau Tokyo Port Joint Government Building
9F, 2-7-11 Aomi, Koto-ku, Tokyo 135-0064
(စာအိတ်၏မျက်နှာစာတွင် "နေထိုင်ခွင့်ကတ်ပြားအပ်နှံခြင်း(**在留カード返納**)" ဟုရေးသားပါ။)

## ၁-၅ တံဆိပ်တုံးမှတ်ပုံတင်ခြင်း



**တံဆိပ်တုံးမှတ်ပုံတင်ခြင်း ဆိုသည်မှာ**

- မြို့နယ်ရပ်ကွက်ကျေးရွာရုံးသို့ တံဆိပ်တုံးမှတ်ပုံတင်စာရင်းသွင်းခြင်း လုပ်ထုံးလုပ်နည်းကို တံဆိပ်တုံးမှတ်ပုံတင်ခြင်းဟု ခေါ်သည်။

  → အရေးကြီးသောကဏ္ဍများ၌(မရွှေ့ပြောင်းနိုင်သောအရာများရောင်းဝယ်သည့်အခါ)လိုအပ်လာနိုင် သည်။

### (၁) တံဆိပ်တုံးမှတ်ပုံတင်ခြင်းလုပ်ထုံးလုပ်နည်း

**လုပ်ထုံးလုပ်နည်း၌ လိုအပ်သည့်အရာများ**

- တံဆိပ်တုံးမှတ်ပုံတင်ရန်လျှောက်လွှာစာရွက်စာတမ်း
- မှတ်ပုံတင်မည့်တံဆိပ်တုံး
- ကာယကံရှင်အား သက်သေခံနိုင်မည့် စာရွက်စာတမ်း (My Numberကတ်၊ နေထိုင်ခွင့်ကတ်ပြား၊ ယာဉ်မောင်းလိုင်စင် အစရှိသည်တို့အနက်မှ ၁ခု)

* မှတ်ပုံတင်၍ပြီးစီးသွားသောအခါ တံဆိပ်တုံးမှတ်ပုံတင်သက်သေခံကိုထုတ်ပေးမည်ဖြစ်သည်။
* လုပ်ထုံးလုပ်နည်းအသေးစိတ်ကို နေထိုင်ရာမြို့နယ်၌ မေးမြန်းစုံစမ်းပါ။

### (၂) တံဆိပ်တုံးမှတ်ပုံတင်ခြင်းအထောက်အထား


- မှတ်ပုံတင်ထားသော တံဆိပ်တုံး (hanko) ဖြစ်ကြောင်း သက်သေခံနိုင်သည့် အရာ

  → တံဆိပ်တုံးမှတ်ပုံတင်သက်သေခံစသည်ကို မိမိနေထိုင်ရာမြို့နယ်သို့တင်ပြလျှောက်ထားရန်

- မြို့နယ်ရပ်ကွက်ကျေးရွာအလိုက် My Number ကတ်အသုံးပြု၍ Convenient Store ၌ လျှောက် ထားနိုင်သည့်မြို့နယ်များလည်းရှိသည်။




# ၂ My Numberစနစ်



## ၂-၁ My Numberစနစ်ဆိုသည်မှာ

- My Numberသည် အထူးသဖြင့် အောက်ပါအခြေအနေများတွင် လိုအပ်သည်။

(၁) ပင်စင်၊ကလေးသူငယ်ထောက်ပံ့ကြေးရယူမည့်အခါနှင့် ဆေးဝါးကုသမှုခံယူမည့်အခါ
(၂) နိုင်ငံခြားသို့ ငွေပို့ပေးမည့်အခါ သို့မဟုတ် နိုင်ငံခြားမှပေးပို့လာသောငွေကိုလက်ခံမည့်အခါ
(၃) ဘဏ်၌ ဘဏ်အကောင့်ဖွင့်သည့်အခါ

- My Numberအသုံးပြုသည့်အခါ၌

(၁) အဆိုပါနံပါတ်သည် သင့်၏အစစ်အမှန်My Number ဖြစ်မဖြစ်

(၂) သင်၏နိုင်ငံကူးလက်မှတ် စသည့် ဓာတ်ပုံပါဝင်သော သက်သေခံအထောက်အထားမှ ကာယကံရှင်နှင့် အမှန်တကယ်တူညီသောသူဟုတ်မဟုတ် ကြည့်ရှုစစ်ဆေးရမည်။ ထို့အတွက် သင့်၏ My Numberကို အခြားလူက အယောင်ဆောင်၍အသုံးမပြုနိုင်ပါ။

## ၂-၂ My Numberကတ်

My Numberကတ်သည် ဂျပန်၌ အဆင်ပြေစွာနေထိုင်နိုင်ရန်အတွက်လိုအပ်သော IC Chip ပါဝင် သည့် ကတ်ပြား ဖြစ်သည်။

### (၁) ဖော်ပြချက်

မျက်နှာစာဘက် - အမည်၊နေရပ်လိပ်စာ၊မွေးသက္ကရာဇ်၊ကျား/မ၊ဓာတ်ပုံ၊အကျိုးသက်ရောက်မှုကာလ

ကျောဘက် - My Number



မျက်နှာစာဘက်



ကျောဘက်

### (၂) My number cardကို မည်သို့သောအချိန်၌ အသုံးပြုရမည်နည်း

- တရားဝင် ကာယကံရှင်အတည်ပြုစာရွက်စာတမ်းအဖြစ် အသုံးပြုလိုလျှင်
- ဝင်ငွေခွန်ဆောင်ရန်အကြောင်းကြားခြင်းအတွက်Onlineမှ ဆောင်ရွက်လိုလျှင်
- ကလေးသူငယ်ဆိုင်ရာထောက်ပံ့ကြေးနှင့်စောင့်ရှောက်ရေးဂေဟာသို့ပို့ဆောင်ရန်အတွက် လျှောက်လွှာတင်ခြင်းကို Onlineမှဆောင်ရွက်လိုလျှင်
- Convenient Store၌ နေထိုင်မှုမှတ်တမ်းမိတ္တူစသည့် သက်သေခံစာရွက်စာတမ်းများကိုရယူလိုလျှင် (ပိတ်ရက်၌လည်းရယူနိုင်သည်။မြို့နယ်ရပ်ကွက်ကျေးရွာရုံးပေါ်မူတည်၍ မရယူနိုင်ခြင်းများရှိသည်။)
- ကျန်းမာရေးအာမခံလက်မှတ်အဖြစ်အသုံးပြုလိုလျှင်

**အသုံးပြုနိုင်သော ဆေးကုသမှုအဖွဲ့အစည်း၊ ဆေးဆိုင်များကို ဖော်ပြပါ ဝက်ဘ်ဆိုက်တွင် ဖတ်ရှုပါ။**

https://www.mhlw.go.jp/stf/index_16743.html

## (၃) လျှောက်လွှာတင်ရန်နည်းလမ်း

ဂျပန်နိုင်ငံအတွင်း နေရပ်လိပ်စာအတည်တကျဖြစ်ပြီး မြို့နယ်ရပ်ကွက်ကျေးရွာရုံး၌ ရွှေ့ပြောင်းမှု အကြောင်းကြားခြင်းပြုလုပ်သည့်အခါ My Numberကတ် လျှောက်လွှာကို တင်ပြနိုင်သည်။ (တစ်စိတ်တစ်ပိုင်းချန်လှပ်)

ပထမဦးဆုံးလျှောက်လွှာတင်သည့်အခါ၌ အခမဲ့ လျှောက်ထားနိုင်သည်။

ပြောင်းရွှေ့မှုကိုအကြောင်းကြားသည့်အခါ၌ လျှောက်လွှာမတင်နိုင်ခဲ့သောသူသည် နောက်တစ် ရက်၌ ရုံးမှထုတ်ပေးသည့် My Number ကတ်လျှောက်လွှာကို အိမ်သို့ပေးပို့မည်ဖြစ်သောကြောင့် ထိုလျှောက်လွှာကိုအသုံးပြုပြီး အောက်ပါနည်းလမ်းများဖြင့် လျှောက်ထားနိုင်သည်။

**(၁) စမတ်ဖုန်းမှတစ်ဆင့် လျှောက်ထားပြီး**

စမတ်ဖုန်းဖြင့် မျက်နှာပုံရိုက်ယူပြီး ရုံးမှထုတ်ပေးသော လျှောက်လွှာ စာရွက်၏ QR Code မှ ဝဘ်ဆိုက်သို့ ဝင်၍ လျှောက်ထားခြင်း

**(၂) ကွန်ပျူတာမှတစ်ဆင့် လျှောက်ထားခြင်း**

ဒစ်ဂျစ်တယ်ကင်မရာဖြင့် မျက်နှာပုံရိုက်ယူပြီး လျှောက်လွှာတင်ရန် ဝဘ်ဆိုက်သို့ ဝင်၍ လျှောက် ထားခြင်း

**(၃) စာတိုက်မှတစ်ဆင့် လျှောက်ထားခြင်း**

ရုံးမှထုတ်ပေးသောလျှောက်လွှာ၌ဓာတ်ပုံကပ်၍လိုအပ်သည့်အချက်အလက်များကို ဖြည့်စွက်ကာ စာအိတ်ဖြင့် စာတိုက်ပုံးသို့ထည့်၍ ပေးပို့ခြင်း

**(၄) အထောက်အထားပြသုံးဓာတ်ပုံကို ရိုက်ကူးသည့်စက်ဖြင့် လျှောက်လွှာတင်ခြင်း** (ကွန်ပျူတာစနစ် ပါသော အမျိုးအစားသာ)

စက်၏ ဖန်သားပြင်“Screen” မှ လုပ်ငန်းစဉ်များကို ပြုလုပ်ကာ ပိုက်ဆံထည့်ပြီး လျှောက်လွှာ၏ QR Codeကို Barcode Reader၌ ရှာဖွေကာ လိုအပ်သောအချက်အလက်များ ရေးဖြည့်၍ ဓာတ်ပုံ ရိုက်ကူးပေးပို့ခြင်း

**(၅) မိမိနေထိုင်ရာရှိမြို့နယ်ရုံးသို့ပေးပို့လျှောက်ထားခြင်း(ခြွင်းချက်)**

ရုံးမှထုတ်ပေးသည့် လျှောက်လွှာစာရွက်၌ လိုအပ်သည့်အချက်များကို ဖြည့်စွက်၍ မြို့နယ်ရပ်ကွက်ကျေးရွာရုံး သို့လျှောက်ထားခြင်း

* မြို့နယ်ရပ်ကွက်ကျေးရွာရုံး၏ ကောင်တာတွင် ထုတ်ပေးရန်အတွက် လိုအပ်သော ကာယကံရှင်ဖြစ်ကြောင်း အတည်ပြုစစ်ဆေးမှု ခံယူပြီး နောက်လျှောက်ထားပါက My Number ကတ် ကို စာတိုက်မှတစ်ဆင့် လက်ခံရယူနိုင်သည်။

**အသေးစိတ်ကို အောက်ပါ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုပါ။**

https://www.kojinbango-card.go.jp/en-kofushinse/

## (၄) လက်ခံရယူရန်နည်းလမ်း

လျှောက်ထားပြီး ၁လခန့်အကြာတွင် မြို့နယ်ရပ်ကွက်ကျေးရွာရုံးမှ ပို့စကတ် ရောက်ရှိမည်။ထို ပို့စကတ်နှင့်အတူ လိုအပ်သည့်စာရွက်စာတမ်းများကိုယူဆောင်၍ My Numberကတ်ကိုသွားရောက် ထုတ်ယူရမည်။

**အသေးစိတ်ကို အောက်ပါ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုပါ။**

https://www.kojinbango-card.go.jp/en-uketori/

## ၂-၃ My Number ကတ်အသုံးပြုရာ၌ သတိပြုရန်အချက်များ

- အမည်၊ နေရပ်လိပ်စာစသည်တို့၌ အပြောင်းအလဲရှိပါက နေထိုင်ရာမြို့နယ်သို့ အကြောင်းကြား ရမည်။
- My Numberကတ်၏ သက်တမ်းကုန်ဆုံးချိန်မှာ နေထိုင်ခွင့်ကတ်ပြား၏ နေထိုင်ခွင့်ကာလ ကုန်ဆုံးရက်စွဲနှင့် တူညီ သည်။
- နေထိုင်ခွင့်ကာလသက်တမ်းတိုးပြီးနောက် My Number ကတ်၏ သက်တမ်း မကုန်မီ ကာလ အတွင်း မိမိနေထိုင်ရာရှိမြို့နယ်ရပ်ကွက်ကျေးရွာရုံးတွင် My Number ကတ်ကို သက်တမ်း တိုးမြှင့်ရန်။

* နေထိုင်ခွင့်ကာလကို သက်တမ်းတိုးပြီးသော်လည်း My Number ကတ်၏ သက်တမ်းကုန်ဆုံး ချိန်မှာ အလိုအလျောက် မပြောင်းလဲပါ။

* နေထိုင်ခွင့်လျှောက်ထားသည့်အခါတွင် ပေါ်ပေါက်လာနိုင်သည့် အထူးကာလအတွက် သတိပြုရန် လိုအပ်ပါသည်။

My Number ကတ်၏ သက်တမ်းမကုန်မီကာလမတိုင်မီတွင် နေထိုင်ခွင့်ကာလ တိုးမြှင့်ခွင့်မကျလာနိုင်ကြောင်း ကြိုတင်မျှော်မှန်းရပါက 2လကြာ (အထူးကာလ) My Number ကတ်၏ သက်တမ်းကာလကို တိုးမြှင့်ရန်လိုအပ်ပါသည်။

နေထိုင်ခွင့်ကတ်ပြားရရှိပြီးနောက် နောက်တစ်ကြိမ် My Number ကတ်၏ သက်တမ်းကာလကို နေထိုင်ခွင့်ကာလကုန်ဆုံးရက်စွဲအသစ်အထိ တိုးမြှင့်ရန်လိုအပ်ပါသည်။

**အသေးစိတ်ကို အောက်ပါ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုပါ။**

https://www.soumu.go.jp/main_sosiki/jichi_gyousei/c-gyousei/zairyu/english/basic_resident_registration_card.html

## ၂-၄ တခြား

တခြား အကြောင်းအရာများကို အောက်ပါအင်တာနက်စာမျက်နှာတွင် ဖတ်ရှုပါ။

**My Number စနစ်**

https://www.digital.go.jp/policies/mynumber/

**My Number card**

https://www.kojinbango-card.go.jp/en/

ဖုန်းဖြင့်ဆက်သွယ်မေးမြန်းမှုများလည်း ပြုလုပ်နိုင်သည်။

**Call Centre**

(တနင်္လာမှသောကြာ 9:30-20:00 စနေ၊တနင်္ဂနွေ၊အစိုးရရုံးပိတ်ရက်9:30-17:30)

◎ **ဂျပန်ဘာသာ**

**ဖုန်းနံပါတ် ၀၁၂၀-၉၅-၀၁၇၈**

◎ **အင်္ဂလိပ်ဘာသာ၊ တရုတ်ဘာသာ၊ ကိုရီးယားဘာသာ၊ စပိန်ဘာသာ၊ ပေါ်တူဂီဘာသာ**

**ဖုန်းနံပါတ် ၀၁၂၀-၀၁၇၈-၂၇**

အခန်း ၃

# လုပ်ငန်းခွင်ဝင်ခြင်းနှင့်အလုပ်လုပ်ခြင်း



## ၁ အလုပ်စတင်မလုပ်မီ သိရှိထားသင့်သော အခြေခံ ဗဟုသုတများ

### ၁-၁ နေထိုင်ခွင့်အဆင့်

နိုင်ငံခြားသားများသည် ခွင့်ပြုချက်ရရှိထားသော နေထိုင်ခွင့်အဆင့်အတိုင်းအတာအတွင်း ဂျပန်နိုင်ငံ ၌ အလုပ်လုပ်ကိုင်ခွင့်ရှိသည်။

အလုပ်တစ်ခုကို လုပ်ကိုင်ခွင့်ရှိမရှိ အဓိကထားလေ့လာကြည့်ပါက နေထိုင်ခွင့်အမျိုးအစား၃မျိုး ခွဲခြားနိုင်သည်။

#### နေထိုင်ခွင့်အဆင့်အရသတ်မှတ်ထားသောအတိုင်းအတာအတွင်းလုပ်ကိုင်နိုင်သောနေထိုင်ခွင့်အဆင့်

သံတမန်ရေးရာ၊ အစိုးရဆိုင်ရာ၊ တက္ကသိုလ်ဆရာဆရာမများဆိုင်ရာ၊ အနုပညာ၊ ဘာသာရေး၊ သတင်းမီဒီယာ၊ အဆင့်မြင့်လုပ်ငန်းကျွမ်းကျင်၊ စီးပွားရေးနှင့်စီမံခန့်ခွဲမှု၊ ဥပဒေနှင့်စာရင်းအင်း၊ ဆေး ဘက်ဆိုင်ရာ၊ သုတေသန၊ သင်ကြားရေး၊ သိပ္ပံဝိဇ္ဇာပညာရပ်နှင့် အပြည်ပြည်ဆိုင်ရာကဏ္ဍ၊ လုပ်ငန်း ကုမ္ပဏီအတွင်းရာထူးပြောင်းရွှေ့ခြင်းခံရမှု၊ ပြုစုစောင့်ရှောက်မှု၊ ဖျော်ဖြေရေးဆိုင်ရာ၊ သတ်မှတ် ကျွမ်းကျင်ဆိုင်ရာ၊ အထူးသတ်မှတ်ကျွမ်းကျင်ဆိုင်ရာ၊ နည်းပညာအလုပ်သင်၊ အထူးလုပ်ရှားဆောင် ရွက်မှု (Working Holidays၊ Economic Partnership agreement(EPA) အပေါ်အခြေခံသည့် နိုင်ငံခြားသား သူနာပြု၊ သူနာပြုအကူ စသည်)

#### မူအရ အလုပ်လုပ်ကိုင်ခွင့်မရှိသောသူများ

ယဉ်ကျေးမှုဆိုင်ရာလှုပ်ရှားမှု၊ ကာလတိုနေထိုင်မှု၊ ပညာတော်သင်၊ မွမ်းမံသင်တန်း(ထရိန်နင်)၊ မိသားစုလိုက်နေထိုင်မှု

#### အလုပ်လုပ်ကိုင်ခွင့်၌ကန့်သတ်ချက်မရှိသောနေထိုင်ခွင့်အဆင့်

ရာသက်ပန်နေထိုင်သူ၊ဂျပန်လူမျိုး၏ အိမ်ထောင်ဖက်၊ရာသက်ပန်နေထိုင်သူ၏ အိမ်ထောင်ဖက်စသဖြင့်၊အမြဲတမ်းနေထိုင်သူ

## ၁-၂ အလုပ်ရှာနည်း

### (1) Hello Work

Hello Work (အများပြည်သူအလုပ်အကိုင်တည်မြဲရေးဌာန)တွင် အခမဲ့ အလုပ်အကိုင်မိတ်ဆက်ပေးခြင်းကို လက်ခံရယူနိုင်ပါသည်။ Hello work နှင့်ပတ်သက်၍ အသေးစိတ်ကိုစာမျက်နှာ၃၂တွင် ကိုးကားပါ။

### (၂) အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီကိုအသုံးပြုသည့်အခါ

အခကြေးပေးရသည့် အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီကိုအသုံးပြုသည့်အခါ အလုပ်အကိုင်ရှာဖွေရသည့် အခက်အခဲကိုရှောင်ရှားနိုင်ရန်အတွက် သင့်လျော်သောအေဂျင်စီကိုရွေးချယ်ကြပါစို့။

**အလုပ်အကိုင် မိတ်ဆက်ပေးရလို့ ပိုက်ဆံတောင်းခံနေရပါသလား?**

အလုပ်မိတ်ဆက်ပေးခံရဖို့အတွက်နှင့် အလုပ်လုပ်ဖို့အတွက်ကိုပိုက်ဆံပေးစရာမလိုပါ။

ပေးလိုက်ရသည့်အချိန်မျိုးတွင် သက်သေအထောက်အထားကိုသိမ်းထားကြပါစို့။

**ခွင့်ပြုချက်ရထားလားဆိုတာကိုအတည်ပြုပေးနိုင်တဲ့ အေဂျင်စီဖြစ်ပါသလား?**

အလုပ်မိတ်ဆက်(အလုပ်အကိုင်မိတ်ဆက်)ပေးဖို့အတွက်ဆိုရင် ခွင့်ပြုချက်လိုအပ်ပါသည်။ ခွင့်ပြုမိန့်နံပါတ်ကို အတည်ပြု၍ မှတ်သားထားကြပါစို့။

**လုပ်ရမည့်အကြောင်းအရာကိုသေချာပြောပြပါသလား?**

အလုပ်အကြောင်းအရာနှင့် လစာ၊ လုပ်ရမည့်နေရာစသည့် အလုပ်ခေါ်သည့်အကြောင်းအရာများကိုစာရွက်စာတမ်းများတွင် ဖော်ပြထားသည့်အတွက် သေချာပေါက် သိမ်းထားကြပါစို့။

ခွင့်ပြုမိန့်၊ အသိပေးစာများနှင့် ပတ်သက်၍ “လူ့အရင်းအမြစ်ဝန်ဆောင်မှုအထွေထွေစာမျက်နှာ”တွင်အတည်ပြု စစ်ဆေးနိုင်ပါသည်။”

https://jinzai.hellowork.mhlw.go.jp/JinzaiWeb/GICB101010.do?action=initDisp&screenId=GICB101010

## ၁-၃ လုပ်ကိုင်မှုပုံစံ

### (၁) အငှားစေလွှတ်အလုပ်သမား(အငှားစေလွှတ်ဝန်ထမ်း)

- “အငှားစေလွှတ်”ဆိုသည်မှာ အောက်ပါပုံစံဖြင့် အလုပ်လုပ်ကိုင်ခြင်းကို ဆိုလိုသည်။

(၁) အလုပ်သမားသည် အငှားစေလွှတ်ကုမ္ပဏီ(အငှားစေလွှတ်နေရာ)နှင့် အလုပ်သမားစာချုပ် ကို ချုပ်ဆိုရမည်။ အငှားကုမ္ပဏီသည်အလုပ်ရှင်ဖြစ်ပြီး အခကြေးငွေပေးချေမည် ဖြစ်သည်။

(၂) အလုပ်သမားသည် အငှားကုမ္ပဏီနှင့်အငှားဝန်ထမ်းစာချုပ်ချုပ်ဆိုထားသည့် ကုမ္ပဏီ(စေလွှတ် ခံရသော ကုမ္ပဏီ) သို့ အငှားစေလွှတ်ခြင်းခံရမည်ဖြစ်သည်။

(၃) အလုပ်သမားသည် စေလွှတ်ခံရသောကုမ္ပဏီမှ ညွှန်ကြားချက်အတိုင်း အလုပ်လုပ်ကိုင်ရမည်။

- အလုပ်သမားစေလွှတ်ခြင်းဥပဒေ၌ အငှားအလုပ်သမားများကို အကာအကွယ်ပေးရန် စေလွှတ် သောကုမ္ပဏီနှင့် စေလွှတ်ခံရသောကုမ္ပဏီတို့အတွက် လိုက်နာရန် စည်းကမ်းများကို ချမှတ် ထားသည်။
- အငှားစေလွှတ်အလုပ်သမားအနေဖြင့် အလုပ်လုပ်ကိုင်နေစဉ်အတွင်း ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက စေလွှတ်သောကုမ္ပဏီနှင့် စေလွှတ်ခံရသောကုမ္ပဏီတွင် လက်ခံဆွေးနွေး ပေးသောတာဝန်ခံအသီးသီးရှိသည်ဖြစ်ရာ ၎င်းတို့ထံ၌ တင်ပြဆွေးနွေးနိုင်သည်။
- အငှားစေလွှတ်အလုပ်သမားအဖြစ်လုပ်ကိုင်ရာတွင် အလုပ်သမားစည်းမျဉ်း၊ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာသန့်ရှင်းရေးဆိုင်ရာ ကိစ္စရပ်များအားလုံးကိုလည်း စေလွှတ်သော ကုမ္ပဏီနှင့် စေလွှတ်ခြင်းခံရသောကုမ္ပဏီတို့အကြား တာဝန်ခွဲဝေထားသည်။

## (၂) စာချုပ်ဝန်ထမ်း (အလုပ်လုပ်ကိုင်ရန် အချိန်ကာလတစ်ခုအားဖြင့် စာချုပ်ချုပ်ဆို၍ အလုပ်လုပ်ကိုင်သော ဝန်ထမ်း)

- စာချုပ်ဝန်ထမ်းဆိုသည်မှာ စီးပွားရေးလုပ်ငန်းရှင်နှင့် သက်တမ်းသတ်မှတ်ချက်ရှိသည့် အလုပ်သမားစာချုပ်ကို ချုပ်ဆိုထားသည့် အလုပ်သမားကို ဆိုလိုခြင်းဖြစ်ပါသည်။
- စာချုပ်သက်တမ်းကြိုတင်သတ်မှတ်ထားသည့် အလုပ်စာချုပ်ကို ချုပ်ဆိုပြီးသည့်နောက်ပိုင်း စာချုပ်သက်တမ်း ကုန်ဆုံးသည်နှင့် ၎င်းစာချုပ်သည်လည်း အလိုအလျောက်ပျက်ပြယ်မည်ဖြစ် သည်။ သို့သော်လည်း အလုပ်သမားနှင့် ကုမ္ပဏီတို့အကြားရှိ အပြန်အလှန်သဘောတူညီချက် စာချုပ်ကို ပြင်ဆင်ချုပ်ဆို (အသစ်ပြန်လည်ပြုလုပ်) က စာချုပ်သက်တမ်းကို တိုးမြှင့်နိုင် သည်။
- တစ်ကြိမ်ချုပ်ဆိုသောစာချုပ်သက်တမ်း၏အကြာမြင့်ဆုံးကာလမှာ၃နှစ်ဖြစ်သည်။ (အချို့သောအခြေအနေမှလွဲ၍)

## (၃) Part Timer အချိန်ပိုင်းအလုပ်သမား

- Part Timer အချိန်ပိုင်းအလုပ်သမားဆိုသည်မှာ တူညီသည့် စီးပွားရေးလုပ်ငန်းရှင်မှ ခန့်အပ်ခြင်း ခံထားရသည့် ပုံမှန်အချိန်ပြည့်ဝန်ထမ်းနှင့် နှိုင်းယှဉ်ပါက တစ်ပတ်တာအတွင်း သတ်မှတ်အလုပ်ချိန် (*) က ပို၍ တိုတောင်းသော အလုပ်သမားကိုဆိုလိုသည်။

  ဥပမာ["Part-timer" အချိန်ပိုင်းအလုပ်သမား]["Arbeit" အချိန်ပိုင်းအလုပ်သမား] [စာချုပ်ဝန်ထမ်း][ယာယီဝန်ထမ်း][အစမ်းခန့်ဝန်ထမ်း]အစရှိသဖြင့် ခေါ်ဝေါ် ပုံကွာခြားသော်လည်း အထက်၌ဖော်ပြခဲ့သည့် သတ်မှတ်ချက်ကို ပြည့်မီသူသည် Part Timer အချိန်ပိုင်းအလုပ်သမား ဖြစ်သည်။

* တစ်ပတ်တာ၏ လုပ်ငန်းခွင်သတ်မှတ်အလုပ်ချိန်ဆိုသည်မှာ အလုပ်ခွင်၏ စည်းကမ်းများအရ သတ်မှတ်ထားသော အလုပ်တက်ချိန်မှအလုပ်ဆင်းချိန်အတွင်း နားနေချိန်ကိုဖယ်ထုတ်ထား သည့် အလုပ်လုပ်ချိန်ကိုဆိုလိုသည်။

- Part Time အလုပ်အမျိုးအစားတစ်ခုချင်းစီ၌လည်း အလုပ်သမားဥပဒေများကျင့်သုံးလျက်ရှိ သည်။ ထို့အတွက် လိုအပ်ချက်များပြည့်မီပါက

  (၁) နှစ်အလိုက်လစာခံစားခွင့်ပိတ်ရက် ရယူနိုင်မည်

  (၂) အလုပ်အာမခံနှင့် ကျန်းမာရေးအာမခံ၊ဝန်ထမ်းပင်စင်အာမခံတို့ကို လျှောက်ထားနိုင်သည်။
- ကုမ္ပဏီမှ အလုပ်သမားခန့်အပ်သည့်အခါ လိုက်နာရမည့်စည်းကမ်းများမှာအောက်ပါအတိုင်းဖြစ် သည်။

  (၁) အလုပ်လုပ်ခြင်းဆိုင်ရာသတ်မှတ်ချက်များကိုဖော်ပြရန်

(၂) မူအရ အဓိကအရေးပါသော သတ်မှတ်ချက်ဖြချက်နှင့်ပတ်သက်၍ စာရွက်စာတမ်းများကို ပေးပို့ရန် (၁-၃ (၂) ကို ကိုးကားရန်)

အထက်၌ ဖော်ပြခဲ့သည့် အကြောင်းအရာများအပြင် Part Timeအလုပ်သမား သို့မဟုတ် စာချုပ်ဝန်ထမ်း (အလုပ်လုပ်ကိုင်ရန် အချိန်ကာလတစ်ခုအားဖြင့် စာချုပ်ချုပ်ဆို၍ အလုပ်လုပ်ကိုင် သောဝန်ထမ်း)များသည် [လစာတိုးခြင်းရှိမရှိ] [ဆုကြေးငွေbonusရှိမရှိ] [ပင်စင်ခံစားခွင့်ရှိမရှိ] [အလုပ်အကိုင်စီမံခန့်ခွဲမှုအဆင့်မြှင့်ခြင်းဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍ ဆွေးနွေးတိုင်ပင် ရန်နေရာ] အစရှိသည်တို့ကို ယေဘုယျစည်းမျဉ်းအနေဖြင့်စာရွက်စာတမ်းပေးပို့မှုတွင် အသေးစိတ် ဖော်ပြထားရမည်။

**အသေးစိတ်ကိုစီရင်စုအလုပ်သမားရုံးအလုပ်ခန့်မှုပတ်ဝန်းကျင်၊ မျှတရေးအပိုင်း (အခန်း) သို့ ဆက်သွယ်မေးမြန်းပါ။**

https://www.mhlw.go.jp/content/000177581.pdf

## (၄) အလုပ်အပ်နှံစာချုပ်(အလုပ်စာချုပ်)ချုပ်ဆို၍ အလုပ်လုပ်ကိုင်သူများ

**မူအရ**

- “အလုပ်အပ်နှံစာချုပ်”နှင့် “အလုပ်စာချုပ်” ဟူသည့် အမည်အောက်၌ အလုပ်လုပ်ကိုင်သည့်အခါ အလုပ်အပ်နှံသူထံမှ အပ်နှံခံရသောအလုပ်ပြီးမြောက်မှုပေါ်မူတည်၍ အလုပ်ဝန်ဆောင်ခရရှိမည် ဖြစ်သောကြောင့် အလုပ်အပ်နှံသူ၏ ညွှန်ကြားချက်အမိန့်များကို လက်ခံရန်မလိုသော စီပွားရေး လုပ်ငန်းရှင် အဖြစ် သတ်မှတ်ခံရမည်ဖြစ်ပြီး အလုပ်သမားအနေဖြင့် ကာကွယ်မှုမရရှိနိုင်ပါ။

**ခြွင်းချက်**

- သို့သော်လည်း “အလုပ်အပ်နှံစာချုပ်”နှင့် “အလုပ်စာချုပ်” ဟူသည့် အမည်အောက်၌ စာချုပ် ချုပ်ဆိုသော်လည်း လက်တွေ့တွင် အလုပ်လက်ခံသည့်ဘက်မှ အလုပ်အပ်နှံသူထံမှ ညွှန်ကြားချက် များကို လက်ခံသည့် အလုပ်သမား အဖြစ် သတ်မှတ်နိုင်ပါက အလုပ်သမားအနေဖြင့် အကာအကွယ် ရနိုင်သည်။
- အလုပ်သမားအနေဖြင့် သတ်မှတ်နိုင်ခြင်းရှိမရှိ ဝေခွဲမရသောအခြေအနေ၌ အလုပ်သမားစံနှုန်း ကြီးကြပ်ရေးဌာနနှင့် ဆွေးနွေးနိုင်သည်။

# ၁-၄ အလုပ်သမားစာချုပ်

## (၁) အလုပ်သမားဟု သတ်မှတ်ခေါ်ဆိုနိုင်သည့် အတိုင်းအတာ

- “အလုပ်သမား”ဆိုသည်မှာ အလုပ်ရှင်၏ ညွှန်ကြားချက်အမိန့်အောက်၌ အလုပ်လုပ်ကိုင်၍ ထို့အတွက် အလုပ်ဝန်ဆောင်ခအဖြစ် လုပ်အားခရရှိသူကိုဆိုလိုပြီး အလုပ်သမားအခြေခံဥပဒေများမှ တစ်စိတ်တစ်ပိုင်းသော အလုပ်သမားဥပဒေ၏ ကာကွယ်မှုကို ရရှိနိုင်သည်။
- “အလုပ်သမား”ဟု သတ်မှတ်နိုင်ခြင်း ရှိမရှိသည် အလုပ်အမျိုးအစားနှင့် သက်ဆိုင်ခြင်းမရှိပါ။ ပုံမှန်အချိန်ပြည့်ဝန်ထမ်းများသာမက စေလွှတ်ဝန်ထမ်း၊ စာချုပ်ဝန်ထမ်း၊ “Part-timer”အချိန်ပိုင်း အလုပ်သမား၊ “Arbeit”အချိန်ပိုင်း အလုပ်သမားများသည်လည်း ယေဘုယျအားဖြင့် “အလုပ်သမား” ပင်ဖြစ်သည်။

## (၂) အလုပ်လုပ်ခြင်းဆိုင်ရာ သတ်မှတ်ချက်များကိုဖော်ပြခြင်း

- အလုပ်သမားများဘက်မှ လုပ်အားခနှင့်အလုပ်ချိန်စသည့် အလုပ်လုပ်ခြင်းဆိုင်ရာ သတ်မှတ်ချက် များကို ကောင်းစွာနားလည်ထားခြင်းမရှိဘဲ အလုပ်စတင်လုပ်ကိုင်၍ နောက်ပိုင်း၌ ကုမ္ပဏီနှင့် ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာခြင်းမရှိစေရန်အတွက် ဂျပန်နိုင်ငံအလုပ်သမား အခြေခံ ဥပဒေ (အလုပ်လုပ်ကိုင်ခြင်းနှင့်ပတ်သက်သည့်ဥပဒေများ အနက်မှတစ်ခု) အရ အလုပ်သမား စာချုပ်ချုပ်ဆိုသည့်အခါ ကုမ္ပဏီဘက်မှ အလုပ်သမားများကို အလုပ်လုပ်ခြင်းဆိုင်ရာ သတ်မှတ် ချက်များနှင့်ပတ်သက်၍ အသေအချာ အတိအလင်း ချပြခြင်းကို တာဝန်တစ်ရပ် အနေဖြင့် လုပ်ဆောင်လျက်ရှိသည်။
- အထူးသဖြင့် အောက်တွင်ဖော်ပြမည့်အရေးပါသောအကြောင်းအရာများနှင့်ပတ်သက်၍ မူအရ ကုမ္ပဏီဘက်မှ အလုပ်သမားများကို စာရွက်စာတမ်းများပေးပို့ခြင်းဖြင့် အလုပ်လုပ်ခြင်းဆိုင်ရာ သတ်မှတ်ချက်များကို အတိအလင်း ချပြပေးရန် သတ်မှတ်ထားသည်။ (ခြွင်းချက်အနေဖြင့် ကာယကံရှင်အလုပ်သမား၏ဆန္ဒအရ ဖက်စ် နှင့် မေးလ် စသည်တို့ဖြင့် (စာရွက်စာတမ်းအဖြစ် ပြသနိုင်သောအရာများသာ) ပေးပို့၍ ဖော်ပြခြင်းလည်း ပြုလုပ်နိုင်သည်။)

(၁) စာချုပ်၏ စတင်ချိန်နှင့် ပြီးဆုံးချိန် (စာချုပ်သက်တမ်းနှင့် ပတ်သက်သည့် အကြောင်းအရာ)

* အလုပ်စာချုပ်ချုပ်သည့်အခါစာချုပ်သက်တမ်း သတ်မှတ်ထားသည့်အခြေအနေနှင့်သတ်မှတ် မထားသည့်အခြေအနေဟူ၍ ရှိသည်။ ပုံမှန်အချိန်ပြည့်ဝန်ထမ်း၊ စာချုပ်ဝန်ထမ်း၊ “Part-timer” အချိန်ပိုင်းအလုပ်သမား၊ “Arbeit”အချိန်ပိုင်းအလုပ်သမားစသည့် အလုပ်အကိုင်ပုံစံ အခေါ် အဝေါ်တစ်ခုတည်းနှင့် စာချုပ်သက်တမ်းကာလသတ်မှတ်ချက်ရှိမရှိကိုမသိရှိနိုင်ပါ။ အလုပ်အကိုင်ပုံစံ အခေါ်အဝေါ်မဟုတ်ပဲ စာချုပ်သက်တမ်းကိုယ်တိုင်နှင့်ပတ်သက်၍စေ့စပ်သေချာစွာ သိရှိနားလည်ထားရမည်။

(၂) ကာလသတ်မှတ်ချက်ရှိသည့် စာချုပ်ချုပ်ဆိုသည့်အခါ စာချုပ်သက်တမ်းတိုးခြင်းနှင့် ပတ်သက် သည့် သတ်မှတ်ချက်များ (သက်တမ်းတိုးချုပ်ဆိုနိုင်ခြင်းရှိမရှိ၊ သက်တမ်းတိုးချုပ်ဆိုသည့်အခါ၌ စာချုပ်အကြောင်းအရာများကို မည်သို့မည်ပုံဆုံးဖြတ်မည် စသည်ဖြင့်)

(၃) မည့်သည့်နေရာ၌မည်သည့်အလုပ်မျိုးကိုလုပ်ကိုင်ရမည်ဆိုသည့်အချက် (အလုပ်လုပ်ကိုင်ရမည့် နေရာ၊ အလုပ်အကြောင်းအရာ)

(၄) အလုပ်ချိန်၊နားရက်နှင့်ပတ်သက်သည့် သတ်မှတ်ချက်များ (အလုပ်စတင်ချိန်နှင့် အလုပ်ဆင်းချိန်၊ အချိန်ပိုရှိမရှိ၊နားနေချိန်၊နားရက်၊အလုပ်နားခြင်း၊အလှည့်ကျအဆိုင်းစနစ်နှင့်လုပ်ရသောအလုပ်၌အလှည့်ကျ)

(၅) လုပ်အားခမှာ မည်မျှဖြစ်သည်၊ မည်သည့်အချိန်၌ မည်သို့ရမည်ဆိုသည့်အချက် (လုပ်အားခ သတ်မှတ်ချက်၊ လုပ်အားခတွက်ချက်ပုံ၊ လုပ်အားခပေးပုံ၊ တွက်ချက်ချိန်နှင့် လုပ်အားခပေးချိန်)

(၆) အလုပ်စာချုပ်ပြီးဆုံးခြင်းနှင့်ပတ်သက်သည့်သတ်မှတ်ချက်များ (အလုပ်မှထုတ်ပယ်ခြင်း အပါ အဝင်)

- အထက်၌ဖော်ပြခဲ့သောအကြောင်းအရာများအပြင် အခြားသောအလုပ်စာချုပ်ပါအကြောင်းအရာ များနှင့်ပတ်သက်၍လည်း အလုပ်စာချုပ်စည်းကမ်းအရ အလုပ်ရှင်နှင့်အလုပ်သမားသည် တတ်နိုင် သရွေ့ စာချုပ်စာတမ်းကို အတည်ပြုရန် လိုအပ်ကြောင်း စည်းကမ်းချမှတ်ထားသည်။

One Point:

## အလုပ်သမားစာချုပ်၏ တားမြစ်ချက်များ

အလုပ်သမားအခြေခံဥပဒေ၌ အလုပ်ရှင်က အလုပ်စာချုပ်တွင်ထည့်သွင်းမဖော်ပြနိုင်သည့် အချက် များကို ချမှတ်ထားသည်။

(၁) အလုပ်သမားကအလုပ်စာချုပ်ဖောက်ဖျက်သည့်အခါ၌ စာချုပ်ဖောက်ဖျက်ခြင်းအတွက် လျော်ကြေးငွေပေးဆောင်စေခြင်းနှင့်နစ်နာကြေးငွေပမာဏကို ကြိုတင်သတ်မှတ်ထားခြင်း

ထိုအချက်မှာ စာချုပ်ဖောက်ဖျက်ကြေး သတ်မှတ်ခြင်း၊ ကြိုတင်ကာ ထိခိုက်နစ်နာကြေးငွေ ပမာဏနှင့် ပတ်သက်၍ သတ်မှတ်ခြင်းမှ ကာကွယ်ထားခြင်းဖြစ်သည်။

ထို့အတွက် ထိခိုက်နစ်နာကြေးငွေပမာဏကို ကတိကဝတ်မပြုသော်လည်း အလုပ်သမား၏ တမင်ရည်ရွယ်မှု (သို့) မတော်တဆမှုကြောင့် ပေါ်ပေါက်လာသည့် ပျက်စီးမှုနှင့် ပတ်သက်၍ ကုမ္ပဏီမှ လျော်ကြေးတောင်းဆိုမှုကို တားမြစ်ပိတ်ပင်ထားခြင်းမရှိပါ။

(၂) အလုပ်လုပ်ကိုင်သည့် အလုပ်လုပ်ခြင်းဆိုင်ရာ သတ်မှတ်ချက်အနေဖြင့် အလုပ်သမားကို ကြိုတင်၍ ငွေချေးကာ လစဉ် လစာမှ တစ်ဖတ်သတ်ထုတ်ယူသည့် ပုံစံဖြင့် ငွေပြန်ဆပ်စေခြင်း

(၃) အလုပ်သမားကိုအတင်းအကျပ်ကုမ္ပဏီသို့ရန်ပုံငွေထည့်ရန်စေခိုင်းခြင်း

မည့်သည့်အကြောင်းအရင်းဖြင့်ရန်ပုံငွေထည့်ရသည်ဖြစ်စေ၊ ဝန်ထမ်းများစု၍ ခရီးထွက်ခြင်း (ကုမ္ပဏီအပျော်ခရီး) အစရှိသဖြင့် အလုပ်သမားများ၏ သက်သာချောင်ချိရေးအတွက်ပင် ဖြစ်စေ ကာမူ အတင်းအကျပ်ရန်ပုံငွေထည့်ရန်စေခိုင်းခြင်းကို တားမြစ်ထားသည်။ သို့သော် အလုပ်သမား စာချုပ်နှင့်မသက်ဆိုင်ဘဲ အလုပ်သမား၏ဆန္ဒဖြင့် စုငွေစီမံခန့်ခွဲခြင်းကို ကုမ္ပဏီထံယုံကြည် အပ်နှံခြင်းနှင့် ပတ်သက်၍ အချို့သောအခြေအနေများ၌ အသိအမှတ်ပြုခြင်းခံရမည်ဖြစ်သည်။

One Point:

## အလုပ်လုပ်ခြင်းဆိုင်ရာသတ်မှတ်ချက်သည် စာချုပ်ချုပ်ဆိုသည့်အချိန်၌ ဖော်ပြထား သည့် ကတိကဝတ်နှင့် ကွဲလွဲနေပါက

- လက်တွေ့အလုပ်ဆင်းသည့်အခါ အလုပ်လုပ်ခြင်းဆိုင်ရာသတ်မှတ်ချက်သည် စာချုပ် ချုပ်ဆို စဉ်က ကတိကဝတ်ပြုထားသည်နှင့် ဆန့်ကျင်နေကြောင်း သတိပြုမိပါက အလုပ်သမားသည် ထိုကိစ္စကို အကြောင်းပြု၍ အလုပ်စာချုပ်ကို ချက်ချင်းဖျက်သိမ်းနိုင်သည်။
- အလုပ်လုပ်ခြင်းဆိုင်ရာသတ်မှတ်ချက်များသည် အလုပ်သမားနှင့်စီမံခန့်ခွဲမှုဖြင့် ချုပ်ဆိုထား သည့် အလုပ်စာချုပ်နှင့် ကုမ္ပဏီ၏အလုပ်ခွင်စည်းကမ်းအစရှိသည်အရ သတ်မှတ်ထားပြီး ထို အနိမ့်ဆုံး သတ်မှတ်ချက်ကို အလုပ်သမားဥပဒေအရ ချမှတ်ထားသည်။ (အလုပ်သမားဥပဒေ ၏စံနှုန်းများနှင့်မကိုက်ညီသည့် အလုပ်လုပ်ခြင်းဆိုင်ရာ သတ်မှတ်ချက်သည် တရားဝင်မည် မဟုတ်။ တရားမဝင်သည့်အပိုင်းသည် အလုပ်သမားအခြေခံ ဥပဒေအရ သတ်မှတ်ထား သည့် စံနှုန်းများပေါ်မူတည်မည်ဖြစ်သည်။)
- လက်တွေ့၌အလုပ်စဝင်ပြီးနောက် ကုမ္ပဏီဘက်မှတစ်ဖတ်သတ် အလုပ်သမား၏ စိတ်ဆန္ဒမပါ ဘဲ အလုပ်သမားအတွက် အကျိုးအမြတ်မရှိသော အလုပ်လုပ်ခြင်းဆိုင်ရာသတ်မှတ်ချက်သို့ ပြောင်းလဲခြင်းမှာ မူအရ ပြောင်းလဲခွင့်မရှိ။

# ၁-၅ လုပ်အားခ

## (၁) အနိမ့်ဆုံးလုပ်အားခဆိုသည်မှာ

အနိမ့်ဆုံးလုပ်အားခဥပဒေအရသတ်မှတ်ထားသည့် ကုမ္ပဏီမှ အလုပ်သမားကို မဖြစ်မနေ ပေးချေ ရမည့်လုပ်အားခ၏ အနိမ့်ဆုံးငွေပမာဏကို ဆိုလိုသည်။

## (၂) အနိမ့်ဆုံးလုပ်အားခ၏ထူးခြားချက်

(၁) အလုပ်အမျိုးအစားနှင့်မသက်ဆိုင်ဘဲ အလုပ်သမားအားလုံး၌ ကျင့်သုံးနိုင်သည်

(၂) အနိမ့်ဆုံးလုပ်အားခအောက်လျော့နည်းသော အလုပ်စာချုပ်သည်တရားမဝင်ပါ။ အကယ်၍ ကုမ္ပဏီ၏တောင်းဆိုမှုအရ စာချုပ်ချုပ်ဆိုခဲ့ခြင်း ဖြစ်ပါကလည်း ထိုစာချုပ်သည် တရားဝင် ခြင်းမရှိဘဲ "[အနိမ့်ဆုံးလုပ်အားခနှင့်ကွာဟချက်] × [အလုပ်လုပ်ခဲ့သည့်အချိန်]"ကို နောက် ပိုင်း၌ ပြန်လည်တောင်းဆိုနိုင်သည်။

## (၃) အလုပ်ရပ်နားစရိတ်

ကုမ္ပဏီဘက်မှတာဝန်အရ အလုပ်သမားကို အလုပ်မှအနားယူစေသည့်အခါမျိုး၌ အလုပ်သမား၏ အနိမ့်ဆုံး နေထိုင်မှုဘဝအာမခံချက်ကို ထိန်းသိမ်းရန်အတွက် ကုမ္ပဏီမှ ပျမ်းမျှလုပ်အားခ၏ ၆၀ရာခိုင်နှုန်းနှင့် အထက်ကို အလုပ်ရပ်နားစရိတ်အဖြစ် ပေးအပ်ရမည်။ ထို့ကြောင့် ကုမ္ပဏီဘက် မှတာဝန်ယူရမည့် အလုပ်ရပ်နားခြင်းဖြစ်ပါက လစာပမာဏမှ သတ်မှတ်အတိုင်းအတာရရှိနိုင်ရန် အာမခံချက်ရှိသည်။

# ၂ အလုပ်လုပ်ကိုင်ရာတွင် သတ်မှတ်ထားသော စည်းကမ်းများ

## ၂-၁ လုပ်အားခပေးချေနည်း

လုပ်အားခ၏ ရသင့်ရထိုက်သောပမာဏအားလုံးကို အလုပ်ရှင်ဘက်မှပေးချေရန် စည်းမျဉ်း(၄)ချက် ချမှတ်ထားသည်။

| | | |
|---|---|---|
| **(၁) ငွေသားနှင့်ပေးချေသောအခါ၌ ချမှတ်ထားသည့် စည်းမျဉ်း** | မူအရ | လုပ်အားခကို လက်ငင်းငွေသားဖြင့် ပေးချေရမည်။ |
| | ခြွင်းချက် | အလုပ်သမားကသဘောတူညီသောအခါမျိုး၌ ဘဏ်မှတဆင့်ငွေလွှဲပေးခြင်း ပြုလုပ်နိုင်သည်။ အလုပ်သမားအဖွဲ့အစည်းနှင့်သဘောတူညီချက် ရရှိထားသည့်အခါမျိုး၌ လုပ်အားခကို ပစ္စည်းများ(ကုမ္ပဏီ၏ထုတ်ကုန်ပစ္စည်း)တို့ဖြင့်လည်း ပေးချေနိုင်သည်။ |
| **(၂) တိုက်ရိုက်ပေးချေသည့်အခါ၌ ချမှတ်ထားသော စည်းမျဉ်း** | လုပ်အားခသည် မပျက်မကွက် ကာယကံရှင်အလုပ်သမားထံသို့ တိုက်ရိုက်ပေးရမည်။ အရွယ်မရောက်သေးသူဖြစ်စေကာမူ မိဘထံသို့လုပ်အားခကို တစ်ဆင့်ပေးခြင်းမပြုရ။ | |
| **(၃) ပမာဏအားလုံးကို ပေးချေရန် ချမှတ်ထားသည့် စည်းမျဉ်း** | မူအရ | လုပ်အားခ၏ ငွေပမာဏ အားလုံးပေးချေရမည်။ |
| | ခြွင်းချက် | ဝင်ငွေခွန်နှင့်လူမှုအာမခံကြေးစသည့် ဥပဒေစည်းမျဉ်းများဖြင့် သတ်မှတ်ထားသည်တို့ကို နုတ်ယူခြင်း၊ အလုပ်သမားအဖွဲ့အစည်း၊ အလုပ်သမား ထက်ဝက် ကျော်ကို ကိုယ်စားပြုသူနှင့်သဘောတူညီချက်ရရှိထားသော အခြေအနေမျိုး၏ အချို့သော တစ်စိတ်တစ်ပိုင်းမှ အပ |
| **(၄) လစဉ်တစ်ကြိမ်နှင့်အထက် သတ်မှတ်လုပ်အားခပေးရန် စည်းမျဉ်း (အနည်းဆုံးတစ်လလျှင်တစ်ကြိမ် လုပ်အားခ ပေးရန်)** | မူအရ | လုပ်အားခသည် စဉ်ဆက်မပြတ်လစဉ်တစ်ကြိမ်နှင့်အထက် နေ့ရက်သတ်မှတ်၍ ပေးချေရမည်ဖြစ်သည်။ (ဥပမာ) ၂လစာလုပ်အားခပေါင်းပေးခြင်းသည် အသိအမှတ်ပြု ခြင်းမရနိုင်ပါ။<br>➡ ထို့အပြင် “လစဉ်၂၀ရက်မှ ၂၅ရက်” ဟူ၍ လစာပေးမည့်ရက်ကို အတိအကျသတ်မှတ် ထားမှုမရှိခြင်း၊ “လစဉ်၄ပတ်မြောက်သောကြာနေ့”ဟူ၍ လတစ်လ၏ ၇ရက်အတိုင်းအတာအတွင်း အပြောင်းအလဲ ဖြစ်မည့် လစာပေးရက်သတ်မှတ်ခြင်းသည် အသိအမှတ်ပြုခြင်းမရနိုင်ပါ။ |
| | ခြွင်းချက် | အပိုဆောင်းလုပ်အားခနှင့် အပိုဆုကြေး(Bonus) မပါ။ |

## ၂-၂ အလုပ်ချိန်၊နားချိန်၊နားရက်

### (၁) အလုပ်ချိန်

- အများဆုံးအလုပ်လုပ်ချိန်ကန့်သတ်ချက်မှာ ဥပဒေဖြင့် ပြဋ္ဌာန်းထားသည်။
- အခြေခံအလုပ်သမားဥပဒေ၌ အခြေခံပြဋ္ဌာန်းချက်အဖြစ် ၁ရက်လျှင် ၈နာရီအတွင်း၊၁ပတ်လျှင် နာရီ၄၀အတွင်း (တရားဝင်အလုပ်ချိန်) အဖြစ် သတ်မှတ်ထားသည်။
- ကုမ္ပဏီသည် အလုပ်သမားအား အလုပ်ချိန်ပြင်ပ၌ အလုပ်စေခိုင်းပါက အပိုလုပ်အားခ ပေးချေဆောင်ရမည် ဖြစ်သည်။

### (၂) နားချိန်

ကုမ္ပဏီသည် အလုပ်သမားအား အလုပ်လုပ်နေစဉ်အတွင်း တစ်ရက်လျှင်အလုပ်ချိန် ၆နာရီ ထက်ကျော်လွန်ပါက အနည်းဆုံး၄၅မိနစ်၊၈နာရီထက် ကျော်လွန်ပါက အနည်းဆုံးမိနစ်၆၀ နားချိန် ပေးရမည်။

### (၃) နားရက်

ကုမ္ပဏီသည် အလုပ်သမားအား အပတ်စဉ် အနည်းဆုံးတစ်ကြိမ်၊ တစ်နည်းအားဖြင့် ၄ပတ်လျှင် ၄ကြိမ်နှင့်အထက်နားရက်(တရားဝင်နားရက်) ပေးရမည်။

### (၄) အငှားစေလွှတ်အလုပ်သမား၏ အလုပ်လုပ်ခြင်းဆိုင်ရာသတ်မှတ်ချက်ကို သတ်မှတ်ခြင်းနှင့် ပတ်သက်သည့်တာဝန်

အငှားစေလွှတ်အလုပ်သမား၏ အလုပ်လုပ်ခြင်းဆိုင်ရာ သတ်မှတ်ချက်ကို သတ်မှတ်ခြင်းနှင့် ပတ်သက်၍ အငှားအလုပ်ခွင်မှ သတ်မှတ်ထားပါက အလုပ်ချိန်၊နားချိန်၊နားရက်ကို စောင့်ထိန်းရန်မှာ ယာယီအလုပ်ခွင်၌ တာဝန်ရှိသည်။

**One Point:**

**နှစ်အလိုက်လစာခံစားခွင့် ပိတ်ရက်**

နှစ်အလိုက်လစာခံစားခွင့်ပိတ်ရက်ဆိုသည်မှာ သတ်မှတ်ထားသည့်အလုပ်ဖွင့်ရက်၌ အလုပ်နားသော် လည်း လုပ်အားခရရှိနိုင်သည့် နားရက်ဖြစ်သည်။အခြေခံမူအရ အလုပ်သမားကဆန္ဒရှိသောနေ့ရက် အား နားရက် အဖြစ်ယူနိုင်ပြီး အနားယူရသည့် အကြောင်းအရင်း(အနားယူရသည့် ရည်ရွယ်ချက်) မှာစိတ်ကြိုက်ဖြစ်နိုင်သည်။ အလုပ်သမားသည် ၆လဆက်တိုက် အလုပ်လုပ်ကိုင်ပြီး အလုပ်ဖွင့်သည့် ရက်စုစုပေါင်း၏ ၈၀ရာခိုင်နှုန်းကျော် အလုပ်ဆင်းထားပါက ၁၀ရက်ကြာ နှစ်အလိုက်လစာခံစားခွင့် ပိတ်ရက် ရယူနိုင်သည်။ထို့အပြင် လုပ်သက်တိုးလာလျှင် ၈၀ရာခိုင်နှုန်းကျော် အလုပ်ဆင်းသည့် သတ်မှတ်ချက်ကိုပြည့်မီပါက တစ်နှစ်တွင်ရယူနိုင်သည့် ပိတ်ရက်အရေအတွက်တိုးနိုင်သည် (အများ ဆုံးရက်၂၀)။ ထို့အပြင် ကုမ္ပဏီသည် ၁၀ရက်ကျော် နှစ်အလိုက်လစာခံစားခွင့်ပိတ်ရက် ပေးနိုင်သည့် အလုပ်သမားအား ၅ရက်တာ နှစ်စဉ်ကာလသတ်မှတ်ပေးခြင်းများ မပြုလုပ်၍မရပါ။

ထို့အပြင် အငှားစေလွှတ်အလုပ်သမားနှင့် "Part-timer"(အချိန်ပိုင်းအလုပ်သမား)အစရှိသဖြင့် ပုံမှန်ဝန်ထမ်းမဟုတ်သော အလုပ်သမားများသည်လည်း

- ၆လကြာ ဆက်တိုက် တာဝန်ထမ်းဆောင်ခြင်း(*)
- အလုပ်ဖွင့်ရက်အားလုံး၏ ၈၀ရာခိုင်နှုန်းကျော်အလုပ်ဆင်းခြင်း

- တစ်ပတ်၅ရက်နှင့်အထက်(သို့)တစ်နှစ်၂၁၇ရက်နှင့်အထက်အလုပ်ဆင်းခြင်း

ဟူသည့် အခြေအနေ၃ရပ်နှင့် ပြည့်စုံပါက လစာခံစားခွင့်ပိတ်ရက်ကို ပုံမှန်ဝန်ထမ်းနှင့် အရေ အတွက်တူညီသော နားရက်ပေးပိုင်ခွင့်ရှိသည်။ (တစ်ပတ်လျှင် လေးရက်အောက် တစ်နှစ်လျှင် ၁၂၆ရက်အောက် အလုပ်လုပ်ကိုင်သော်လည်း တစ်ပတ်လျှင် နာရီ၃၀အလုပ်လုပ်ကိုင်ပါက အချိန်ပြည့်ဝန်ထမ်းနှင့်တူညီသည့် နားရက်အရေ အတွက် ရရှိမည်ဖြစ်သည်။)

(တစ်ပတ်၄ရက်အောက်(သို့) တစ်နှစ်၂၁၆ရက်အောက် အလုပ်တာဝန်ထမ်းဆောင်၍ တစ်ပတ် လျှင်သတ်မှတ်အလုပ်ချိန် နာရီ၃၀မပြည့်မီပါသောအခါမျိုး၌ ထိုအလုပ်သတ်မှတ်ရက်အရေအတွက် အပေါ်မူတည်၍ လစာခံစားခွင့်ပိတ်ရက် ရရှိနိုင်သည်။)

(*) ကာလရှည်စာချုပ်ဝန်ထမ်းမှ စာချုပ်ကိုသက်တမ်းတိုးချုပ်ဆိုသည့်အခြေအနေမျိုး၌ စာချုပ်၏ သက်တမ်းတိုးချုပ်ဆိုမှုသည် ယခင်တာဝန်ထမ်းဆောင်ခဲ့သောစာချုပ်နှင့်အကြောင်းအရာတူညီပါက အသစ်မပြောင်းလဲမီ ကာလ၏တာဝန်ထမ်းဆောင်ချိန်များကိုလည်း ထည့်သွင်းတွက်ချက်ရ မည်။

## ၂-၃ အလုပ်ချိန်ပြင်ပ တာဝန်ထမ်းဆောင်ခြင်း၊နားရက်၌ တာဝန်ထမ်း ဆောင်ခြင်း

### (၁) အလုပ်ချိန်ပြင်ပ တာဝန်ထမ်းဆောင်ခြင်း၊နားရက်၌ တာဝန်ထမ်းဆောင်ခြင်း

- ကုမ္ပဏီသည် အောက်ပါအခြေအနေများ၌ အလုပ်သမားအများစုဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့အစည်း နှင့် (သို့) အလုပ်သမားအများစုဖြင့်ဖွဲ့စည်းထားသည့်အဖွဲ့အစည်းမရှိသည့်အခါ အလုပ်သမားအများစု ကိုကိုယ်စားပြုသူနှင့် စာရွက်စာတမ်းအရရယူထားသော သဘောတူညီချက် (၃၆ သဘောတူညီချက် ကိုဆိုလိုသည်) ကိုချုပ်ဆိုရန် လိုအပ်သည်။

(၁) အလုပ်သမားတွင်တရားဝင်အလုပ်ချိန်ကို ကျော်လွန်၍ အလုပ်လုပ်ရသည့်အခါ

(၂) တရားဝင်နားရက်၌ အလုပ်စေခိုင်းခံရသည့်အခါ

- အလုပ်ချိန်ပြင်ပတာဝန်ထမ်းဆောင်မှုအမြင့်ဆုံးကန့်သတ်ချက်များမှာဥပဒေအရ ပြဋ္ဌာန်းထားသည်။
- အလုပ်သမားအခြေခံဥပဒေ၌ အဆိုပါအမြင့်ဆုံးကန့်သတ်ချက်ကို အခြေခံမူအရ တစ်လလျှင်၄၅နာရီ၊ တစ်နှစ်လျှင် နာရီ၃၆၀အဖြစ်သတ်မှတ်ထားသည်။ (ဖြစ်ရိုးဖြစ်စဉ် မဟုတ်သည့် အထူးတလည်အခြေအနေမျိုးရှိလာပါကလည်း တစ်နှစ်လျှင်နာရီ၇၂၀၊ တစ်လလျှင်နာရီ၁၀၀ အောက် (အလုပ်နားရက်အပါအဝင်) ၊လပေါင်းများစွာ၌ ပျမ်းမျှ နာရီ၈၀ (အလုပ်နားရက် အပါအဝင်)သည် အဆုံးစွန်ကန့်သတ်ချက်ဖြစ်ပြီး အလုပ်ချိန်ပြင်ပတာဝန် ၄၅နာရီကျော်လွန်နိုင်သောလမှာ တစ်နှစ်လျှင် ၆ကြိမ်အထိသာ ဖြစ်သည်)

### (၂) အပိုလုပ်အားခ

ကုမ္ပဏီသည် ၃၆သဘောတူညီချက်အရ တရားဝင်အလုပ်ချိန်ကိုကျော်လွန်၍ အလုပ်စေခိုင်းသည့် အခါနှင့် တရားဝင်နားရက်၌အလုပ်စေခိုင်းသည့်အခါမျိုး၌ အပိုလုပ်အားခကိုပေးချေရမည်ဖြစ် သည်။

One Point:

### အပိုလုပ်အားခတွက်ချက်နည်း



(၁) တရားဝင်အလုပ်ချိန်ကိုကျော်လွန်၍ အလုပ်စေခိုင်းပါက ပုံမှန်လုပ်အားခ၏၂၅ရာခိုင်နှုန်းနှင့် အထက်တိုးမြှင့်ရမည်။

* ၁လလျှင် နာရီ၆၀ကိုကျော်လွန်၍ တရားဝင်အလုပ်ချိန်ပြင်ပ၌ တာဝန်ထမ်းဆောင်ရပါက ပုံမှန်လုပ်အားခ ၏၅၀ရာခိုင်နှုန်းနှင့်အထက် အပိုလုပ်အားခ ပေးဆောင်ရမည်။ (အသေးစား အလတ်စား လုပ်ငန်းကုမ္ပဏီများအဖို့ ထိုသတ်မှတ်ချက်ကို လိုက်နာရန်ကာလအား ၂၀၂၃ခုနှစ် မတ်လအထိ ရွှေ့ဆိုင်းထားသည်)


(၂) တရားဝင်နားရက်၌ အလုပ်စေခိုင်းသည့်အခါ (နားရက်၌ တာဝန်ထမ်းဆောင်စေခြင်း) ပုံမှန် လုပ်အားခ၏၃၅ရာခိုင်နှုန်းနှင့်အထက် တိုးမြှင့်ပေးရမည်။

(၃) ည၁၀နာရီမှ မနက်၅နာရီအထိ ညပိုင်းအလုပ်စေခိုင်းသည့်အခါ (ညဆိုင်းတာဝန်ထမ်းဆောင် ခြင်း) ၂၅ရာခိုင်နှုန်းနှင့်အထက် တိုးမြှင့်ပေးရမည်။ ဥပမာ တရားဝင်အလုပ်ချိန်ပြင်ပတာဝန် ထမ်းဆောင်ခြင်း+ညဆိုင်းတာဝန်ထမ်းဆောင်ခြင်း "(၁)+(၃)" ၌ ပေးချေရမည့် လုပ်အားခမှာ ပုံမှန် လုပ်အားခ၏ ၅၀ရာခိုင်နှုန်းနှင့်အထက် ပိုမိုတိုးမြှင့်ပေးရမည်။ အပိုလုပ်အားခသည်လည်း တာဝန်အပ်နှင်းခံရသည့်ပုံစံနှင့်မသက်ဆိုင်ဘဲ အလုပ်သမားအားလုံး ခံစားခွင့်ရနိုင်သည်။ထို့ကြောင့် အငှားစေလွှတ်အလုပ်သမား၊ စာချုပ်ဝန်ထမ်း၊ "Part-timer"အချိန်ပိုင်းအလုပ်သမား၊ "Arbeit" အချိန်ပိုင်း အလုပ်သမားများအားလုံးလည်း အပိုလုပ်အားခပေး ချေမှု ရရှိနိုင်မည် ဖြစ်သည်။

## ၂-၄ မိခင်၏ကျန်းမာထိန်းသိမ်းစောင့်ရှောက်မှု၊မီးဖွားခွင့်၊ကလေးစောင့်ရှောက်မှုခွင့်၊ လူနာ ပြုစုစောင့်ရှောက်မှုခွင့်

### (၁) ကိုယ်ဝန်ရှိလာပါက

• ကိုယ်ဝန်ဆောင်အမျိုးသမီးအလုပ်သမား (တစ်စိတ်တစ်ပိုင်းသောကလေးမွေးဖွားပြီးနောက်တစ်နှစ်မကျော်သေးသောအမျိုးသမီးအလုပ်သမားများလည်းပါဝင်သည်။ ဤသည်ကိုအောက်တွင် (ကိုယ်ဝန်သည်၊သို့မဟုတ် မီးဖွားပြီး မိခင်များ) ဟုသုံးမည်။)သည် အောက်ပါအကြောင်း အရာများကိုတောင်းဆိုနိုင်သည်။



(၁) အခြားသောလွယ်ကူပေါ့ပါးသည့် အလုပ်ဌာနသို့ ပြောင်းရွှေ့ခွင့်ပေးရန် (ကိုယ်ဝန်ဆောင် နေစဉ်အတွင်းသာ)

(၂) တစ်ပတ်တာ(သို့)တစ်ရက်တာအလုပ်ချိန်ကို တရားဝင်အလုပ်ချိန်ကို မကျော်လွန်စေရန် (ပုံမှန်သတ်မှတ်ထားခြင်း မဟုတ်သောအလုပ်ချိန်စနစ် အပါအဝင်) (ကိုယ်ဝန်သည်၊သို့မဟုတ် မီးဖွားပြီးမိခင်များအတွက်)

(၃) အလုပ်ချိန်ပြင်ပတာဝန်ထမ်းဆောင်ခြင်း၊နားရက်အလုပ်လုပ်ခြင်းနှင့် ညဆိုင်းဆင်းခြင်း မပြုလုပ်ရန် (ကိုယ်ဝန်သည်၊သို့မဟုတ် မီးဖွားပြီးမိခင်များအတွက်)

*** ကုမ္ပဏီမှအောက်ပါကိုင်တွယ်ဖြေရှင်းမှုများကို လုပ်ဆောင်ရန်လိုအပ်သည်**

**(၁) ကိုယ်ဝန်သည်၊သို့မဟုတ် မီးဖွားပြီးမိခင်များကျန်းမာရေးလမ်းညွှန်မှုများနှင့် ကျန်းမာရေးစစ်ဆေးခြင်းခံယူမှုအတွက်အချိန်ပေးရန် အာမခံခြင်း**

**(၂) အမျိုးသမီးအလုပ်သမားက ကျန်းမာရေးစစ်ဆေးမှုအစရှိသည်တို့ကြောင့် ဆရာဝန်(သို့) သားဖွားဆရာမ၏ ညွှန်ကြားချက်များကိုလိုက်နာနေသည့် အခြေအနေမျိုး၌ ထိုအမျိုးသမီး အလုပ်သမားလိုက်နာနေသည့် ညွှန်ကြားချက်များကို စောင့်ထိန်းနိုင်ရန်အတွက်အလုပ်ချိန် အပြောင်းအလဲနှင့်အလုပ်တာဝန်လျှော့ချခြင်းစသည့် ကိုင်တွယ်ဖြေရှင်းမှုများလုပ်ဆောင်ရန်**

- အလုပ်ရှင်များအတွက် အောက်ပါအကြောင်းအရာများမှာတားမြစ်ချက်များဖြစ်သည်။

(၁) အမျိုးသမီးအလုပ်သမားက အိမ်ထောင်ပြုခြင်း၊ကိုယ်ဝန်ရှိခြင်း (သို့) ကလေးမွေးဖွားခြင်း ဟူသော အကြောင်းအရာကို အလုပ်ထုတ်ရန် အကြောင်းအရင်းအဖြစ်သတ်မှတ်ခြင်း

(၂) အမျိုးသမီးအလုပ်သမားကို အိမ်ထောင်ပြုခြင်းကိုအကြောင်းပြု၍ အလုပ်မှထုတ် ပယ်ခြင်း

(၃) အမျိုးသမီးအလုပ်သမား၏ ကိုယ်ဝန်ရှိခြင်း၊ ကလေးမွေးခြင်း၊ မီးဖွားခွင့် တောင်းဆိုခြင်း တို့ကို အကြောင်းပြု၍ အမျိုးသမီးအလုပ်သမားကိုအလုပ်မှထုတ်ပယ်ခြင်း၊ ထို့အပြင် အမျိုးသမီး အလုပ်သမား၏အကျိုးထိခိုက်စေမည့်အရာများကို လုပ်ဆောင်ခြင်း

* ကိုယ်ဝန်သည်၊သို့မဟုတ် မီးဖွားပြီးမိခင်များကိုအလုပ်မှထုတ်ပယ်ခြင်းသည်တရားမဝင်။သို့သော်ကုမ္ပဏီကအလုပ်မှထုတ်ပယ်ခြင်းသည် ကိုယ်ဝန်ဆောင်ခြင်း၊မီးဖွားခြင်းအစရှိသည့်အကြောင်းပြချက်များကြောင့်မဟုတ်ကြောင်းသက်သေပြနိုင်ပါကအလုပ်မှထုတ်ပယ်ခြင်းသည် တရားဝင်သည်။

## (၂) မီးဖွားခွင့်

- ကုမ္ပဏီသည် အောက်ပါအချိန်ကာလများ၌ရှိ အမျိုးအသမီးအလုပ်သမားများကို အလုပ်လုပ်ခိုင်းခွင့်မရှိပါ။

(၁) အမျိုးအသမီးအလုပ်သမားကာယကံရှင်ကိုယ်တိုင် တောင်းဆိုလာသည့် အချိန်မျိုးတွင် မီးဖွားရန်ချိန်းဆိုရက်မတိုင်မီ၆ပတ်ကြာ (ကလေးတစ်ဦးထက်မွေးဖွားသူဖြစ်ပါ က ၁၄ပတ်ကြာ)

(၂) အလုပ်တက်ခိုင်းခွင့်မရှိသည့်အချိန်ကာလအဖြစ် မီးဖွားပြီး၈ပတ်ကြာ (သို့သော် မီးဖွားပြီး၆ပတ်ကြာ ကျော်လွန်ပြီးနောက် ကာယကံရှင်၏တောင်းဆိုခြင်းနှင့် ဆရာဝန်ထံမှ အလုပ်လုပ်ရန်အခက်အခဲမရှိကြောင်း အသိအမှတ်ပြုခြင်းခံရပါက အလုပ်ဝင် နိုင်သည်)

## (၃) ကလေးစောင့်ရှောက်မှုခွင့်

- ကလေးသည် တစ်နှစ် (လိုအပ်သောအခြေအနေမျိုး၌ အများဆုံး၂နှစ်) ပြည့်သည်အထိ ယောကျ်ားနှင့်မိန်းမ အလုပ်သမားက ကလေးစောင့်ရှောက်မှုခွင့်ရယူနိုင်သည်။ ကလေးစောင့်ရှောက်မှုခွင့်ကို ၂ကြိမ် ခွဲ၍ ရယူနိုင်သည်။
- ကလေးမွေးဖွားပြီးနောက်၈ပတ်အတွင်းတွင် ၄ပတ်ကြာ၊ အမျိုးသားအမျိုးသမီးအလုပ်သမားက အလုပ်နားခွင့်ရယူခြင်းကို မွေးဖွားပြီးနောက်ပါးပါးကလေးထိန်းနားရက်ခွင့်ဟု ခေါ်သည်။ ကလေးစောင့်ရှောက်မှုခွင့်နှင့် သပ်သပ်ဖြစ်ပြီး၊ ၂ကြိမ်ခွဲ၍ ရယူနိုင်သည်။
- ကုမ္ပဏီ (ယာယီလုပ်ငန်းခွင်၌လည်း ကျင့်သုံးနိုင်)သည် အောက်ပါအချက်များကို မဆောင်ရွက် နိုင်ပါ။

(၁) ကလေးစောင့်ရှောက်မှုခွင့်၊ မွေးဖွားပြီးနောက်ပါးပါးကလေးထိန်းနားရက်ခွင့််လျှောက်တင်သည်ကို ပယ်ချခြင်း

(၂) ကလေးစောင့်ရှောက်၊ မွေးဖွားပြီးနောက်ပါးပါးကလေးထိန်းနားရက်ခွင့်် လျှောက်တင်ခြင်းနှင့် ရယူခြင်းကိုအကြောင်းပြု၍အလုပ်ထုတ်ခြင်းစသည်ဖြင့် အလုပ်သမား၏အကျိုးထိခိုက်စေသော ကိစ္စများကို ဆောင်ရွက်ခြင်း

## (၄) လူနာပြုစုစောင့်ရှောက်မှုခွင့်

- အလုပ်သမားသည် အောက်ပါခွင့်ရက်များကို ရယူနိုင်သည်။ (ကလေးပြုစုစောင့်ရှောက်မှုခွင့်နှင့် လူနာပြုစုစောင့်ရှောက်မှုခွင့်ဆိုင်ရာဥပဒေအရ)

(၁) ပြုစုစောင့်ရှောက်မှု လိုအပ်နေသောအခြေအနေရှိသည့် မိသားစုကို စောင့်ရှောက်ရန် အတွက်ခွင့်ယူခြင်း

(၂) အတိုင်းအတာမှာ မိသားစုတစ်စုလျှင် ပြုစုစောင့်ရှောက်မှုလိုအပ်သူ၁ဦးရှိပါက စုစုပေါင်း ၉၃ရက်ကို ၃ကြိမ်အထိခွဲယူနိုင်သည်။

- ကုမ္ပဏီ (ယာယီအလုပ်ခွင့်၌လည်း ကျင့်သုံးနိုင်) သည် အောက်ပါအကြောင်းအရာတို့ကို ဆောင်ရွက်နိုင်ခြင်းမရှိပါ။

(၁) ပြုစုစောင့်ရှောက်မှုခွင့်တင်သည်ကို ပယ်ချခြင်း

(၂) ပြုစုစောင့်ရှောက်မှုခွင့်တင်ခြင်းနှင့် ရယူခြင်းကို အကြောင်းပြု၍ အလုပ်မှထုတ်ပယ် ခြင်းစသည့် အလုပ်သမား၏အကျိုးထိခိုက်စေသည့် အကြောင်းအရာများကိုလုပ်ဆောင် ခြင်း

**အသေးစိတ်ကိုစီရင်စုအလုပ်သမားရုံးအလုပ်ခန့်မှုပတ်ဝန်းကျင်မျှတရေးအပိုင်း (အခန်း) သို့ဆက်သွယ်မေးမြန်းပါ။**

https://www.mhlw.go.jp/content/000177581.pdf

One Point:

**အမျိုးအစားတစ်ခုချင်းစီအတွက် စရိတ်ထောက်ပံ့ငွေပေးခြင်း**

- မီးဖွားခွင့်ယူနေစဉ်အတွင်း၌ လိုအပ်ချက်များပြည့်စုံပါက မွေးဖွားစရိတ်ထောက်ပံ့ငွေကို ရရှိနိုင် သည်။

**အခန်း(၄) ၃-၂ ကိုကြည့်ပါ။**

- ကလေးစောင့်ရှောက်မှုခွင့်ရယူပြီး သတ်မှတ်အခြေအနေပြည့်မီပါက ကလေးစောင့်ရှောက်မှု အတွက်ထုတ်ပေးငွေရရှိနိုင်သည်။

(*) တဖန်၊ ၂၀၂၂ခုနှစ် ၁၀လပိုင်းမှစ၍ သတ်မှတ်ထားသောအချက်များနှင့် ပြည့်မီသောသူများသည် မွေးဖွားချိန် ကလေးစောင့်ရှောက်မှုခွင့်ထောက်ပံ့ကြေးကို ရယူနိုင်ပါသည်။

**အခန်း(၄) ၃-၃ (၁)နှင့်(၂)ကို ကြည့်ပါ။**

- လူနာပြုစုစောင့်ရှောက်မှုခွင့်ရယူပြီး သတ်မှတ်အခြေအနေပြည့်မီပါက လူနာပြုစုစောင့်ရှောက် မှုအတွက်ထုတ်ပေးငွေရယူနိုင်သည်။
- လူနာပြုစုစောင့်ရှောက်မှုအတွက်ထုတ်ပေးငွေပမာဏမှာ အလုပ်မနားမီလုပ်အားခ၏ ၆၇ ရာခိုင် နှုန်း၊ လူနာပြုစုစောင့်ရှောက်မှုလိုအပ်သူမိသားစုဝင်၁ဦးလျှင်၃ကြိမ်၊ စုစုပေါင်း၉၃ရက်အတိုင်းအတာ အထိဖြစ်သည်။

# ၂-၅ အလုပ်ထွက်ခြင်း၊အလုပ်မှထုတ်ပယ်ခံရခြင်း

## (၁) အလုပ်ထွက်ခြင်း

- ကုမ္ပဏီမှအလုပ်ထွက်ခြင်းမှာ အလုပ်သမား၏လွတ်လပ်ခွင့် ဖြစ်သော်လည်း ဥပမာအားဖြင့် အောက်ဖော်ပြပါ ကိစ္စရပ်များကဲ့သို့ လူ့အဖွဲ့အစည်း၏အဖွဲ့ဝင်တစ်ဦးအနေဖြင့် စည်းကမ်းများကို လိုက်နာက အလုပ်ထွက်ခြင်းသည်လည်း အရေးကြီးသောအရာဖြစ်သည်။



(၁) အလုပ်မထွက်မီ အလုပ်ထွက်လိုသည့် ဆန္ဒရှိကြောင်း အထက်လူကြီးကို ပြောကြားရ မည်။

(၂) အလုပ်ထွက်စာတင်ရမည်။

(၃) မပြီးပြတ်သေးသည့်အလုပ်ကိစ္စများကို အလုပ်ဆက်လက်လုပ်ကိုင်မည့် လူထံသို့ လက် ဆင့်ကမ်းရမည်။

- အလုပ်ထွက်ရန်ဆုံးဖြတ်ပြီးပါက ဦးစွာ မိမိထမ်းဆောင်နေသည့်ကုမ္ပဏီ၏ အလုပ်ထွက်ရန် လုပ်ထုံးလုပ်နည်းများ မည်သို့ရှိသည်ကို ရှာဖွေရန် လိုအပ်သည်။
- ကုမ္ပဏီ၏အလုပ်စည်းမျဉ်းများ၌ အလုပ်ထွက်ရန်လုပ်ထုံးလုပ်နည်းများချမှတ်ထားပါက ထိုစည်း မျဉ်းများနှင့် အညီဆောင်ရွက်ရမည်။ထို့နောက် အလုပ်ထွက်ရန်လျှောက်ထားသည့်အခါ စာချုပ် သက်တမ်းသတ်မှတ်ချက်ရှိမရှိ ပေါ်မူတည်၍ ဥပဒေအရကွဲပြားသည့်စည်းကမ်းများ ချမှတ်ထား သည်။

**စာချုပ်သက်တမ်းသက်မှတ်ချက်မရှိသည့် အလုပ်စာချုပ်၌**

- အလုပ်ထွက်ရန်လျှောက်ထားပါက အခြေခံမူအရ ၂ပတ်အကြာ၌ အလုပ်စာချုပ်ကို အဆုံးသတ်ရ မည်။

**စာချုပ်သက်တမ်းသက်မှတ်ချက်ရှိသည့် အလုပ်စာချုပ်၌**

- မတတ်သာသည့်အကြောင်းကိစ္စမရှိသရွေ့ စာချုပ်သက်တမ်းတဝက်၌အလုပ်မထွက်နိုင်ပါ။ ထို့ အပြင် စာချုပ် သက်တမ်းတစ်နှစ်ကျော်လွန်သွားသည့်အခါမျိုး၌ အလုပ်ထွက်ရန်လျှောက်ထားပါ က မည်သည့်အချိန်၌မဆိုအလုပ် ထွက်နိုင်သည်။
- စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက်လည်း တူညီသည့်လုပ်ငန်းခွင်၌ အလုပ်လုပ်ကိုင်ရန်အတွက် အလုပ်စာချုပ် ပြီးဆုံးမှုအား ပြန်လည်ပြင်ဆင်ရန် (အသစ်ပြန်လည်ချုပ်ဆိုရန်)လိုအပ်သည်။ (အခန်းခွဲ၁-၂ (၂)ကိုးကား) ထိုကဲ့သို့ စာချုပ်အသစ်ချုပ်ဆိုရန်မှာ ကုမ္ပဏီနှင့်အလုပ်သမား နှစ်ဦးနှစ်ဖက် သဘောတူညီချက် ရှိရမည်။

## (၂) အလုပ်မှ ထုတ်ပယ်ခံရခြင်း

### အလုပ်မှ ထုတ်ပယ်ခံရခြင်း

- ကုမ္ပဏီဘက်မှ အလုပ်စာချုပ်ကို တစ်ဖတ်သတ်ပြီးဆုံးစေခြင်းဖြစ်သည်။
- အလုပ်မှထုတ်ပယ်ခြင်းသည် ကျိုးကြောင်းဆီလျော်သော အကြောင်းအရင်းမရှိခြင်း၊ လူမှု ပတ်ဝန်းကျင်မှ လက်ခံထားသည့် သဘောတရားနှင့်ကိုက်ညီသည်ဟု အသိအမှတ်မပြုနိုင်ပါက ထိုကဲ့သို့အလုပ်မှထုတ်ပယ်ခြင်းမှာ တရားမဝင်နိုင်။ တနည်းအားဖြင့် အလုပ်မှထုတ်ပယ်ခြင်းသည် ကုမ္ပဏီဘက်မှ စိတ်တိုင်းကျ ဆောင်ရွက်နိုင်သည့် အရာမဟုတ်ပေ။
- ထို့ပြင် ကုမ္ပဏီသည် အလုပ်စည်းမျဉ်းစည်းကမ်းများတွင် အလုပ်ထုတ်သည့်အကြောင်းအရင်း (အလုပ်ထုတ်ပယ်ခြင်းကို ဖြစ်ပေါ်စေသော အခြေအနေများ)ကို ကြိုတင်၍ပြောကြားရန် လိုအပ် သည်။
- ကုမ္ပဏီက အလုပ်သမားကိုအလုပ်ထုတ်ရန်ပြုလုပ်သည့်အခါ၌ သဘာဝဘေးအန္တရာယ်နှင့် မတတ် သာသည့် အကြောင်းကိစ္စများကြောင့် လုပ်ငန်းကိုဆက်လက်မဆောင်ရွက်နိုင်တော့သည့် အခြေ အနေနှင့် အလုပ်သမားမှအမှား ပြုလုပ်မိသည့် အခြေအနေများအပ အနည်းဆုံးရက်၃၀ကြိုတင်၍ အသိပေးခြင်း (သို့) ရက်၃၀စာကျော်၏ လုပ်အားခ၊ တစ်နည်းအားဖြင့် အလုပ်မှထုတ်ပယ်သည့် နစ်နာကြေးကို ပေးချေရမည် ဖြစ်သည်။

### အလုပ်ဆိုင်းငံ့ခြင်း

- အလုပ်ဆိုင်းငံ့ခြင်းမှာ အချိန်ကာလသတ်မှတ်ချက်ရှိသည့်အလုပ်စာချုပ်၏စာချုပ်သက်တမ်းကုန်ဆုံး ခြင်း၊ အလုပ်စာချုပ်ကို အသစ်ပြန်လည်ချုပ်ဆိုခြင်းမပြုလုပ်သည်ကို ဆိုလိုသည်။ ကိုးကား၁-၂ (၂)
- အလုပ်ဆိုင်းငံ့ခြင်းသည် စာချုပ်သက်တမ်းတဝက်၌ ကုမ္ပဏီဘက်မှ အလုပ်စာချုပ်ကို တစ်ဖက် သတ်ပြီးဆုံးစေကာ အလုပ်မှထုတ်ပယ်ခြင်းနှင့်မတူညီပေ။
- အောက်ဖော်ပြပါလူများအနေဖြင့် ကုမ္ပဏီမှ အလုပ်တာဝန်ပြီးဆုံးစေမည့် အခြေအနေမျိုး၌ ရက်၃၀ကြိုတင်၍ အသိပေးရန် လိုအပ်သည်။

(၁) ၃ကြိမ်နှင့်အထက် စာချုပ်ကို ပြန်လည်ချုပ်ဆိုထားသူ

(၂) တစ်နှစ်ထက်ကျော်လွန်၍ ဆက်တိုက်တာဝန်ထမ်းဆောင်အနေသူ

- ဥပမာအားဖြင့် အောက်ဖော်ပြပါ အခြေအနေများ၌ အလုပ်တာဝန်ဆိုင်းငံ့ခြင်းကို ကျိုးကြောင်း ဆီလျော်သော အကြောင်းပြချက်မရှိခြင်းနှင့်လူမှုပတ်ဝန်းကျင်မှလက်ခံထားသည့်သဘောတရား နှင့်ကိုက်ညီခြင်းမရှိပါက ကုမ္ပဏီသည် အလုပ်တာဝန်ဆိုင်းငံ့ခြင်းကို မဆောင်ရွက်နိုင်ပါ။

(၁) အကြိမ်ကြိမ်စာချုပ်ကို သက်တမ်းတိုးအသစ်ချုပ်ဆိုလာခဲ့ခြင်းကို သိသာမြင်သာစွာထုတ် ပယ်ခြင်း အဖြစ်မှတ်ယူနိုင်သောအခါ။

(၂) အလုပ်သမားကအလုပ်ဆက်လက်လုပ်ကိုင်ရန် မျှော်လင့်မှုကို သင့်တော်သည်ဟုယူဆသော အခါ။

- ဆိုင်းငံ့ခြင်းကိုအသိအမှတ်မပြုနိုင်သောအခါမျိုး၌ ဆိုင်းငံ့ခြင်းမပြုလုပ်မီ သဘောတူညီထား သည့်အလုပ်လုပ်ခြင်းဆိုင်ရာသတ်မှတ်ချက်များ၌ ကာလသတ်မှတ်ချက်ရှိသော အလုပ်သမား စာချုပ်ကို အသစ်ပြန်လည်ချုပ်ဆိုရမည်ဖြစ်သည်။

One Point:

**နားလည်မှုဖြင့်အလုပ်မှထုတ်ပယ်ခြင်း**



- နားလည်မှုဖြင့်အလုပ်မှထုတ်ပယ်ခြင်းဆိုသည်မှာ ကုမ္ပဏီဘက်၌ စီးပွားရေးကျဆင်းခြင်းနှင့် စီးပွားရေး အဆင်မပြေမှုစသည်တို့ကြောင့် အလုပ်သမားဦးရေလျှော့ချခြင်းကို ဆိုလိုသည်။
- နားလည်မှုဖြင့်အလုပ်မှထုတ်ပယ်ခြင်းသည် တရားဝင်မဝင်ကို အောက်ပါအချက်များဖြင့် ဆုံးဖြတ် နိုင်သည်။

(၁) လူဦးရေလျှော့ချရန်လိုအပ်ခြင်း

စီးပွားရေးကျဆင်းမှုနှင့်စီးပွားရေးအဆင်မပြေမှုတို့ကြောင့် လူဦးရေလျှော့ချခြင်းက ကုမ္ပဏီစီမံ ခန့်ခွဲရေးအပေါ်၌ လိုအပ်ချက်ဖြစ်နေသောအခါ

(၂) အလုပ်မှထုတ်ပယ်ခြင်းကိုရှောင်ရှားရန် ကြိုးပမ်းခြင်း

အလုပ်မှထုတ်ပယ်သည့်နည်းလမ်းမဟုတ်ဘဲ အလုပ်မှထုတ်ပယ်ခြင်းကို ရှောင်ရှားရန် ကြိုးပမ်း သည့်အခါ (ဥပမာ အလုပ်နေရာရွှေ့ပြောင်းခြင်း၊ မိမိဆန္ဒအလျောက် အလုပ်ထွက်လိုသူများကို ခေါ်ယူခြင်း စသည်ဖြင့်)

(၃) သဘောတူညီချက်ဖြင့် အလုပ်မှထုတ်ပယ်ခြင်းခံရမည့်သူကို ရွေးချယ်ပုံနည်းစနစ် ကျိုးကြောင်း ဆီလျော်မှု

သဘောတူညီချက်ဖြင့် အလုပ်မှထုတ်ပယ်ခြင်းခံရမည့်သူကို ဆုံးဖြတ်သည့် အခြေခံစံနှုန်းများ သည် လက်တွေ့ကျကျ ကျိုးကြောင်းဆီလျော်မှုရှိပြီး ထိုဆုံးဖြတ်သည့်စနစ်သည်လည်း တရား မျှတမှုရှိရမည်။

(၄) အလုပ်မှထုတ်ပယ်သည့် လုပ်ထုံးလုပ်နည်းများ၏ တရားဝင်မှု

အလုပ်သမားအဖွဲ့အစည်းနှင့် အလုပ်သမားများကို အလုပ်မှထုတ်ပယ်ရန် လိုအပ်သည့် အကြောင်းအရင်း၊ ထိုအချိန်ကာလ၊ လိုအပ်ချက်ပမာဏ၊ နည်းလမ်းများကို သဘောပေါက်လက်ခံ စေရန်အကျိုးအကြောင်းရှင်းပြမှုပြုလုပ်ရန်

## (၃) ကုမ္ပဏီဒေဝါလီခံခြင်း

ကုမ္ပဏီဒေဝါလီခံပြီးလခများမပေးနိုင်တော့သောအခါမျိုး၌ လုပ်အားခပေးချေရန် အာမခံပေးနိုင်မှု နှင့်ပတ်သက်သည့်ဥပဒေများအရ ကုမ္ပဏီအနေဖြင့်မပေးချေရသေးသော လုပ်အားခကို အစိုးရမှ ကုမ္ပဏီအစားပေးချေသည့် စနစ်ကို ချမှတ်ထားသည်။

မပေးချေရသေးသော လုပ်အားခ၏ တစ်စိတ်တစ်ပိုင်းကို အစားထိုးလုပ်အားခပေးချေမှုရှိသော ကြောင့် အလုပ်သမားစံနှုန်းစစ်ဆေးရေးဌာနနှင့် ဆွေးနွေးတိုင်ပင်နိုင်သည်။

## (၄) အလုပ်အကိုင်အာမခံ(အခြေခံထောက်ပံ့စရိတ်)(unemployment insurance)

**အလုပ်လက်မဲ့အခြေအနေသို့ရောက်ရှိပါက**

အလုပ်အကိုင်အာမခံဝင်ထားသူသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံပါက အခြေခံမှုအရ အလုပ်အကိုင်အာမခံမှ အခြေခံထောက်ပံ့စရိတ်ရရှိနိုင်သည်။

- အခြေခံထောက်ပံ့စရိတ်ရယူနိုင်သောသတ်မှတ်ချက်

(၁) အလုပ်လက်မဲ့ဖြစ်နေသူ

(၂) အလုပ်လုပ်ကိုင်နိုင်သည့် အနေအထားရှိပြီး လုပ်ငန်းခွင်ဝင်ရန်ဆန္ဒရှိသူ

(၃) ကုမ္ပဏီမှ အလုပ်ထွက်ပြီးနောက် လွန်ခဲ့သောနှစ်နှစ်အတွင်း၌ ၁၁ရက်နှင့်အထက်အလုပ်လုပ် ခဲ့သော လ သို့မဟုတ် လုပ်အားခပေးချေမှု၏အခြေခံဖြစ်သည့် အလုပ်ချိန်နာရီသည် 80နာရီနှင့်အထက်ရှိသည့်လပေါင်း၁၂လ နှင့်အထက်ရှိသူ

(သို့သော် အလုပ်ထွက်ရသည့်အကြောင်းအရင်းမှာ ဒေဝါလီခံခြင်းနှင့် ကုမ္ပဏီ၏အခြေအနေ ကြောင့် အလုပ်မှ ထုတ်ပယ်ခံရခြင်း၊ ကာလရှည်အလုပ်စာချုပ်ကို ပြန်လည်မချုပ်ဆိုနိုင်ခြင်း တို့ကြောင့်ဖြစ်ပါက အလုပ်ထွက်ပြီးသည့် နေ့၏ လွန်ခဲ့သောတစ်နှစ် အတွင်း၌ ၁၁ရက်နှင့်အထက် အလုပ်လုပ်ခဲ့သောလ သို့မဟုတ် လုပ်အားခပေးချေမှု၏အခြေခံဖြစ်သည့် အလုပ်ချိန်နာရီသည် 80နာရီနှင့်အထက်ရှိသည့်လပေါင်း ၆လနှင့်အထက်ရှိသူ)

## ထောက်ပံ့ကြေးစတင်သည့်ကာလ

အလုပ်လက်မဲ့ဖြစ်ရသည့် အကြောင်းအရင်းနှင့်လိုက်ပြီး ထောက်ပံ့ကြေးစတင်သည့်လသည် ကွာခြားမှုရှိနိုင်သည်။

(၁) ကုမ္ပဏီဘက်မှ အလုပ်ထုတ်ပယ်ခြင်းနှင့် အလုပ်ထွက်ရန်တွန်းအားပေးခြင်းတို့ကြောင့် အလုပ်ထွက်ခြင်း၌ Hello Work (ပြည်သူ့အလုပ်အကိုင်လုံခြုံရေးစိတ်ချမှုရှိစေရေးရုံး) ၌ အလုပ်လျှောက်လွှာ(*၁)တင်၍ အလုပ်ထုတ်စာရရှိသည့်ရက်နောက်ပိုင်း၌ အလုပ်လက်မဲ့ အခြေအနေသို့ ရောက်သည့် ရက် ၇ရက်ကြာပြီးနောက် ထောက်ပံ့ကြေးရနိုင်သည်။

(၂) မိမိဆန္ဒအလျောက်အလုပ်ထွက်ခြင်း၌ Hello Work ၌ အလုပ်လျှောက်လွှာ(*၁)တင်၍ အလုပ်ထုတ်စာရရှိသည့်ရက်နောက်ပိုင်း၌ အလုပ်လက်မဲ့အခြေအနေသို့ရောက်သည့်ရက် ၇ရက်ကြာပြီးနောက်၊ ထို၇ရက်အပြင် နောက်ထပ်၂လ(ကိုယ်ရေးကိုယ်တာကိစ္စကြောင့် အလုပ်ထွက်ခြင်းသည် 5နှစ်အတွင်း 2ကြိမ်အထိ)(*၂)ကြာပြီးနောက် ထောက်ပံ့ကြေးရရှိနိုင် သည်။

*၁ နေထိုင်သည့်ဒေသ၏ Hello Workများနှင့် အလုပ်လျှောက်လွှာတင်ပြီးနောက်၏ အလုပ်ရှာဖွေခြင်းလှုပ်ရှားမှုနှင့်ပတ်သက်၍သည် "(၅) အလုပ်ရှာဖွေခြင်းလှုပ်ရှားမှု" ကို အတည်ပြုစစ်ဆေးပါ။

*၂ ကိုယ်ရေးကိုယ်တာကိစ္စကြောင့် အလုပ်ထွက်ခြင်းသည် 5နှစ်အတွင်း 3ကြိမ်နှင့်နောက်ပိုင်းဖြစ်ပါက 3လကြာ

(၃) မိမိ၏အပြစ်ကြောင့် ကြီးလေးသည့်အကြောင်းပြချက်ဖြင့် အလုပ်ထုတ်ပယ်ခြင်းခံရပါက

Hello Work ၌ အလုပ်လျှောက်လွှာတင်၍ အလုပ်ထုတ်စာရရှိသည့်ရက်နောက်ပိုင်း၌ အလုပ်လက်မဲ့ အခြေအနေသို့ရောက်သည့်ရက် ၇ရက်ကြာပြီးနောက်၊ ထို၇ရက်အပြင် နောက်ထပ်၃လကြာပြီးနောက် ထောက်ပံ့ကြေးရရှိနိုင်သည်။

အလုပ်ထွက်သည့်အခါ၌ လက်တွေ့တွင် အလုပ်ထုတ်ပယ်ခြင်းနှင့် အလုပ်ထွက်ရန်တွန်းအားပေး ခြင်းတို့ကြောင့် အလုပ်ထွက်ခြင်းဖြစ်သော်လည်း မိမိဆန္ဒအလျောက်အလုပ်ထွက်သည့်ပုံစံဖြစ်နေပါက အခြေခံထောက်ပံ့ကြေးလက်ခံမည့်အခါ၌ အားနည်းချက်ဖြစ်နိုင်သောကြောင့် ကုမ္ပဏီမှအလုပ်ထုတ် စာလက်ခံရရှိပါက အလုပ်ထုတ်ရသည့် အကြောင်းအရင်းကော်လံကို တိကျသေချာစွာအတည်ပြု စစ်ဆေးရန်လိုအပ်သည်။


## ထောက်ပံ့ကြေးရရှိနိုင်သည့် အပိုင်းအခြား

ကုမ္ပဏီမှအလုပ်ထွက်ခဲ့သည့် အကြောင်းအရင်းနှင့် အသက်အရွယ်နှင့်လိုက်၍ ကွဲပြားနိုင်သည်။ အခြေခံမှုအားဖြင့် ရက်၉၀မှ ရက်ပေါင်း၃၃၀အထိဖြစ်သည်။

## (၅) အလုပ်ရှာဖွေခြင်းလုပ်ရှားမှု

နောက်ထပ်အလုပ်တစ်ခုကိုရှာဖွေရန်အတွက် Hello Workစသည်တွင် အလုပ်ရှာဖွေခြင်းလှုပ်ရှားမှု ကို လုပ်ဆောင်ရပါမည်။

Hello Work၏လုပ်ငန်းဆိုင်ရာဆွေးနွေးတိုင်ပင်ရန်နေရာတွင် အောက်ပါဝန်ဆောင်မှုများအားလုံး ကို အခမဲ့ရရှိနိုင်ပါသည်။



**(၁) အလုပ်အကြောင်းဆွေးနွေးတိုင်ပင်ခြင်း**

အလုပ်လျှောက်ခြင်းနှင့် အလုပ်နှင့်ပတ်သက်သည့်အမျိုးမျိုးသော ဆွေးနွေးတိုင်ပင်မှုများကို လက်ခံဆောင်ရွက်ပေးနေပါသည်။ မည်ကဲ့သို့သော အကြောင်းအရာဖြစ်စေကာမူ အရင်ဆုံးကောင်တာ တွင် ဆွေးနွေးတိုင်ပင်ကြည့်ကြရအောင်။

**(၂) အလုပ်လုပ်ချင်သည့်ကုမ္ပဏီကိုရှာဖွေခြင်း**

Hello Work တွင်များစွာသောကုမ္ပဏီများ၏ လုပ်သားစုဆောင်းမှုအချက်အလက်များရှိပါသည်။ လုပ်သားစုဆောင်းမှုအချက်အလက်များကို Hello Work၏ ကွန်ပျူတာနှင့် သင်၏စမတ်ဖုန်းများ မှလည်း ကြည့်ရှုနိုင်ပါသည်။

**(၃) အလုပ်လုပ်လိုသောကုမ္ပဏီနှင့်မိတ်ဆက်ခြင်း**

အလုပ်လုပ်လိုသည့်ကုမ္ပဏီကို ရှာတွေ့ပါက Hello Work ၏ကောင်တာသို့ သွားကြရအောင်။ ဝန်ထမ်းများသည် ကုမ္ပဏီနှင့် လုပ်သားစုဆောင်းမှုအဓိကအချက်များနှင့်ပတ်သက်၍ အကြံပေးပါမည်။ ထို့ပြင် အလုပ်ခန့်အပ်ရွေးချယ်ခြင်းအင်တာဗျူးဖြေဆိုနိုင်ရန်အတွက် "မိတ်ဆက်ပေးစာ" ကိုပေးပါမည်။

**(၄) အလုပ်ရှာဖွေခြင်းအားထောက်ပံ့မှု**

Hello Work သည် ကိုယ်ရေးမှတ်တမ်း၊ အလုပ်အတွေ့အကြုံမှတ်တမ်းစသည့် လျှောက်လွှာ စာရွက်စာတမ်းများကို ပြင်ဆင်ညွှန်ကြားခြင်း၊ အင်တာဗျူးတွင်နေထိုင်ရမည့် အပြုအမူများ၊ စိတ်သဘောထားများနှင့် ပတ်သက်၍ အကြံပေးခြင်း၊ အစမ်းအင်တာဗျူးများ၊ အမျိုးမျိုးသော နှီးနှောဖလှယ်ပွဲများကိုလည်း ပြုလုပ်ဆောင်ရွက်လျက်ရှိပါသည်။

**နေထိုင်သည့်ဒေသ၏ Hello Work ကိုဤနေရာတွင် အတည်ပြုစစ်ဆေးပါ။**

https://www.mhlw.go.jp/content/000637894.pdf

**စကားပြန်ရှိသည့် Hello Work များလည်းရှိပါသည်။**

https://www.mhlw.go.jp/content/000592865.pdf

**Hello Work သို့မသွားနိုင်ပါက နိုင်ငံခြားဘာသာစကားဖြင့် Hello Work သို့ဖုန်းခေါ်ဆိုနိုင်ပါသည်**

https://www.mhlw.go.jp/content/000673000.pdf

**၂-၅ တွင်ရေးသားထားသည့်အရာများကို "နိုင်ငံခြားသားများအတွက်ရည်ရွယ်သည့် Hello Work အသုံးပြုစစ်ဆေးမှုစာရင်း" တွင်အသေးစိတ်ရှင်းလင်းပြထားပါသည်။**

https://www.mhlw.go.jp/content/000678121.pdf

**လစာ၊ အလုပ်မှထုတ်ပယ်ခြင်းစသည့် အလုပ်လုပ်ခြင်းဆိုင်ရာသတ်မှတ်ချက်နှင့်စပ်လျဉ်းသော ဆွေးနွေးတိုင်ပင်မှုများသည် ဤနေရာတွင်**

https://www.check-roudou.mhlw.go.jp/soudan/foreigner.html

**အလုပ်၊ လူမှုအာမခံနှင့် စပ်လျဉ်းသော ဝေါဟာရများ၏ အဓိပ္ပာယ်ကို နားမလည်သည့်အခါ၊ "အလုပ်ခန့်ရန်စီမံခန့်ခွဲမှုအတွက် အသုံးဝင်သော ဘာသာစကားပေါင်းစုံ ဝေါဟာရများ" တွင် ရှာဖွေကြည့်ရှုနိုင်ပါသည်။**

https://www.mhlw.go.jp/seisakunitsuite/bunya/koyou_roudou/koyou/jigyounushi/tagengoyougosyu/index.html

# ၃ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး

## ၃-၁ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်သက်တောင့်သက်သာရှိသော လုပ်ငန်းခွင်

အလုပ်သမားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ရန် အတွက် အလုပ်သမားများဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာသန့်ရှင်းရေးဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းထားသည်။ ထိုဥပဒေသည် အလုပ်ကြောင့် အလုပ်သမားများ မတော်တဆထိခိုက်မှုများနှင့် ရောဂါဖြစ်ပွါးခြင်းတို့ မဖြစ်စေရန် ကုမ္ပဏီမှလိုအပ်သည့် လုပ်ဆောင်မှုများကို ပြုလုပ်ရန် တာဝန် များကို ပြဋ္ဌာန်းထားသည်။

### (၁) အလုပ်သမားများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာသန့်ရှင်းရေးဆိုင်ရာဥပဒေ၌ ပါဝင် သည့် အကြောင်းအရာများ

ကုမ္ပဏီမှ အောက်ပါတို့ကိုလုပ်ဆောင်ရန်တာဝန်ရှိသည်။

- စက်ယန္တယား၊ စက်ကိရိယာနှင့် အခြားစက်ကိရိယာများကြောင့် ဖြစ်လာမည့် အန္တရာယ် များကို ကာကွယ်တားဆီးရန် လိုအပ်သော အစီအမံများဆောင်ရွက်ခြင်း
- အလုပ်သမားကို အလုပ်ခန့်အပ်ချိန်နှင့် အလုပ်ခန့်အပ်ပြီးနောက် တစ်နှစ်လျှင် တစ်ကြိမ်နှုန်း ဆရာဝန်ထံမှ ကျန်းမာရေးစစ်ဆေးမှုများကိုပြုလုပ်ရန် (အလုပ်သမားသည် ထိုကျန်းမာရေး စစ်ဆေးမှု များကို မခံယူ၍မရပါ။)
- အလုပ်သမားကို Stress Checkစစ်ဆေးပြီး ရလဒ်ကို အခြေခံကာ အလုပ်နေရာ ပြောင်းရွှေ့ခြင်း အစရှိသဖြင့် လိုအပ်သော အလုပ်ခွင်အပေါ်တိုင်းတာမှုများပြုလုပ်ရန်။ (အလုပ်သမား ၅၀ မပြည့် သည့် လုပ်ငန်းဆောင်ရွက်နေသောနေရာတွင် မဖြစ်မနေဆောင်ရွက်ရန် သတ်မှတ်ထားခြင်း မရှိ ပါ။)
- ကျန်းမာရေးရှုထောင့်မှအလုပ်သမားများ၏ အလုပ်ချိန်ကို ဓမ္မဓိဋ္ဌာန်ကျကျနားလည်ခြင်း။

- အချိန်ကြာမြင့်စွာအလုပ်လုပ်ရခြင်းကြောင့်ဖြစ်ပေါ်လာသည့် အလုပ်ပင်ပန်းမှု တဖြည်းဖြည်း များ ပြားလာသော အလုပ်သမားကို ဆရာဝန်ထံမှ တိုက်ရိုက်ညွှန်ကြား ကုသမှုခံယူစေပြီး ထိုရလဒ်ကို အခြေခံကာ အလုပ်နေရာရွှေ့ပြောင်းခြင်းအစရှိသည့် အလုပ်အပေါ် တာဝန်ယူတိုင်းတာမှုများ ပြုလုပ်ရန်။

## (၂) ကျန်းမာရေးစစ်ဆေးခြင်းအစရှိသဖြင့်

အလုပ်သမားများဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာသန့်ရှင်းရေးဆိုင်ရာ ဥပဒေအား အခြေခံ သည့် ကျန်းမာရေးစစ်ဆေးမှု Stress Checkတို့ကို ပုံမှန်ဝန်ထမ်းနှင့် အောက်ပါ အချက် ၂ချက် တို့နှင့် ပြည့်စုံသော ယာယီဝန်ထမ်း၊ စာချုပ်ဝန်ထမ်း၊ “Part Timer” အချိန်ပိုင်းအလုပ်သမားနှင့် “Arbeit” အချိန်ပိုင်းအလုပ်သမားတို့လည်း စစ်ဆေးမှု ခံယူနိုင် သည်။

- အချိန်အကန့်အသတ်မရှိသည့် စာချုပ်ဖြင့် အလုပ်ခန့်အပ်ခြင်းခံရသူ

(အချိန်အကန့်အသတ်ရှိသည့် စာချုပ်ဖြင့် အလုပ်ခန့်အပ်ခြင်းခံရသည့်အခါမျိုး၌ တစ်နှစ်နှင့် အထက် အလုပ်လုပ်ရန်အစီအစဉ်ရှိသူ နှင့် အသစ်ထပ်မံ၍ တစ်နှစ်နှင့်အထက် အလုပ်ခန့်အပ် ခြင်းခံထားရသူ)

- တစ်ပတ်တာအလုပ်ချိန်က လုပ်ငန်းဆောင်ရွက်နေသောနေရာ၌ တူညီသည့် အလုပ်အမျိုး အစားအား လုပ်ကိုင်သည့် ပုံမှန်အလုပ်သမား၏ ၄ပုံ၃ပုံနှင့်အထက်ရှိသူ

## (၃) ဆရာဝန်၏ တိုက်ရိုက်ညွှန်ကြားမှု (ကုသမှု)

အလုပ်သမားများဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာသန့်ရှင်းရေးဆိုင်ရာ ဥပဒေအား အခြေခံ သည့် ကာလကြာအလုပ်သမားအပေါ် ဆရာဝန်၏ တိုက်ရိုက်ညွှန်ကြားမှုသည် ပုံမှန်ဝန်ထမ်းသာမက ယာယီဝန်ထမ်း၊ စာချုပ်ဝန်ထမ်း၊ “Part Timer” နှင့် “Arbeit” အချိန်ပိုင်းအလုပ်သမားများလည်း အောက်ပါ အချက်အလက်များနှင့်ပြည့်စုံပါက ဆရာဝန်၏တိုက်ရိုက်ညွှန်ကြားမှုကို ခံယူနိုင်သည်။

- အလုပ်ချိန်ပြင်ပ၊ နားရက်အလုပ်ချိန်က တစ်လလျှင်နာရီ၈၀ကိုကျော်လွန်၍ အလုပ်ပင်ပန်းမှုစုပုံနေ သည်ဟု အသိအမှတ်ပြုခံရသူ (လျှောက်ထားမှုပေါ်မူတည်၍)

သို့သော် အောက်ဖော်ပြပါသူများသည် လျှောက်ထားခြင်းမရှိသော်လည်း ဆရာဝန်၏ တိုက်ရိုက်ညွှန်ကြားချက် ခံယူနိုင်သည်။

(၁) တစ်လလျှင် အလုပ်ချိန်ပြင်ပ၊ နားရက်အလုပ်ချိန်က နာရီ၁၀၀ကျော်လွန်သည့် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ(Research and Development) ဆိုင်ရာအလုပ်သမားများ

(၂) တစ်ပတ်လျှင် ကျန်းမာရေးစီမံမှုအချိန် (အလုပ်ခွင်၌ နေထိုင်ချိန်နှင့် အလုပ်ခွင်ပြင်ပအလုပ်ချိန်စုစုပေါင်း)နာရီ၄၀ကျော်လွန်နေပါက ထိုကျော်လွန်သည့်အချိန်က တစ်လလျှင် နာရီ၁၀၀ကို ကျော် လွန်သည့်အဆင့်မြင့် ကျွမ်းကျင်အဆင့် အဖြစ်သတ်မှတ်နိုင်သောလုပ်သား

**လုပ်ငန်းခွင်အတွင်း ကျန်းမာရေးနှင့် လုံခြုံဘေးကင်းရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးတိုင်ပင်မှုသည် ဤနေရာတွင်** (နိုင်ငံခြားသားနေထိုင်မှုအထောက်အပံ့စင်တာ လုံခြုံကျန်းမာသန့်ရှင်းရေးအပိုင်း)
https://www.toukiren.or.jp/fresc/

# ၃-၂ အလုပ်၌ ရရှိသည့် ဒဏ်ရာ၊ ရောဂါ အစရှိသည်တို့အပေါ်ပေးအပ်သည့် နစ်နာကြေး(လုပ်ငန်းခွင်ဆိုင်ရာထိခိုက်မှုအာမခံ)

အလုပ်သမားများသည် အလုပ်ကြောင့်ဒဏ်ရာ၊ ရောဂါရရှိခဲ့ပါက လုပ်ငန်းခွင်ဆိုင်ရာထိခိုက်မှုအာမခံ ဖြင့် နစ်နာကြေး ရရှိနိုင်သည်။

## (၁) လုပ်ငန်းခွင်ဆိုင်ရာထိခိုက်မှုအာမခံ ကျင့်သုံးခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း

- လုပ်ငန်းခွင်ဆိုင်ရာထိခိုက်မှုအာမခံအရ သတ်မှတ်ထားသော ဆေးရုံသို့သွားရောက်ပြသပါက ဆေးကုသစရိတ်သည် အခမဲ့ဖြစ်သည်။ (သတ်မှတ်ဆေးရုံသို့ သွားရောက်ပြသခြင်းမဟုတ်သည့် အခါမျိုး၌ ကာယကံရှင်က စရိတ်စိုက်ထုတ်ပေးချေထားရန်လိုအပ်သော်လည်း အလုပ်စံနှုန်း စစ်ဆေးရေးဝန်ကြီးဌာနသို့လျှောက်ထားပါက တာဝန်ယူပေးချေထားသည့်စရိတ်ကို ပြန်လည် ထုတ်ပေးမည်ဖြစ်သည်။)
- အလုပ်ကိုမဖြစ်မနေအနားယူရမည့် အခြေအနေပေါ်ပေါက် လာပါက (အလုပ်မှအနားယူရသည့် အတွက် (အလုပ်မလုပ်နိုင်သောကြောင့်နစ်နာကြေး) အလုပ် နားရက်၃ရက်မြောက်အထိ အလုပ် ရှင်က ပျမ်းမျှလုပ်အားခပမာဏ မှ၆ဝရာခိုင်နှုန်းနှင့် လေးရက်မြောက်နေ့ရက်မှစ၍ လုပ်ငန်းခွင် ဆိုင်ရာထိခိုက်မှုအာမခံအရ ပျမ်းမျှလုပ်အားခ၏ ၈ဝရာခိုင်နှုန်း ပေးချေမှုရရှိနိုင်မည် ဖြစ်သည်။)
- အလုပ်သမားသေဆုံးသွားခဲ့ပါက ကျန်ရစ်သူမိသားစုသည် ခံစားခွင့်(နစ်နာကြေး) စသည့် ထောက်ပံ့ပေးမှု ရရှိနိုင်မည်ဖြစ်သည်။
- လုပ်ငန်းကြောင့်ဖြစ်ပေါ်သော ဒဏ်ရာနှင့် ရောဂါများကုသရန်အတွက် အလုပ်အနားယူနေစဉ် အတွင်းနှင့် ထိုနောက်ပိုင်းရက်ပေါင်း၃ဝအတွင်း ကုမ္ပဏီမှ အလုပ်သမားကို အလုပ်ထုတ်ပယ်ခြင်း မပြုနိုင်ပါ။

## (၂) အခြားသတိပြုရန် အချက်များ

- အလုပ်အတွင်းရရှိသော ဒဏ်ရာနှင့် ရောဂါများအပြင် အလုပ်အသွားအပြန်၌ ရရှိသည့် ဒဏ်ရာများ ကိုလည်း ဆိုလိုနိုင်သည်။
- အချိန်ကြာအလုပ်လုပ်ရခြင်း အစရှိသဖြင့်အလုပ်ကြောင့်ဖြစ်ပေါ်သည့် စိတ်ကျရောဂါအစရှိသည့် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများသည်လည်း အလုပ်ဆိုင်ရာထိခိုက်နစ်နာမှုအဖြစ် သတ်မှတ်နိုင်သည်။
- မိမိတိုင်းပြည်သို့ပြန်သွားပြီးနောက် ဂျပန်နိုင်ငံတွင်လုပ်ခဲ့သည့်အလုပ်ကြောင့် ရောဂါဖြစ်ပေါ်သည့် အခြေအနေတွင်လည်း အလုပ်ဆိုင်ရာထိခိုက်နစ်နာမှုအဖြစ် သတ်မှတ်နိုင်သည်။
- အလုပ်မှရရှိလာသော ဒဏ်ရာနှင့်ရောဂါတို့အား ကျန်းမာရေးအာမခံသုံးမပြုနိုင်ပါ။
- အလုပ်လုပ်နေစဉ်နှင့် အလုပ်သို့သွားနေစဉ်အတွင်း ပြဿနာကြုံတွေ့ပါက အလုပ်သမားစံနှုန်း စစ်ဆေးရေးဌာနသို့ ဆွေးနွေးတိုင်သည်။
- လုပ်ငန်းခွင်ဆိုင်ရာထိခိုက်မှုအာမခံသည် ပုံမှန်ဝန်ထမ်းသာမက ယာယီဝန်ထမ်း၊ စာချုပ်ဝန်ထမ်း၊ Part Timerနှင့် အချိန်ပိုင်းအလုပ်သမားတို့၌လည်း သက်ရောက်မှုရှိသည်။

- အခြေခံအားဖြင့် အလုပ်သမားတစ်ဦးတည်းပင်ဖြစ်သော်လည်း အလုပ်ခန့်အပ်သည့် ကုမ္ပဏီမှ လုပ်ငန်းခွင်ဆိုင်ရာ ထိခိုက်မှုအာမခံစနစ်အား အာမခံဝင်ရန် တာဝန်ရှိပြီး အာမခံကြေးမှာ ကုန်ကျသည့် ပမာဏအားလုံး ကုမ္ပဏီမှ တာဝန်ယူရမည်ဖြစ်သည်။

**လုပ်ငန်းခွင်ဆိုင်ရာထိခိုက်မှုအာမခံထုတ်ပေးငွေ၏ အသေးစိတ်အကြောင်းအရာကို အောက်ပါ အင်တာနက်စာမျက်နှာတွင် ရေးသားဖော်ပြထားပါသည်။**

https://www.mhlw.go.jp/new-info/kobetu/roudou/gyousei/rousai/gaikoku-pamphlet.html

## ၃-၃ ကျား၊မခွဲခြားဆက်ဆံမှု တားမြစ်ချက်

### (၁) အလုပ်လျှောက်သည့်အခါ

- အလုပ်ခေါ်ခြင်း၊အလုပ်ခန့်အပ်ခြင်းတို့၌ ကျား၊မခွဲခြားဆက်ဆံမှုအား တားမြစ်ထားသည်။

### (၂) အလုပ်ဝင်ပြီးနောက်

- အောက်ပါ အကြောင်းကိစ္စများနှင့် ပတ်သက်၍ ကျား၊မခွဲခြားဆက်ဆံမှုအား တားမြစ်တားသည်။

(၁) အလုပ်နေရာချထားခြင်း၊ အလုပ်ရာထူးတိုးခြင်း၊ အလုပ်ရာထူးချခြင်း၊ ပညာပိုင်းဆိုင်ရာ သင်တန်းပေးခြင်း

(၂) သတ်မှတ်လူမှုဖူလုံရေးအတိုင်းအတာ

(၃) အလုပ်အမျိုးအစား၊ အလုပ်ပုံစံပြောင်းလဲခြင်း

(၄) အလုပ်ထွက်ရန်တွန်းအားပေးခြင်း၊ အငြိမ်းစားအသက်၊ အလုပ်ထုတ်ခြင်း၊ အလုပ်စာချုပ် ပြင်ဆင်ချုပ်ဆိုခြင်း

- အသေးစိတ်ကိုစီရင်စုအလုပ်သမားရုံးအလုပ်ခန့်မှုပတ်ဝန်းကျင်၊မျှတရေးအပိုင်း (အခန်း) သို့ဆက်သွယ်မေးမြန်းပါ။

**အသေးစိတ်ကို စီရင်စုအလုပ်သမားရုံး အလုပ်ခန့်မှုပတ်ဝန်းကျင်၊ မျှတရေးအပိုင်း (အခန်း) သို့မဟုတ် အထွေထွေအလုပ်သမား ညှိနှိုင်းဆွေးနွေးကော်နာသို့ ဆက်သွယ်မေးမြန်းပါ။**

https://www.mhlw.go.jp/content/000177581.pdf

## ၃-၄ နှောင့်ယှက်ထိပါးမှု ကာကွယ်တားဆီးရန် လုပ်ဆောင်မှု


အောက်ဖော်ပြပါ ထိခိုက်စော်ကားသည့်အပြုအမူများကြောင့် အလုပ်ခွင်၌ အလုပ်သမားအား ထိခိုက်စေသည့် အကြောင်းကိစ္စများမဖြစ်ပေါ်စေရန် အလုပ်သမားများ၏ ဆွေးနွေးတိုင်ပင်မှု အရ သင့်တော်သည့် ဆောင်ရွက်မှုများ ပြုလုပ်ရန် ကုမ္ပဏီအနေနှင့်လိုအပ်သော ဖွဲ့စည်းပုံစနစ် ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ လုပ်ကိုင်ဆောင်ရွက်မှုများအား တောင်းဆိုနိုင်သည် ((၄) အာဏာပြ၍ နှောင့်ယှက်ထိပါးမှုနှင့်ပတ်သက်၍သည် အသေးစား အလတ်စားလုပ်ငန်းကုမ္ပဏီများသည် 2022ခုနှစ် မတ်လ 31ရက်နေ့အထိ အားထုတ်ကြိုးပမ်းရန်တာဝန်ရှိခြင်း) ။


(၁) လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ထိပါးမှု

(၂) ကိုယ်ဝန်ဆောင်ခြင်း၊မီးဖွားခြင်းတို့နှင့် ပတ်သက်၍ နှောင့်ယှက်ထိပါးမှု

(၃) ကလေးစောင့်ရှောက်ရန် ခွင့်ရက်နှင့် ပတ်သက်၍ နှောင့်ယှက်ထိပါးမှု

(၄) အာဏာပြ၍ နှောင့်ယှက်ထိပါးမှု (*)





(*) အထက်အရာရှိတို့နှင့် ပတ်သက်မှုအား အသုံးချပြီး အလုပ်ခွင်၌ လိုအပ်သောအတိုင်းအတာထက် ကျော်လွန်၍ ပြုမူပြောဆိုမှုများပြုလုပ်ကာ လုပ်ငန်းခွင်အားထိခိုက်စေမှု

**ဆွေးနွေးတိုင်ပင်ခြင်းကိုအသေးစိတ်ကိုစီရင်စုအလုပ်သမားရုံးအလုပ်ခန့်မှုပတ်ဝန်းကျင်၊မျှတရေးအပိုင်း (အခန်း) သို့မဟုတ်**

**အထွေထွေအလုပ်သမားညှိနှိုင်းဆွေးနွေးကော်နာတွင် လက်ခံေဆာင်ရွက်လျက်ရှိသည်။**

**(ဆွေးနွေးတိုင်ပင်ခြင်းကိုစီရင်စုအလုပ်သမားရုံးအလုပ်ခန့်မှုပတ်ဝန်းကျင်နှင့်မျှတရေးဌာန (အခန်း))**
https://www.mhlw.go.jp/content/000177581.pdf

**(အထွေထွေအလုပ်သမားဆွေးနွေးရေးကော်နာ)**
https://www.mhlw.go.jp/general/seido/chihou/kaiketu/soudan.html

## ၃-၅ နိုင်ငံခြားသား အလုပ်ခန့်အပ်မှုဆိုင်ရာ စီမံခန့်ခွဲရေးလမ်းညွှန်ချက်

- လက်ရှိ ဂျပန်နိုင်ငံ၌ အလုပ်လုပ်ကိုင်နေသော အသက်မွေးဝမ်းကြောင်းဆိုင်ရာနှင့် နည်းပညာ ဆိုင်ရာ နယ်ပယ်များမှ နိုင်ငံခြားသားအလုပ်သမားများနှင့် ယခုမှစ၍ ဂျပန်နိုင်ငံ၌ အလုပ်လုပ်ကိုင် ရန် စိတ်ကူးရှိသော နိုင်ငံခြားသားများအနေဖြင့် အလုပ်လုပ်ကိုင်ရာတွင် တရားမျှတသည့် အကာ အကွယ်ရရှိ၍ သာယာချမ်းမြေ့စွာ မိမိ၏အရည်အချင်းကိုပြသနိုင်သည့် ပတ်ဝန်းကျင် ဖြစ်ရန် လိုအပ်သည်။
- “နိုင်ငံခြားသားအလုပ်သမားများအား အလုပ်ခန့်အပ်မှုဆိုင်ရာ စီမံခန့်ခွဲရေးတိုးတက်မှုနှင့် ပတ်သက်၍ အလုပ်ရှင်မှ သင်တော်သည့်ဆောင်ရွက်မှုများ ပြုလုပ်ရန်လမ်းညွှန်ချက်” (နိုင်ငံခြားသား အလုပ်ခန့်အပ်မှုဆိုင်ရာ စီမံခန့်ခွဲရေးလမ်းညွှန်ချက်ဟု ခေါ်ဆိုသည်) သည် နိုင်ငံခြားသားအလုပ်သမားများ၏ အလုပ်ခန့်အပ်မှုဆိုင်ရာ စီမံခန့်ခွဲရေးတိုးတက်မှုနှင့် ပြန်လည် အလုပ်ဝင်နိုင်ရန်ထောက်ပံ့မှုနှင့် ပတ်သက်၍ အလုပ်ရှင်မှ သင့်တော်သည့် လုပ်ဆောင်မှုများ ပြုလုပ်ရန် ချမှတ်ထားသည့် စည်းကမ်းဖြစ်သည်။
- Hello Work သည် နိုင်ငံခြားသားအလုပ်သမားကို အလုပ်ခန့်အပ်သည့် လုပ်ငန်းဆောင်ရွက်နေ သောနေရာသို့ သွားရောက်သည့်အခါမျိုး၌ ဤညွှန်ကြားချက်ကို အခြေခံ၍ လိုအပ်သော အကြံဉာဏ်များနှင့် လမ်းညွှန်မှုတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

**နိုင်ငံခြားသား အလုပ်ခန့်အပ်မှုဆိုင်ရာ စီမံခန့်ခွဲရေးလမ်းညွှန်ချက်**

https://www.mhlw.go.jp/content/000601382.pdf

**နိုင်ငံခြားသားအလုပ်ခန့်အပ်မှုဆိုင်ရာ စည်းကမ်းများနှင့်ပတ်သက်သည့် လက်ကမ်းစာစောင်**

https://www.mhlw.go.jp/content/000603552.pdf

**အလုပ်ပြဿနာနှင့်ပတ်သက်၍ဆွေးနွေးမှုများကိုအထွေထွေအလုပ်သမားဆွေးနွေးရေးကော်နာတွင်လက်ခံဆောင်ရွက်လျက်ရှိပါသည်။၁မှ၃အထိရေးထားသည့်အထဲမှမေးမြန်းရမည့်နေရာကိုနားမလည်သည့်အချိန်မျိုးတွင်လည်းမေးမြန်းစုံးစမ်းပါ။ကောင်တာတွင်ဆွေးနွေးတိုင်ပင်ရာ၌ဘာသာစကား၁၃မျိုးဖြင့်ဆွေးနွေးခြင်းကိုလက်ခံဆောင်ရွက်လျက်ရှိပါသည်။**

https://www.mhlw.go.jp/general/seido/chihou/kaiketu/soudan.html

# ၄ လူမှုရေးအာမခံနှင့်အလုပ်သမားအာမခံ

လူမှုရေးအာမခံနှင့်အလုပ်သမားအာမခံဆိုသည်မှာ နေ့စဉ်ဘဝ၏ အမျိုးမျိုးသောဆုံးရှုံးနိုင်ခြေများကို ကြိုတင်ကာကွယ်သည့်အနေဖြင့် အလုပ်သမားနှင့်ကုမ္ပဏီ၊ တစ်ဖန် နှစ်ဦးနှစ်ဖက်မှ တရားဝင် ငွေ (အာမခံကြေး)ကို စုဆောင်း၍ အမှန်တကယ် အလုပ်လက်မဲ့ဖြစ်သွားခြင်း၊ ဒဏ်ရာရခြင်း၊ သေဆုံးခြင်း များနှင့် ကြုံတွေ့ရသူများအား အာမခံကြေးအဖြစ် ထုတ်ပေးသည့်စနစ်ဖြစ်သည်။

## ၄-၁ ကျန်းမာရေးအာမခံနှင့်အမျိုးသားကျန်းမာရေးအာမခံ

ကျန်းမာရေးအာမခံနှင့်အမျိုးသားကျန်းမာရေးအာမခံ (အခန်း၆ အခန်းခွဲ ၂ မှ ၂-၁၊ ၂-၂ ကိုကြည့်ပါ) ကို အလုပ်သမားနှင့် ၎င်းအလုပ်သမား၏ မိသားစုအား အောက်ပါအခြေအနေများ၌ လိုအပ်သော ဆေးကုသစရိတ်နှင့် စရိတ်ထောက်ပံ့ငွေများအဖြစ် ထုတ်ပေးသည်။

(၁) ဒဏ်ရာရသောအခါနှင့် နာမကျန်းဖြစ်သောအခါ

(၂) ကလေးမွေးဖွားသောအခါ

(၃) သေဆုံးသောအခါ စသည်

## ၄-၂ အမျိုးသားပင်စင်နှင့် အလုပ်အကိုင်ပင်စင်အာမခံ

အမျိုးသားပင်စင်နှင့်အလုပ်အကိုင်ပင်စင်အာမခံ (အခန်း၇ အခန်းခွဲ ၁မှ ၁-၁၊ ၁-၂ ကိုကြည့်ပါ) သည် သက်ကြီးရွယ်အို၊ မသန်စွမ်း သို့မဟုတ် သေဆုံးခြင်းများအပေါ် ဘဝတစ်သက်တာအတွက် ထောက်ပံ့သော ပင်စင်ကို ဆိုလိုသည်။

## ၄-၃ ပြုစုစောင့်ရှောက်မှုအာမခံ

ပြုစုစောင့်ရှောက်မှုအာမခံသည် ပြုစုစောင့်ရှောက်ရန် လိုအပ်သည့် သက်ကြီးရွယ်အိုများအတွက် လူ့ဘောင်အဖွဲ့အစည်းတစ်ခုလုံးမှ ဝိုင်းဝန်းထောက်ပံ့ပေးသည့် အာမခံ စနစ် ဖြစ်သည်။

**အခန်း(၇) အခန်းခွဲ(၂) ပြုစုစောင့်ရှောက်မှုအာမခံအား ကြည့်ပါ။**

## ၄-၄ အလုပ်ခန့်အပ်မှုအာမခံ

အလုပ်ခန့်အပ်မှုအာမခံ (အခန်းခွဲ ၂-၅ မှ (၄)ကို ကြည့်ပါ) သည် အလုပ်သမားများ အလုပ်လက်မဲ့ ဖြစ်သည့်အခါများ၌ နေထိုင်မှုဘဝအခြေကျစေရေးနှင့် အလုပ်အကိုင်တိုးတက်ရေးတို့အတွက် အလုပ် လက်မဲ့များအား ထုတ်ပေးသည့် စသည့် အာမခံစနစ်ဖြစ်သည်။

### (၁) ပေးအပ်ရန် သင့်တော်သူ

**(၁) အောက်ပါအချက်များမှ တစ်ချက်ချက်နှင့် ကိုက်ညီသူသည် မူအရ အလုပ်လက်မဲ့ ထောက်ပံ့ ကြေး ပေးအပ်ရန်သင့်တော်သူဖြစ်မည်။**

- တစ်ပတ်တာ သတ်မှတ်အလုပ်ချိန် နာရီ၂၀နှင့်အထက် ရှိသူ
- ၃၁ရက်နှင့်အထက် အလုပ်ခန့်အပ်ခံရမည်ဟု မျှော်လင့်ရသူ

**(၂) နံပါတ်(၁)အချက်အရ ထောက်ပံ့ကြေးပေးအပ်ရန်သင့်တော်သူ၏အလုပ်သည် မည်သို့သော လုပ်ငန်းအရွယ်အစားဖြစ်စေကာမူ ထောက်ပံ့ကြေးရနိုင်သည်။**

**(၃) နံပါတ်(၁)အချက်အရ ထောက်ပံ့ကြေးပေးအပ်ရန်သင့်တော်သူသည် အငှားစေလွှတ်ဝန်ထမ်း၊ စာချုပ်ဝန်ထမ်း၊ "Part Timer" အချိန်ပိုင်းအလုပ်သမားနှင့် "Arbeit" အချိန်ပိုင်းအလုပ်သမားများလည်း ထောက်ပံ့ကြေးရရှိနိုင်သည်။**

### (၂) အာမခံကြေးအတွက် တာဝန်ရှိသူ

**(၁) အလုပ်သမားများ အလုပ်ခန့်အပ်မှုအာမခံဝင်ရန်မှာ ကုမ္ပဏီ၏တာဝန် ဖြစ်သည်။**

**(၂) အာမခံကြေးကို အလုပ်သမားနှင့် ကုမ္ပဏီ နှစ်ဦးနှစ်ဖက်က တာဝန်ယူရမည်။**

**အလုပ်ခန့်အပ်မှုအာမခံ**

https://www.hellowork.mhlw.go.jp/insurance/insurance_summary.html

## ၄-၅ လုပ်ငန်းခွင်ဆိုင်ရာထိခိုက်မှုအာမခံ

လုပ်ငန်းခွင်ဆိုင်ရာထိခိုက်မှုအာမခံ (အခန်းခွဲ ၃-၂ ကိုကြည့်ပါ) သည် အောက်ပါအခြေအနေများ၌ နိုင်ငံတော်က လိုအပ်သည့် အာမခံကြေးများ ထုတ်ပေးသည့် အများပြည်သူဆိုင်ရာ စနစ်ဖြစ်သည်။


(၁) အလုပ်သမားများ လုပ်ငန်းကြောင့်ဖြစ်ပေါ်သော ဒဏ်ရာ၊ ရောဂါ၊ သေဆုံးခြင်း (လုပ်ငန်းကြောင့် ဖြစ်ပေါ်သောထိခိုက်မှုဖြစ်ပါက)

(၂) များစွာသော ကုမ္ပဏီများတွင် ခန့်အပ်ခြင်းခံထားရသည့် ပုဂ္ဂိုလ်၏ များစွာသောလုပ်ငန်းကြောင့် ဖြစ်ပေါ်သည့် ဒဏ်ရာ၊ ရောဂါ၊ သေဆုံးခြင်း (များစွာသောလုပ်ငန်းကြောင့်ထိခိုက်မှု) ဖြစ်ပါက

(၃) အလုပ်သွားအလုပ်ပြန်လမ်း၌ မတော်တဆမှု စသည် ပေါ်ပေါက်ပါက (အလုပ်သွားအလုပ်ပြန် ထိခိုက်မှု)

အခန်း ၄

# ကလေးမွေးဖွားခြင်းနှင့် ပြုစုပျိုးထောင်ခြင်း



## ၁ ကိုယ်ဝန်ဆောင်အတွက်လုပ်ထုံးလုပ်နည်း

### ၁-၁ ကိုယ်ဝန်ဆောင်ဖြစ်ကြောင်းအသိပေးအကြောင်းကြားခြင်းနှင့် မိခင်နှင့်ကလေးကျန်းမာရေးဆိုင်ရာမှတ်တမ်းစာအုပ်ထုတ်ပေးခြင်း စသည်

- ကိုယ်ဝန်ရှိကြောင်း သိရှိသည်နှင့် မိမိနေထိုင်ရာရှိ မြို့နယ်ရပ်ကွက်ကျေးရွာရုံးသို့ အမြန်ဆုံး အကြောင်းကြားပါ။
- ထိုအခါ မြို့နယ်ရပ်ကွက်ကျေးရွာရုံးမှ ကိုယ်ဝန်ရှိကြောင်းအကြောင်းကြားလာသူအား အောက်ပါ တို့ကို ပေးအပ်မည်။

(၁) မိခင်နှင့်ကလေးကျန်းမာရေးဆိုင်ရာ မှတ်တမ်းစာအုပ်ထုတ်ပေးခြင်း

(၂) ကိုယ်ဝန်ဆောင်မိခင်၏ကျန်းမာရေးစစ်ဆေးမှုအတွက် အစိုးရစရိတ်ဖြင့် ထောက်ပံ့ပေးသော ကျန်းမာရေး စစ်ဆေးလက်မှတ်များ သို့မဟုတ် ကူပွန်များထုတ်ပေးခြင်း

(၃) ပြည်သူ့ကျန်းမာရေးသူနာပြုများမှ ကျန်းမာရေးဆိုင်ရာများ ဆွေးနွေးပေးခြင်း

(၄) မိဘပညာရေးအဆင့်အတန်း(မိခင်ပညာရေးအဆင့်အတန်း၊ ဖခင်ပညာရေးအဆင့်အတန်း)သို့ဦးတည်သောသင်တန်းများမိတ်ဆက်ပေးခြင်း

* မိခင်နှင့်ကလေးကျန်းမာရေးဆိုင်ရာ မှတ်တမ်းစာအုပ်သည် မိခင်၏ကိုယ်ဝန်ဆောင်ချိန်မှစ၍ ကလေးမွေးဖွားပြီးချိန်အထိနှင့် ကလေး၏မွေးကင်းစအရွယ်မှနို့စို့အရွယ်အထိ ကျန်းမာရေး အခြေ အနေများကို တစ်စုတစည်းတည်း မှတ်တမ်းတင်ရေးမှတ်ထားသည့်အပြင် နို့စို့ကလေး၏ အုပ်ထိန်းသူ အား ကလေးပြုစုပျိုးထောင်ခြင်းနှင့်စပ်လျဉ်း၍ လမ်းညွှန်ပြသထားသည့် စာအုပ် ဖြစ်သည်။ လိုအပ် လျှင် အုပ်ထိန်းသူ ကိုယ်တိုင် ရေးမှတ်စီမံနိုင်ပြီး ဆေးကုသမှုဆိုင်ရာပါရဂူများ၊ သက်ဆိုင်ရာများမှ လည်း မှတ်တမ်းတင် ကိုးကားနိုင်သည်။

### ၁-၂ ကိုယ်ဝန်ဆောင်မိခင်အားကျန်းမာရေးစစ်ဆေးခြင်း

- ကိုယ်ဝန်ဆောင်စဉ်တွင် သာမန်အချိန်များထက်ပို၍ ကျန်းမာရေးဂရုစိုက်ရန် လိုအပ်သည်။


ကိုယ်ဝန်ဆောင်မိခင်၏ကျန်းမာရေးစစ်ဆေးမှုအား အချိန်မှန်ပြုလုပ်ကာ ဆရာဝန်နှင့် သားဖွား ဆရာမ စသည်တို့၏ အကြံဉာဏ်ကို လက်ခံ၍ ကျန်းမာရေးဆိုင်ရာစီမံမှုများတွင် ပူးပေါင်းပါဝင် ပါ။

- ကိုယ်ဝန်ဆောင်မိခင်၏ကျန်းမာရေးစစ်ဆေးမှုကို ယေဘုယျအားဖြင့် အောက်ပါအကြိမ်ရေဖြင့် ဆေးစစ်မှုခံယူသင့်သည်။

(၁) ကိုယ်ဝန်စဆောင်ချိန်မှစ၍ကိုယ်ဝန်၂၃ပတ်အထိတွင် လေးပတ်တစ်ကြိမ်

(၂) ကိုယ်ဝန်၂၄ပတ်မှ၃၅ပတ်အထိတွင် နှစ်ပတ်တစ်ကြိမ်

(၃) ကိုယ်ဝန်၃၆ပတ်မှမွေးဖွားချိန်အထိတွင် တစ်ပတ်တစ်ကြိမ်



## ၁-၃ ပြည်သူ့ကျန်းမာရေးသူနာပြုနှင့်သားဖွားဆရာမစသည်တို့မှ နေအိမ်အထိလာရောက် ညွှန်ကြားပေးခြင်း


နေအိမ်အထိ ပြည်သူ့ကျန်းမာရေးသူနာပြုနှင့် သားဖွားဆရာမတို့မှ လာရောက်၍ အောက်ပါ ဆွေးနွေးချက်များ၊ ညွှန်ကြားချက်များ ပြုလုပ်မည်။

(၁) နေအိမ်တွင်း လှုပ်ရှားဆောင်ရွက်မှုနှင့် စားသောက်ပုံစသည်တို့ကို ညွှန်ကြားခြင်း

(၂) ကိုယ်ဝန်ဆောင်ခြင်း၊ ကလေးမွေးဖွားခြင်းတို့နှင့်စပ်လျဉ်း၍ အဆင်မပြေမှုများနှင့် စိုးရိမ်ပူပန်မှု များကို ဆွေးနွေးခြင်း

(၃) မွေးကင်းစကလေးအား ပြုစုစောင့်ရှောက်ခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း

* ထိုသို့ အိမ်တိုင်ရာရောက်လာရောက် ညွှန်ကြားပေးခြင်းသည် အခမဲ့ဖြစ်သည်။ အသေးစိတ်ကို မိမိ နေထိုင်ရာရှိမြို့နယ်ရပ်ကွက်ကျေးရွာရုံးတို့တွင် မေးမြန်းစုံစမ်းပါ။



## ၁-၄ မိဘပညာရေးအဆင့်အတန်း (မိခင်ပညာရေးအဆင့်အတန်း၊ ဖခင်ပညာရေးအဆင့်အတန်း)

မြို့နယ်ရပ်ကွက်ကျေးရွာများတွင် ကိုယ်ဝန်ဆောင်ခြင်း၊ ကလေးမွေးဖွားခြင်း၊ ကလေးပြုစု ပျိုးထောင်ခြင်း၊ လိုအပ်သောအာဟာရဓာတ်များဖြည့်စွက်ပေးခြင်း စသည်တို့နှင့်စပ်လျဉ်း၍ သင်တန်း များပို့ချလျက်ရှိသည်။ မိဘအချင်းချင်းလည်း အသိပညာများဖလှယ်ကာ ဆွေးနွေးနိုင်သည်။



# ၂ ကလေးမွေးဖွားပြီးနောက်လုပ်ထုံးလုပ်နည်း

## ၂-၁ ကလေးမွေးဖွားကြောင်းအသိပေးအကြောင်းကြားခြင်း



**ဂျပန်နိုင်ငံ၌ကလေးမွေးဖွားပါက**

- ဖခင်(သို့)မိခင်သည် ကလေးမွေးဖွားကြောင်းအသိပေးစာကို မပြုလုပ်၍မရပါ။
- အဆိုပါအသိပေးစာကို ကလေးမွေးဖွားသည့်နေ့မှစ၍ ၁၄ရက်အတွင်း ပြုလုပ်ရန်လိုအပ်သည်။
- အဆိုပါအသိပေးစာကို ကလေးမွေးဖွားသည့်နေရာ သို့မဟုတ် အကြောင်းကြားသူနေထိုင်ရာရှိ မြို့နယ်ရပ်ကွက်ကျေးရွာရုံးသို့ ပေးပို့ရမည်။

### (၁) မွေးဖွားကြောင်းအသိပေးစာပေးပို့ရာတွင်လိုအပ်သည့်အချက်များ

- မွေးစာရင်း
- တခြားလိုအပ်သည့်အရာများကို အသိပေးစာပေးပို့မည့် မြို့နယ်ရပ်ကွက်ကျေးရွာရုံးတွင် မေးမြန်း ပါ။

### (၂) တခြားလုပ်ထုံးလုပ်နည်းများ

ကလေးမွေးဖွားပြီးသည့်နေ့မှစ၍ ရက်ပေါင်း၆၀ကျော်သည်အထိ နေထိုင်ခွင့်အဆင့်မရရှိသေးလျှင် နေထိုင်မှုမှတ်တမ်း ပယ်ဖျက်ခံရပြီး အမျိုးသားကျန်းမာရေးအာမခံနှင့် ကလေးစရိတ် စသည့် ပြည်သူ့ဝန်ဆောင်မှုမရနိုင်ခြင်းများ ရှိသည်။

အသေးစိတ်ကို အခန်း၁၏ အခန်းခွဲ ၂-၄ နေထိုင်ခွင့်အဆင့်ရရှိခြင်းတွင် ဖတ်ရှုပါ။

## ၂-၂ မွေးဖွားပြီးနောက်ကလေး၏အမိနိုင်ငံသို့အသိပေးစာ

ဖခင်ရောမိခင်ပါ အခြားနိုင်ငံမှနိုင်ငံသားဖြစ်လျှင် ကလေးသည် ဂျပန်နိုင်ငံတွင်မွေးဖွားခဲ့သည် ဖြစ်စေကာမူ ဂျပန်နိုင်ငံသားမရနိုင်ပါ။ ဤကဲ့သို့သော အခြေအနေမျိုးတွင် ကလေးမွေးဖွားမှုနှင့် စပ်လျဉ်း၍ အမိနိုင်ငံသို့ အသိပေးအကြောင်းကြားခြင်း လုပ်ထုံးလုပ်နည်းများ ဆောင်ရွက်ပါ။ အသေးစိတ်လုပ်ထုံးလုပ်နည်းနှင့် စပ်လျဉ်း၍ ဖခင် (သို့) မိခင်၏ အမိနိုင်ငံမှ ဂျပန်အခြေစိုက် သံရုံးနှင့် (အထွေထွေ) ကောင်စစ်ဝန်ရုံးတို့တွင် မေးမြန်းစုံစမ်းပါ။



ထို့ပြင် ကလေး၏နိုင်ငံကူးလက်မှတ်ကိုပါ တစ်ပါတည်းရယူပါ။

# ၃ ကလေးမွေးဖွားစရိတ်နှင့်အထွေထွေစရိတ်

ကိုယ်ဝန်ဆောင်ခြင်းနှင့် ကလေးမွေးဖွားခြင်းသည် နာမကျန်းဖြစ်ခြင်း မဟုတ်သဖြင့် အခြေခံအား ဖြင့် ကျန်းမာရေးအာမခံအသုံးမပြုနိုင်ပေ။

ခြွင်းချက်အနေဖြင့် ဗိုက်ခွဲမွေးဖွားခြင်း စသည်တို့၏ ခွဲစိတ်စရိတ်အတွက် ကျန်းမာရေးအာမခံ အသုံးပြုနိုင်သည်။

## ၃-၁ ကလေးမွေးဖွားစောင့်ရှောက်မှုအတွက်တစ်ကြိမ်ပေးငွေ

လုပ်ငန်းခွင်ကျန်းမာရေးအာမခံ သို့မဟုတ် အမျိုးသားကျန်းမာရေးအာမခံရှိသူသည် ကလေး မွေးဖွားသည့်အခါ မွေးဖွားစရိတ်အဖြစ် ၄၂၀,၀၀၀ယန်း ရရှိမည့်စနစ်ဖြစ်သည်။သို့သော် ကိုယ်ဝန် ဆောင်ကာလ ၂၂ပတ်မပြည့်ခြင်း စသည်ကြောင့် မွေးဖွားကုသထောက်ပံ့စနစ် (**産科医療補償制度**) ဖြင့် ကလေးမွေးဖွားခြင်းမဟုတ်ပါက ၄၀၈,၀၀၀ယန်း သာ ရရှိမည်ဖြစ်သည်။

ပေးချေစနစ်မှာအောက်ပါအတိုင်း၂မျိုးရှိသည်။

**(၁) တိုက်ရိုက်ပေးချေစနစ်**

ကလေးမွေးဖွားစောင့်ရှောက်မှုအတွက်တစ်ကြိမ်ပေးငွေအား တောင်းဆိုမှုနှင့်ရရှိမှုကို ကိုယ်ဝန် ဆောင်မိခင်ကိုယ်စား ဆေးကုသမှုဆိုင်ရာအဖွဲ့အစည်း စသည်က ဆောင်ရွက်ပေးသော စနစ်ဖြစ် သည်။ အဆိုပါစရိတ်ကို ဆေးကုသမှုဆိုင်ရာအဖွဲ့အစည်းများထံ တိုက်ရိုက်ပေးချေသည်ဖြစ်ရာ ဆေးရုံ ဆင်းချိန်တွင် ကောင်တာ၌ စုစုပေါင်းကလေးမွေးဖွားစရိတ်ကို ပေးချေရန်မလိုအပ်ပေ။

**(၂) ကိုယ်စားလက်ခံစနစ်**

ကိုယ်ဝန်ဆောင်မိခင်စသည်က ဝင်ရောက်ထားသည့် ကျန်းမာရေးအာမခံအသင်းစသည်တွင် ကလေး မွေးဖွားစောင့်ရှောက်မှုအတွက်တစ်ကြိမ်ပေးငွေကို တောင်းဆိုသည့်အချိန်တွင် အဆိုပါစရိတ် ကို ကလေး မွေးဖွားပေးသော ဆေးကုသမှုဆိုင်ရာအဖွဲ့အစည်း စသည်ထံ ကိုယ်စားလက်ခံပေးရန် တောင်းဆိုခြင်းဖြင့် အဆိုပါအဖွဲ့အစည်းထံ ကလေးမွေးဖွားစရိတ်ကို တိုက်ရိုက်ပေးချေသည့်စနစ် ဖြစ်သည်။

## ၃-၂ ကလေးမွေးဖွားစောင့်ရှာက်စရိတ်ထောက်ပံ့ငွေ

ကျန်းမာရေးအာမခံဝင်ထားသူကာယကံရှင်သည်ကလေးမွေးဖွားရန်အတွက်ကုမ္ပဏီမှရပ်နား၍အဆိုပါကာလအတွင်းလစာမရရှိလျှင်မွေးရက် (သတ်မှတ်ရက်) မတိုင်မီ ရက်ပေါင်း၄၂ရက် (အမွှာ ကိုယ်ဝန်ဖြစ်ပါက၉၈ရက်) မှ မွေးဖွားပြီးနောက်ရက်ပေါင်း၅၆ရက်အထိ အတိုင်းအတာအတွင်း ကုမ္ပဏီမှရပ်နားသည့်ကာလအတွက်ကလေးမွေးဖွားစောင့်ရှောက်စရိတ်ထောက်ပံ့ငွေလက်ခံရရှိနိုင်ပါမည်။ မူအရ ကလေးမွေးဖွားစရိတ်ထောက်ပံ့ငွေအဖြစ် ကလေးမမွေးဖွားမီနှင့်မွေးဖွားပြီး အလုပ်ရပ်နားစဉ်တွင် ကျန်းမာရေးအာမခံမှ တစ်နေ့လျှင် လုပ်အားခ၏၃ပုံ၂ပုံနှင့်ကိုက်ညီသည့် ပမာဏကို လက်ခံရရှိနိုင်ပါမည်။ သို့သော် အလုပ် ရပ်နားစဉ်အတွင်း ကုမ္ပဏီလစာ ရရှိလျှက်ရှိပြီး ကလေးမွေးဖွားစရိတ်ထောက်ပံ့ငွေထက်များပြားသော ငွေပမာဏ ရရှိလျှက်ရှိပါက စရိတ်ထောက်ပံ့ငွေ မရရှိနိုင်ပါ။

မွေးရက်ဟုဆိုရာတွင် မွေးဖွားရက်မတိုင်မီကာလအားလုံးကိုဆိုလိုသည်။ မွေးဖွားရန်သတ်မှတ်ထား သည့်ရက်ထက် မွေးရက်နောက်ကျပါက အဆိုပါနောက်ကျသည့်ကာလအတွက်ပါ ထောက်ပံ့ကြေး လက်ခံရရှိနိုင်ပါမည်။

# ၄-၃ ကလေးပြုစုစောင့်ရှောက်ရန်ခွင့်အတွက်ထုတ်ပေးငွေ(ကလေးစောင့်ရှောက်မှုခွင့်ယူစဉ်အတွင်းထုတ်ပေး)

## (၁) ကလေးပြုစုစောင့်ရှောက်မှုခွင့်ထောက်ပံ့ငွေ

အလုပ်အာမခံဝင်ထားသူသည် အသက်၁နှစ် (အချို့အခြေအနေများတွင်၁နှစ်နှင့်၂လ၊ အချို့ အခြေအနေများတွင် ၁နှစ်၆လ သို့မဟုတ် ၂နှစ်) မပြည့်သေးသောကလေးအား ပြုစုပျိုးထောင်ရန် နားရက်ခွင့်ကို ရယူပြီး အောက်ပါ လိုအပ်သည့်အချက်များနှင့် ကိုက်ညီသူများသည် မူအရ HelloWorkတွင် လျှောက်ထားလျှင် ၎င်းမှ ကလေးပြုစုစောင့်ရှောက်ရန်ခွင့်အတွက်ထုတ်ပေးငွေကိုလက်ခံရရှိနိုင်ပါမည်။ (အလုပ်ရပ်နားပြီး ပထမ ရက်၁၈၀သည် အလုပ်မရပ်နားမီ ရရှိသောလုပ်အားခ၏၆၇ရာခိုင်နှုန်းတိတိနှင့်၊ နောက်ပိုင်းတွင် ၅၀ ရာခိုင်နှုန်းတိတိ ရရှိမည်ဖြစ်သည်။)

- ထုတ်ပေးငွေရယူရန်အတွက် လိုအပ်သည့်အချက်များ

(၁) အလုပ်ရပ်နားသည့်နေ့ မတိုင်မီ ၂နှစ်အတွင်း တစ်လလျှင် ၁၁ရက်နှင့် အထက် အလုပ်လုပ်ခဲ့သောလ သို့မဟုတ် လုပ်အားခပေးချေမှု၏အခြေခံဖြစ်သည့် အလုပ်ချိန်နာရီသည် 80နာရီနှင့်အထက်ရှိသည့်လ ပေါင်း ၁၂လနှင့်အထက် ရှိခြင်း

(၂) ကလေးပြုစုစောင့်ရှောက်ရန် အလုပ်ရပ်နားစဉ်အတွင်း ရရှိသော လုပ်အားခသည် အလုပ်စတင် ရပ်နားစဉ်က ရရှိသောလုပ်အားခနှင့်ယှဉ်လျှင် ၈၀ရာခိုင်နှုန်းအောက် လျော့နည်းနေခြင်း စသည့် အခြေအနေတစ်မျိုးမျိုးနှင့် ကိုက်ညီခြင်း

ထို့ပြင်၊ ၂၀၂၂ခုနှစ်၁၀လပိုင်းမှစ၍ နားရက်ကို ခွဲပြီး ရယူသည့်အခါတွင် အခြေခံအားဖြင့် ၂ကြိမ်မြောက်အထိ ကလေးစောင့်ရှောက်မှုခွင့်ထောက်ပံ့ကြေးကို ရနိုင်ပါသည်။

* သတ်မှတ်ကာလအတွင်းခန့်အပ်ခြင်းခံရသောဝန်ထမ်း(စာချုပ်အရသတ်မှတ်ကာလအတွင်းသာ လုပ်ကိုင်နိုင်သောဝန်ထမ်း)ဖြစ်လျှင်

သတ်မှတ်ကာလအတွင်းသာခန့်အပ်ခြင်းခံရသောဝန်ထမ်းသည် အထက်ဖော်ပြပါအချက်များအပြင် အလုပ်စတင်ရပ်နားချိန်တွင် ကလေး ၁နှစ်၆လအရွယ် အတောအတွင်း (မူကြိုကျောင်းတွင် မတက်နိုင်ခဲ့ခြင်းစသည့် အကြောင်းပြချက်ဖြင့်၊ ၁နှစ်၆လရှိပြီးနောက်တွင် ခွင့်စတင်ယူသည့်အချိန်မျိုးအတွက် ၂နှစ်အရွယ်အထိအချိန်ကာလတွင်း)တွင် ထိုအလုပ်ခန့်အပ်မှုစာချုပ်ပြည့်သွားခြင်းကို သေချာမသိရှိရသည့် အကြောင်းအရာနှင့်ပါ ကိုက်ညီရန်လိုအပ်သည်။



## (၂) မွေးဖွားချိန်ကလေးစောင့်ရှောက်မှုခွင့်ထောက်ပံ့ကြေး (၂၀၂၂ခုနှစ်၁၀လပိုင်းမှစသော စနစ်)

အလုပ်သမားအာမခံတွင် အသင်းဝင်ထားသူသည် ကလေးမွေးလာပြီးနောက် ၈ပါတ်မကျော်လွန်မီအတွင်းတွင်၄ပါတ်အထိအချိန်ကာလကိုသတ်မှတ်၍ ကလေးကိုပြုစုပျိုးထောင်ရန်အတွက်နားရက်ခွင့် (မွေးဖွားပြီးနောက်ပါးပါးကလေးထိန်းခွင့်)ကိုရယူပြီး၊ အောက်ပါလိုအပ်သည့်အချက်များကိုပြည့်မီသည့်သူသည် Hello workသို့ ထောက်ပံကြေးလျှောက်လွှာတင်ခြင်းဖြင့် မွေးဖွားချိန်ကလေးစောင့်ရှောက်မှုခွင့်ထောက်ပံ့ကြေးကိုရယူနိုင်ပါသည်။ (နားရက်မစတင်မီလခ၏ ၆၇ရာခိုင်နှုန်းနှင့် ညီမျှသည့် ပမာဏ။ မွေးဖွားချိန်ကလေးစောင့်ရှောက်ခွင့်ထောက်ပံ့ကြေးကိုထုတ်ပေးသည့်ရက်အရေအတွက်သည် ၃-၃(၁) ကလေးစောင့်ရှောက်မှုခွင့်ထောက်ပံ့ကြေး၏ ထောက်ပံ့နှုန်းထား၆၇ရာခိုင်နှုန်းဖြစ်သည့် ရက်အရေအတွက် ၁၈၀ရက်ကိုပေါင်းတွက်ပါမည်။)

- ထောက်ပံ့ကြေးကိုရယူနိုင်ရန် လိုအပ်သည့်အချက်များ

(၁) နားရက်စတင်သည့်ရက်မတိုင်ခင်၂နှစ်အတွင်းတွင် ၁၁ရက်အထက် အလုပ်လုပ်ခဲ့သည့်လ ၊သို့ လစာပေးချေရန် အခြေခံဖြစ်သည့် အလုပ်လုပ်ချိန်ပေါင်းက၈၀နာရီအထက်ဖြစ်သည့်လက၁၂လအထက်ရှိခြင်း

(၂) နားရက်ယူစဉ်တွင်း၏လစာမှာနားရက်စတင်သည့်အချိန်တွင်ရသည့် လစာနှင့်ယှဉ်ပါက၈၀ရာခိုင်နှုန်းအောက် ရှိခြင်းစသည့် သက်မှတ်ထားသည့်အချက်များကိုပြည့်ပီခြင်း

(၃) နားရက်ဘူသည့်အချိန်ကာလအတွင်းအလုပ်လုပ်သည့်ရက်အရေအတွက်ကအများဆုံး၁၀ရက် (၁၀ရက်ကျော်သည့်အချိန်မျိုးတွင်းအလုပ်လုပ်ခဲ့သည့်အချိန်ပေါင်းက၈၀နာရီ) အောက်ဖြစ်ခြင်း (သို့သော်၊ နားရက်အချိန်ကာလက၂၈ရက်ထက် တိုတောင်းသောအချိန်မျိုးတွင် ထိုရက်ပေါင်းနှင့် အချိုးချ၍ အလုပ်လုပ်နိုင်မည့်ရက်ပေါင်း၊ အချိန်ပေါင်းလည်းတိုသွားမည်)

ထို့ပြင်၊ မွေးဖွားပြီးနောက်ပါးပါးကလေးထိန်းနားရက်ခွင့်ကိုခွဲ၍ ရယူသည့်အချိန်မျိုးတွင်လည်း၂ကြိမ်မြောက်အထိကိုမွေးဖွားချိန်ကလေးစောင့်ရှောက်မှုခွင့်ထောက်ပံ့ကြေးရနိုင်ပါသည်။

တဖန်၊ အောက်ပါ(၁)(၂)မှ တခုခုနှင့် ကိုက်ညီသည့် ခွင့်ရက်နှင့်ပတ်သက်၍၊ ၎င်းခွင့်ရက်အတွက် ထောက်ပံကြေးကိုမပေးပါ။

(၁) တူညီသည့် ကလေးအတွက် ရယူထားသည့် ၃ကြိမ်မြောက်နောက်ပိုင်းမှ မွေးဖွားချိန်ကလေးစောင့်ရှောက်မှုခွင့်

(၂) တူညီသည့်ကလေးအတွက် ရယူထားသည့် မွေးဖွားချိန်ကလေးစောင့်ရှောက်မှုခွင့်၏ ရက်စုစုပေါင်း က၂၈ရက် ကျော်သွားသည့် အပိုင်း

* သတ်မှတ်ကာလအတွင်းခန့်အပ်ခြင်းခံရသောဝန်ထမ်း(စာချုပ်အရသတ်မှတ်ကာလအတွင်းသာလုပ်ကိုင်နိုင်သောဝန်ထမ်း)ဖြစ်လျှင်

သတ်မှတ်ကာလအတွင်းခန့်အပ်ခြင်းခံရသောဝန်ထမ်း(စာချုပ်အရသတ်မှတ်ကာလအတွင်းသာလုပ်ကိုင်နိုင်သောဝန်ထမ်း)သည် ကလေးမွေးဖွားပြီးနောက် ၈ပါတ်ကိုကျော်လွန်ပြီးနောက်တစ်နေ့မှ စ၍ ၆လကြာအထိအတောအတွင်းတွင်၊ ထိုအလုပ်ခန့်အပ်စာချုပ် ပြီးဆုံးသွားသည်ကိုသေချာမသိရှိခြင်းဆိုသည့် အချက်ကိုပြည့်မီရန်လိုအပ်ပါသည်။

# ၃-၄ ကလေးစရိတ်

ကလေးစရိတ်သည် နေအိမ်ရှိ နေထိုင်မှုဘဝ အေးချမ်းသာယာရေးနှင့် ကလေးကျန်းမာဖွံ့ဖြိုးရေး အတွက် ပေးအပ်သောစရိတ်ဖြစ်သည်။

ကလေးနှင့် ကလေးအားပြုစုပျိုးထောင်သူသည် ဂျပန်နိုင်ငံအတွင်း နေထိုင်လျှင် အဆိုပါစရိတ်ကို ရရှိနိုင်သည်။

## (၁) စရိတ်ရရှိနိုင်သောသူ

ကလေး၏ ၁၅နှစ်မြောက်မွေးနေ့ပြီး၍ပထမဆုံးလာမည့်မတ်လ၃၁ရက်နေ့အထိ ကလေးအားပြုစု ပျိုးထောင်နေသည့်သူ

## (၂) စရိတ်ရရှိနိုင်မည့်နည်းလမ်း

- ဦးစွာ မိမိနေထိုင်ရာရှိမြို့နယ်ရပ်ကွက်ကျေးရွာရုံးတွင် စရိတ်ရရှိရန် လျှောက်ထားပါ။
- မူအရ လျှောက်ထားသည့်လ၏ နောက်တစ်လအတွက်စရိတ်မှစ၍ စရိတ်များရယူနိုင်သည်။
- နောက်ထပ်ကလေးမွေးဖွားခြင်း၊ အခြားမြို့နယ်သို့ပြောင်းရွှေ့နေထိုင်ခြင်း စသည်တို့ဖြစ်ပေါ်လျှင် အဆိုပါစရိတ်အတွက် ထပ်မံလျှောက်ထားရမည်။

## (၃) ရရှိနိုင်သည့်ငွေပမာဏ

| ကလေးအသက် | ကလေးစရိတ်(လစဉ်တစ်ဦးစာစရိတ်) |
|---|---|
| ၃နှစ်အောက် | တန်းတူညီမျှ ၁၅,၀၀၀ ယန်း |
| ၃နှစ်နှင့်အထက်မှ<br>၁၂နှစ်မြောက်မွေးနေ့ပြီး၍ပထမဆုံး လာမည့်<br>မတ်လ၃၁ရက်နေ့အထိ | ၁၀,၀၀၀ ယန်း<br>(တတိယကလေးနှင့်နောက်ပိုင်းကလေးများ<br>အတွက်၁၅,၀၀၀ယန်း) |
| ၁၂နှစ်မြောက်မွေးနေ့ပြီး၍ပထမဆုံး လာမည့်<br>မတ်လ၃၁ရက်နေ့မှ<br>၁၅နှစ်မြောက်မွေးနေ့ပြီး၍ပထမဆုံး လာမည့်<br>မတ်လ၃၁ရက်နေ့အထိ | တန်းတူညီမျှ ၁၀,၀၀၀ယန်း |

* ကလေးပြုစုပျိုးထောင်နေသူ၏ဝင်ငွေသည် ကလေးပြုစုပျိုးထောင်ရန် ရရှိနိုင်မည့်ငွေပမာဏထက် ပိုများနေလျှင် တစ်လလျှင် ၅,၀၀၀ယန်း (၂၀၂၂ခုနှစ် ဇွန်လစာမှ၊ တစ်လလျှင် ၅,၀၀၀ယန်း သို့မဟုတ် ၀ ယန်း) တိတိသာ ရရှိမည်။

* "တတိယကလေးနှင့် နောက်ပိုင်းကလေးများ"ဆိုသည်မှာ အသက်၁၈နှစ်မြောက် မွေးနေ့ပြီး၍ ပထမဆုံးလာမည့်မတ်လ၃၁ရက်နေ့အတွင်းရှိသော ကလေးများအနက် တတိယမြောက်ကလေးနှင့် နောက်ပိုင်းမွေးလာသည့်ကလေးများကို ဆိုလိုသည်။

## (၄) စရိတ်ရရှိနိုင်မည့်အချိန်

မူအရ နှစ်စဉ် ဇွန်လ၊ အောက်တိုဘာလနှင့် ဖေဖော်ဝါရီလတိုင်းတွင် ၄လစာအတွက်ပေါင်း၍ စရိတ် ပေးချေမည်ဖြစ်သည်။

# ၄ ကလေးပြုစုစောင့်ရှောက်ခြင်း

## ၄-၁ နို့စို့ကလေးအားကျန်းမာရေးစစ်ဆေးခြင်း

သက်ဆိုင်ရာမြို့နယ်ရပ်ကွက်ကျေးရွာရုံးများတွင် အောက်ပါတို့ကိုအခမဲ့ပြုလုပ်နိုင်သည်။

- ၁နှစ်နှင့်၆လကလေးများအား ကျန်းမာရေးစစ်ဆေးခြင်း
- ၃နှစ်ကလေးများအား ကျန်းမာရေးစစ်ဆေးခြင်း
- မြို့နယ်ရပ်ကွက်ကျေးရွာအလိုက် အခြားလသားအရွယ်နို့စို့ကလေးများလည်း ကျန်းမာရေး စစ်ဆေးမှုခံယူနိုင်သည့်အခါများ ရှိတတ်သည်။

* ဆေးစစ်ခြင်းတွင် ကလေးဖွံ့ထွားမှု၊ ဖွံ့ဖြိုးမှုကိုစစ်ဆေးခြင်း၊ အရပ်နှင့်ကိုယ်အလေးချိန်တိုင်းတာ ခြင်း၊ ကလေးပြုစုစောင့်ရှောက်ရေးဆိုင်ရာ ဆွေးနွေးမှုများပါဝင်သည်။ အသေးစိတ်ကို သက်ဆိုင် ရာ မြို့နယ်ရပ်ကွက်ကျေးရွာရုံးတို့တွင် မေးမြန်းစုံစမ်းပါ။

## ၄-၂ ကာကွယ်ဆေးထိုးခြင်း


ကာကွယ်ဆေးထိုးခြင်းဖြင့် နာမကျန်းဖြစ်မှုကိုကာကွယ်နိုင်သည်။ ကာကွယ်ဆေး၂မျိုး ရှိသည်။

**(၁) မိမိနေထိုင်ရာရှိမြို့နယ်ရပ်ကွက်ကျေးရွာရုံးတွင်ထိုးပေးသောကာကွယ်ဆေး**

မြို့နယ်ရပ်ကွက်ကျေးရွာရုံးတွင်ထိုးပေးသောကာကွယ်ဆေးသည်အခမဲ့ဖြစ်နိုင်သည်။ အသေးစိတ်ကို သက်ဆိုင်ရာ မြို့နယ်ရပ်ကွက်ကျေးရွာရုံးတို့တွင် မေးမြန်းစုံစမ်းပါ။

**(၂) မိမိ၏သဘောဆန္ဒဖြင့်ထိုးသောကာကွယ်ဆေး**

မိမိ၏သဘောဆန္ဒဖြင့်ထိုးသော ကာကွယ်ဆေးသည် အခကြေးငွေ ပေးရမည်။ ဆေးမထိုးမီ ဆရာဝန်နှင့်တိုင်ပင်၍ ဆုံးဖြတ်ပါ။



## ၄-၃ ကလေး၏ဆေးကုသမှုစရိတ်

ကျန်းမာရေးအာမခံရှိလျှင် မူလတန်းမနေရသေးသော ၆နှစ်အောက်ကလေးများအတွက် ကျသင့် သောဆေးကုသမှုစရိတ်၏ ၂၀ရာခိုင်နှုန်းကိုသာ ပေးဆောင်ရမည်။

မိမိနေထိုင်ရာမြို့နယ်အလိုက် မူလတန်းပြီးမြောက်အောင်မြင်သည်အထိ ဆေးကုသမှုစရိတ်သည် အခမဲ့ဖြစ်နိုင်ပြီး အပိုထောက်ပံ့မှုများလည်းရှိနိုင်သည်။

# ၄-၄ ကျောင်းမနေရသေးသောကလေးများအတွက်လိုအပ်သော အထောက်အပံ့ကျောင်းများ

- မူလတန်းမနေရသေးသော ၆နှစ်အောက်ကလေးများအတွက် ကလေးထိန်းကျောင်း၊ မူကြို ကျောင်း၊ အစိုးရ အသိအမှတ်ပြု ကလေးထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး ကျောင်း စသည့် အထောက်အပံ့ကျောင်းများရှိသည်။
- အသက်၃နှစ်မှ၅နှစ်အထိကလေးများအတွက် ကလေးထိန်းကျောင်း၊ မူကြိုကျောင်း၊ အစိုးရအသိ အမှတ်ပြု ကလေးထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးကျောင်း စသည်တို့ကို အသုံးပြုရန်စရိတ်မှာအခမဲ့ဖြစ်သည်။

## (၁) ကလေးထိန်းကျောင်း (Hoikusho)


- အလုပ်ကြောင့် အိမ်တွင်ကလေးမထိန်းနိုင်သည့် အုပ်ထိန်းသူကိုယ်စား ကလေးထိန်းပေးသော ကျောင်း ဖြစ်သည်။
- ယေဘုယျအားဖြင့် ကလေးထိန်းချိန်သည် တစ်နေ့လျှင်၈နာရီဖြစ်သော်လည်း ညပိုင်းနှင့်ရုံးပိတ် ရက်စသည့်အချိန်များမှအပ ကျန်အချိန်များတွင်ပါ ဖွင့်လှစ်နေသောကျောင်းများလည်းရှိသည်။
- ရုတ်တရက်ပေါ်ပေါက်သောကိစ္စနှင့် အချိန်ပိုင်း အလုပ်ဆင်းရမည့်သူများအတွက် နာရီပိုင်း ကလေးထိန်းပေးနေသောကျောင်းများလည်းရှိသည်။

**One Point:**

**အသိအမှတ်မပြုထားသောကလေးထိန်းကျောင်းများ**

ကလေးထိန်းကျောင်းများအနက်မှကလေးသူငယ်ဖူလုံရေးအက်ဥပဒေအရအသိအမှတ်ပြုမခံရသောကျောင်းများလည်းရှိသည်။

- အသိအမှတ်မပြုထားသောကလေးထိန်းကျောင်း (Muninka hoikusho)
- ကုန်တိုက်တွင်ဈေးဝယ်သူ၏ကလေးအားကြည့်ရှုပေးသည့်နေရာ
- နေ့ကလေးထိန်းကျောင်း (Takuji sho)
- Baby Hotel
- Babysitter စသည်



## (၂) မူကြိုကျောင်း (Youchien)

- အသက်၃နှစ်မှမူလတန်းမနေရသေးသောကလေးများအား မူလတန်းကြိုအဖြစ် သင်ကြားပေး သောကျောင်းဖြစ်သည်။
- တစ်နေ့လျှင်ပုံမှန်၄နာရီသင်ကြားပေးသည်။ သို့သော် ခြွင်းချက်အနေနှင့် အလုပ်လုပ်နေသော စသည့် အုပ်ထိန်းသူများ ၏အခြေအနေ အတွက် ညနေပိုင်း (သို့) ညအထိ၊ အချိန်တိုးမြှင့်ကာကလေးထိန်းပေးသည့်ကျောင်းများလည်းရှိသည်။

- မူလတန်းစာသင်ကြားရေးထက် ကလေးများအားကိုယ်ပိုင်ဉာဏ်ရည်ဖြင့်တွေးတောကစားစေ ခြင်း စသည်ကို အဓိကထားလျက်ရှိသည်။
- ထို့ပြင် ဒေသတွင်းရှိ အုပ်ထိန်းသူများအားကလေးပြုစုပျိုးထောင်ခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေး ပေးခြင်း၊ ကျောင်းတွင်းရှိအချို့နေရာများလွတ်လပ်စွာသွားလာနိုင်ရန်စီစဉ်ပေးခြင်း စသည် ဆောင်ရွက်လျက်ရှိသောကျောင်းများလည်း ရှိသည်။

## (၃) အစိုးရအသိအမှတ်ပြုကလေးထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပြုစုပျိုးထောင်ရေး ကျောင်း (Nintei kodomo en)

- အစိုးရအသိအမှတ်ပြု ကလေးထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးကျောင်း သည် ကလေးထိန်းကျောင်းနှင့် မူကြိုကျောင်းတို့တွင် ပါဝင်သောသင်ကြားရေး၊ ကလေး၏ ဉာဏ်ရည်အားမြှင့်တင်ရေး၊ လွတ်လပ်ပျော်ရွှင်စွာကစားနိုင်စေရေး စသည့်အင်္ဂါရပ်များနှင့် ပြည့်စုံသည့်ကျောင်းဖြစ်သည်။
- အစိုးရအသိအမှတ်ပြု ကလေးထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးကျောင်း သည် အုပ်ထိန်းသူ အလုပ်လုပ်နေသည်ဖြစ်စေ၊ မလုပ်နေသည်ဖြစ်စေ ကလေးအား ပြုစု စောင့်ရှောက်ပေးနေသောကျောင်းဖြစ်သည်။
- ကလေးပြုစုပျိုးထောင်နေသောမိသားစုများကို ဦးတည်၍ ကလေးပြုစုပျိုးထောင်ရာမှ တွေ့ ကြုံရသော စိုးရိမ်သောကများကို ဆွေးနွေးပေးခြင်း၊ မိဘများနှင့်ကလေးများစုဝေးတွေ့ဆုံ စေခြင်း စသည် စီစဉ်ကျင်းပလျက်ရှိသည်။

# ၄-၅ ကျောင်းဆင်းချိန်ကလေးစောင့်ရှောက်ရေးClub (ကျောင်းသားကျောင်းသူများအားကြည့်ရှုပေးခြင်း)

- အုပ်ထိန်းသူသည် အလုပ်ကြောင့် နေ့လယ်အိမ်တွင်မရှိသည့်အခါ ကလေးများအား ကျောင်း ဆင်းချိန်ကလေး စောင့်ရှောက်ရေး club သို့ ပို့ထားနိုင်သည်။
- အဆိုပါclubတွင် နေ့လယ်ကျောင်းဆင်းလာသောကလေးများကို ထိန်းသိမ်းစောင့်ရှောက်ရန် အကူစသဖြင့် ထားရှိပေးထားပြီး ကလေးများနှင့်အတူဆော့ကစားခြင်း၊ ကလေးများလိုအပ်နေ သောနေ့စဉ်ဘဝကိုဖြည့်ဆည်းပေးခြင်း စသည်တို့ပြုလုပ်လျက်ရှိသည်။
- အခြား၌လည်း မူလတန်းကျောင်းသားများအားလုံးသို့ဦးတည်၍ အမျိုးမျိုးသော သင်ကြား လေ့ကျင့်ပေးခြင်းနှင့် လက်တွေ့လှုပ်ရှားမှုများကို ဆောင်ရွက်သော “ကျောင်းဆင်းချိန် ကလေးများစာသင်ခန်း”ကို အကောင်အထည်ဖော်လျက်ရှိသည့် ကိုယ်ပိုင်အုပ်ချုပ်ရေး အဖွဲ့အစည်း များလည်း ရှိသည်။

## ၄-၆ မိသားစုထောက်ပံ့ရေးစင်တာ

- အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် မိသားစုထောက်ပံ့ရေးစင်တာ၏ အဖွဲ့ဝင်များ ဖြစ်နိုင်ပြီး အဆိုပါစင်တာသည် အဖွဲ့ဝင်အချင်းချင်း ထောက်ပံ့ကူညီပေးသောအဖွဲ့အစည်းဖြစ်သည်။

(၁) နို့စို့ကလေးနှင့် မူလတန်းနေကလေးများစသည့် ကလေးများကို ပြုစုပျိုးထောင်နေသော မိဘများထံတွင် မိမိ၏ကလေးအား ခေတ္တအပ်နှံကြည့်ရှုစေခြင်း စသည့်အကူအညီ များလိုအပ်သည့်သူ

(၂) အဆိုပါအကူအညီများပေးနိုင်မည့်သူ

- ဥပမာအောက်ပါအကူအညီများပေးနိုင်ရမည်။

(၁) ကလေးထိန်းကျောင်းစသည်သို့ အကြိုအပို့လုပ်ပေးခြင်း

(၂) ကလေးထိန်းကျောင်းချိန်ပြင်ပနှင့် ကျောင်းဆင်းချိန်စသည်တို့တွင် ကလေးထိန်းပေးခြင်း

(၃) ကလေး၏အုပ်ထိန်းသူသည် စျေးဝယ်ထွက်ခြင်း၊ အပြင်ထွက်ခြင်းများပြုသည့်အခါ ကလေးထိန်းပေးခြင်း

- အထက်ပါအကူအညီများပေးလိုလျှင်၊ ရယူလိုလျှင် အောက်ပါအတိုင်းဆောင်ရွက်ပါ။


(၁) မိမိနေထိုင်ရာနှင့် အနီးဆုံး မိသားစုထောက်ပံ့ရေးစင်တာ၌ အဖွဲ့ဝင်အဖြစ် မှတ်ပုံတင်ရ မည်။

(၂) အကူအညီပေးနိုင်ကြောင်း၊ အကူအညီလိုအပ်ကြောင်း လျှောက်လွှာတင်ရမည်။

(၃) မိသားစုထောက်ပံ့ရေးစင်တာ၏အကြံပေးမှ အကူအညီပေးနိုင်သည့်သူအား မိတ်ဆက် ပေးမည်။

(၄) အကူအညီရပြီးလျှင် အကူအညီပေးသူအား အခ ပေးရမည်။


အခန်း ၅ **ပညာရေး**



# ၁ ဂျပန်နိုင်ငံ၏ပညာရေးစနစ်

လက်ရှိဂျပန်နိုင်ငံ၏ ပညာရေးစနစ်ကို ယေဘုယျအားဖြင့် ၆-၃-၃-၄ စနစ်ဟု ခေါ်ဆိုကာ မူလတန်း ၆နှစ်၊ အလယ်တန်း ၃နှစ်၊ အထက်တန်း ၃နှစ်၊ တက္ကသိုလ်၄နှစ် စနစ်ဖြစ်ပြီး မူလတန်းနှင့် အလယ်တန်း မှာ မသင်မနေရစနစ်ဖြစ်သည်။ ထို့အပြင် မူကြိုအစရှိသဖြင့် ကျောင်းစမတက်မီ ပညာရေးကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ဂျပန်နိုင်ငံရှိ School System ၏ အဖွဲ့အစည်း




(မှတ်ချက်)
(၁) မီးခိုးရောင်အပိုင်းများသည် မသင်မနေရပညာရေး။
(၂) *အဆင့်မြင့်သင်တန်းများကို ညွှန်ပြခြင်း။
(၃) အထက်တန်းကျောင်းများ၊ အထက်တန်းပညာရေးကျောင်းများ၊ တက္ကသိုလ်များ၊ အငယ်တန်းကောလိပ်များနှင့် အထူးလိုအပ်နေသော ပညာရေးဆိုင်ရာ ကျောင်းများ၏ အထက်တန်းဌာနများတွင် သီးခြားသင်တန်းများ တစ်နှစ် သို့မဟုတ် ထို့ထက်ပို၍ သင်တန်းများ ရှိသည်။
(၄) အသက် 0 နှစ်မှ 2 နှစ်အရွယ် ကလေးတစ်ဦးသည် ကျောင်းအပြင် ကလေးသူငယ်စောင့်ရှောက်ရေးအဖွဲ့အစည်းအဖြစ် လုပ်ဆောင်သောကြောင့် ကလေးသူငယ်ဆိုင်ရာ ပြုစုစောင့်ရှောက်ရေးစင်တာများသို့ တက်ရောက်နိုင်သည်။
(၅) အထူးပြုလေ့ကျင့်ရေးကောလိပ် အထွေထွေသင်တန်းများနှင့် အထွေထွေကျောင်းများအတွက် အသက်အရွယ်နှင့် ဝင်ခွင့်လိုအပ်ချက်များကို တစ်ပုံစံတည်းသတ်မှတ်ထားခြင်းမရှိပါ။

## ၁-၁ မူလတန်း၊အလယ်တန်း

### အစိုးရမူလတန်း၊အလယ်တန်းကျောင်းဝင်ခြင်း

- ဂျပန်နိုင်ငံ၌ အသက်၆နှစ်မှ ၁၅နှစ်အထိ ကလေးများ၏ အုပ်ထိန်းသူများသည် ကလေးများအား မူလတန်း၊ အလယ်တန်းစသည်တို့၌ ကျောင်းထားရန်တာဝန်ရှိသည်။
- နိုင်ငံခြားသားများအနေဖြင့်လည်းအစိုးရမူလတန်း၊အလယ်တန်းကျောင်းများစသည်များသို့ စေလွှတ်ရန်ဆန္ဒရှိပါက အခမဲ့ (ကျောင်းလခ၊ဖတ်စာအုပ် မလိုဘဲ)ကျောင်းဝင်ခွင့်ပေးလျက် ရှိသည်။
- နေထိုင်ရာမြို့နယ်ရပ်ကွက်ကျေးရွာရုံးတွင် ကလေးအား ဂျပန်နိုင်ငံအစိုးရကျောင်းသို့ စေလွှတ် လိုသည့်ဆန္ဒရှိကြောင်းပြောကြားရန်လိုအပ်သည်။
- မြို့နယ်ရပ်ကွက်ကျေးရွာရုံးမှ လက်ခံရရှိသော "နိုင်ငံခြားသားကလေးသူငယ်ကျောင်းဝင်ချက် ခွင့်ပြုလွှာ" အစရှိသည့် လိုအပ်သောစာရွက်စာတမ်းများယူဆောင်ပြီး သတ်မှတ်ပေးလိုက်သော ကျောင်းသို့ သွားရောက်နိုင်သည်။
- ဂျပန်နိုင်ငံ၌ မူလတန်း၊အလယ်တန်းအပြင် ၉နှစ်တာ မသင်မနေရပညာရေးအား တသတ်မတ်တည်း ပြုလုပ်ဆောင်ရွက်သည့် မသင်မနေရပညာရေးစနစ်ကျောင်းများနှင့် ရုပ်ပိုင်းဆိုင်ရာ၊ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းကလေးသူငယ်များအတွက် အထူးထောက်ပံ့ရေးကျောင်းများလည်း ရှိသည်။

(ညဘက်အလယ်တန်းကျောင်းနှင့်ပတ်သက်ပြီး ၁-၄ကို ဖတ်ရှုပါ။)

## ၁-၂ အထက်တန်းကျောင်း

- အထက်တန်းကျောင်းမှာ အလယ်တန်းအောင်ကျောင်းသား အစရှိသည်တို့ ဆက်လက် ပညာ သင်ကြားရန်တက်ရောက်သော ကျောင်းဖြစ်ပြီး ကျောင်းဝင်ရန်အတွက် သတ်မှတ်စည်းကမ်း အနေဖြင့် ဝင်ခွင့်စာမေးပွဲဖြေဆိုရန်လိုအပ်မည်ဖြစ်သည်။
- အထက်တန်းကျောင်းမှာ ပညာရေးပုံစံနှင့်လိုက်ပြီး တစ်နေကုန်စနစ်၊ နေ့တစ်ဝက်စနစ်၊ အဝေး သင်စနစ်များအနေဖြင့် သင်ရိုးညွှန်းတမ်းများအား ခွဲခြားထားသည်။
- အထက်တန်းအောင်ပါက တက္ကသိုလ်အစရှိသဖြင့်တို့၌ ကျောင်းဝင်ရန် အရည်အချင်းရှိ ကြောင်းအသိအမှတ်ပြုနိုင်မည်ဖြစ်သည်။

## ၁-၃ နိုင်ငံခြားသားကျောင်း

- မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့်အခြားသော နိုင်ငံခြားသားများအတွက် ရည်ရွယ်သည့် ပညာရေးစနစ်မှာ အမျိုးမျိုးသော ပုံစံစနစ်များဖြင့်ရှိပြီး၊ နိုင်ငံခြားသားများ၏ ကလေးများကိုသာ သင်ကြားပေးရန် ရည်ရွယ်ထားသော စနစ်ကိုနိုင်ငံခြားသားကျောင်း (International school) ဟုခေါ်ဝေါ်ကြသည်။
- နိုင်ငံခြားသားကျောင်းများသည် ယဉ်ကျေးမှုဆိုင်ရာ၊ မျိုးနွယ်စုဆိုင်ရာနောက်ခံများ၊ ဘာသာ စကား၊ ပညာရေးအကြောင်းအရာ၊ ကျောင်းဆက်လက်တက်ရောက်ခြင်း၊ လက်တွေ့အလုပ် ဝင်ရောက်လုပ်ကိုင်ခြင်းစသောအမျိုးမျိုးသောကွဲပြားခြားချက်များရှိသောကြောင့်ကျောင်းဝင်ခြင်းနှင့်ပတ်သက်၍ ကလေးနှင့် သင့်တော်သောကျောင်းကို

ရွေးချယ်ရမည်။ (ဂျပန်၌ နိုင်ငံခြားသားကျောင်းအား အောင်မြင်ပြီးနောက် တက္ကသိုလ်စသည်ဖြင့် တက်ရောက်ရန် ကျောင်းဝင်ခွင့်အရည်အချင်းနှင့်ပတ်သက်၍ ၁-၇ အထက်တန်းပညာရေးစနစ် (တက္ကသိုလ်၊ ကောလိပ်စသည်)ကို ဖတ်ရှုရန်)

**နိုင်ငံခြားသားကျောင်းနှင့် သက်ဆိုင်သူများအတွက် ဝက်ဘ်ဆိုက်မှာ ဤနေရာ**

https://www.mext.go.jp/a_menu/kokusai/gaikoku/index.htm

## ၁-၄ ညအလယ်တန်းကျောင်း

ဂျပန်နိုင်ငံ၌ မိမိနိုင်ငံ(သို့)ဂျပန်နိုင်ငံ၏ မသင်မနေရ ပညာရေးစနစ်အား မပြီးမြောက်သေးသူများ တက်ရောက်နိုင်သည့် ညအလယ်တန်းကျောင်းရှိသည်။

- ညအလယ်တန်းကျောင်းမှာ တစ်နိုင်ငံလုံး၏ ပြည်နယ်တိုင်းစီရင်စု၁၅ခုတွင်ကျောင်းပေါင်း ၄၀ ခု ရှိပြီး (၂၀၂၂ ၄လ ပိုင်းလက်ရှိ)အကြောင်းကြောင်းကြောင့် မသင်မနေရပညာရေးစနစ်အားမပြီး မြောက်သေးသူများ တက်ရောက်သင်ကြားလျက်ရှိသည်။
- ညအလယ်တန်းကျောင်းသို့ တက်ရောက်လိုသောအခါမျိုးတွင် ပထမဆုံး နေထိုင်သည့် ဒေသန္တရအုပ်ချုပ်ရေးရုံးမှ ပညာရေးဝန်ထမ်းနှင့် ဆွေးနွေး တိုင်ပင်ပါ။

**ပညာရေးဝန်ကြီးဌာန "ညပိုင်းအလယ်တန်းကျောင်းတွင် သင်ယူချင်သည့်သူများသို့"**

https://www.mext.go.jp/a_menu/shotou/yakan/index_00005.html

## ၁-၅ အလယ်တန်းအောင်မြင်ကြောင်းစစ်ဆေးရေးစာမေးပွဲ

- ဂျပန်နိုင်ငံ၏ အလယ်တန်းမအောင်မြင်သေးသူများဖြေဆိုနိုင်သည်။
- စာမေးပွဲအားတစ်နှစ်တစ်ကြိမ်ကျင်းပသည်။
- အောင်မြင်ပါက ဂျပန်နိုင်ငံ၏ အထက်တန်းဝင်ခွင့် စာမေးပွဲအားဝင်ရောက်ဖြေဆိုနိုင်သည်။

## ၁-၆ အထက်တန်းအောင်မြင်ကြောင်းစစ်ဆေးရေးစာမေးပွဲ

- ဂျပန်နိုင်ငံ၏ အထက်တန်းမအောင်မြင်သေးသူများဝင်ရောက်ဖြေဆိုနိုင်သည်။
- စာမေးပွဲအားတစ်နှစ်တစ်ကြိမ်ကျင်းပသည်။
- အောင်မြင်ပါက အောက်ပါတို့အား လုပ်ဆောင်နိုင်သည်

(၁) ဂျပန်နိုင်ငံ၏ တက္ကသိုလ်နှင့် ကာလတိုတက္ကသိုလ် (ကောလိပ်)၊အသက်မွေးဝမ်းကြောင်းဆိုင်ရာ သင်တန်းကျောင်း အစရှိသည်တို့၏ ဝင်ခွင့်စာမေးပွဲများအားဖြေဆိုနိုင်သည်။

(၂) အထက်တန်းအောင်မြင်သူများအတွက် အလုပ်ဝင်စာမေးပွဲနှင့် အရည်အချင်းစစ်စာမေးပွဲတို့ကို ဝင်ရောက်ဖြေဆိုနိုင်သည်။

**သုံးသပ်ချက် (အင်္ဂလိပ်ဘာသာ)**


https://www.mext.go.jp/component/a_menu/education/detail/__icsFiles/afieldfile/2019/05/13/1291562_02.pdf

## ၁-၇ အထက်တန်းလွန်ပညာရေးစနစ်(တက္ကသိုလ်အစရှိသဖြင့်)

### တက္ကသိုလ်၊ကောလိပ်ကျောင်းဝင်ခွင့်အရည်အချင်း

- ဂျပန်နိုင်ငံ၌ အထက်တန်းကျောင်း၊အလယ်တန်းအဆင့်ပညာရေးကျောင်း အပြင် သတ်မှတ်နိုင်ငံခြားသားကျောင်းများ(http://www.mext.go.jp/a_menu/koutou/shikaku/07111314/003.htm) များ အောင်မြင်ပြီးသူသည် အောက်ပါကျောင်းများသို့တက်ရောက်နိုင်သည်။

(၁) တက္ကသိုလ်၊ကောလိပ်
(၂) အသက်မွေးဝမ်းကြောင်းတက္ကသိုလ်
(၃) ကာလတိုတက္ကသိုလ်
(၄) အသက်မွေးဝမ်းကြောင်း ကာလတို တက္ကသိုလ်
(၅) အသက်မွေးဝမ်းကြောင်းဆိုင်ရာကျောင်း(အထူးလေ့ကျင့်ရေးသင်တန်းစသည်ဖြင့်)



- အောက်ပါ အရည်အချင်း ဘွဲ့လက်မှတ်များကို ပိုင်ဆိုင်ထားလျှင်လည်း အထက်၌ ဖော်ပြခဲ့သော ကျောင်းများသို့ ဝင်ရောက်ခွင့်ရှိကြောင်း အသိအမှတ်ပြုနိုင်သည်။

(၁) နိုင်ငံတကာ အဆင့်မီဘွဲ့ရ (International Baccalaureate)
(၂) Abitur
(၃) ဘွဲ့ရ(Baccalaureate)
(၄) GCEAအဆင့် (General Certificate of Education, Advanced-Level)

ဂျပန်နိုင်ငံအတွင်းရှိ နိုင်ငံတကာအဆင့်မီဘွဲ့လက်မှတ်များပေးသည့် ကျောင်းများကို ရှာရန် (http://ibconsortium.mext.go.jp/ib-japan/authorization )

- အောက်ပါအဖွဲ့အစည်းများမှ ဘွဲ့လက်မှတ်ရရှိပြီး သတ်မှတ်ပညာရေးစနစ်(၁၂နှစ်တာသင်ရိုး) အားပြီးမြောက်ပါက အထက်၌ဖော်ပြခဲ့သောကျောင်းများသို့ ဝင်ရောက်ခွင့်အသိအမှတ်ပြုခြင်းရ ရှိမည်ဖြစ်သည်။

(1) WASC (The Western Association of Schools and Colleges)
(2) CIS (Council of International Schools)
(3) ACSI (Association of Christian Schools International)
(4) NEASC (New England Association of Schools and Colleges)

### အခြားသောအထက်တန်းကျောင်းပညာရေးအဖွဲ့အစည်းများ

- အခြားတွင်လည်း ဂျပန်နိုင်ငံ၏ အထက်တန်းကျောင်းပညာရေးစနစ်၌ အောက်တွင်ဖော်ပြထား သည့်ကျောင်းများလည်းရှိပြီး အသီးသီးသော ကျောင်းဝင်ခွင့်များအား သတ်မှတ်ထားသည်။

(၁) အများအားဖြင့် တက္ကသိုလ်ပြီးနောက် တက်ရောက်နိုင်သည့်ဘွဲ့လွန် (Master)

(၂) အများအားဖြင့်တက္ကသိုလ်ပြီးနောက်တက်ရောက်နိုင်သည့်အသက်မွေးဝမ်းကြောင်း တက္ကသိုလ်ဘွဲ့လွန်

(၃) အများအားဖြင့် အလယ်တန်းပြီးနောက်တက်ရောက်နိုင်သည့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ အထက်တန်းကျောင်း

## ၁-၈ အထက်တန်းပညာရေးအဖွဲ့အစည်းများသို့ ဝင်ခွင့်စာမေးပွဲဖြေဆိုခြင်း

- အထက်တန်းပညာရေးအဖွဲ့အစည်းသို့ ဝင်ရောက်ရန်အတွက် အထက်တန်း ပညာရေးအဖွဲ့အစည်း အသီးသီးမှ ကျင်းပသည့်စာမေးပွဲနှင့် စာရွက်စာတမ်းဘွဲ့လက်မှတ်များ စစ်ဆေးခြင်းကို ခံယူရမည် ဖြစ်သည်။
- အဖွဲ့အစည်းအသီးသီး၏ ဆုံးဖြတ်ချက်ဖြင့် နိုင်ငံခြားသားများအတွက် အထူးဝင်ခွင့်ရွေးချယ်မှု အားဆောင်ရွက်သည့် အခါမျိုးလည်းရှိနိုင်သည်။
- ပညာတော်သင်ကျောင်းသားနှင့်ပတ်သက်၍ ဂျပန်ကျောင်းသားများဆိုင်ရာ ထောက်ပံ့ရေး ယန္တရားကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ဂျပန်ပညာတော်သင်စာမေးပွဲ(EJU) အား တက္ကသိုလ်အများအပြား၌ အထူးဝင်ခွင့်ဆိုင်ရာ ရွေးချယ်မှုအနေဖြင့် ဆောင်ရွက်လျက် ရှိသည်။

**နိုင်ငံခြားသားများအတွက် ဝက်ဘ်ဆိုက်မှာ ဤနေရာ**

https://www.jasso.go.jp/en/ryugaku/eju/index.html

# J ပညာသင်စရိတ်အား ငွေကြေးအရထောက်ပံ့ပေးခြင်း

## ၂-၁ မူလတန်းကျောင်းသားများအတွက် ငွေကြေးအရထောက်ပံ့ပေးခြင်း

- ကလေး၏ ကျောင်း၌ စာလေ့လာရန် လိုအပ်သော ကျောင်းသုံးပစ္စည်းများ(ကျောင်းဝတ်စုံ၊ ကျောပိုးအိတ်၊ စာရေးကိရိယာ) ကျောင်းနေ့လယ်စာစားသောက်စရိတ်တို့အတွက် ကုန်ကျမည့် ငွေကြေးအထောက်အပံ့အားရရှိနိုင်သည်။
- မူလတန်း၊အလယ်တန်းကျောင်းသားများ၏ အုပ်ထိန်းသူဖြစ်ပြီး ဝင်ငွေနည်းပါးသည့်အိမ်ထောင်စု မှလူများအတွက်အဓိကရည်ရွယ်သည်။
- နေထိုင်ရာမြို့နယ်ရက်ကွက်ကျေးရွာကိုလိုက်၍ ရရှိနိုင်မည့် အိမ်ထောင်စုအခြေအနေနှင့် ငွေ ပမာဏ ကွာခြားမှုရှိသည်။

**စနစ်ကို ပိုမိုအသေးစိတ်ကျစွာ သိလိုသူများမှာ ဤနေရာ**

https://www.mext.go.jp/a_menu/shotou/career/05010502/017.htm

## ၂-၂ အထက်တန်းကျောင်းတက်ရောက်ရန် ပညာသင်စရိတ်ထောက်ပံ့ပေးခြင်း



- အုပ်ထိန်းသူ၏တစ်နှစ်ပျမ်းမျှဝင်ငွေသည် ကိုးဆယ့်တစ်သန်း ယန်း (၉,၁၀၀,၀၀၀) အောက် လျော့ နည်းသော အိမ်ထောင်စုဖြစ်ပါက အထက်တန်းကျောင်းစရိတ်အတွက် ပေးရမည့်ငွေကို လက်ခံရရှိနိုင်ပါမည်။
- အစိုးရနှင့်အမျိုးသားအထက်တန်းကျောင်းတက်ရောက်နေသည့် ကျောင်းသားများ အတွက် ပညာ သင်စရိတ်နှင့် တူညီသောငွေပမာဏကို ထောက်ပံ့ပေးမည်။
- ပုဂ္ဂလိကအထက်တန်းကျောင်း တက်ရောက်နေသော ကျောင်းသားများအတွက်မူ အုပ်ထိန်းသူ၏ ဝင်ငွေအပေါ် မူတည်၍ ထောက်ပံ့ငွေပမာဏ အပြောင်းအလဲရှိသည်။
- ထောက်ပံ့ငွေရရှိရန်အတွက် လျှောက်ထားတောင်းဆိုရန်လိုအပ်သည်။
- အသေးစိတ်ကို မိမိတက်ရောက်ရာကျောင်းမှ ညွှန်ကြားပေးမည်။

**စနစ်ကို ပိုမိုအသေးစိတ်ကျစွာ သိလိုသူများမှာ ဤနေရာ**

https://www.mext.go.jp/a_menu/shotou/mushouka/1342674.htm

**အင်္ဂလိပ်ဘာသာဖြင့် ဖတ်လိုသူများမှာ ဤနေရာ**

https://www.mext.go.jp/a_menu/shotou/mushouka/20220329-mxt_kouhou02-2.pdf

## ၂-၃ အထက်တန်းကျောင်းသားအတွက် ပညာသင်ထောက်ပံ့ကြေး

- ဝင်ငွေနည်းပါးသည့်အိမ်ထောင်စုရှိ အထက်တန်းကျောင်းသားများသည် ဖတ်စာအုပ်နှင့် ကျောင်း သုံးပစ္စည်းများ ကျောင်းလခမှလွဲ၍ဝယ်ယူရန်အတွက် ငွေကြေးအရထောက်ပံ့ပေးမှု ရယူနိုင်သည်။
- ရရှိနိုင်မည့်ထောက်ပံ့ကြေးမှာ တက်ရောက်နေသည့် ကျောင်းအမျိုးအစားပေါ်မူတည်၍ ကွာခြားမှု ရှိသည်။
- အသေးစိတ်ကို တက်ရောက်ရာကျောင်း (သို့) နေထိုင်ရာဒေသ၏ စီရင်စုရုံးများသို့ မေးမြန်းစုံစမ်း ပါ။

**စနစ်ကို ပိုမိုအသေးစိတ်ကျစွာ သိလိုသူများမှာ ဤနေရာ**


https://www.mext.go.jp/a_menu/shotou/mushouka/1344089.htm

**အင်္ဂလိပ်ဘာသာဖြင့် ဖတ်လိုသူများမှာ ဤနေရာ**

https://www.mext.go.jp/a_menu/shotou/mushouka/20220328-mxt_kouhou02-2.pdf

## ၂-၄ အထက်တန်းပညာရေးအဆင့်၌ ရရှိနိုင်သော ထောက်ပံ့ကြေး

- ပညာသင်ထောက်ပံ့ကြေးမှာနိုင်ငံ၊ဒေသဆိုင်ရာလူထုအဖွဲ့အစည်း၊အစိုးရမဟုတ်သောအဖွဲ့အစည်း(NGO)တို့က ပေးအပ်ဆောင်ရွက်လျက်ရှိသည်။
- နိုင်ငံ၏ပညာသင်ထောက်ပံ့ရေးစနစ်၌ အမျိုးအစား၂မျိုးရှိသည်။




(၁) ငွေထုတ်ပေးခြင်းစနစ် (Kyuufu gata)-ငွေကြေးပြန်ဆပ်ရန်မလိုသည့်စနစ်

(၂) အကြွေးစနစ် (Taiyo gata)-ချေးငွေဖြစ်သောကြောင့်ပြန်ဆပ်ရန်လိုသည့်စနစ်

* ထို့အပြင် အကြွေးစနစ်ပညာသင်ထောက်ပံ့ကြေး၌ အတိုးမရှိသောထောက်ပံ့ကြေးနှင့် အတိုးရှိ သော ထောက်ပံ့ကြေးဟူ၍ အမျိုးအစား၂မျိုးရှိသည်။

- အထက်တန်းပညာရေးစနစ်သို့ဆက်လက်တက်ရောက်မည့် နိုင်ငံခြားသားမှာ အောက်ပါနေထိုင် ခွင့်ကိုရရှိထားပါက ဂျပန်အစိုးရ၏ပညာသင်ထောက်ပံ့ကြေးရရှိနိုင်သည်။



(၁) အထူးရာသက်ပန်နေထိုင်ခွင့်ရရှိသူ

(၂) ရာသက်ပန်နေထိုင်ခွင့်ရရှိသူ

(၃) ဂျပန်လူမျိုး၏ အိမ်ထောင်ဖက် သို့မဟုတ် ကလေး

(၄) ရာသက်ပန်နေထိုင်ခွင့်ရှိသူ၏ အိမ်ထောင်ဖက် သို့မဟုတ် ကလေး

(၅) အမြဲတမ်းနေထိုင်သူ(ရာသက်ပန်နေထိုင်ရန် ဆန္ဒရှိသူ)

- ထို့အပြင် အတန်းပညာအရည်အချင်းပြည့်စုံသည့် နေထိုင်ခွင့် "ပညာတော်သင်ခွင့်"ရှိသူအား ရည်ရွယ်သော ငွေထုတ်ပေးခြင်းစနစ် ပညာသင်ထောက်ပံ့ကြေး ရှိသည်။

**နိုင်ငံခြားသားများအတွက် ဝက်ဘ်ဆိုက်မှာ ဤနေရာ**


https://www.jasso.go.jp/en/ryugaku/scholarship_j/shoreihi/index.html

# ၃ ဂျပန်စာနှင့်ပက်သက်၍

ဂျပန်စကားတတ်မြောက်ပါက ဂျပန်၌ နေထိုင်မှုအတွက် အဆင်ပြေချောမွေ့စေရန် အထောက်အကူ ဖြစ်နိုင်သည်။ အသိမိတ်ဆွေများလည်း တိုးပွားနိုင်ပြီး ဂျပန်နိုင်ငံအတွင်းနေထိုင် စားသောက်ရန်အတွက် အကူအညီများလည်း ရရှိနိုင်မည်ဖြစ်သည်။မိမိ၏အိပ်မက်များအား အကောင်အထည်ဖော်နိုင်မည်ဖြစ် သည်။ ဂျပန်၌မိမိကိုယ်ပိုင်ဘဝတွင်နေထိုင်နိုင်ရန် ဂျပန်စာကို ဆက်လက်လေ့လာသင်ယူသင့်သည်။

## ၇-၁ ဂျပန်စာလေ့လာသင်ယူခြင်း အကြမ်းဖျင်း

- ဂျပန်ဘာသာတွင် အသုံးပြုသော စာလုံးအမျိုးအစား(၅) မျိုးရှိသည်။ Hiragana ,Katakana, Kanji, Romaji, အာရေဗျ(Arabia) ဂဏန်းတို့ ဖြစ်သည်။ Hiraganaနှင့်Katakanaတို့တွင် စကားလုံး၄၆လုံးနှင့် အသေးချုံ့ရေးသော စကားလုံး (Hiragana စကားလုံး၄ခု၊ Katakana စကားလုံး၉ခု) အသီးသီးရှိပြီး၊ “ ˋ ” “ ˚ ” “ — ” တို့ကိုလည်း အသုံးပြုသည်။




- Kanji တွင် ခက်ခဲသော စကားလုံးများရှိသော်လည်း မှတ်သားထားပါက အဆင်ပြေနိုင်သည်။ မိမိ အနီးပတ်ဝန်းကျင်တွင်ရှိသော Kanjiအနည်းငယ်မှစတင်၍ ပျော်ရွှင်စွာသင်ကြားသွားနိုင်သည်။
- Romajiမှာ Email များ SNSအစရှိသည်တို့၏ စာရိုက်သည့် အခါ၌ ကောင်းစွာအသုံးပြုသည်။
- ဂျပန်နိုင်ငံ၌ နေထိုင်သည့်အခါ ဒေသတွင်းရှိ နေရာနှင့်လမ်းနာမည် (အသံထွက်နှင့် ရေးသားဖော်ပြထားသည့် Kanji စသည်တို့၏စကားလုံးများ) ကို သိရန်လိုအပ်သည်။ ထို့အပြင် ဂျပန်နိုင်ငံတွင် ဒေသတစ်ခု၏ အသုံးပြုသော စကားလုံး [ဒေသိယစကား]များလည်း အများအပြားရှိပြီး ထိုဒေသ၌နေထိုင်မှုအတွက် အလွန် အရေးကြီး သည်။ ထိုကဲ့သို့သော စကားလုံးများမှာ အဆိုပါဒေသ၏ ဂျပန်စာသင်ကျောင်းနှင့် ဒေသရှိလူတို့၏ ပေါင်းသင်းဆက်ဆံရေးမှ တစ်ဆင့် လေ့လာသင်ယူနိုင်သည်။
- အထက်ဖော်ပြပါအကြောင်းအရာများအပြင်၊ ဂျပန်စာ၌ ယဉ်ကျေးစွာသုံးသောစကားရှိပါသည်။ တစ်ဖက်လူအပေါ်မူတည်၍ ယဉ်ကျေးသောဂျပန်စကားကိုသုံးနိုင်လာပါကအဆင်ပြေမည်ဖြစ်သည်။

## ၇-၂ ဂျပန်စာသင်ကြားခြင်းအတွက် ကိုးကားရန်ကော်လံ

- သင်တို့အားလုံး ဂျပန်ဘာသာစကားကို ပိုမိုသင်ရလွယ်ကူလာစေရန်၊ ၂၀၂၁ခုနှစ်တွင် အသစ်တစ်ဖန် CEFR(Common European Framework of Reference for Languages: Learning, teaching, assessment:ဥရောပဘာသာစကား ဘုံကိုးကားချက်ကော်လံ) ကို ကိုးကားထားသော “ဂျပန်စာသင်ကြားခြင်းအတွက် ကိုးကားရန်ကော်လံ” ကိုဖန်တီးလိုက်သည်။
- ဤသည်မှာ ဂျပန်စာကို အဆင့် ၆ခု (A1 မှ C2) နှင့် ဂျပန်စာအရည်အချင်း(“နားထောင်ခြင်း” “ဖတ်ခြင်း” “ပြောခြင်း(အပြန်အလှန်)” “ပြောခြင်း(တစ်ကိုယ်တည်းတင်ပြခြင်း)” “နားထောင်ခြင်း”) အသီးသီးတွင် သင်ယူမှုအကြောင်းအရာနှင့် လုပ်ဆောင်မှုပန်းတိုင်များကို ဖော်ပြသော အရာဖြစ်သည်။
- မိမိ၏ ဂျပန်စာအဆင့်ကို စစ်ဆေးပြီး၊ ပန်းတိုင် နောက်တစ်ဆင့်ကိုတည်ဆောက်ကာ သင်ယူရန်အတွက် ကိုးကားပါ။

| | |
|---|---|
| C2 | နားထောင်ခဲ့သော၊ ဖတ်ခဲ့သောအရာအားလုံးနီးပါးကို လွယ်လွယ်ကူကူ နားလည်နိုင်ခြင်း။ သဘာဝကျကျ၊ သွက်သွက်လက်လက် မှန်မှန်ကန်ကန်ဖြင့် မိမိကိုယ်ကို ဖော်ပြနိုင်ကာ၊ အလွန်ရှုပ်ထွေးလှသော အခြေအနေတွင်ပင် အသေးစိတ်ကျသော အဓိပ္ပာယ်ကွာခြားချက်၊ ကွဲပြားချက်များကို ဖော်ပြနိုင်ခြင်း။ |
| C1 | အမျိုးမျိုးသော အမျိုးအစားများ၏ အဆင့်မြင့်အကြောင်းအရာများပါသော အလွန်ရှည်လျားသည့် စာများကိုနားလည်ကာ၊ အဓိပ္ပာယ်ဆိုလိုရင်းကို ဖမ်းယူနိုင်ခြင်း။ စကားလုံးရှာနေသည်ဟု မြင်ရသောပုံကို မပြသဘဲ၊ သွက်သွက်လက်လက် မိမိကိုယ်ကို ဖော်ပြနိုင်ခြင်း။ လူမှုရေးအရ၊ ပညာရပ်အရ၊ လုပ်ငန်းခွင်ရည်ရွယ်ချက်အပေါ် မူတည်၍ ပြောင်းလွယ်ပြင်လွယ်ကာ ထိရောက်မှုရှိသော စကားလုံးကို အသုံးပြုပြောဆိုနိုင်ခြင်း။ |
| B2 | မိမိအထူးပြုနယ်ပယ်၏ နည်းပညာပိုင်းဆိုင်ရာ ဆွေးနွေးမှုများအပါအဝင်၊ ယေဘုယျသဘောတရားနှင့် တိကျသေချာသော အကြောင်းအရာခေါင်းစဉ်ရှိသည့် ရှုပ်ထွေး သည့်စာများ၏ အရေးပါသောအကြောင်းအရာကို နားလည်နိုင်ခြင်း။ အပြန်အလှန် စိတ်လှုပ်ရှား နေခြင်းမရှိဘဲ ကျွမ်းကျင်ပိုင်နိုင်နေသော ဂျပန်စကားတတ်သူနှင့် ပြောဆိုဆက်ဆံနိုင် လောက်သော သွက်လက်မှုနှင့် သဘာဝကျနေမှု။ |
| B1 | အလုပ်၊ ကျောင်း၊ ဖျော်ဖြေရေးတို့တွင် အမြဲတစေ ကြုံတွေ့နေရသော မိမိနှင့်နီးစပ်သည့် အကြောင်းအရာခေါင်းစဉ်များနှင့် စပ်လျဉ်း၍၊ ဘုံသုံးဘာသာစကားဖြစ်ပါက၊ အရေးကြီးသော အချက်ကို နားလည်နိုင်ခြင်း။ မိမိနှင့်နီးစပ်ပြီး ကိုယ်ပိုင်စိတ်ဝင်စားမှု ရှိသော အကြောင်းအရာခေါင်းစဉ်များ နှင့်စပ်လျဉ်း၍၊ လွယ်ကူသောနည်းလမ်းဖြင့် ပေါင်းစည်းထားသော မြင်သာထင်သာရှိသည့် စာများကို ဖန်တီးနိုင်ခြင်း။ |
| A2 | အလွန်အခြေခံကျသော ကိုယ်ပိုင်သတင်းအချက်အလက်များနှင့် မိသားစု သတင်းအချက်အလက်များ၊ ဈေးဝယ်ခြင်း၊ အနီးအနား၊ အလုပ်စသည်၊ တိုက်ရိုက် သက်ဆိုင်မှုရှိသော နယ်ပယ်နှင့်သက်ဆိုင်သည့် အသုံးများသော စာကြောင်းနှင့်၊ ဖော်ပြချက်များကို နားလည်ခြင်း။ လွယ်ကူပြီး နေ့စဉ်ကြုံတွေ့နေရသည့် နယ်ပယ်ဖြစ်ပါက၊ မိမိနှင့် နီးစပ်ပြီး နေ့စဉ်ဖြစ်ပေါ်နေသည့် အကြောင်းအရာများနှင့် စပ်လျဉ်းသော သတင်းအချက်အလက်ဖလှယ်မှုကို လုပ်နိုင်ခြင်း။ |
| A1 | တိကျသော ဆန္ဒကိုဖြည့်ဆည်းရန်အတွက် အသုံးများသော နေ့စဉ်ဖော်ပြချက်များနှင့်၊ အခြေခံကျသော စကားအသုံးအနှုန်းများကို နားလည်ကာ၊ အသုံးလည်းပြုနိုင်ခြင်း။ အကယ်၍ တစ်ဖက်လူမှ ဖြည်းဖြည်းချင်း၊ သေချာပြတ်သားစွာ စကားပြောကာ၊ ကူညီပေးမည်ဆိုပါက လွယ်ကူသော အပြန်အလှန်ပြောဆိုမှုကို ပြုလုပ်နိုင်ခြင်း။ |

* ဤဇယားကိုမိမိ၏ဂျပန်စာအဆင့်ကိုစစ်ဆေးရန်နှင့်နောက်တစ်ဆင့်ပန်းတိုင်သတ်မှတ်၍လေ့လာနိုင်ရန် အသုံးပြုပါ။

## ၃-၂ ဂျပန်စာလေ့လာသင်ယူရန်နေရာ

ဂျပန်စာသင်တန်းကျောင်းတွင် ဂျပန်စာသင်ကြားရင်းဖြင့် နေစဉ်ဘဝ၏သတင်းအချက် အလက်များကိုသိရှိခြင်း၊ သူငယ်ချင်းမိတ်ဆွေဖွဲ့ခြင်းများ ပြုလုပ်နိုင်သည်။ ထို့ကြောင့် မိမိအနီး ပတ်ဝန်းကျင်မှ ဂျပန်စာသင်ကျောင်းများနှင့် သင်တန်းများအား ရှာဖွေကြည့်သင့်သည်။

ထို့အပြင် ယခုအခါ Skype စသည့် ဆိုရှယ်မီဒီယာ "SNS" တို့ကိုအသုံးပြု၍ အွန်လိုင်းပညာရေးနှင့် E Learning

စသည်တို့ဖြင့် ဂျပန်စာလေ့လာနေသူများလည်း တိုးပွားလာနေသည်။ မိမိနှင့်ကိုက်ညီသည့် သင်ယူနည်းအား ရှာဖွေကြည့်သင့်သည်။

## (၁) ဂျပန်စာသင်ကျောင်း

- ကျောင်းဆက်တက်ခြင်း၊အလုပ်ဝင်ခြင်း၊စာမေးပွဲဖြေရန်ပြင်ဆင်ခြင်းစသည်ဖြင့် ရည်ရွယ်ချက် အသီးသီးစီအတွက် Courseများရှိသည်။
- အခြေခံမှ အဆင့်မြင့်အထိ မတူညီသောLevelများဖြင့် ဂျပန်စာကို သင်ယူနိုင်သည်။
- အတန်းလိုက်သင်ကြားခြင်းနှင့်အုပ်စုလိုက်သင်ကြားခြင်း၊တစ်ဦးချင်းစီသင်ကြားခြင်းစသည်ဖြင့်အတန်း ပုံစံများအား ရွေးချယ်နိုင်သည်။
- အတန်းတက်ရောက်ရန်အတွက် စရိတ်ကုန်ကျမည်ဖြစ်သည်။

## (၂) ဒေသတွင်းဂျပန်စာသင်ကျောင်း

- နယ်မြေတွင်း ဒေသန္တရအုပ်ချုပ်မှုလက်အောက်ရှိ မြို့များနှင့် နိုင်ငံတကာနီးနွှောဖလှယ်ရေး အဖွဲ့၊ အကျိုးအမြတ်မယူသောအဖွဲ့အစည်း(NPO)တို့မှ ဂျပန်စာသင်တန်းကျောင်းကို ဖွင့်ပေးလျက်ရှိသည်။
- Public Hall နှင့် ကျောင်းများ၏ စာသင်ခန်း၊ ဘုရားကျောင်း၊ လူမှုကူညီရေးလုပ်ရှားမှု (Volunteer)စင်တာ အစရှိသည်တို့၌ အတန်းများဖွင့်လှစ် သင်ကြားလျက်ရှိသည်။
- လူမှုကူညီရေးလုပ်ရှားမှု(Volunteer)အနေဖြင့်ဆောင်ရွက်သင်ကြားပေးမှုများလည်းရှိသည်။
- အခကြေးငွေမှာ အခမဲ့သင်တန်းများလည်းရှိသည်။ ပုံမှန်ဂျပန်စာသင်တန်းကျောင်းများထက် ပို၍ ဈေးသက်သာသည်။
- အတန်းမှာ တစ်ပတ်လျှင်တစ်ကြိမ်သို့ နှစ်ကြိမ်ဖြစ်ပြီး တစ်ကြိမ်လျှင်တစ်နာရီမှနှစ်နာရီကြာ မြင့်သည်။

**ဒေသအသီးသီးရှိ ဂျပန်စာသင်ကြားရေး တာဝန်ခံဌာန၊ ဒေသတွင်း ဂျပန်စာသင်တန်းကျောင်း စာရင်းမှာ ဤနေရာ**

https://www.bunka.go.jp/seisaku/kokugo_nihongo/kyoiku/nihongokyoiku_tanto/pdf/93036701_01.pdf

* ဂျပန်စာသင်တန်းကျောင်းရှာဖွေသည့်အခါ၌ အောက်ပါအကြောင်းအရာများကို စစ်ဆေးရန်လို အပ်သည်။

(၁)စာသင်ခန်းအမည် (၂) ကြီးမှူးသူ (၃) နေရာ (၄) လိပ်စာ (၅)ဆက်သွယ်နည်း (၆)ပြန်လည်ဖြေကြားမည့်ဘာသာစကား (၇)သင်တန်းကာလ (၈)အတန်းအကြိမ် (၉) နေ့ရက်နှင့်အချိန် (၁၀)ဝင်ခွင့်အရည်အချင်း (၁၁)ကုန်ကျစရိတ် (၁၂)အတန်းပုံစံ(အုပ်စုလိုက်၊တစ်ဦးချင်းစသည်) (၁၃)လူဦးရေ (၁၄)အဆင့် (၁၅)သင်ကြားမည့်သူ (၁၆)သင်ကြားမည့်အကြောင်းအရာ (၁၇)ကားပါကင်နှင့်ကလေးထိန်းဝန်ဆောင်မှုရှိမရှိ အစရှိသဖြင့်

## (၃) အဝေးသင်ပညာရေး၊အွန်လိုင်းပညာရေး

အလုပ်နှင့်ကလေးထိန်းခြင်းစသည်ဖြင့် အလုပ်များသောကြောင့် ဂျပန်စာသင်တန်းသို့ မသွားရောက် နိုင်သောအခါ မျိုး၌ ဆိုရှယ်မီဒီယာ "SNS"ကို အသုံးပြု၍ အဝေးသင်နှင့်E-learning စသည်တို့ဖြင့် ဂျပန်စာသင်ယူနိုင်သည်။ အခကြေးငွေနှင့် ဝန်ဆောင်မှုပုံစံလည်း ကွာခြားမှုများရှိသောကြောင့် မိမိနှင့် ကိုက်ညီသည့်နည်းလမ်းအား ရှာဖွေကြည့်သင့်သည်။

## ၃-၄ ဂျပန်ဘာသာသင်ကြားရန် ဝက်ဘ်ဆိုက် [ဂျပန်ဘာသာစကားဖြင့်ကျယ်ပြန့်စွာချိတ်ဆက်၍ နေထိုင်ခြင်း] “つながるひろがる　にほんごでのくらし” (အများအခေါ်- つなひろ)

ဂျပန်နိုင်ငံ၌ နေထိုင်စားသောက်မည့်နိုင်ငံခြားလူမျိုးအားလုံးသည် ဂျပန်ဘာသာစကားဖြင့် ပြောဆို ဆက်သွယ်နိုင်၊ နေထိုင်စားသောက်လာနိုင်စေရန် ရည်ရွယ်ပြီး ဂျပန်ဘာသာစကားကို သင်ယူနိုင်သော ဝက်ဘ်ဆိုက်ဖြစ်သည်။


မိမိနှင့်ကိုက်ညီသော ဂျပန်စာအဆင့်နှင့် သင်ယူလိုသော မြင်ကွင်း၊ သော့ချက်စကားလုံးတို့အပေါ် မူတည်၍၊ ဗီဒီယို၊ ဇာတ်ညွှန်းဖြင့် သင်ယူမှုအကြောင်းအရာကို ရွေးချယ်နိုင်သည်။ ဂျပန်စာကို သင်ယူလေ့လာပြီး လက်တွေ့အသုံးကျခြင်းဖြင့် လူ့အဖွဲ့အစည်းနှင့်ဆက်နွယ်ကာ၊ ဘဝနေထိုင်မှုကို ဖြန့်ကျက်ကြည့်ကြရအောင်။

| | |
|---|---|
| ○ **လက်ခံဘာသာစကား :** | ဂျပန်ဘာသာ၊ အင်္ဂလိပ်ဘာသာ၊ တရုတ်ဘာသာ (ရိုးရှင်းသောစာလုံး) ၊ ပေါ်တူဂီဘာသာ၊ စပိန်ဘာသာ၊ ဗီယက်နမ်ဘာသာ၊ အင်ဒိုနီးရှားဘာသာ၊ ဖိလစ်ပိုင်ဘာသာ၊ နီပေါဘာသာ၊ ခမာ (ကမ်ဘောဒီးယား)ဘာသာကိုရီယား၊ထိုင်း၊ မြန်မာ၊မွန်ဂို၊ ယူကရိန်း၊ ရုရှား(ဘာသာ၁၆မျိုး) |
| ○ **သင်ယူရမည့်မြင်ကွင်းနေရာ :** | နှုတ်ဆက်စကား၊ ဈေးဝယ်၊ ဘဏ်၊ ရထား၊ ရပ်ကွက်ရုံး၊ သဘာဝဘေးကာကွယ်ရေးစသည့် ဘဝနေထိုင်မှုပြုလုပ်ရာတွင်ကြုံတွေ့မည့်နေရာများ |

**[ဂျပန်ဘာသာစကားဖြင့်ကျယ်ပြန့်စွာချိတ်ဆက်၍ နေထိုင်ခြင်း]**
https://tsunagarujp.bunka.go.jp/

အခန်း ၆

# ဆေးကုသမှု



## ၁ ဆေးကုသမှုဆိုင်ရာအဖွဲ့အစည်း

### ၁-၁ ဆေးကုသမှုဆိုင်ရာအဖွဲ့အစည်းအမျိုးအစား

- ဂျပန်နိုင်ငံတွင် ဆေးကုသမှုဆိုင်ရာအဖွဲ့အစည်းအမြောက်အမြားရှိ၍ ထိုအဖွဲ့အစည်းများအား အသီးသီးခွဲခြားထားသည်။ ရောဂါအသေးအမွှား၊ ထိခိုက်ဒဏ်ရာ စသည်ဖြစ်ပွားလျှင် နီးစပ်ရာ ဆေးခန်းသို့သွားရောက်ပြသရမည်။

(၁) ဆေးခန်း- သာမန်နာမကျန်းဖြစ်ခြင်းနှင့်ထိခိုက်ဒဏ်ရာများကိုကုသလိုလျှင်

(၂) အသေးစား၊အလတ်စားဆေးရုံ- ခွဲစိတ်မှု၊ ဆေးရုံတက်ခြင်းနှင့် အရေးပေါ်ကုသမှု လိုအပ် လျှင်

(၃) ဆေးရုံကြီး- ရောဂါကြီးကြီးမားမားရှိသူများအတွက် အရေးပေါ်နှင့် အဆင့်မြင့်ကုသမှုများ လိုအပ်လျှင်

- ဆေးရုံနှင့်ဆေးခန်းတို့တွင် ကျန်းမာရေးအာမခံတင်ပြရမည်။ မတင်ပြနိုင်လျှင် ဆေးကုသကုန်ကျ စရိတ်အားလုံးကို မိမိကိုယ်တိုင်ကျခံရမည်ဖြစ်သည်။
- ရောဂါနှင့်ဒဏ်ရာပေါ်လိုက်၍ ဆေးကုသမှုခံယူရန်ဌာနကိုသတ်မှတ်ပေးမည်။ ဆေးကုသဌာန အလိုက် လက်တွေ့တွင် မည်သို့သောရောဂါနှင့် ဒဏ်ရာအမျိုးအစား ကုသမှုခံယူနိုင်မည်ကို အောက်ပါအတိုင်း ဖော်ပြထားသည်။

| | |
|---|---|
| **ပြင်ပလူနာဌာန** | အစာခြေအင်္ဂါ၊ အသက်ရှူအင်္ဂါ၊ နှလုံးသွေးကြောဆိုင်ရာအင်္ဂါ၊ ဆီးလမ်းကြောင်း ဆိုင်ရာ အင်္ဂါ၊ သွေး၊ ဟော်မုန်း နှင့် အာရုံကြောစသည့် ကိုယ်တွင်းအင်္ဂါများဆိုင်ရာ ရောဂါရှာဖွေရေး နှင့် ခွဲစိတ်ခြင်းမပြုဘဲ ဆေးဖြင့်ကုသသည့်ဌာနဖြစ်သည်။ သာမန် အအေးမိခြင်း စသည့် အထွေထွေရောဂါများကို စစ်ဆေးခြင်း၊ ကုသခြင်းများလည်း ပြုလုပ်သည်။ |
| **ခွဲစိတ်ကုသဌာန** | ကင်ဆာနှင့် ပြင်ပဒဏ်ရာကြောင့် ဖြစ်ပွားသည့် ကိုယ်တွင်းအင်္ဂါများဆိုင်ရာရောဂါ များ ခွဲစိတ်ကုသခြင်းကို အဓိကပြုလုပ်သည်။ |
| **ကလေးလူနာဌာန** | ကလေးများနာမကျန်းဖြစ်ခြင်းကို ကုသသည်။ |
| **အရိုးကုသဌာန** | အရိုး၊ အဆစ်၊ ကြွက်သား၊ အကြော စသည့်ရွေ့လျားရန် ကူညီထောက်ပံ့ပေးသော အင်္ဂါများနှင့် ၎င်းတို့နှင့်သက်ဆိုင်သော အာရုံကြောရောဂါများကိုကုသသည်။ |
| **မျက်စိကုသဌာန** | မျက်စိနှင့်ပတ်သက်၍ ရောဂါစစ်ဆေးခြင်းများ၊ ကုသခြင်းများ ပြုလုပ်သည်။ |
| **သွားဘက်ဆိုင်ရာ ဆေးကုသဌာန** | သွားဘက်ဆိုင်ရာရောဂါများကုသခြင်း၊ သွားပြုပြင်ခြင်းနှင့် သွား ထိန်းသိမ်းခြင်း ပြုလုပ်သည်။ |
| **သားဖွားကုသဌာန** | သားဖွားခြင်းနှင့် ကိုယ်ဝန်ဆောင်၊ မွေးကင်းစကလေးများအား ဆေးစစ်ကုသခြင်း ပြုလုပ်သည်။ |

## ၁-၂ ဆေးကုသမှုဆိုင်ရာအဖွဲ့အစည်းများကိုရှာဖွေခြင်း

- ဆေးကုသမှုဆိုင်ရာအဖွဲ့အစည်းများကို အောက်ပါနည်းလမ်းများအတိုင်း ရှာဖွေနိုင်သည်။

(၁) မိမိနေထိုင်ရာဒေသရှိမြို့နယ်ရပ်ကွက်ကျေးရွာရုံးများမှထုတ်ဝေသောစာစောင်များ

(၂) အင်တာနက်

(၃) သက်ဆိုင်ရာစီရင်စုအသီးသီး၏ ဝဘ်ဆိုက်များရှိ ဆေးကုသမှုဆိုင်ရာ သတင်းအချက် အလက် ကွန်ယက်

* ထို့အပြင် ဂျပန်နိုင်ငံသို့လာရောက်လည်ပတ်သော နိုင်ငံခြားသားခရီးသွားဧည့်သည်များ အတွက်ဂျပန်အစိုးရခရီးသွားလုပ်ငန်းဌာန(JNTO) ဝဘ်ဆိုက်တွင်လည်း နိုင်ငံခြားဘာသာ စကားဖြင့် ဆေးကုသမှုဆိုင်ရာအဖွဲ့အစည်း (မြို့နယ်ရပ်ကွက်ကျေးရွာရုံးမှ သတ်မှတ်ထား သည့် နိုင်ငံခြားသားများကိုလက်ခံသည့် ဗဟိုဆေးကုသမှုဆိုင်ရာ အဖွဲ့အစည်းစသည်) ကို ရှာဖွေနိုင်ပါသည်။

https://www.jnto.go.jp/emergency/jpn/mi_guide.html

- ထို့အပြင်အောက်ဖော်ပြပါနေရာတို့တွင်ဆွေးနွေးမှုများလည်းပြုလုပ်နိုင်သည်။

(၁) မိမိနေထိုင်ရာဒေသရှိမြို့နယ်ရပ်ကွက်ကျေးရွာရုံး

(၂) ဆေးဘက်ဆိုင်ရာအန္တရာယ်ကင်းရှင်းရေးအထောက်အကူပြုစင်တာ (*)

* စီရင်စုအလိုက် ကျန်းမာရေးစင်တာများရှိသော မြို့နှင့် အထူးရပ်ကွက်များတွင်အထောက် အကူပြုစင်တာစုစုပေါင်း၃၁၀တည်ဆောက်ထားပြီးဖြစ်သည်။

**အသေးစိတ်ကို အောက်ပါ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုပါ။**

https://www.anzen-shien.jp/center/


- ဂျပန်ဘာသာစကားမပြောတတ်သောသူများသည် အောက်ဖော်ပြပါနေရာတို့တွင် ဆွေးနွေးနိုင် သည်။

(၁) မိမိနေထိုင်ရာဒေသရှိမြို့နယ်ရပ်ကွက်ကျေးရွာရုံး

(၂) မိမိနေထိုင်ရာဒေသရှိနိုင်ငံတကာနီးနှောဖလှယ်ရေးအဖွဲ့

(၃) အကျိုးအမြတ်မယူသောအဖွဲ့အစည်း (NPO)

(သက်ဆိုင်ရာနိုင်ငံခြားဘာသာစကားဖြင့်ဆွေးနွေးနိုင်သည်။)



# ၂ ဆေးကုသမှုအာမခံ

ဂျပန်နိုင်ငံတွင်နေထိုင်သောသူသည် မည်သည့်နိုင်ငံမှဖြစ်စေကာမူ အမျိုးသားကျန်းမာရေးအာမခံ ထားရှိရန်လိုအပ်သည်။ လူ့ဘောင်အဖွဲ့အစည်းတစ်ခုလုံးက ကျန်းမာရေးဆေးကုသမှုစရိတ်ကို မျှဝေ ကျခံခြင်းဖြင့် ဆေးကုသမှုစရိတ်များမှ ကိုယ်တိုင်ကျခံရမည့်စရိတ်ကို လျှော့ချကာ အရည်အသွေး ကောင်းမွန်၍ အဆင့်မြင့်သော ဆေးကုသခံယူခွင့်ကို တန်းတူညီတူအာမခံရရှိနိုင်သည့် အစီအစဉ် တစ်ရပ်ဖြစ်သည်။

## ၂-၁ (လုပ်ငန်းခွင်)ကျန်းမာရေးအာမခံ

### (၁) အာမခံဝင်ရောက်ရန်လိုအပ်ချက်များ

ကျန်းမာရေးအာမခံဝင်ရောက်ရန် တာဝန်ရှိသည့် ကုမ္ပဏီ (လုပ်ငန်း ဆောင်ရွက် နေသောနေရာ) တွင် အလုပ်လုပ်ကိုင်လျက်ရှိပြီး ကျန်းမာရေးအာမခံဝင်ရောက်ရန် လိုအပ်သောသူ

(၁) ပုံမှန်အချိန်ပြည့်ဝန်ထမ်း၊အမှုဆောင်ကိုယ်စားလှယ်၊စီမံခန့်ခွဲရေးအရာရှိ



(၂) အောက်ဖော်ပြပါ၅ချက်လုံးနှင့်ကိုက်ညီသောသူ

- တစ်ပတ်အတွင်းသတ်မှတ်ထားသောအလုပ်ချိန်သည်နာရီ၂၀နှင့်အထက်ဖြစ်လျှင်
- ကုမ္ပဏီတွင်တစ်နှစ်နှင့်အထက်အလုပ်လုပ်ကိုင်ရမည်ဟုယူဆရလျှင် (၂၀၂၂ခုနှစ်၁၀လပိုင်း နောက်ပိုင်းတွင် လိုအပ်သည့်အချက်အလက်မှ ပယ်ဖျက်လိုက်ပြီး၊ ၂လကျော်လွန်ပြီးနောက် အသုံးပြုနိုင်မည်ဟု ခန့်မှန်းရခြင်း။)
- လစာသည်တစ်လလျှင်အနည်းဆုံး၈၈,၀၀၀ယန်းရရှိလျှင်
- ကျောင်းသားမဟုတ်လျှင်
- အနည်းဆုံးဝန်ထမ်းဦးရေ၅၀၁ဦး (၂၀၂၂ခုနှစ် ၁၀လပိုင်းနောက်ပိုင်းတွင် ၁၀၁ဦး)ရှိသည့် ကုမ္ပဏီအဖွဲ့အစည်းတွင်အလုပ်လုပ်ကိုင်လျှင်



(၃) “Part timer” အချိန်ပိုင်းအလုပ်၊ “Arbeit” အချိန်ပိုင်းအလုပ်အဖြစ်တစ်ပတ်လျှင် အလုပ်ချိန် နာရီ၃၀ မပြည့်သောသူဖြစ်သော်လည်းအလားတူ ကုမ္ပဏီ(အလုပ်နေရာ) တွင် လုပ်ကိုင်နေသော ပုံမှန် အချိန်ပြည့်ဝန်ထမ်း၏ တစ်ပတ်အတွက်သတ်မှတ်ထားသော အလုပ်ချိန်၏လေးပုံသုံးပုံနှင့် အထက်ရှိသောသူ

### (၂) အာမခံကြေး

မူအရ ကျန်းမာရေးအာမခံကြေးကို ကုမ္ပဏီနှင့် အာမခံထားရှိသူတို့က တစ်ဝက်စီကျခံရမည် ဖြစ် သည်။ သို့သော် မှီခိုဖြစ်လျှင် အာမခံကြေးကိုကိုယ်တိုင်ကျခံရန် မလိုအပ်ပေ။

## (၃) ထုတ်ပေးခြင်းအကြောင်းအရပ်

### ဆေးကုသစရိတ်ကိုမိမိကိုယ်တိုင်ကျခံခြင်း

အာမခံကိုအသုံးပြုခြင်းဖြင့် စုစုပေါင်းဆေးကုသစရိတ်မှ ကိုယ်တိုင်ကျခံရမည့် ရာခိုင်နှုန်းသည်

- အသက်၆နှစ်(မူလတန်းမနေမီ)မပြည့်သောသူအတွက်၂၀ရာခိုင်နှုန်း
- အသက်၇၀နှစ်မပြည့်သောသူများအတွက်၃၀ရာခိုင်နှုန်း
- အသက်၇၀နှစ်မှ၇၄နှစ်အထိ၂၀ရာခိုင်နှုန်း

(သို့သော်လက်ရှိအလုပ်လုပ်ကိုင်နေ၍ဝင်ငွေရရှိသူသည်၃၀ရာခိုင်နှုန်း)

### ဆေးကုသစရိတ်

- အလုပ်ဝင်ဝင်ချင်းဖြစ်၍အာမခံကတ်ကိုလက်ဝယ်မရရှိသေးလျှင်
- ကျောက်ပတ်တီးစသည့်အရိုးကုသမှုကိရိယာများဝယ်ယူလျှင်
- ဆရာဝန်မှလိုအပ်သည်ဟုညွှန်ကြားသော မျက်မမြင်အကြောပြင်၊ အပ်စိုက်ကုထုံးများ၊ နှိပ် နယ်ခြင်းစသည်တို့ကို ခံယူလျှင်
- နိုင်ငံခြားတွင်ကျန်းမာရေးဆေးစစ်မှုခံယူလျှင်

စသည့်အခြေအနေများကြောင့်ကျသင့်သောစရိတ်စကစုစုပေါင်းကိုမိမိကိုယ်တိုင်ပေးချေ ရမည်ဖြစ်သည်။သို့သော် ပေးချေပြီးနောက်အာမခံကတ် ရရှိလျှင်မိမိပေးချေရမည့် ရာခိုင်နှုန်းပမာဏကိုနုတ်၍ကျန်ကုန်ကျစရိတ်များကိုလက်ခံ ရယူနိုင်မည်။

### ကုန်ကျမှုများသော ဆေးကုသစရိတ်

တစ်လအတွင်း ဆေးကုသမှုဆိုင်ရာအဖွဲ့အစည်းထံနှင့် ဆေးဆိုင်များ၏ကောင်တာတွင် ပေးချေ ရသော ဆေးကုသ စရိတ်စုစုပေါင်း (ဆေးရုံတက်စဉ်ကကုန်ကျခဲ့သောစားသောက်စရိတ်နှင့်ကုတင်ဖိုး မပါဝင်ပါ)သည် သတ်မှတ်ထားသည့် ငွေပမာဏကိုကျော်လွန်လျှင် ထိုကျော်လွန်သွားသော ငွေပမာ ဏကို ပေးချေရမည့် စနစ်ဖြစ်သည်။ အားလုံးပြီးဆုံး၍ မိမိ ကိုယ်တိုင်ကျခံရမည့်စရိတ်ဖြစ်သော လစဉ်အတွက် အများဆုံးကျခံရမည့်စရိတ်မှာ အာမခံထားရှိသူ၏ အသက်၇၀နှင့် အထက် ရှိမရှိ၊ ဝင်ငွေစံနှုန်းနှင့်ကိုက်ညီမှုရှိမရှိ ပေါ်မူတည်၍ ကွာခြားသည်။

### ပြောင်းရွှေ့စရိတ်

နာမကျန်းဖြစ်ခြင်းနှင့် ထိခိုက်ဒဏ်ရာကြောင့် သွားလာလှုပ်ရှားရန်ခက်ခဲသောလူနာသည် ဆရာဝန် ၏ညွှန်ကြားမှု ဖြင့် ယာဉ်(သို့)အရေးပေါ် ပြောင်းရွှေ့ခံရလျှင် အောက်ပါအချက်များနှင့် ကိုက်ညီပါက ပြောင်းရွှေ့စရိတ်ကို ငွေသားဖြင့် လက်ခံရယူနိုင်မည်။

- ပြောင်းရွှေ့ခြင်းအားဖြင့် သင့်တော်သောကုသမှုခံယူရရှိလျှင်
- လူနာသည် နာမကျန်းဖြစ်ခြင်းနှင့်ဒဏ်ရာကြောင့် သွားလာလှုပ်ရှားခြင်းက သိသိသာသာ ခက်ခဲနေခဲ့လျှင်
- အရေးပေါ်မပြောင်းရွှေ့၍မဖြစ်လျှင်

### ထိခိုက်ဒဏ်ရာနှင့်နာမကျန်းဖြစ်မှုအတွက်စရိတ်ထောက်ပံ့ငွေ

အာမခံရှိသူ(အာမခံဝင်ထားသူ)သည် နာမကျန်းဖြစ်ခြင်းနှင့် ထိခိုက်ဒဏ်ရာကြောင့် အလုပ် မလုပ် နိုင်ဘဲ ၃ရက်ဆက်တိုက် အလုပ်ရပ်နားရလျှင် ၄ရက်မြောက်နေ့မှစ၍ အလုပ်ရပ်နားရသောနေ့များ အတွက် ထောက်ပံ့ကြေး ထုတ်ပေးမည်။

ထောက်ပံ့မည့်ကာလသည် စတင်ထောက်ပံ့ပေးသောနေ့မှစ၍ စုစုပေါင်း ၁နှစ်ခွဲအထိ ဖြစ်သည်။

### ကလေးမွေးဖွားစောင့်ရှောက်မှုအတွက်တစ်ကြိမ်ပေးငွေ

အာမခံထားရှိသူ (သို့) အာမခံထားရှိသူအားမှီခိုသူသည် ကလေးမွေးဖွားလျှင် ကလေးမွေးဖွားရန်လိုအပ်သည့် ငွေကြေးဆိုင်ရာတာဝန်များလျော့ပါးစေရန် စရိတ်ထုတ်ပေးသည့်စနစ်ဖြစ်သည်။ စရိတ် ပမာဏသည် မူအရ ကလေး၁ယောက်လျှင် ၄၂၀,၀၀၀ယန်း (၂၀၂၃ခုနှစ် ၄လပိုင်းမှစ၍ ၅၀၀,၀၀၀ယန်း) ဖြစ်သည်။

### ကလေးမွေးဖွားစရိတ်ထောက်ပံ့ငွေ

ကျန်းမာရေးအာမခံရှိသူသည် ကလေးမွေးဖွားရန်အတွက်အလုပ်ရပ်နားပါက သတ်မှတ်ထားသော မွေးရက်မတိုင်မီ ရက်ပေါင်း၄၂ရက် (အမွှာကိုယ်ဝန်ဖြစ်ပါက၉၈ရက်) မှ မွေးဖွားပြီးနောက် ရက်ပေါင်း ၅၆ရက်အတွင်း အလုပ်ရပ်နားလျှင် အလုပ်ရပ်နားကာလအတွက် ကလေးမွေးဖွားစရိတ်ထောက်ပံ့ငွေ လက်ခံရယူနိုင်မည်။

### မိသားစုဆေးကုသစရိတ်

အာမခံထားရှိသူ(အသင်းဝင်)၏ မိသားစုဝင်မှီခိုသည် နာမကျန်းဖြစ်ခြင်း(သို့)ထိခိုက်ဒဏ်ရာရရှိလျှင် "မိသားစု ဆေးကုသစရိတ်" ကိုလက်ခံရယူနိုင်မည်။ ပေးချေမှုအတိုင်းအတာ၊ ပေးချေပုံနည်းလမ်း၊ ပေးချေမှုကာလ စသည်တို့သည် အာမခံထားရှိ သူ၏ ဆေးကုသစရိတ်ပေးချေပုံနှင့် တူညီသည်။

## ၂-၂ အမျိုးသားကျန်းမာရေးအာမခံ

### (၁) အာမခံဝင်ရောက်ရန်လိုအပ်ချက်များ

- နေထိုင်ခွင့်မှတ်ပုံတင်ပြုလုပ်ထားသူများအနက် အသက်၇၅နှစ်မပြည့်သောသူများသည် လုပ်ငန်း ခွင် ကျန်းမာရေး အာမခံ မရှိပါက အမျိုးသားကျန်းမာရေးအာမခံထားရှိရမည်။
- နိုင်ငံခြားသားဖြစ်လျှင် အောက်ပါအချက်များနှင့်ကိုက်ညီသောသူမှအပ အခြားသူများသည် အမျိုး သား ကျန်းမာရေးအာမခံ ထားရှိရန်လိုအပ်သည်။

(၁) နေထိုင်ခွင့်သက်တမ်းသည် ၃လအောက်ဖြစ်လျှင်(*)

(၂) နေထိုင်ခွင့်အဆင့်သည် "ကာလတိုနေထိုင်ခွင့်"ဖြစ်လျှင်

(၃) နေထိုင်ခွင့်အဆင့်သည် "အထူးလုပ်ရှားဆောင်ရွက်မှု" အနက်မှ "ဆေးကုသမှုခံယူသော လှုပ်ရှားမှု" သို့မဟုတ် "ဆေးကုသမှုခံယူနေသူအား နေ့စဉ်ပြုစုစောင့်ရှောက်သောလှုပ်ရှားမှု" များပြုနိုင်သောအဆင့်ဖြစ်လျှင်



(၄) နေထိုင်ခွင့်အဆင့်သည် "အထူးလှုပ်ရှားဆောင်ရွက်မှု"အနက်မှ "ခရီးလှည့်လည် သွားလာခြင်း၊ အပန်းဖြေခြင်းနှင့် တခြားတူရာလှုပ်ရှားမှု" များပြုနိုင်သောအဆင့်ဖြစ်လျှင်

(၅) နေထိုင်ခွင့်အဆင့်သည် "သံတမန်အဆင့်" ဖြစ်လျှင်

(၆) တရားမဝင်နေထိုင်ခြင်းစသည့် နေထိုင်ခွင့်အဆင့်မရှိသောသူဖြစ်လျှင်

(၇) ဂျပန်နိုင်ငံနှင့် ဆေးကုသမှုအာမခံအပါအဝင် လူမှုရေးအာမခံသဘောတူညီချက်ကို လက်မှတ် ရေးထိုးထားသည့်နိုင်ငံများမှ ပုဂ္ဂိုလ်ဖြစ်ပြီး ၎င်းနိုင်ငံ၏အစိုးရထံမှ လူမှုရေးအာမခံရရှိထား ကြောင်းထောက်ခံစာ (သက်ဆိုင်ရာထောက်ခံစာ) ရရှိလျှင်

* နေထိုင်ခွင့်သက်တမ်းသည် ၃လအောက်ဖြစ်သော်လည်း အောက်ပါနေထိုင်ခွင့်အဆင့်မှ တစ်ခု ဖြစ်ပြီး စာရွက်စာတမ်းများအရ ၃လနှင့်အထက် နေထိုင်ခွင့်ရှိကြောင်း အသိအမှတ်ပြု ခံရသူသည် အမျိုးသားအာမခံ ဝင်ရောက်နိုင်သည်။

- နေထိုင်ခွင့်အဆင့် "ဖျော်ဖြေရေးဆိုင်ရာ"
- နေထိုင်ခွင့်အဆင့် "နည်းပညာအလုပ်သင်"
- နေထိုင်ခွင့်အဆင့် "မိသားစုလိုက်နေထိုင်မှု"
- နေထိုင်ခွင့်အဆင့်"အထူးလှုပ်ရှားဆောင်ရွက်နိုင်မှု (အထက်ဖော်ပြပါ၃နှင့်၄၏နေထိုင်ခွင့်အဆင့်မှအပ)"

## (၂) အာမခံဝင်ခြင်းနှင့်ရုတ်သိမ်းခြင်းလုပ်ထုံးလုပ်နည်း

အမျိုးသားကျန်းမာရေးအာမခံဝင်ခြင်းနှင့် ရုတ်သိမ်းခြင်းလုပ်ထုံးလုပ်နည်း(*)ကို မိမိနေထိုင်ရာရှိ မြို့နယ်ရပ်ကွက်ကျေးရွာရုံးများတွင် ဆောင်ရွက်ရမည်။ အသေးစိတ်ကို သက်ဆိုင်ရာ မြို့နယ်ရပ်ကွက် ကျေးရွာရုံးများတွင် မေးမြန်းစုံစမ်းပါ။

(*) အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် အမျိုးသားအာမခံရုတ်သိမ်းခြင်း လုပ်ထုံးလုပ်နည်းကို ဆောင်ရွက်ရန်လိုအပ်သည်။

(၁) လက်ရှိနေထိုင်လျက်ရှိသောမြို့နယ်မှအခြားမြို့နယ်သို့ပြောင်းရွှေ့နေထိုင်လျှင်

(၂) လုပ်ငန်းခွင်ကျန်းမာရေးအာမခံဝင်ရောက်လျှင် စသည်

## (၃) အာမခံကြေး

အာမခံကြေးသည် အိမ်ထောင်စုတစ်ခုရှိ အာမခံထားရှိသူအရေအတွက်နှင့် ၎င်းတို့၏ဝင်ငွေပေါ် လိုက်၍ တွက်ချက်ထားသည့်စရိတ်ဖြစ်သည်။ အဆိုပါစရိတ်ကို အိမ်ထောင်ဦးစီးက ပေးသွင်းရန် တာဝန်ရှိသည်။

* ဝင်ငွေနှင့် နေထိုင်မှုဘဝအခြေအနေပေါ်လိုက်၍ အာမခံကြေး လျှော့နည်းနိုင်သည်ဖြစ်ရာ အသေးစိတ်ကို မိမိနေထိုင်ရာရှိ မြို့နယ်ရပ်ကွက်ကျေးရွာရုံးများတွင် မေးမြန်းစုံစမ်းပါ။

## (၄) ထုတ်ပေးခြင်းအကြောင်းအရပ်

### ဆေးကုသစရိတ်ကိုမိမိကိုယ်တိုင်ပေးချေခြင်း

အာမခံကိုအသုံးပြုခြင်းဖြင့် စုစုပေါင်းဆေးကုသစရိတ်မှ ကိုယ်တိုင်ကျခံရမည့်ရာခိုင်နှုန်းသည်

- အသက်၆နှစ်(မူလတန်းမနေမီ)မပြည့်သေးသောသူများအတွက်၂၀ရာခိုင်နှုန်း
- အသက်၇၀နှစ်မပြည့်သေးသောသူများအတွက်၃၀ရာခိုင်နှုန်း
- အသက်၇၀နှစ်မှ၇၄နှစ်အထိ၂၀ရာခိုင်နှုန်း

(သို့သော် လက်ရှိအလုပ်လုပ်ကိုင်နေ၍ ဝင်ငွေရရှိသူသည် ၃၀ရာခိုင်နှုန်း)



### ဆေးကုသစရိတ်

- အလုပ်ဝင်ဝင်ချင်းဖြစ်၍ အာမခံကတ်ကို လက်ဝယ်မရရှိသေးလျှင်
- ကျောက်ပတ်တီးစသည့်အရိုးကုသမှုကိရိယာများဝယ်ယူလျှင်
- ဆရာဝန်မှ လိုအပ်သည်ဟု ညွှန်ကြားသော မျက်မမြင်အကြောပြင်၊ အပ်စိုက်ကုထုံးများ၊ နှိပ်နယ်ခြင်းများစသည်တို့ကိုခံယူလျှင်
- နိုင်ငံခြားတွင်ကျန်းမာရေးဆေးစစ်မှုခံယူလျှင်

စသည့်အခြေအနေများကြောင့် ကျသင့်သောစရိတ်စကစုစုပေါင်းကို မိမိကိုယ်တိုင်ကျခံရ မည်ဖြစ်သည်။ သို့သော် ပေးချေပြီးနောက် အာမခံကတ်ရရှိလျှင် မိမိကျခံရမည့်ရာခိုင်နှုန်း ပမာဏကိုနုတ်၍ ကျန်ကုန်ကျစရိတ်များကို လက်ခံရယူနိုင်မည်။

### ကုန်ကျမှုများသော ဆေးကုသစရိတ်

တစ်လအတွင်း ဆေးကုသမှုဆိုင်ရာအဖွဲ့အစည်းထံနှင့် ဆေးဆိုင်များ၏ကောင်တာတွင် ကျခံရ သော ဆေးကုသစရိတ်စုစုပေါင်း (ဆေးရုံတက်စဉ်ကကုန်ကျခဲ့သောစားသောက်စရိတ်နှင့်ကုတင်ဖိုး မပါဝင်ပါ) သည် သတ်မှတ်ထားသည့်ငွေပမာဏကိုကျော်လွန်လျှင် ထိုကျော်လွန်သွားသောငွေပမာဏကိုပေးချေရ မည့်စနစ်ဖြစ်သည်။ အာမခံထားရှိသူကိုယ်တိုင် အများဆုံးပေးချေရသောလစဉ်ပမာဏသည် အသက်၇၀နှစ်နှင့်အထက်ရှိခြင်း၊မရှိခြင်းနှင့် ရရှိသောဝင်ငွေစံနှုန်းပေါ် မူတည်၍ ပြောင်းလဲမှု ရှိသည်။

### ပြောင်းရွှေ့စရိတ်

နာမကျန်းဖြစ်ခြင်းနှင့် ထိခိုက်ဒဏ်ရာကြောင့် သွားလာလှုပ်ရှားရန်ခက်ခဲသောလူနာသည် ဆရာဝန် ၏ညွှန်ကြားမှုဖြင့် ယာဉ် (သို့) အရေးပေါ်ပြောင်းရွှေ့ခံရလျှင် အောက်ပါအချက်များနှင့်ကိုက်ညီပါက ပြောင်းရွှေ့စရိတ်ကို ငွေသားဖြင့်လက်ခံရယူနိုင်မည်။

- ပြောင်းရွှေ့ခြင်းအားဖြင့် သင့်တော်သောကုသမှုခံယူရရှိလျှင်
- လူနာသည်နာမကျန်းဖြစ်ခြင်းနှင့်ဒဏ်ရာကြောင့်သွားလာလှုပ်ရှားခြင်းက သိသိသာသာ ခက်ခဲနေခဲ့လျှင်
- အရေးပေါ်မပြောင်းရွှေ့၍မဖြစ်လျှင်

### ကလေးမွေးဖွားစောင့်ရှောက်မှုအတွက်တစ်ကြိမ်ပေးငွေ

အာမခံထားရှိသူ (သို့) အာမခံထားရှိသူအားမှီခိုသူသည် ကလေးမွေးဖွားလျှင် ကလေးမွေးဖွားရန် လိုအပ်သည့် ငွေကြေးဆိုင်ရာတာဝန်များလျော့ပါးစေရန် စရိတ်ထုတ်ပေးသည့်စနစ် ဖြစ်သည်။ စရိတ် ပမာဏသည် မူအရ ကလေး၁ယောက်လျှင် ၄၂၀,၀၀၀ယန်း (၂၀၂၃ခုနှစ် ၄လပိုင်းမှစ၍ ၅၀၀,၀၀၀ယန်း) ဖြစ်သည်။

# ၂-၃ နောက်ပိုင်းကာလသက်ကြီးရွယ်အိုများဆေးကုသမှုစနစ်

## (၁) လျှောက်ထားရန်လိုအပ်ချက်များ

### အသက်၇၅နှစ်ပြည့်ပါက



- နေထိုင်ခွင့်မှတ်ပုံတင်ရှိသူသည် အသက်၇၅နှစ်နှင့်အထက်ဖြစ်လျှင် နောက်ပိုင်းကာလ သက်ကြီး ရွယ်အိုများဆေးကုသမှုစနစ်တွင် အာမခံဝင်နိုင်သည်။
- အသက်၆၅နှစ်မှ၇၄နှစ်အတွင်းရှိသောသူများလည်း မသန်စွမ်းမှုတစ်ခုခုဖြစ်ကြောင်း အသိအမှတ် ပြုခံရလျှင် အာမခံဝင်နိုင်သည်။
- သို့သော် ယခင်ကအာမခံထားခဲ့သော ကျန်းမာရေးအာမခံများ (အမျိုးသားကျန်းမာရေးအာမခံ၊ ကျန်းမာရေး အာမခံအသင်း၊ ဂျပန်နိုင်ငံကျန်းမာရေးအာမခံအသင်း၊ အပြန်အလှန်ကူညီထောက်ပံ့ ရေးအသင်းမှ အာမခံများ စသည်) ကို ရုတ်သိမ်းရမည်။
- အသက်၇၅နှစ်နှင့်အထက်ရှိသော နိုင်ငံခြားသားဖြစ်လျှင် အောက်ပါအချက်များနှင့် ကိုက်ညီသော သူမှအပ အခြားသူများသည် နောက်ပိုင်းကာလသက်ကြီးရွယ်အိုများဆေးကုသမှုစနစ် တွင် အာမခံဝင်ရန်လိုအပ်သည်။

(၁) နေထိုင်ခွင့်သက်တမ်းသည် ၃လအောက်ဖြစ်လျှင်(*)

(၂) နေထိုင်ခွင့်အဆင့်သည် "ကာလတိုနေထိုင်ခွင့်"ဖြစ်လျှင်

(၃) နေထိုင်ခွင့်အဆင့်သည် "အထူးလုပ်ရှားဆောင်ရွက်မှု" အနက်မှ "ဆေးကုသမှုခံယူသော လှုပ်ရှားမှု" သို့မဟုတ် "ဆေးကုသမှုခံယူနေသူအား နေ့စဉ်ပြုစုစောင့်ရှောက်သောလှုပ်ရှားမှု" များပြုနိုင်သောအဆင့်ဖြစ် လျှင်

(၄) နေထိုင်ခွင့်အဆင့်သည် "အထူးလှုပ်ရှားဆောင်ရွက်မှု"အနက်မှ "ခရီးလှည့်လည် သွားလာခြင်း၊ အပန်းဖြေ ခြင်းနှင့် တခြား တူရာလှုပ်ရှားမှု" များပြုနိုင်သောအဆင့်ဖြစ်လျှင်

(၅) နေထိုင်ခွင့်အဆင့်သည် "သံတမန်အဆင့်" ဖြစ်လျှင်

(၆) တရားမဝင်နေထိုင်ခြင်းစသည့် နေထိုင်ခွင့်အဆင့်မရှိသောသူဖြစ်လျှင်

(၇) ဂျပန်နိုင်ငံနှင့် ဆေးကုသမှုအာမခံအပါအဝင် လူမှုရေးအာမခံသဘောတူညီချက်ကို လက်မှတ် ရေးထိုး ထားသည့်နိုင်ငံများမှပုဂ္ဂိုလ်ဖြစ်ပြီး လူမှုရေးအာမခံရရှိထားကြောင်း ၎င်းနိုင်ငံ၏အစိုးရထံ မှ ထောက်ခံစာ(သက်ဆိုင်ရာထောက်ခံစာ)ရရှိလျှင်

(*) နေထိုင်ခွင့်သက်တမ်းသည် ၃လအောက် ဖြစ်သော်လည်း အောက်ပါ နေထိုင်ခွင့်အဆင့်မှ တစ်ခု ဖြစ်ပြီး စာရွက်စာတမ်းများအရ ၃လ အထက် နေထိုင်ခွင့်ရှိကြောင်း အသိအမှတ်ပြုခံရသူ သည် နောက်ပိုင်းကာလသက်ကြီးရွယ်အိုများကျန်းမာရေးစောင့်ရှောက်မှုစနစ်တွင် အာမခံ ဝင် နိုင်သည်။

- နေထိုင်ခွင့်အဆင့် "ဖျော်ဖြေရေးဆိုင်ရာ"
- နေထိုင်ခွင့်အဆင့် "နည်းပညာအလုပ်သင်"
- နေထိုင်ခွင့်အဆင့် "မိသားစုလိုက်နေထိုင်မှု"
- နေထိုင်ခွင့်အဆင့် "အထူးလှုပ်ရှားဆောင်ရွက်နိုင်မှု

(အထက်ဖော်ပြပါ၃နှင့်၄၏နေထိုင်ခွင့်အဆင့်မှအပ) "

## (၂) အာမခံလျှောက်ထားခြင်း၊ရုတ်သိမ်းခြင်းလုပ်ထုံးလုပ်နည်း

နောက်ပိုင်းကာလသက်ကြီးရွယ်အိုများဆေးကုသမှုစနစ်တွင် လျှောက်ထားခြင်း၊ ရုတ်သိမ်းခြင်း လုပ်ထုံးလုပ်နည်းများကို မိမိနေထိုင်ရာရှိ မြို့နယ်ရပ်ကွက်ကျေးရွာရုံးတွင် ဆောင်ရွက်ရမည်။ အသေးစိတ်ကို သက်ဆိုင်ရာ မြို့နယ်ရပ်ကွက်ကျေးရွာရုံးများတွင် မေးမြန်းစုံစမ်းပါ။

ထို့ပြင် လက်ရှိနေထိုင်ရာမြို့နယ်မှ အခြားမြို့နယ်သို့ ပြောင်းရွှေ့နေထိုင်လျှင် နောက်ပိုင်းကာလ သက်ကြီးရွယ်အိုများကျန်းမာရေးစောင့်ရှောက်မှုစနစ် ရုတ်သိမ်းခြင်းလုပ်ထုံးလုပ်နည်းကို ဆောင်ရွက် ရန်လိုအပ်သည်။

## (၃) အာမခံကြေး

အာမခံကြေးသည် အာမခံထားရှိသူအားလုံး တူညီသောပမာဏကိုပေးဆောင်ရမည့် တစ်ဦးချင်း ပမာဏနှင့် အာမခံထားရှိသူ၏ဝင်ငွေပေါ်လိုက်၍ ပေးဆောင်ရမည့် ဝင်ငွေရာခိုင်နှုန်းကိုပေါင်း၍ ပေးဆောင်ရခြင်း ဖြစ်သည်။

လုပ်ငန်းခွင်ကျန်းမာရေးအာမခံစသည်တွင် မှီခိုဖြစ်ခြင်း၊ ဝင်ငွေနှင့်နေထိုင်မှုအခြေအနေ စသည်ကိုလိုက်၍အာမခံကြေးလျှော့နည်းနိုင်သည်။ အသေးစိတ်ကို သက်ဆိုင်ရာမြို့နယ်ရပ်ကွက်ကျေးရွာရုံးများ တွင် မေးမြန်းစုံစမ်းပါ။

## (၄) ထုတ်ပေးခြင်းအကြောင်းအရပ်

### ဆေးကုသစရိတ်ကိုမိမိကိုယ်တိုင်ပေးချေခြင်း

အာမခံကိုအသုံးပြုခြင်းဖြင့် စုစုပေါင်းဆေးကုသစရိတ်မှ ကိုယ်တိုင်ပေးချေရမည့်ရာခိုင်နှုန်းသည် ၁၀ရာခိုင်နှုန်း ဖြစ်သည်။ သို့သော် လက်ရှိအလုပ်လုပ်ကိုင်နေ၍ ဝင်ငွေရရှိသူသည် ၃၀ရာခိုင်နှုန်း ပေး ဆောင်ရမည်ဖြစ်သည်။

ထို့ပြင်၊ ၂၀၂၂ခုနှစ် အောက်တိုဘာလ ၁ရက်နေ့မှစ၍ အလုပ်အကိုင်နှင့် ညီမျှသော ဝင်ငွေရှိသောသူအပြင်၊ သတ်မှတ်ထားသည်ထက်ပိုသော ဝင်ငွေရှိသူသည် ၁၀ရာခိုင်နှုန်းမှ ၂၀ရာခိုင်နှုန်း ပေးဆောင်ရပါမည်။

### ဆေးကုသစရိတ်



- အလုပ်ဝင်ဝင်ချင်းဖြစ်၍အာမခံကတ်ကိုလက်ဝယ်မရရှိသေးလျှင်
- ကျောက်ပတ်တီးစသည့်အရိုးကုသမှုကိရိယာများဝယ်ယူလျှင်
- ဆရာဝန်မှ လိုအပ်သည်ဟု ညွှန်ကြားသော မျက်မမြင်အကြောပြင်၊ အပ်စိုက်ကုထုံးများ၊ နှိပ်နယ်ခြင်းများစသည်တို့ကိုခံယူလျှင်

- နိုင်ငံခြားတွင်ကျန်းမာရေးဆေးစစ်မှုခံယူလျှင်

စသည့်အခြေအနေများကြောင့် ကျသင့်သောစရိတ်စကစုစုပေါင်းကို မိမိကိုယ်တိုင်ပေးချေ ရမည်ဖြစ်သည်။ သို့သော် ပေးချေပြီးနောက် အာမခံကတ်ရရှိလျှင် မိမိပေးချေရမည့် ရာခိုင်နှုန်းပမာဏကိုနုတ်၍ ကျန်ကုန်ကျစရိတ်များကို လက်ခံရယူနိုင်မည်။

### ကုန်ကျမှုများသော ဆေးကုသစရိတ်

တစ်လအတွင်း ဆေးကုသမှုဆိုင်ရာအဖွဲ့အစည်းနှင့် ဆေးဆိုင်များ၏ကောင်တာတွင် ပေးချေရသော ဆေးကုသ စရိတ်စုစုပေါင်း (ဆေးရုံတက်စဉ်ကကုန်ကျခဲ့သော စားသောက်စရိတ်နှင့် ကုတင်ဖိုးမပါဝင် ပါ)သည် သတ်မှတ်ထားသည့် ငွေပမာဏကိုကျော်လွန်လျှင် ထိုကျော်လွန်သွားသောငွေပမာဏကို ပေး ချေရမည့်စနစ် ဖြစ်သည်။ အာမခံထားရှိသူ ကိုယ်တိုင် အများဆုံးပေးချေရသော လစဉ်ပမာဏသည် ရရှိ သောဝင်ငွေပမာဏပေါ်မူတည်၍ ပြောင်းလဲမှုရှိသည်။

### ပြောင်းရွှေ့စရိတ်

နာမကျန်းဖြစ်ခြင်းနှင့် ထိခိုက်ဒဏ်ရာကြောင့် သွားလာလှုပ်ရှားရန်ခက်ခဲသောလူနာသည် ဆရာဝန် ၏ညွှန်ကြားမှုဖြင့် ယာယီ (သို့) အရေးပေါ်ပြောင်းရွှေ့ခံရလျှင် အောက်ပါအချက်များနှင့် ကိုက်ညီပါက ပြောင်းရွှေ့စရိတ်ကို ငွေသားဖြင့် လက်ခံရယူနိုင်မည်။

- ပြောင်းရွှေ့ခြင်းအားဖြင့် သင့်တော်သောကုသမှုခံယူရရှိလျှင်
- လူနာသည်နာမကျန်းဖြစ်ခြင်းနှင့်ဒဏ်ရာကြောင့်သွားလာလှုပ်ရှားခြင်းက သိသိသာသာ ခက်ခဲနေခဲ့လျှင်
- အရေးပေါ်မပြောင်းရွှေ့၍မဖြစ်လျှင်

# ၇ ဆေးဝါး

- ဆေးဝါးကို ဆေးပေးဌာနများ၊ ဆေးဆိုင်များတွင် ဝယ်ယူရရှိနိုင်သည်။
- နာမကျန်းဖြစ်ခြင်းနှင့် ထိခိုက်ဒဏ်ရာများ ကုသရာတွင် ဆေးဝါးကို အသုံးပြုခြင်းများ ရှိသော် လည်း ဆေးဝါးတွင် ဘေးထွက်ဆိုးကျိုးများရှိသဖြင့် သုံးစွဲပုံကို သတိပြုရန်လိုအပ်သည်။
- ဆေးဝါးနှင့်စပ်လျဉ်း၍ နားမလည်မှုများရှိပါက ဆေးပေးဌာနများ၊ ဆေးဆိုင်များရှိ ဆေးဝါး ကျွမ်းကျင်များ၊ လိုင်စင်ရအရောင်းစာရေးများနှင့် ဆွေးနွေးနိုင်သည်။

* လိုင်စင်ရအရောင်းစာရေးသည် ဆရာဝန်၏ ဆေးညွှန်းမပါဘဲ ဝယ်ယူနိုင်သော ဆေးဝါးအချို့ကို ရောင်းချနိုင်သည်။ OTCဆေးဝါးများကိုလည်း ရောင်းချနိုင်သည်။

## ၇-၁ ဆေးပေးဌာန

ဆေးပေးဌာနတွင် ဆရာဝန်မှညွှန်ကြားသော ဆေးညွှန်းကိုအခြေခံ၍ ဆေးဝါးကျွမ်းကျင်ပညာရှင်က ဆေးစပ်ပေး ခြင်းပြုလုပ်ပြီး၊ဆေးသောက်သုံးရန်ညွှန်ကြားချက်ကိုလိုက်၍ ဆေးများကို ရယူနိုင်ပါသည်။ထို့အပြင် OTCဆေးဝါးများက ဝယ်ယူနိုင်သည်။

## ၃-၂ ဆေးဆိုင်

OTCဆေးဝါးများကို ဆေးပေးဌာနကဲ့သို့ပင် ဆေးဆိုင်တွင်လည်း ဝယ်ယူနိုင်သည်။ သို့သော် ဆေးဆိုင်တွင်မူ ဆရာဝန်၏ဆေးညွှန်းများကို လက်ခံဆောင်ရွက်မပေးပေ။



အခန်း ၇

# ပင်စင်နှင့်လူမှုဖူလုံရေး




## ၁ ပင်စင်

ဂျပန်နိုင်ငံ၏ ပင်စင်စနစ်မှာ ခန့်မှန်း၍မရနိုင်သော အနာဂတ်ကို ကြိုတင်ပြင်ဆင်ရန်အတွက် မျိုးဆက်အပိုင်းအခြားမရှိ လူ့ဘောင်အဖွဲ့အစည်းတစ်ခုလုံးက အပြန်အလှန်ထောက်ပံ့ကူညီကာ ဘဝ တစ်သက်တာအာမခံချက်ကို အကောင်အထည်ဖော်ဆောင်သည့် အစီအစဉ်ဖြစ်သည်။

အလုပ်လုပ်ကိုင်နေကြသည့် မျိုးဆက်မှ ပေးဆောင်ထားသော အာမခံကြေးများကို သက်ကြီးရွယ်အို စသည်တို့အား ပင်စင်ငွေထုတ်ပေးခြင်းအဖြစ် ရည်ရွယ်သည့် နည်းလမ်းဖြင့် စီမံလုပ်ကိုင်လျက်ရှိသည်။

သက်ကြီးပင်စင်အပြင်၊ မသန်စွမ်းပင်စင်၊ ကျန်ရစ်သူမိသားစုပင်စင်များလည်း ရှိပါသည်။

### သက်ကြီးအခြေခံပင်စင်၊သက်ကြီးလုပ်သားဖူလုံရေးပင်စင်ရရှိမှုအခြေအနေ၏စိတ်ကူးပုံစံ



## ၁-၁ အမျိုးသားပင်စင်(kokumin nenkin)

ဂျပန်နိုင်ငံ၏ပြည်သူ့ပင်စင်စနစ်မှာ မူအရ ဂျပန်နိုင်ငံအတွင်းနေထိုင်သော အသက်၂၀နှင့်အထက်၊ အသက်၆၀အောက်ရှိသောသူအားလုံးသည် ပြည်သူ့ပင်စင်စနစ်ကို ဝင်ရောက်ရန် လိုအပ်သည်။

### (၁) အာမခံရှိသူ (အာမခံဝင်ထားသူ) နှင့် အာမခံဝင်ခြင်းလုပ်ထုံးလုပ်နည်း

အမျိုးသားပင်စင်ကို အာမခံရှိသူ (အာမခံဝင်ထားသူ) များတွင် ပုံစံ(၁)မှပုံစံ(၃)စသဖြင့် အာမခံဝင်သူ အမျိုးအစား(၃) မျိုးရှိသည်။

**ပုံစံ(၁)အာမခံဝင်သူ**

- ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ၊ ကျောင်းသား စသည်၊ ပုံစံ(၂) အာမခံဝင်သူ၊ ပုံစံ(၃) အာမခံဝင်သူနှင့် မသက်ဆိုင်သောသူများသည် အမျိုးသားပင်စင် ပုံစံ(၁) အာမခံဝင်သူ ဖြစ်သည်။
- အာမခံဝင်ရန်လုပ်ထုံးလုပ်နည်းမှာ ကာယကံရှင်နေထိုင်ရာရှိ မြို့နယ်ရပ်ကွက်ကျေးရွာရုံး၌ ပြုလုပ်ရမည်။

**ပုံစံ(၂)အာမခံဝင်သူ**

- ကုမ္ပဏီစသည်တွင်အလုပ်လုပ်ကိုင်ပြီး လူမှုဖူလုံရေးပင်စင်အာမခံနှင့် ဝင်ထားသူများသည် ပုံစံ(၂) အာမခံဝင်သူဖြစ်သည်။
- အာမခံဝင်ရန်လုပ်ထုံးလုပ်နည်းမှာ ကုမ္ပဏီ(အလုပ်ရှင်)မှ လုပ်ဆောင်မည်ဖြစ်သည်။

**ပုံစံ(၃)အာမခံဝင်သူ**

- လူမှုဖူလုံရေးပင်စင်အာမခံနှင့် ဝင်ထားသူ (အမျိုးသားပင်စင် ပုံစံ(၂)အာမခံဝင်သူ) ၏ ထောက်ပံ့မှု ရရှိနေသော အိမ်ထောင်ဖက်သည် အမျိုးသားပင်စင် ပုံစံ(၃) အာမခံဝင်သူဖြစ်သည်။
- အာမခံဝင်ရန် လုပ်ထုံးလုပ်နည်းမှာ အိမ်ထောင်ဖက် (ပုံစံ(၂)အာမခံဝင်သူ) အလုပ် လုပ်ကိုင်နေသော ကုမ္ပဏီမှတစ်ဆင့် ပြုလုပ်နိုင်သည်။

* ပုံစံ(၁)အာမခံဝင်ထားသူ၏ထောက်ပံ့မှုရရှိနေသော အိမ်ထောင်ဖက်သည် ပုံစံ(၃)အာမခံဝင်သူ မဖြစ်နိုင်ပါ။

* လူမှုဖူလုံရေးပင်စင်အာမခံဝင်ထားသည့် အသက်၆၅နှစ်နှင့်အထက်ပင်စင်စားများ၏ ထောက်ပံ့မှု ရရှိနေသူ အိမ်ထောင်ဖက်များသည်လည်း ပုံစံ(၃)အာမခံဝင်သူမဖြစ်နိုင်ပါ။

၎င်းတို့အပြင်၊ (၁)မှ(၃)အတွင်းတခုခုနှင့်မျှ မကိုက်ညီသောသူများထဲမှ ဂျပန်တွင် နေထိုင်သောအသက် ၆၀နှစ်အထက် ၇၀နှစ်မပြည့်သောသူသည်၊ သတ်မှတ်ထားသောအချက်များနှင့် ပြည့်မီပါက လျှောက်တင်၍ အမျိုးသားပင်စင်၏ အာမခံဝင်သူ (ကျပန်းဝင်ထားသောအာမခံဝင်သူ) ဖြစ်လာနိုင်တာမျိုးလည်းရှိပါသည်။ အသင်းဝင်ရန်လုပ်ဆောင်ပုံအဆင့်ဆင့်ကို၊ ကာယကံရှင်ကနေထိုင်သည့် ဒေသန္တရအုပ်ချုပ်ရေးရုံးတွင် လုပ်ဆောင်ရပါမည်။

* အသက်၆၀နှစ်အထက် ၇၀နှစ်မပြည့်သောသူသည်၊ ၁၉၆၅ခုနှစ် ဧပြီလ၁ရက်နေ့မတိုင်ခင် မွေးဖွားထားသူဖြစ်ဖြင့် စသည့်၊ လိုအပ်သည့်အချက်အနည်းငယ်နှင့် ကိုက်ညီနေရန် လိုအပ်ပါသည်။

## (၂) အာမခံကြေး

- ပုံစံ(၁)အာမခံဝင်သူနှင့် ကျပန်းဝင်ထားသော အာမခံဝင်သူ၏ အမျိုးသားပင်စင်အာမခံကြေးမှာ တပြေးညီ ဖြစ်သည်။ထို့ပြင် လျှောက်တင်ခြင်းဖြင့်၊ ပုံမှန်အာမခံကြေးအပြင် အပိုအာမခံကြေး(ထပ်ပေါင်းအာမခံကြေး)ကို ပေးသွင်းနိုင်ပါသည်။ ပုံစံ(၂)အာမခံ ဝင်သူနှင့် ပုံစံ(၃)အာမခံဝင်သူတို့မှာ အမျိုးသားပင်စင်အာမခံကြေးပေးသွင်းရန်မလိုအပ်ပါ။
- အာမခံကြေးမှာ ငွေပေးသွင်းရန်စာ(ငွေကြေးထောက်ပံ့ရေးအဖွဲ့အစည်းကောင်တာ၊ ကွန်ဗီနီစတိုးစသည်တို့တွင် ပေးဆောင်ခြင်း) ဘဏ်အကောင့်မှငွေလွှဲခြင်း သို့မဟုတ် ခရက်ဒစ်ကတ်ဖြင့် ပေးချေခြင်း ပြုနိုင်သည်။
- အာမခံကြေးစုစုပေါင်းကို ကြိုတင်ပေးသွင်းပါက လျှော့ဈေးရရှိနိုင်သည်။
- ပုံစံ(၁)အာမခံဝင်သူသည် ဝင်ငွေနည်းပါးသူနှင့် အလုပ်လက်မဲ့စသည်တို့ကြောင့် အာမခံကြေးပေးသွင်းရန်အခက်အခဲရှိသော အခါမျိုး၌ အာမခံကြေးကင်းလွတ်မှုနှင့် အချိန်တိုးမြှင့်မှုစနစ်ရှိသည်။
- အသေးစိတ်ကို နေထိုင်ရာရှိ မြို့နယ်ရပ်ကွက်ကျေးရွာရုံးများ သို့မဟုတ် ပင်စင်ရုံး (Japan Pension Service 'JPS')တွင် မေးမြန်းစုံစမ်းပါ။

* အာမခံကြေးမပေးဆောင်ခြင်းများဆက်တိုက်ဖြစ်လာပါက

- မပေးသွင်းပါကဒနှစ်ပြည့်တိုင်း "သက်ကြီးအခြေခံပင်စင်"သည် ၁နှစ်လျှင် ယန်း၂သောင်းလျော့ပါမည်။
- ဒဏ်ရာအနာတရဖြစ်သည့်အချိန်တွင် "မသန်စွမ်းအခြေခံပင်စင်"ကိုမရရှိနိုင်တာမျိုးလည်းရှိပါသည်။
- သေဆုံးသွားသည့်အချိန်တွင်၊ ကျန်ရစ်သူမိသားစုက "ကျန်ရစ်သူမိသားစုပင်စင်"ကိုမရရှိနိုင်တာမျိုးလည်း ရှိပါသည်။

## (၃) ထုတ်ပေးခြင်း

### သက်ကြီးအခြေခံပင်စင်

- ရရှိခွင့်အဆင့်ကာလ (အာမခံကြေး ပေးသွင်းထားသော ကာလနှင့် အာမခံကြေး ကင်းလွတ်ခွင့် ရရှိထားသော ကာလစသည်) မှာ ၁၀နှစ်နှင့်အထက်ရှိသူသည် အသက်၆၅နှစ်မှစ၍ သက်ကြီး အခြေခံပင်စင်ရရှိနိုင်သည်။
- သက်ကြီးအခြေခံပင်စင်ငွေပမာဏမှာ အာမခံကြေးသွင်းခဲ့သည့်ကာလပေါ်မူတည်သည်။
- အသက်၂၀မှ အသက်၆၀အတွင်း နှစ်၄၀တာအာမခံကြေးပေးသွင်းခဲ့သူသည် သက်ကြီးအခြေခံ ပင်စင်ငွေပမာဏအပြည့် ရရှိနိုင်သည်။
- ထပ်ပေါင်းအာမခံကြေးကိုသွင်းထားသည့်သူသည် "၂၀၀ယန်း×ထပ်ပေါင်းအာမခံကြေးပေးသွင်းသည့်လအရေအတွက်"၏ထပ်ပေါင်းပင်စင်ငွေပမာဏ(နှစ်စဉ်ပမာဏ) ကိုလက်ခံရယူနိုင်ပါသည်။

* အာမခံကြေးမပေးသွင်းထားသောကာလကို ရရှိခွင့်အဆင့်ကာလအဖြစ် မသတ်မှတ်နိုင်ပါ။

* အာမခံကြေးကင်းလွတ်ခွင့်ရရှိထားသည့်ကာလရှိသောသူ၏ သက်ကြီးအခြေခံပင်စင်ငွေပမာဏ မှာ ကင်းလွတ်ခွင့်ရခဲ့သောပမာဏနှင့် အခြေခံပင်စင်တို့၏ အမျိုးသားဘဏ္ဍာရေးတာဝန်ခံမှုအချိုး အပေါ်မူတည်၍ တွက်ချက်ပုံကွဲပြားမည်ဖြစ်သည်။

### မသန်စွမ်းအခြေခံပင်စင်

- အောက်ဖော်ပြပါ အချက်အားလုံးနှင့် ကိုက်ညီသူသည် မသန်စွမ်းအခြေခံပင်စင်ကိုရရှိနိုင်မည် ဖြစ် သည်။

(၁) အမျိုးသားပင်စင်ဝင်ထားစဉ်အချိန်၌ စတင်ဆေးစစ်သည့်ရက် (မသန်စွမ်းမှု၏အကြောင်းအရင်းဖြစ်သော ရောဂါ(သို့)ဒဏ်ရာနှင့် ပတ်သက်၍ ပထမဆုံး ဆရာဝန်၊သို့မဟုတ် သွားဆရာဝန်၏စစ်ဆေးကုသမှုကို ခံသူးသောနေ့) ရှိခြင်း

(၂) ရောဂါနှင့် ဒဏ်ရာများကြောင့်၊ သတ်မှတ်ထားသည့်ထက် မသန်စွမ်းဒဏ်ရာများ ကျန်ရှိနေခြင်း

(၃) ပထမဆုံးစတင်ကုသစစ်ဆေးရက် မတိုင်မီတစ်ရက်တွင် အာမခံကြေးပေးသွင်းရန်လိုအပ်ချက်ပြည့်မီခြင်း

- မသန်စွမ်း အခြေခံပင်စင်၌ မသန်စွမ်းမှုအဆင့်(၂)ဆင့်ရှိသည်။
- မသန်စွမ်းမှုအခြေခံပင်စင်၏ ငွေပမာဏမှာ အဆင့်ပေါ်လိုက်ပြီးကွာခြားမည်ဖြစ်သည်။

မသန်စွမ်းမှုအဆင့်(၁) →သက်ကြီးအခြေခံပင်စင်ငွေပမာဏအပြည့်၏၁.၂၅ဆရှိသော ပမာဏ

မသန်စွမ်းမှုအဆင့်(၂) →သက်ကြီးအခြေခံပင်စင်ငွေပမာဏအပြည့်နှင့်တူညီသော ပမာဏ

- မသန်စွမ်းမှုအဆင့်(၁)နှင့်(၂)၌ "ကလေး" ရှိသောအခြေအနေဖြစ်ပါက အပိုငွေရရှိမည် ဖြစ် သည်။

## ကျန်ရစ်သူမိသားစုအခြေခံပင်စင်

- အောက်ဖော်ပြပါအချက်တို့နှင့် ကိုက်ညီသည့် "ကလေးရှိသောအိမ်ထောင်ဖက်" သို့မဟုတ် "ကလေး"သည် ကျန်ရစ်သူမိသားစုအခြေခံပင်စင်ကို ခံစားခွင့်ရရှိမည်ဖြစ်သည်။

⇒ (၁) သို့မဟုတ် (၂) နှင့် ကိုက်ညီသူ

(၁) အမျိုးသားပင်စင်အာမခံဝင်ထားသူ သို့မဟုတ် အာမခံထားရှိဖူးသူ သေဆုံးသောအချိန် တွင် ထိုသူသည် အမျိုးသားပင်စင်၏ အာမခံကြေးကို ပေးသွင်းရန်လိုအပ်ချက်များနှင့် ပြည့်စုံနေခဲ့လျှင်


(၂) သက်ကြီးအခြေခံပင်စင်ရရှိခွင့်အဆင့်ကာလ ၂၅နှစ်နှင့်အထက်ရှိသူ သေဆုံးသွားလျှင်

⇒သေဆုံးသွားသူအားမှီခို၍ အသက်မွေးဝမ်းကျောင်းမှုလုပ်ကိုင်နေခဲ့ပါက

- ကျန်ရစ်သူမိသားစုအခြေခံပင်စင်ငွေပမာဏမှာ သက်ကြီးအခြေခံပင်စင်ငွေအပြည့်နှင့်တူညီသည့် ငွေပမာဏဖြစ်သည်။"ကလေး"ရှိသော အခြေအနေဖြစ်ပါက အပိုငွေရရှိမည်ဖြစ်သည်။

**One Point:**

### "ကလေး" ဆိုသည်မှာ



"ကလေး"ဆိုသည်မှာ အိမ်ထောင်မပြုရသေးသည့် အောက်ဖော်ပြပါ ကလေးများကို ဆိုလိုသည်။

- ၁၈နှစ်အောက်နှင့် အသက်၁၈နှစ်ပြည့်သည့်နှစ်၏ မတ်လ၃၁ရက်နေ့အထိ အတိုင်းအတာ ကာလအတွင်း ရှိသော ကလေး
- အသက်၂၀အောက်ဖြစ်ပြီး မသန်စွမ်းမှုအဆင့်(၁) သို့မဟုတ်(၂) ရှိသူ ကလေး

## သေဆုံးမှုအတွက်တစ်ကြိမ်ပေးငွေ

- ပုံစံ(၁)အာမခံဝင်ထားသူအနေဖြင့် အာမခံကြေးပေးသွင်းပြီးကာလ၏ စုစုပေါင်းလအရေအတွက် ၃၆လနှင့်အထက် ရှိသူသည် သက်ကြီးအခြေခံပင်စင်၊ မသန်စွမ်းအခြေခံပင်စင်အနက်မှ တစ်မျိုးမျိုးမရရှိထားဘဲ သေဆုံးသွားပြီး ကျန်ရစ်သူမိသားစုမှာလည်း ကျန်ရစ်သူမိသားစုအခြေခံ ပင်စင်မရရှိနိုင်သော အခါ၌ သေဆုံးမှုအတွက်တစ်ကြိမ်ပေးငွေ ရရှိနိုင်သည်။

- သေဆုံးမှုအတွက်တစ်ကြိမ်ပေးငွေပမာဏမှာ အာမခံကြေးပေးသွင်းခဲ့သောကာလနှင့် အာမခံ ကြေး ကင်းလွတ်ခွင့်ရရှိသောကာလပေါ်မူတည်၍ ကွဲပြားမည်ဖြစ်သည်။

**မုဆိုးမပင်စင်**

- မုဆိုးမပင်စင်ဆိုသည်မှာ အမျိုးသားပင်စင်ပုံစံ(၁)အာမခံဝင်သူအဖြစ် အာမခံကြေး ပေးသွင်း ပြီးကာလမှာ၁၀နှစ်နှင့်အထက်ရှိသူခင်ပွန်းဖြစ်သူ သေဆုံးခဲ့ပါက၊ ခင်ပွန်းဖြစ်သူ မသေဆုံးမီအထိ ခင်ပွန်းဖြစ်သူအပေါ် မှီခို၍ အသက်မွေးဝမ်းကြောင်းပြုနေခဲ့ပြီး ထိုအိမ်ထောင်သက်မှာ ၁၀နှစ်နှင့် အထက်ရှိသော ဇနီးဖြစ်သူသည် အသက်၆၀နှစ်မှ အသက်၆၅နှစ်အထိအတိုင်းအတာ ကာလတွင် မုဆိုးမပင်စင်ရရှိနိုင်မည် ဖြစ်သည်။
- မုဆိုးမပင်စင်၏ပမာဏမှာ ခင်ပွန်းဖြစ်သူ၏ အမျိုးသားပင်စင်ပုံစံ(၁)အာမခံဝင်သူကာလကိုသာ အခြေခံ၍တွက်ချက်ထားသည့် သက်ကြီးအခြေခံပင်စင်၏ လေးပုံသုံးပုံဖြစ်သည်။

## ၁-၂ အလုပ်အကိုင်ပင်စင်အာမခံ

သက်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေသောနေရာ တွင် အလုပ်လုပ်ကိုင်နေသော အလုပ်သမား များ သည် လိုအပ်ချက်များပြည့်မီပါက လူမှုဖူလုံရေးပင်စင်အာမခံဝင်နိုင်သည်။ (သက်ဆိုင်ရာ လုပ်ငန်း ဆောင်ရွက်နေသောနေရာမှ သတ်မှတ်ထားသော လိုအပ်ချက်များနှင့် အာမခံဝင်ရောက်ရန် လိုအပ်ချက် များမှာ ကျန်းမာရေးအာမခံဝင်ရောက်ရန်လိုအပ်ချက်များနှင့် တူညီသည်။)

လူမှုဖူလုံရေးပင်စင်အာမခံမဝင်ရောက်နိုင်သောအလုပ်သမားများမှာ အမျိုးသားပင်စင်အာမခံ ဝင် ရောက်နိုင်သည်။

### (၁) အာမခံရှိသူ (အာမခံဝင်ထားသူ)

- သက်ဆိုင်ရာလုပ်ငန်းဆောင်ရွက်နေသောနေရာတွင် အလုပ်လုပ်ကိုင်နေသည့် အသက်၇၀မပြည့် သေးသောသူများသည် အောက်ပါလိုအပ်ချက်များပြည့်မီပါက လူမှုဖူလုံရေးပင်စင်အာမခံတွင် အာမခံရှိသူ (အာမခံဝင်ထားသူ) ဖြစ်မည်။
- အသက်၇၀နှစ်အထက်သူသောသူများလည်း သက်ကြီးပင်စင် ရယူနိုင်သည့်အထောက်အထားများ မရှိခြင်း စသည့် သတ်မှတ်ထားသော အချက်များကို ပြည့်မီပါက၊ လျှောက်တင်၍ အာမခံဝင်ထားသူ (သက်ကြီးရွယ်အိုကျပန်းဝင်ထားသော အာမခံဝင်ထားသူ) ဖြစ်နိုင်တာမျိုးလည်း ရှိပါသည်။

*** သက်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေသောနေရာမှ တောင်းဆိုသောအချက်များ**

အောက်ဖော်ပြပါ လုပ်ငန်းဆောင်ရွက်နေသောနေရာများမှာ သက်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေသော နေရာများ ဖြစ်သည်။

(၁) အစုဝင်ကုမ္ပဏီလုပ်ငန်း

(၂) စိုက်ပျိုးရေး၊သစ်တော၊ငါးဖမ်းလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း စသည်တို့မပါဝင်သည့် တစ်သီးပုဂ္ဂလ လုပ်ငန်းဆောင်ရွက်နေသောနေရာများ (၅ဦးနှင့်အထက်)

(၃) အလုပ်သမားစီမံခန့်ခွဲမှု သဘောတူညီချက်ဖြင့်၊ မိမိဆုံးဖြတ်ချက်ဖြင့် လျှောက်ထားနိုင်သော လုပ်ငန်း ဆောင်ရွက်နေသည့်နေရာများ

*** အာမခံဝင်ထားသူဖြစ်နိုင်ရန် လိုအပ်သည့်အချက်များ**

လျှောက်ထားမည့်ရုံးတွင် အသုံးပြုသည့် (က) ~ (ဂ)အတွင်းမှ တခုခုနှင့် ကိုက်ညီသောသူသည် အာမခံဝင်ထားသူ ဖြစ်နိုင်ပါသည်။

(က) အမြဲခန့်ဝန်ထမ်းနှင့် အဖွဲ့အစည်းကိုယ်စားလှယ်၊ အမှုထမ်းများ

(ခ) ၁ပါတ်အတွက် သတ်မှတ်ထားသောအလုပ်လုပ်ချိန်နှင့် ၁လအတွက်သတ်မှတ်ထားသောရက် ပေါင်းသည်၊ အဆိုပါရုံးတွင် တူညီသောအလုပ်ကိုလုပ်ကိုင်နေရသောအမြဲခန့်ဝန်ထမ်း၏ ၄ပုံ၃ပုံအထက် ဖြစ်သည့် သူ (part timeဝန်ထမ်းနှင့် အချိန်ပိုင်းအလုပ်သမားစသည်)

(ဂ) အမြဲခန့်ဝန်ထမ်း၏ ၄ပုံ၃ပုံအောက်သာရှိသော်လည်း၊ (၁) တစ်ပါတ်အတွက် သတ်မှတ်ထားသောအလုပ်လုပ်ချိန်က၂၀နာရီအထက် (၂) တစ်လစာလစာက၈၈,၀၀၀ယန်းအထက် (၃)ကျောင်းသားမဟုတ်သည့်သူ (၄) အလုပ်သမား၁၀၁ဦးအထက်ရှိသည့် လုပ်ငန်းတွင် လုပ်ကိုင်နေခြင်းစသည့် လိုအပ်ချက်၄မျိုးနှင့် ပြည့်မီသောသူ

(ဂရုပြုရန်၁) နိုင်ငံ၊ ဒေသအများပြည်သူအဖွဲ့အစည်းများနှင့်သက်ဆိုင်သည့် လျှောက်ထားမည့်ရုံးများတွင်အသုံးပြုခံရမည့်သူသည့် (၁)မှ(၃)အထိ၏ လိုအပ်ချက်များနှင့်ပင် အာမခံဝင်ထားသူဖြစ်နိုင်ပါသည်။

(ဂရုပြုရန်၂) (၄)၏လုပ်ငန်းပုံစံအတွက်က၂၀၂၄ခုနှစ် အောက်တိုဘာလ၁ရက်နေ့ နောက်ပိုင်းမှစ၍ ၅၁ဦးအထက် ဖြစ်ပါမည်။

(ဂရုပြုရန်၃) အလုပ်ခန့်ကာလမှာခန့်မှန်းခြေ၂လအတွင်းကာလကိုသတ်မှတ်၍ အသုံးပြုခံရသောသူများထဲတွင်၊ ထိုကာလကိုကျော်လွန်၍ အသုံးပြုခံရမည်ဟုမထင်ရသူများသည် လျှောက်ထား၍ မရနိုင်ပါ။ (ကနဦးအလုပ်ခန့်အပ်ကာလက၂လအတွင်းသာဖြစ်သော်လည်း၊ ထပ်၍ စာချုပ်ချုပ်ဖြစ်ရန် ခန့်မှန်းရပါကစာချုပ်ချုပ်သည့်အစောပိုင်းကတည်းမှစ၍ လူမှုရေးအာမခံတွင် ဝင်ရောက်နိုင်တာမျိုးလည်းရှိပါသည်။)

## (၂) အာမခံကြေး

- ကာယကံရှင်ကျခံရမည့် အာမခံကြေးကို အောက်ပါအတိုင်းတွက်ချက်နိုင်သည်။

လစဉ်လစာ(ပုံမှန်လစဉ်အလုပ်ဝန်ဆောင်ခပမာဏ) နှင့် ဆုကြေးငွေ(ပုံမှန်ဆုကြေးငွေပမာဏ) × အာမခံနှုန်းထား÷၂

* လူမှုဖူလုံရေးပင်စင်အာမခံ၏အာမခံကြေးသည် အလုပ်ရှင်နှင့် အာမခံရှိသူ (အာမခံဝင်ထားသူ) တို့မှ တစ်ဝက်စီကျခံမည်ဖြစ်သည်။

## (၃) အာမခံကြေးထုတ်ပေးခြင်း

**သက်ကြီးလုပ်သားဖူလုံရေးပင်စင်**

- အလုပ်အကိုင်ပင်စင်အာမခံရှိသူ (အာမခံဝင်ထားသူ)ဖြစ်ခဲ့သည့် အချိန်ကာလတစ်ခုရှိပြီး ပင်စင် ငွေရရှိနိုင်သောကာလသည် ၁၀နှစ်နှင့်အထက်ရှိသူဖြစ်ပါက သက်ကြီးလုပ်သားဖူလုံရေးပင်စင်ကို ရရှိ နိုင်သည်။
- သက်ကြီးလုပ်သားဖူလုံရေးပင်စင်ငွေပမာဏမှာ လူမှုဖူလုံရေးပင်စင်၏ အာမခံရှိသူ (အာမခံဝင် ထားသူ) ဖြစ်ခဲ့သည့်အချိန်တွင်ရရှိသည့် လစဉ်လစာ (ပုံမှန်လစဉ် အလုပ်ဝန်ဆောင်ခ ပမာဏ) စသည်နှင့် အချိန်ကာလကြာမြင့်မှု အပေါ်မူတည်၍ ကွဲပြားနိုင်သည်။

* အသက်အရွယ်အပိုင်းအခြားတစ်ခုရှိသူသည် အာမခံငွေပေးသွင်းရန်လိုအပ်ချက်များနှင့် ပြည့်မီပါ က အသက်၆၅နှစ်မပြည့်မီ သက်ကြီးလုပ်သားဖူလုံရေးပင်စင်ရရှိနိုင်သည့်အခါမျိုးလည်းရှိသည်။

## မသန်စွမ်းလူမှုဖူလုံရေးပင်စင်

- အောက်ဖော်ပြပါ အချက်အားလုံးနှင့် ကိုက်ညီသူသည် မသန်စွမ်းအခြေခံပင်စင်ကိုရရှိနိုင်မည် ဖြစ် သည်။

(၁) အမျိုးသားပင်စင်ဝင်ထားစဉ်အချိန်၌ ပထမဆုံး ဆေးစစ်သည့်ရက် (မသန်စွမ်းမှု၏အကြောင်းအရင်းဖြစ်သော ရောဂါ(သို့)ဒဏ်ရာပတ်သက်၍၊ ပထမဆုံး ဆရာဝန်၊သို့ သွားဆရာဝန်၏ ဆေးစစ်ကုသမှုကို ခံယူသောနေ့) ရှိခြင်း

(၂) ရောဂါနှင့်ဒဏ်ရာကြောင့် အတိုင်းအတာတစ်ခုထက်ကျော်လွန်သော မသန်စွမ်းမှု ကျန်ရှိနေခဲ့ ခြင်း

(၃) ပထမဆုံးစတင်ကုသစစ်ဆေး ရက် မတိုင်မီတစ်ရက်တွင် အာမခံကြေးပေးသွင်းရန် လိုအပ်ချက်ပြည့်မီသူ

- မသန်စွမ်း အခြေခံပင်စင်၌ မသန်စွမ်းမှုအဆင့်(၃)ဆင့်ရှိသည်။
- မသန်စွမ်းမှုအခြေခံပင်စင်၏ ငွေပမာဏမှာ အဆင့်ပေါ်လိုက်ပြီးကွာခြားမည်ဖြစ်သည်။

မသန်စွမ်းမှုအဆင့်(၁) →သက်ကြီးအခြေခံပင်စင်ငွေပမာဏအပြည့်၏၁.၂၅ဆရှိသော ပမာဏ

မသန်စွမ်းမှုအဆင့်(၂) နှင့် (၃) →သက်ကြီးအခြေခံပင်စင်ငွေပမာဏအပြည့်နှင့်တူညီသော ပမာဏ

* မသန်စွမ်းမှုအဆင့်(၃)၏ မသန်စွမ်းလူမှုဖူလုံရေးပင်စင်၌ အနိမ့်ဆုံးနစ်နာကြေးငွေပမာဏ ရှိသည်။
အနိမ့်ဆုံးနစ်နာကြေးငွေပမာဏ=အဆင့်(၂)မသန်စွမ်းအခြေခံပင်စင်ပမာဏ × ၃/၄

ထိခိုက်နစ်နာမှုလူမှုဖူလုံရေးပင်စင် ရရှိနိုင်သည့် မသန်စွမ်းမှုသတ်မှတ်ချက်အဆင့်မပြည့်မီသော် လည်း တစ်ကြိမ်ပေးငွေအဖြစ် မသန်စွမ်းစရိတ်ထောက်ပံ့ငွေ ရရှိနိုင်သည့်အခါမျိုးလည်းရှိသည်။

## ကျန်ရစ်သူမိသားစုဖူလုံရေးပင်စင်

- အောက်ပါတစ်ချက်ချက်နှင့်ကိုက်ညီပြီး သေဆုံးသူအပေါ် မှီခိုကာ အသက်မွေးဝမ်းကြောင်း ပြုလာခဲ့ သည့် ကျန်ရစ်သူမိသားစုသည် ကျန်ရစ်သူမိသားစုဖူလုံရေးပင်စင် ရရှိနိုင်ပါသည်။

(၁) အာမခံငွေပေးသွင်းရန်လိုအပ်ချက်များနှင့်ပြည့်မီပြီးနောက် အာမခံရှိသူ (အာမခံဝင်ထားသူ) ဆုံးပါး သွားသောအခါ

(၂) အာမခံငွေပေးသွင်းရန်လိုအပ်ချက်များနှင့်ပြည့်မီပြီးနောက် အာမခံရှိသူ (အာမခံဝင်ထားသူ) ဖြစ် သည့်ကာလအတွင်း ရောဂါ(သို့) ဒဏ်ရာကြောင့်စတင်ကုသစစ်ဆေးသည့်နေ့မှစ၍ ၅နှစ်အတွင်း ဆုံးပါးသွားသောအခါ

(၃) အာမခံဝင်ထားသူ သို့မဟုတ် အာမခံဝင်ဖူးသူဖြစ်ပြီး သက်ကြီးအခြေခံပင်စင်ရရှိရန်အဆင့်ကာလ ၂၅နှစ်နှင့်အထက်ရှိသူ ဆုံးပါးသွားသောအခါ

(၄) အဆင့် ၁နှင့်၂ မသန်စွမ်းလုပ်သားဖူလုံရေးပင်စင် ရရှိနိုင်သူ ဆုံးပါးသွားသောအခါ

- ကျန်ရစ်သူမိသားစုဖူလုံရေးပင်စင်ငွေပမာဏမှာ သေဆုံးသူ၏ သက်ကြီးလုပ်သားဖူလုံရေးပင်စင် ငွေပမာဏ ၏ လေးပုံသုံးပုံဖြစ်သည်။

One Point:

**ကျန်ရစ်သူမိသားစု ဆိုသည်မှာ**





(၁) အိမ်ထောင်ဖက် (ခင်ပွန်းဖြစ်သူဆိုပါက ၅၅နှစ်နှင့်အထက်၊ အသက်၆၀မှစ၍ ထောက်ပံ့ငွေရရှိ မည်)

(၂) ကလေး (အမျိုးသားပင်စင်၌ ဖော်ပြခဲ့သော ကလေးနှင့် တူညီသည်)

(၃) မိဘ (၅၅နှစ်နှင့်အထက်၊ အသက်၆၀မှစ၍ ထောက်ပံ့ငွေရရှိမည်)

(၄) မြေး (ကလေး နှင့်တူညီသောလိုအပ်ချက်အခြေအနေရှိသည်)

(၅) အဖိုးအဖွား (၅၅နှစ်နှင့်အထက်၊ အသက်၆၀မှစ၍ ထောက်ပံ့ငွေရရှိမည်)

* ခင်ပွန်းဖြစ်သူသည် ကျန်ရစ်သူမိသားစုအခြေခံပင်စင်ကို ရရှိသောအခါမျိုး၌ ကျန်ရစ်သူမိသားစုဖူလုံရေးပင်စင်ကို ၅၅နှစ်မှ စတင်ရယူနိုင်သည်။

* မိဘ၊မြေး၊အဖိုးအဖွားတို့မှာ ယခင်ရာထူးရှိဖူးသူဖြစ်ပါက ကျန်ရစ်သူမိသားစုဖူလုံရေးပင်စင် မရရှိနိုင်ပါ။

# ၁-၃ တစ်ကြိမ်တစ်ခါတည်းဖြင့် ငွေထုတ်ယူခြင်း

## တောင်းဆိုရာ၌လိုအပ်မည့်အချက်များ

အောက်ပါအချက်အားလုံးနှင့်ကိုက်ညီသူသည်ဂျပန်မှထွက်ခွာသည့်အခါ တစ်ကြိမ်တစ်ခါတည်းဖြင့်ငွေထုတ်ယူခွင့်ရရှိရန် တောင်းဆိုနိုင်သည်။

(၁) ဂျပန်နိုင်ငံသားမခံယူထားသူ

(၂) လူမှုဖူလုံရေးအာမခံတွင် အာမခံဝင်ထားသူ (အသင်းဝင်) ဖြစ်နေသည့် အချိန်ကာလ (သို့)အမျိုးသားပင်စင်၌ အမှတ်၁ အာမခံဝင်ထားသူအဖြစ်ဖြင့် အာမခံကြေးပေးသွင်းထားသောအချိန်ကာလစုစုပေါင်းကာလ ၆လနှင့်အထက် ရှိခြင်း

(၃) သက်ကြီးပင်စင်ရယူပိုင်ခွင့်ရှိသောကာလ (စုစုပေါင်း၁၀နှစ်)မပြည့်ထားခြင်း

(၄) ဂျပန်နိုင်ငံ၌ နေရပ်လိပ်စာမရှိတော့ခြင်း

(၅) ဂျပန်နိုင်ငံ၏ ပင်စင်စနစ်ကို အာမခံဝင်ထားသူ မဟုတ်တော့ခြင်း

(၆) မသန်စွမ်းပင်စင်စသည်တို့ကို လက်ခံရယူမှုမရှိဖူးခြင်း

(၇) ဂျပန်မှထွက်ခွာပြီးနောက်အချိန်ကာလ၂နှစ်အတွင်းဖြစ်ခြင်း

## တောင်းဆိုရာ၌သတိပြုရမည့်အချက်များ

တစ်ကြိမ်တစ်ခါတည်းဖြင့် ငွေထုတ်ယူရန် တောင်းဆိုသည့်အခါ၌ အောက်ပါအချက်များကို သေချာစွာ စစ်ဆေးဖတ်ရှုပါ။

(၁)　တစ်ကြိမ်တစ်ခါတည်းဖြင့်ငွေထုတ်ယူရန်တောင်းဆိုလျှင် မတောင်းဆိုမီအချိန်က ဂျပန်ပင်စင်စနစ်တွင် အသင်းဝင်ထားသည့် မှတ်တမ်းအားလုံးပျောက်ကွယ်သွားမည်ဖြစ်သည်။ ထို့အတွက် အနာဂတ်၌ ဂျပန်နိုင်ငံ၏သက်ကြီးပင်စင်ရရနိုင်ခြေကို ထည့်တွက်စဉ်းစားကာ တစ်ကြိမ်တစ်ခါ တည်းဖြင့် ငွေထုတ်ယူခြင်းကို ပြုသင့်၊ မပြုသင့် ကောင်းစွာစဉ်းစားပါ။

* 　တစ်ကြိမ်တစ်ခါတည်းဖြင့်ငွေထုတ်ယူခြင်းတောင်းဆိုစာကို ဂျပန်ပင်စင်စနစ်(JPS) ၏ အင်တာနက်စာမျက်နှာမှဒေါင်းလော့ပြုလုပ်နိုင်သည်။ တောင်းဆိုစာ၏ သတိပြုလွှာ ကိုလည်း သေချာဖတ်ရှု ပါ။

(၂)　ဂျပန်ပင်စင်စနစ်ကို တောင်းဆိုလွှာတင်သည့်နေ့တွင် မိမိ၏ နေရပ်လိပ်စာသည် ဂျပန်နိုင်ငံ၌ ရှိနေသေးပါက တစ်ကြိမ်တစ်ခါတည်းဖြင့်ငွေထုတ်ယူခြင်းကို မပြုလုပ်နိုင်ပါ။ ထို့ကြောင့် နေထိုင်ရာရှိ မြို့နယ်ရပ်ကွက်ကျေးရွာရုံးသို့ ပြောင်းရွှေ့နေထိုင်ကြောင်း စာတင်ပြီးနောက်တွင်၊ တစ်ခါတည်းဖြင့် ငွေထုတ်ယူခြင်းကို တောင်းဆို လိုအပ်သည်။

(၃)　ဂျပန်နိုင်ငံမှမထွက်ခွာမီ ဂျပန်နိုင်ငံအတွင်းမှ တောင်းဆိုစာကို စာတိုက်စသည်တို့ဖြင့် လျှောက်လွှာ တင်ပေးပို့သောအခါ၌ လျှောက်တင်စာသည် နိုင်ငံမှထွက်ခွာပြီးရက် နောက်ပိုင်းမှ ဂျပန် နိုင်ငံ၏ ပင်စင်စနစ်(JPS) သို့ ရောက်ရှိရန်အတွက် ပေးပို့ရမည်ဖြစ်သည်။

(၄)　တစ်ကြိမ်တစ်ခါတည်းဖြင့်ငွေထုတ်ယူခြင်းဖြင့်ရရှိမည့်ငွေပမာဏမှာ ဂျပန်နိုင်ငံပင်စင်စနစ် သို့ဝင်ရောက်သည့်ကာလပေါ်မူတည်ပြီး ပေးဆောင်ခဲ့သောအာမခံကြေး၏ သတ်မှတ်ထား သည့်နှစ်အရေအတွက်ကို သတ်မှတ်ချက်အဖြစ် တွက်ချက်မည်ဖြစ်သည်။ ၂၀၂၁ခုနှစ် ဧပြီလမှစ၍ ဤသတ်မှတ်ချက်နှစ်အရေအတွက်ကို တိုးမြှင့်ခဲ့သည်။ ဝင်ရောက်သည့် ကာလပေါ်မူတည်သည့် တိကျသည့်သတ်မှတ်ချက်နှစ်အရေအတွက်သည် အောက်ပါအတိုင်း ဖြစ်ပါသည်။

**◎ ပင်စင်ဝင်ရောက်သည့်ကာလသည် ၂၀၂၁ခုနှစ် မတ်လ မတိုင်မီသာဖြစ်ပါက**

ပေးဆောင်ထားသော အာမခံကြေး၏ ၃နှစ် (၃၆လတာ) ကို သတ်မှတ်ချက်အဖြစ် တွက်ချက်မည်ဖြစ်သည်

**◎ ပင်စင်ဝင်ရောက်သည့်ကာလသည် ၂၀၂၁ခုနှစ် ဧပြီလ မတိုင်မီသာဖြစ်ပါက**

ပေးဆောင်ထားသော အာမခံကြေး၏ ၅နှစ် (၆၀လတာ) ကို သတ်မှတ်ချက်အဖြစ် တွက်ချက်မည်ဖြစ်သည်

တစ်ဖန် ဂျပန်၌ အကြိမ်ကြိမ် နေထိုင် ခဲ့ပါက ဂျပန်ပင်စင်စနစ် ဝင်ရောက်ချိန်၌ သတ်မှတ်ချက်နှစ်အရေအတွက်နှင့် အထက်ပင်စင်စနစ်ကို ဝင် ရောက်ရန် ဆန္ဒရှိသူသည် စာရင်းဝင်ကာလပေါ်မူတည်၍ တစ်ကြိမ်တစ်ခါတည်းဖြင့် ငွေထုတ် ယူခြင်းကိုရယူရန် ဆန္ဒရှိသောအခါမျိုး၌ နိုင်ငံမှထွက်ခွာသည့်အခါတိုင်း၌ တစ်ကြိမ်တစ်ခါ တည်းဖြင့် ငွေထုတ်ယူခြင်းကို တောင်းဆိုရန်လိုအပ်သည်မျိုးလည်းရှိနိုင်သည်။

**တောင်းဆိုလွှာ၊ ပေးပို့ရန်လိပ်စာ၊ တစ်ကြိမ်တစ်ခါတည်းဖြင့်ငွေထုတ်ယူခြင်းနှင့် ပတ်သက်သည့် အသေးစိတ် အကြောင်းအရာများကို ဂျပန်ပင်စင်စနစ် Japan Pension Service ၏ အင်တာနက် စာမျက်နှာတွင် ဖတ်ရှုပါ။**

https://www.nenkin.go.jp/service/jukyu/todoke/kyotsu/20150406.html

One Point:

**လူမှုအာမခံသဘောတူညီချက်**



ဂျပန်နိုင်ငံသည် လက်ရှိတွင် နိုင်ငံအတော်အများနှင့် လူမှုအာမခံသဘောတူညီချက် ချုပ်ဆိုထား သည်။

လူမှုအာမခံသဘောတူညီချက်ချုပ်ဆိုထားသည့်နိုင်ငံ၏ပင်စင်ဝင်ထားသည့်အချိန်ကာလပေါ်မူတည်၍ နိုင်ငံအသီးသီး၏ ပင်စင်စနစ်သို့ ဝင်ရောက်ချိန်ထားသည့် ကာလရှိသူသည် အသီးသီးသော နိုင်ငံများ၏ပင်စင်စနစ်သို့ ဝင်ရောက်ချိန်မှာ တိုတောင်းသော်လည်း နှစ်နိုင်ငံ၏ ပင်စင်စနစ်သို့ ဝင်ရောက်ချိန်ကို ပေါင်းတွက်၍ ဂျပန်နှင့်သဘောတူညီချက် ချုပ်ဆိုထားသည့်တစ်ဖက်နိုင်ငံ၏ ပင်စင်ငွေ ရရှိနိုင်သည့်မျိုးလည်း ရှိသည်။

**ဂျပန်နှင့် လူမှုအာမခံသဘောတူညီချက်ချုပ်ဆိုထားသည့် နိုင်ငံများကို ကြည့်ရှုရန် လူမှုဖူလုံရေး ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာသို့ဝင်ရောက် ဖတ်ရှုပါ။**

## ၂ ပြုစုစောင့်ရှောက်မှုအာမခံ

ဂျပန်နိုင်ငံ၌ ပြုစုစောင့်ရှောက်မှုလိုအပ်သော သက်ကြီးရွယ်အိုများကို လူမှုအဖွဲ့အစည်းတစ်ခုလုံးမှ ထောက်ပံ့သည့်စနစ်အဖြစ် ပြုစုစောင့်ရှောက်မှုအာမခံစနစ်ရှိသည်။ ပြုစုစောင့်ရှောက်မှုအာမခံဝင် ထားသူသည် အာမခံကြေးပေးသွင်းပြီး ပြုစုစောင့်ရှောက်မှုလိုအပ်လာသည့်အချိန်၌ ကုန်ကျစရိတ်၏ တစ်စိတ်တစ်ပိုင်းကို ပေးချေပြီး ပြုစုစောင့်ရှောက်မှုအာမခံ၏ဝန်ဆောင်မှုကို ရယူနိုင်သည်။

### ၂-၁ အာမခံဝင်နိုင်ရန်

အသက်၄၀နှင့်အထက်ရှိပြီး ဂျပန်နိုင်ငံတွင် ၃လကျော်နေထိုင်မည့်အခါမျိုး၌ ပြုစုစောင့်ရှောက်မှု အာမခံ ဝန်ဆောင်မှု ရရှိနိုင်သည်။

### ၂-၂ အာမခံကြေး

ပြုစုစောင့်ရှောက်မှုအာမခံဝင်နိုင်သူများသည် ယခင်နှစ်၏ဝင်ငွေပေါ်မူတည်ပြီး ပေးဆောင်ရမည့် အာမခံကြေးကို ဆုံးဖြတ်မည်ဖြစ်သည်။ အာမခံကြေးမှာ ဝင်ငွေအပြင် အသက်အရွယ် အပိုင်းအခြား၊ နေထိုင်သည့်နေရပ်ဒေသနှင့် လိုက်ပြီး ကွဲပြားမည်ဖြစ်သည်။

(၁) ၆၅နှစ်နှင့်အထက် (ပုံစံ(၁)အာမခံဝင်သူ)

မူအရ ပင်စင်မှနုတ်ယူခြင်းအားဖြင့် ပေးချေနိုင်သည်။ (အချို့လူများမှာ ငွေပေးချေမှုအသိပေးစာ ရရှိသော အခါ၌ ပေးချေနိုင်သည်။)

(၂) အသက်၄၀နှင့်အထက် ၆၅နှစ်အောက် (ပုံစံ(၂)အာမခံဝင်သူ)

ဆေးဘက်ဆိုင်ရာ အာမခံကြေး၌ပူးတွဲ၍ အပိုငွေပေးချေခြင်းနည်းဖြင့် ပေးချေနိုင်သည်။

**ပြုစုစောင့်ရှောက်မှုအာမခံစနစ် ပုံစံ(၂)အာမခံဝင်သူအတွက် အသေးစိတ်ကို အောက်ပါ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုပါ။**

https://www.mhlw.go.jp/stf/newpage_10548.html

## ၂-၃ ပြုစုစောင့်ရှောက်ရေးဝန်ဆောင်မှုအသုံးပြုခြင်း

ပြုစုစောင့်ရှောက်ရေးဝန်ဆောင်မှုအသုံးပြုခြင်း၏ လုပ်ထုံးလုပ်နည်းမှာ အောက်ပါအတိုင်း ဖြစ် သည်။

(၁) မြို့နယ်ရပ်ကွက်ကျေးရွာရုံး၌ "ပြုစုစောင့်ရှောက်မှု(ပြုစုထောက်ပံ့မှု)လိုအပ်ကြောင်း ထောက်ခံချက်"အတွက် လျှောက်ထား၍ ထောက်ခံချက်ကို ရယူရန်။

* ပြုစုစောင့်ရှောက်ရေးဝန်ဆောင်မှုကို အသုံးပြုလိုလျှင် "ပြုစုစောင့်ရှောက်မှု(ပြုစုထောက်ပံ့မှု) လိုအပ်ကြောင်း ထောက်ခံချက်" ရှိရမည်။

* လျှောက်ထားသည့်အခါ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ စစ်ဆေးမှုများပြုလုပ်ပြီး မူအရ ရက်၃၀အတွင်း ရလဒ်ကို အသိပေးအကြောင်းကြားမည်။

(၂) စောင့်ရှောက်ရေးမန်နေဂျာနှင့် ဒေသဆိုင်ရာစောင့်ရှောက်ရေးစင်တာ၌ ပြုစုစောင့်ရှောက်ရေးဝန်ဆောင်မှု(Care Plan)၏ ဆောင်ရွက်ပေးမှုကို တောင်းဆိုရန်။


* ဒေသဆိုင်ရာ စောင့်ရှောက်ရေးအဖွဲ့အစည်းများသို့ အဖွဲ့ဝင်လိုပါက အဖွဲ့အစည်းသို့ တိုက်ရိုက် လျှောက်လွှာတင်ရန်။

(၃) စောင့်ရှောက်ရေးအစီအစဉ်"Care Plan"ကို အခြေခံ၍ ဝန်ဆောင်မှု ရယူရန်။

* ထို့အပြင် ပြုစုစောင့်ရှောက်မှု(ပြုစုထောက်ပံ့မှု)လိုအပ်ကြောင်း ထောက်ခံချက် လျှောက်တင်ခြင်း ပြုလုပ်မထားသူများအတွက် နေထိုင်မှုအထောက်အပံ့ဆိုင်ရာ ဝန်ဆောင်မှုများလည်း ရှိသည်။ အသေးစိတ်ကို နေထိုင်ရာရှိမြို့နယ်ရပ်ကွက်ကျေးရွာရုံးများတွင် မေးမြန်းစုံစမ်းပါ။

# ၃ ကလေးသူငယ်ဆိုင်ရာ လူမှုဖူလုံရေး

## ၃-၁ ကလေးသူငယ်ဆိုင်ရာထောက်ပံ့ခြင်း



**အခန်း(၄)ရှိ အခန်းခွဲ(၃)မှ ၃-၄ "ကလေးသူငယ်ဆိုင်ရာထောက်ပံ့ခြင်း"တွင် ဖတ်ရှုပါ။**

## ၃-၂ ကလေးသူငယ်ဆိုင်ရာထောက်ပံ့စရိတ်

- မိဘတစ်ဦးတည်းသာရှိသော အိမ်ထောင်စုမှကလေးများ(*)ကို ပြုစုစောင့်ရှောက်ရေးအတွက် ထောက်ပံ့စရိတ်ဖြစ်သည်။
- အောက်ပါအချက်များအနက် တစ်ချက်ချက်နှင့် ကိုက်ညီသည့် ကလေးများကို ပြုစုစောင့်ရှောက် နေသည့် အခြေအနေမျိုး၌ ထောက်ပံ့စရိတ်ရရှိနိုင်သည်။

(၁) မိဘနှစ်ပါးကွာရှင်းပြတ်စဲထားသည့် ကလေး
(၂) ဖခင် (သို့) မိခင်ဆုံးပါးသွားသည့် ကလေး
(၃) တစ်ခုသောအတိုင်းအတာအထိ မသန်စွမ်းသောအနေအထားသို့ ရောက်နေသည့် ဖခင်(သို့) မိခင်၏ ကလေး
(၄) ဖခင် (သို့) မိခင်က အသက်ရှင်၊မရှင် အတိအကျမသိရသည့် အခြေအနေသို့ ရောက်နေသော ကလေး

* ကလေးဆိုသည်မှာ မွေးနေ့မှ ၃လပိုင်း၃၁ရက်အတွင်း အသက်၁၈နှစ်ရှိသူ၊ အသက်၂၀ မပြည့် သေးသည့် မသန်စွမ်းကလေးကိုလည်း ဆိုလိုသည်။

### လစဉ်ထောက်ပံ့ငွေပမာဏ

*** ၂၀၂၂ခုနှစ်၏ ထောက်ပံ့ငွေပမာဏ (ကုန်ဈေးနှုန်းပေါ်မူတည်၍ နှစ်စဉ်အပြောင်းအလဲရှိမည်)**

- ကလေးတစ်ဦးတည်းသာရှိသောအခါမျိုး၌
  အပြည့်ထောက်ပံ့ခြင်း - ၄၃,၁၇၀ယန်း
- တစ်စိတ်တစ်ဒေသထောက်ပံ့ခြင်း - ၄၃,၀၆၀ယန်းမှ၁၀,၁၈၀ ယန်းအထိ

ကလေး၂ဦးရှိသည့်အခါမျိုး၌ ဒုတိယမြောက်ကလေးအတွက်
  အပြည့်ထောက်ပံ့ခြင်း - ၁၀,၁၇၀ယန်း
တစ်စိတ်တစ်ဒေသထောက်ပံ့ခြင်း - ၁၀,၁၆၀ ယန်းမှ ၅,၀၉၀ယန်းအထိ
  ကလေး၃ဦးနှင့်အထက်ရှိသည့်အခါမျိုး၌ တတိယမြောက်ကလေးမှစ၍ (တစ်ဦးချင်းစီလျှင်)
  အပြည့်ထောက်ပံ့ခြင်း - ၆,၁၀၀ ယန်း
အပြည့်ထောက်ပံ့ခြင်း - ၆,၁၀၀ ယန်း
  တစ်စိတ်တစ်ဒေသထောက်ပံ့ခြင်း - ၆,၀၉၀ယန်းမှ ၃,၀၅၀ ယန်းအထိ

* ထောက်ပံ့ကြေးငွေပမာဏသည် ကုန်ဈေးနှုန်းအပေါ်မူတည်၍ နှစ်စဉ်အပြောင်းအလဲရှိပြီး ယခင် နှစ်၏ ဝင်ငွေသည် ပမာဏတစ်ခုထက်ကျော်လွန်နေသူဖြစ်ပါက ထောက်ပံ့ကြေးလက်ခံရရှိနိုင်မည် မဟုတ်ပါ။ ထို့အပြင် ပြည်သူ့ပင်စင်အစရှိသဖြင့်ရရှိထားသူဖြစ်ပါက ထောက်ပံ့ငွေပမာဏအားလုံး (သို့) တစ်စိတ် တစ်ပိုင်းကို ထောက်ပံ့မှုရရှိနိုင်မည်မဟုတ်ပါ။ အသေးစိတ်ကို နေထိုင်ရာမြို့နယ်သို့ ဆက်သွယ် မေးမြန်းပါ။

## ၇-၃ ကလေးသူငယ်အထူးပံ့ပိုးမှုဆိုင်ရာ ထောက်ပံ့စရိတ်

စိတ်ပိုင်းဆိုင်ရာ (သို့) ခန္ဓာကိုယ်မသန်စွမ်းဖြစ်နေသူ ကလေးသူငယ် (အသက်၂၀အောက်) ကို အိမ်ထောင်စုတစ်ခု၌ ကျွေးမွေးစောင့်ရှောက်နေသည့် မိဘများမှာ လက်ခံရရှိနိုင်ပါမည်။

* မိဘအုပ်ထိန်းသူများ၏ ယခင်နှစ်ဝင်ငွေသည် ပမာဏတစ်ခုကိုကျော်လွန်နေပါက ထောက်ပံ့ကြေး လက်ခံရရှိနိုင်မည်မဟုတ်ပါ။ အသေးစိတ်ကို နေထိုင်ရာမြို့နယ်သို့ ဆက်သွယ်မေးမြန်းပါ။

### ထောက်ပံ့ငွေပမာဏ

*** ၂၀၂၂ခုနှစ်၏ ထောက်ပံ့ငွေပမာဏ(ကုန်ဈေးနှုန်းအပေါ်မူတည်၍ နှစ်စဉ်အပြောင်းအလဲရှိသည်)**

- အလွန်ပြင်းထန်အဆင့်(မသန်စွမ်းအခြေခံပင်စင်အဆင့် ၁)နှင့်ညီမျှသည့် မသန်စွမ်းကလေးသူငယ်
  တစ်ဦးလျှင် တစ်လ ၅၂,၄၀၀ယန်း
- ပြင်းထန်အဆင့်(မသန်စွမ်းအခြေခံပင်စင်အဆင့် ၂)နှင့်ညီမျှသည့် မသန်စွမ်းကလေးသူငယ်
  တစ်ဦးလျှင် တစ်လ ၃၄,၉၀၀ယန်း

## ၇-၄ မသန်စွမ်းကလေးသူငယ်များအတွက် လူမှုဖူလုံရေးထောက်ပံ့စရိတ်

စိတ်ပိုင်းဆိုင်ရာ(သို့) ခန္ဓာကိုယ်မသန်စွမ်းမှုကြောင့် နေ့စဉ်ဘဝ၌ အစဉ်အမြဲပြုစုစောင့်ရှောက်မှု လိုအပ် နေသော ကလေးသူငယ်(အသက်၂၀အောက်)သည် ထောက်ပံ့ကြေး လက်ခံရရှိနိုင်မည်။

* ကာယကံရှင်များ၏ ယခင်နှစ်ဝင်ငွေသည် ပမာဏတစ်ခုကို ကျော်လွန်နေပါက ထောက်ပံ့ကြေး လက်ခံရရှိနိုင်မည်မဟုတ်ပါ အသေးစိတ်ကို နေထိုင်ရာမြို့နယ်သို့ ဆက်သွယ်မေးမြန်းပါ။

### ရရှိနိုင်သည့်ထောက်ပံ့ကြေးပမာဏ

*** ၂၀၂၂ခုနှစ်၏ထောက်ပံ့ငွေပမာဏ (နှစ်စဉ်ကုန်ဈေးနှုန်းအပေါ်လိုက်၍အပြောင်းအလဲရှိသည်)**

တစ်လလျှင် ၁၄,၈၅၀ယန်း

# ၉ မသန်စွမ်းလူမှုဖူလုံရေး

## ၉-၁ မသန်စွမ်းလက်မှတ်

စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းဖြစ်နေသော အခြေအနေမျိုး၌ ထိုမသန်စွမ်းသည့်အတိုင်းအတာ ပေါ်မူတည်၍ မသန်စွမ်းလက်မှတ်ထုတ်ပေးသည်ကို ရယူနိုင်သည်။

လက်မှတ်ထုတ်ပေးသည်ကို လက်ခံရယူပြီးပါက အဆိုပါလက်မှတ်ဖြင့် အခွန်ပေါ့လျော့ခြင်းနှင့် လမ်းစရိတ်ပေါ့လျော့ခြင်း စသည့်စနစ်များကိုအသုံးပြုနိုင်သည်။

### မသန်စွမ်းလက်မှတ်အမျိုးအစား

- ခန္ဓာကိုယ်မသန်စွမ်းလက်မှတ် - ခန္ဓာကိုယ်၌ တစ်သက်တာပြန်မကောင်းလာနိုင်သည့်ထိခိုက်မှု ဖြစ်ထား သူ
- ဆေးကုသမှုလက်မှတ် - (အသိပညာပိုင်းဆိုင်ရာ) စိတ်ပိုင်းဆိုင်ရာမသန်စွမ်းသူ
- ဆေးကုသမှုလက်မှတ် - (အသိပညာပိုင်းဆိုင်ရာ)စိတ်ပိုင်းဆိုင်ရာမသန်စွမ်းသူ

စိတ်ပိုင်းဆိုင်ရာမသန်စွမ်းသူကာကွယ်စောင့်ရှောက်ရေးလက်မှတ် - ဉာဏ်ရည်ပိုင်းဆိုင်ရာနာမကျန်းဖြစ်မှု ကြောင့် နေ့စဉ်ဘဝ သို့မဟုတ် လူ့ဘောင်အတွင်းနေထိုင်မှုဘဝ၌ ကန့်သတ်ချက်ရှိသူ

**အသေးစိတ်ကို အောက်ပါ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုပါ။**

https://www.mhlw.go.jp/stf/seisakunitsuite/bunya/hukushi_kaigo/shougaishahukushi/techou.html

* ဆွေးနွေးရန် အနီးဆုံး မြို့နယ်ရုံးသို့ ဆက်သွယ်မေးမြန်းပါ။

## ၉-၂ မသန်စွမ်းသူ၊ မသန်စွမ်းကလေးသူငယ်များ အတွက် အကောင်အထည်ဖော်နေသော ဝန်ဆောင်မှု များ



မသန်စွမ်းသူ၏ နေ့စဉ်ဘဝနှင့် လူ့ဘောင်အတွင်းနေထိုင်မှုဘဝ၌ အထောက်အပံ့ရရှိရန်အတွက် အမျိုးမျိုးသော ဝန်ဆောင်မှုအသီးသီးကို အသုံးပြုနိုင်မည်ဖြစ်သည်။ ဝန်ဆောင်မှုအမျိုးအစားများမှာ ပြုစုစောင့်ရှောက်ခြင်းနှင့် လေ့ကျင့်ပေးခြင်းစသည်ဖြင့် ကူညီပံ့ပိုးမှုများ ရှိကြသည်။

မသန်စွမ်းသူ၊ မသန်စွမ်းကလေးသူငယ်များအတွက်အကောင်အထည်ဖော်နေသော ဝန်ဆောင်မှု များနှင့်ပတ်သက်၍ အသေးစိတ်ကို နေထိုင်ရာရှိမြို့နယ်ရပ်ကွက်ကျေးရွာရုံးတွင် မေးမြန်းစုံစမ်းပါ။

# ၅ နေထိုင်မှုဘဝဆိုင်ရာ ကာကွယ်စောင့်ရှောက်ခြင်း

အောက်၌ဖော်ပြထားသည့် ၅-၁, ၅-၂မှ အကြောင်းအရင်းများအပြင် အိမ်ထောင်စုတစ်စု၏ ဝင်ငွေ သည် အနိမ့်ဆုံး နေထိုင်မှုစရိတ်ကိုမပြည့်မီပါက အနိမ့်ဆုံးနေထိုင်မှုစရိတ်မှဝင်ငွေကို နုတ်ယူရရှိသည့် ကွာဟမှုပမာဏကို စောင့်ရှောက်ရေးစရိတ်အဖြစ် ရယူနိုင်သည်။

* အနိမ့်ဆုံးနေထိုင်မှုစရိတ်ကို လူမှုဖူလုံရေးနှင့်အလုပ်သမားဆိုင်ရာဝန်ကြီးမှ ဆုံးဖြတ်မည်ဖြစ် သည်။

နိုင်ငံခြားသားများနှင့် ပတ်သက်၍ အောက်ဖော်ပြပါသူများမှာ ကာကွယ်စောင့်ရှောက်ခြင်း ရရှိနိုင် သည်။

- ရာသက်ပန်နေထိုင်ခွင့်ရရှိသူ၊ ဂျပန်လူမျိုး၏ အိမ်ထောင်ဖက်၊ ရာသက်ပန်နေထိုင်ခွင့်ရရှိသူ၏ အိမ်ထောင်ဖက်၊ အမြဲတမ်းနေထိုင်သူစသည်ဖြင့် လုပ်ဆောင်မှုများအတွက်အကန့်အသတ်မရှိသူ

အသေးစိတ်ကို နေထိုင်ရာမြို့နယ်သို့ ဆက်သွယ်မေးမြန်းပါ။

## ၅-၁ နေထိုင်မှုဘဝဆိုင်ရာကာကွယ်စောင့်ရှောက်ခြင်းရယူရန် ကိုက်ညီသည့် လိုအပ်ချက်များ

### (၁) ပိုင်ဆိုင်မှုများအသုံးချခြင်း

ဘဏ်၌ အပ်နှံထားသောငွေ၊ စုငွေ၊ နေ့စဉ်ဘဝ၌ အသုံးမပြုသော မြေယာ၊အိုးအိမ်များ ရှိပါက ထိုအရာများကို ရောင်းချ၍ လူနေမှုစရိတ်အတွက် သုံးစွဲရန်။

### (၂) စွမ်းရည်အသုံးချခြင်း

အလုပ်လုပ်နိုင်သူသည် ထိုစွမ်းရည်ကို အသုံးချ၍ အလုပ်လုပ်ကိုင်ရန်

### (၃) အခြားသော ဝင်ငွေများ

ပင်စင်နှင့် ထောက်ပံ့ငွေစသည့်စနစ်များမှ ဝင်ငွေရရှိနေသော အခါမျိုး၌ ထိုဝင်ငွေများကို အသုံးချ၍ နေထိုင်စားသောက်ရန်

### (၄) ထောက်ပံ့ရန် တာဝန်ရှိသူ၏ ထောက်ပံ့ပေးမှု

မိသားစုများထံမှ ထောက်ပံ့မှုရယူနိုင်သော အခါမျိုး၌ ထိုထောက်ပံ့မှုများကို ရယူရန်

## ၅-၂ ကာကွယ်စောင့်ရှောက်မှုအမျိုးအစားနှင့် အကြောင်းအရာ

နေထိုင်မှုဘဝ စီမံခန့်ခွဲမှုအပြင် လိုအပ်သော ကုန်ကျစရိတ်များအပေါ်မူတည်၍ ထောက်ပံ့ငွေ ကို သတ်မှတ်နိုင်သည်။

| ဘဝနေထိုင်မှုအတွက်လိုအပ်သော အသုံးစရိတ်များ | အကူအညီအမျိုး အစား | ထောက်ပံ့မှုအကြောင်းအရာ |
|---|---|---|
| နေစဉ်နေထိုင်မှုဘဝအတွက်လိုအပ်သော အသုံးစရိတ်(အစားအသောက်၊ အဝတ် အစား၊ လျှပ်စစ်မီး၊ ရေစသည့်စရိတ်များ) | နေထိုင်မှုဘဝ ထောက်ပံ့ရေး | • စားစရိတ်အစရှိသဖြင့်တဦးချင်းအသုံး စရိတ်<br>• မီးရေစသည်ဖြင့် စုပေါင်းသုံးစွဲစရိတ်များကို ပေါင်းထည့်၍အခြေခံပမာဏကို တွက်ချက် ရန် |
| တိုက်ခန်းစသည်ဖြင့်တို့၏ အိမ်လခ | နေထိုင်မှုဆိုင်ရာ ထောက်ပံ့ကြေး | သတ်မှတ်ထားသောအတိုင်းအတာအတွင်း အမှန်တကယ်ကုန်ကျစရိတ်ကို ထောက်ပံ့ခြင်း |
| မသင်မနေရပညာရေးကိုသင်ယူရန် အတွက်လိုအပ်သော သင်ကြားရေး ပစ္စည်းများဝယ်ယူရန် အသုံးစရိတ် | ပညာရေးဆိုင်ရာ ထောက်ပံ့ကြေး | သတ်မှတ်ထားသောအတိုင်းအတာအတွင်း၏ အခြေခံပမာဏကို ထောက်ပံ့ခြင်း |
| ဆေးကုသမှုဆိုင်ရာအသုံးစရိတ် | ဆေးကုသမှုဆိုင်ရာ ထောက်ပံ့ကြေး | ကုန်ကျစရိတ်များကို ဆေးဘက်ဆိုင်ရာ အဖွဲ့ အစည်းများသို့ တိုက်ရိုက်ပေးခြင်း (ကိုယ်တိုင်တာဝန်ခံရန်မလို) |
| စောင့်ရှောက်မှုဆိုင်ရာ အသုံးစရိတ် | စောင့်ရှောက်မှု ဆိုင်ရာ ထောက်ပံ့ကြေး | ကုန်ကျစရိတ်များကို တိုက်ရိုက်စောင့်ရှောက် သော လုပ်ငန်းဆောင်ရွက်သူသို့ ပေးခြင်း (ကိုယ်တိုင်တာဝန်ခံရန်မလို) |
| မီးဖွားစရိတ် | မီးဖွားမှု ထောက်ပံ့ကြေး | အတိုင်းအတာအတွင်းအမှန်တကယ်ကုန်ကျ စရိတ် ထောက်ပံ့ခြင်း |
| လက်တွေ့လုပ်ငန်းတွင် လိုအပ်သော နည်း ပညာစွမ်းရည်များ ရရှိနိုင်ရန် ကုန်ကျစရိတ် | သင်ကြားမှုနှင့် အသက်မွေးဝမ်း ကြောင်း ထောက်ပံ့ကြေး | အတိုင်းအတာအတွင်းအမှန်တကယ်ကုန်ကျ စရိတ် ထောက်ပံ့ခြင်း |
| အသုဘကုန်ကျစရိတ် | နာရေးအတွက် ထောက်ပံ့ကြေး | အတိုင်းအတာအတွင်းအမှန်တကယ်ကုန်ကျ စရိတ် ထောက်ပံ့ခြင်း |

# ၆ လိုအပ်နေသူများကိုယ်တိုင်ရပ်တည်နိုင်ရန်ပံ့ပိုးသောစနစ်



ငွေကြေး၊ အလုပ်အကိုင်၊ အိမ်နေရာစသည့်တို့နှင့် ပတ်သက်၍ နေ့စဉ်ဘဝတွင် အခက်အခဲဖြစ်နေသူများအတွက် အမျိုးမျိုးသော အထူးအထောက်အပံ့များကို ပေးပါသည်။

အခန်း ၈

# အခွန်



## နိုင်ငံခြားသားနှင့်အခွန်

နိုင်ငံခြားသားပင်ဖြစ်စေကာမူ အောက်ပါအချက်များနှင့်ကိုက်ညီပါက အခွန်ပေးဆောင်ရန် တာဝန်ရှိ သည်။ အခွန်ပေးဆောင်ရမည့်အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်သည်။

- ဂျပန်နိုင်ငံတွင်းအလုပ်လုပ်ကိုင်၍ ဝင်ငွေရရှိသောသူ
  → မူအရ ဝင်ငွေခွန်ပေးဆောင်ရန်လိုအပ်သည်။
- လက်ရှိဇန်နဝါရီလ၁ရက်နေ့တွင် ဂျပန်နိုင်ငံ၌ နေရပ်လိပ်စာရှိသောသူ
  → နေထိုင်ခွန်ပေးဆောင်ရန်လိုအပ်သည်။
  (ပြီးခဲ့သည့်နှစ်၏ဝင်ငွေပေါ်မူတည်၍ပေးဆောင်ရမည်။)

ထို့ပြင် ခရီးသွားလာရာတွင် ဟိုတယ်တွင် တည်းခိုခြင်း၊ အစားအစာသုံးဆောင်ခြင်း စသည် ပြုလုပ်လျှင် စားသုံးခွန်ပါပေးဆောင်ရန်လိုအပ်သည်။

**One Point:**

### နိုင်ငံတော်အခွန်နှင့်ဒေသခွန်

ဂျပန်နိုင်ငံတွင်ယေဘုယျအားဖြင့်နိုင်ငံတော်အခွန်နှင့်ဒေသခွန်ဟူ၍နှစ်မျိုးရှိသည်။

- နိုင်ငံတော်ကကောက်ခံသောအခွန်ကိုနိုင်ငံတော်အခွန်ဟုခေါ်သည်။အထူးသဖြင့်ဝင်ငွေခွန်ကိုဆိုလို သည်။
- မိမိနေထိုင်ရာစီရင်စုနှင့်မြို့နယ်ရပ်ကွက်ကျေးရွာတို့တွင်ကောက်ခံသောအခွန်ကိုဒေသခွန်ဟုခေါ်သည်။ အထူးသဖြင့် နေထိုင်ခွန်ကိုဆိုလိုသည်။

## ၁ ဝင်ငွေခွန်

ဝင်ငွေခွန်သည်ဇန်နဝါရီလ၁ရက်နေ့မှဒီဇင်ဘာလ၃၁ရက်နေ့အထိတစ်နှစ်တာကာလအတွင်းရရှိသော ဝင်ငွေပေါ်လိုက်၍ ပေးဆောင်ရသောအခွန်ဖြစ်သည်။

ဝင်ငွေခွန်ကိုတွက်ချက်ရာတွင် အောက်ပါအတိုင်းတွက်ချက်ရမည်။

(၁) စုစုပေါင်းဝင်ငွေ - အသုံးစရိတ်များ=အသားတင်ဝင်ငွေ(A)

(၂) အသားတင်ဝင်ငွေ(A)-ဝင်ငွေခွန်နုတ်ယူခြင်းများ(၁-၃ကိုကြည့်ပါ)=အခွန်ကောက်ခံနိုင်သည့်ငွေ(B)

(၃) အခွန်ကောက်ခံနိုင်သည့်ငွေ(B) × အခွန်နှုန်း

အခွန်နှုန်းသည် အခွန်ကောက်ခံနိုင်သည့်ငွေပမာဏ(B)တိုးလျှင် တိုးလာမည့်စနစ် ဖြစ်သည်။

# ၁-၁ အခွန်ပေးဆောင်သူနှင့်အခွန်ကောက်ခံနိုင်သည့်ဝင်ငွေအတိုင်းအတာ

အောက်ဖော်ပြပါ နေထိုင်မှုအမျိုးအစားပေါ်လိုက်၍ အခွန်ကောက်ခံနိုင်သည့် ဝင်ငွေအတိုင်းအတာ သည် ကွဲပြားမှုရှိသည်။

## (၁) နေထိုင်သူ

**ဂျပန်နိုင်ငံတွင်း "အတည်တကျဖြစ်သောနေအိမ်(နေရပ်လိပ်စာ)" သို့မဟုတ် တစ်နှစ်နှင့်အထက် နေထိုင်လာသော "ယာယီနေအိမ်" ရှိသူ** (၂တွင် ဖော်ပြမည့် အမြဲတမ်းမနေထိုင်သူများ မပါဝင်ပါ) **များကို နေထိုင်သူ ဟုခေါ်သည်။**

* ဂျပန်နိုင်ငံတွင်းနှင့် ပြင်ပမှရရှိသော နေထိုင်သူများ၏ ကမ္ဘာတစ်ဝှမ်းလုံးဝင်ငွေမှ ဝင်ငွေခွန် ကောက်ခံ မည်။

One Point:

**"အတည်တကျဖြစ်သောနေအိမ်" နှင့် "ယာယီနေအိမ်"**

- "အတည်တကျဖြစ်သောနေအိမ်" ဆိုသည်မှာ လူတစ်ဦးချင်းစီ၏ နေထိုင်မှုဘဝအတွက် အခြေချရာ နေရာကို ဆိုလို၍ ထိုနေထိုင်မှုဘဝအတွက် အခြေချရာနေရာဖြစ်မဖြစ်မှာ (ဂျပန်နိုင်ငံတွင် အလုပ် လုပ်ကိုင်နေခြင်းရှိမရှိ၊ အိမ်ထောင်ဖက်နှင့် တခြားအတူတကွ နေထိုင်စားသောက်သည့် မိသားစု ဆွေမျိုးများသည် ဂျပန်နိုင်ငံတွင် နေခြင်း၊မနေခြင်းစသည်) သိသာထင်ရှားသော အချက်အလက်များ ကို အခြေခံ၍ သတ်မှတ်ဆုံးဖြတ် သည်။
- "ယာယီနေအိမ်" ဆိုသည်မှာ အချိန်ကာလတစ်ခုကြာအောင် နေထိုင်လာသော နေရာဖြစ်သော်လည်း မိမိ၏ နေထိုင်မှုဘဝအတွက် အခြေချရာနေရာဟု ခေါ်ဆိုနိုင်သည့်အတိုင်းအတာအထိ မရောက်သော နေရာကို ဆိုလိုသည်။

## (၂) ရာသက်ပန်နေထိုင်သူမဟုတ်သောသူ

**နေထိုင်သူများအနက်မှ ဂျပန်နိုင်ငံသားမဟုတ်သည့်အပြင် ပြီးခဲ့သည့်၁၀နှစ်အတွင်း အတည်တကျ ဖြစ်သောနေအိမ် သို့မဟုတ် ယာယီနေအိမ် ရှိခဲ့သည့်ကာလသည် စုစုပေါင်း ၅နှစ်အောက်ရှိသောသူကို ရာသက်ပန်နေထိုင်သူမဟုတ်သောသူဟုခေါ်သည်။**

- (၁) ကမ္ဘာတစ်ဝှမ်းမှရရှိသောဝင်ငွေ မဟုတ်သောဝင်ငွေနှင့်

(၂) ကမ္ဘာတစ်ဝှမ်းမှရရှိသောဝင်ငွေအနက်မှ ပြည်တွင်းမှရရှိသော (သို့) ပြည်ပမှပို့ပေးသောငွေများမှ ဝင်ငွေခွန်ကောက်ခံမည်။

## (၃) နေထိုင်သူမဟုတ်သူ

"နေထိုင်သူ" နှင့် "ရာသက်ပန်နေထိုင်သူမဟုတ်သောသူ" မဟုတ်သော (နိုင်ငံခြားတွင်နေအိမ် အတည်တကျရှိသောသူများစသည်) သူများကို "နေထိုင်သူမဟုတ်သူ" ဟုခေါ်သည်။

- ဂျပန်နိုင်ငံအတွင်းအလုပ်လုပ်ကိုင်၍ရရှိသောလစာနှင့် ကိုယ်ပိုင်ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်၍ ရရှိသော အလုပ်ဝန်ဆောင်ခ စသည့် နိုင်ငံအတွင်းရရှိသော ဝင်ငွေများကိုသာ အခွန်ကောက်ခံမည်။

## ၁-၂ ဝင်ငွေခွန်၏နောက်ဆုံးအခွန်ရှင်းတမ်းနှင့်အခွန်ပေးဆောင်ခြင်း

ဝင်ငွေခွန်သည် တစ်နှစ်အတွင်းရရှိသောဝင်ငွေပမာဏမှ ပေးဆောင်ရမည့် ဝင်ငွေခွန်ပမာဏကို မိမိ ကိုယ်တိုင် တွက်ချက်၍ သတ်မှတ်ထားသောရက်မတိုင်မီ အခွန်ရုံး၌ နောက်ဆုံးအခွန်ရှင်းတမ်းကို တင်ပြ ရမည်ဖြစ်ပြီး လစဉ်ဝင်ငွေမှ ဝင်ငွေခွန်နုတ်ယူထားခြင်းစနစ် (၁-၄ကို ကြည့်ပါ) စသည်တို့၏ အပိုအလို စာရင်းများ ရှင်းလင်းရမည်။

အဆိုပါလုပ်ထုံးလုပ်နည်းကို နောက်ဆုံးအခွန်ရှင်းတမ်းဟုခေါ်သည်။

### (၁) နောက်ဆုံးအခွန်ရှင်းတမ်းတင်ပြရန်လိုအပ်သောသူ

လစာရရှိသူအများစုသည် လစဉ်ဝင်ငွေမှ ဝင်ငွေခွန်နုတ်ယူခြင်း (၁-၄ကိုကြည့်ပါ) ခံရပြီးဖြစ်၍ နှစ်ကုန်ညှိနှိုင်းမှု (၁-၄ကိုကြည့်ပါ) ကို ၎င်းတို့၏အလုပ်ရှင်များကပြုလုပ်မည်ဖြစ်ရာ နောက်ဆုံးအခွန် ရှင်းတမ်း တင်ပြရန်မလိုအပ်ပေ။

သို့သော် အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် အခြေခံအားဖြင့် နောက်ဆုံးအခွန်ရှင်းတမ်းကို တင်ပြရန်လိုအပ်သည်။

- လစာကို နေရာတစ်ခုတည်းမှရရှိသော်လည်း လစာဝင်ငွေနှင့် အလုပ်ထွက်ထောက်ပံ့ကြေး မှအပ အခြားရရှိသော ဝင်ငွေပမာဏစုစုပေါင်းသည် ၂၀၀,၀၀၀ယန်း အထက်ရှိသောသူ
- နေရာနှစ်ခုနှင့်အထက်မှ လစာရရှိသော်လည်း နှစ်ကုန်တွင် ညှိနှိုင်းခြင်းမခံရသောဝင်ငွေ ပမာဏနှင့် လစာဝင်ငွေ၊ အလုပ်ထွက်ထောက်ပံ့ကြေးမှအပ အခြားရရှိသော ဝင်ငွေပမာဏ စုစုပေါင်း ၂၀၀,၀၀၀ယန်းနှင့်အထက်ရှိသောသူ
- လစာအပြင် အခြားစီးပွားရေးလုပ်ငန်းနှင့် စတော့ရှယ်ယာများဝယ်ယူရောင်းချခြင်း စသည် တို့မှဝင်ငွေရရှိ၍ ဝင်ငွေခွန်တွက်ချက်ကြည့်ပါက အခွန်ကျသင့်သောသူ စသည်

ထို့ပြင် နောက်ဆုံးအခွန်ရှင်းတမ်းအရ အခွန်ပေးဆောင်ရမည့်သူသည် သတ်မှတ်ရက်မတိုင်မီ မိမိကိုယ်တိုင် သွားရောက်ပေးဆောင်ရန်လိုအပ်သည်။ (အခွန်ရုံးမှပေးဆောင်မှုကို သတိပေးမည် မဟုတ် ပါ။)

အခွန်ကို အောက်ပါအတိုင်းပေးဆောင်နိုင်သည်။

(၁) ဘဏ်အကောင့်ငွေလွှဲခြင်း

(၂) တိုက်ရိုက်ပေးဆောင်မှု (e-Taxမှတစ်ဆင့် ဘဏ်အကောင့်သို့ငွေလွှဲခြင်း) နှင့် အွန်လိုင်းဘဏ်စနစ်

(၃) အင်တာနက်ပေါ်မှ ခရက်ဒစ်ကတ်ဖြင့် ပေးဆောင်မှု

(၄) ငွေသားဖြင့်ပေးဆောင်မှု (ကွန်ဗီနီစတိုးနှင့် ဘဏ်၊ စာပို့တိုက်၊ အခွန်ရုံး များ၏ ကောင်တာများ၌)



### (၂) နောက်ဆုံးအခွန်ရှင်းတမ်းပြုလုပ်တင်ပြခြင်းကြောင့်အခွန်ပြန်အမ်းခံရသောသူ

- ဝင်ငွေခွန်နုတ်ယူခြင်းများ (၁-၃ကိုကြည့်ပါ) ရှိသဖြင့် ဝင်ငွေခွန်တွက်ချက်ကြည့်ရာမှ လစဉ် ဝင်ငွေမှနုတ်ယူထားသောဝင်ငွေခွန် (၁-၄ကိုကြည့်ပါ) ကို ပို၍ပေးဆောင်မိကြောင်းတွေ့ရှိလျှင် နောက်ဆုံးအခွန်ရှင်းတမ်းအရ ပို၍ပေးဆောင်မိသောဝင်ငွေခွန်ကို ပြန်အမ်းမည်။ စာတိုက်နှင့် ဘဏ် အကောင့်မှတစ်ဆင့် ပေးပို့မည်ဖြစ်သည်။
- လစဉ်ဝင်ငွေမှ နုတ်ယူထားသောဝင်ငွေခွန်ကို ပို၍ ပေးဆောင်မိခြင်းမရှိလျှင် ဝင်ငွေခွန် ပြန် မအမ်းပါ။

## (၃) နောက်ဆုံးအခွန်ရှင်းတမ်းနှင့်အခွန်ပေးဆောင်ရန်သတ်မှတ်ရက်

နှစ်အလိုက် ဝင်ငွေခွန်ပေးဆောင်ရန် နောက်ဆုံးအခွန်ရှင်းတမ်းများရှင်းလင်းဆွေးနွေးခြင်းနှင့် အခွန်ပေးဆောင်ခြင်းတို့သည် အဆိုပါနှစ်၏ နောက်တစ်နှစ် ဖေဖော်ဝါရီလ၁၆ရက်နေ့မှမတ်လ၁၅ ရက်နေ့အတွင်း ဖြစ်သည်။

* မူအရ အခွန်ရုံးသည် ရုံးပိတ်ရက် (စနေ၊တနင်္ဂနွေ၊အမျိုးသားရုံးပိတ်ရက်များစသည်) တွင် ဆွေးနွေးခြင်းများ၊ အခွန်ရှင်းတမ်းလက်ခံခြင်းများမပြုလုပ်ပါ။

ဝင်ငွေခွန်၏နောက်ဆုံးအခွန်ရှင်းတမ်းအရ အခွန်ပေးဆောင်ရန်နောက်ဆုံးရက်သည် မတ်လ၁၅ ရက်နေ့ဖြစ်သည်။

* အဆိုပါမတ်လ၁၅ရက်သည် စနေ၊ တနင်္ဂနွေ၊ အမျိုးသားရုံးပိတ်ရက်များ ဖြစ်လျှင် လာမည့် ပထမဆုံးကြားရက်သည် နောက်ဆုံးရက်ဖြစ်မည်။

## (၄) ဂျပန်နိုင်ငံမှထွက်ခွာလျှင်

- ဂျပန်နိုင်ငံတွင်"အတည်တကျဖြစ်သောနေအိမ်(နေရပ်လိပ်စာ)" သို့မဟုတ် "ယာယီနေအိမ်" မရှိ တော့ပါက မူအရ ဂျပန်နိုင်ငံမှ မထွက်ခွာမီတွင် အဆိုပါနှစ်၏ဝင်ငွေနှင့်စပ်လျဉ်း၍ နှစ်ကုန် ညှိနှိုင်းမှုများ ပြုလုပ်ရမည်ဖြစ်သည်။
- (၁)တွင်ဖော်ပြထားသည့်အတိုင်း နောက်ဆုံးနှစ်ကုန်စာရင်းရှင်းတမ်း တင်ပြရန်လိုအပ်လျှင် နိုင်ငံမှမထွက်ခွာမီ နောက်ဆုံးနှစ်ကုန်စာရင်းရှင်းတမ်းနှင့် အခွန်ပေးဆောင်ခြင်းများ ပြုလုပ်ရန် လိုအပ်သည်။
- ဂျပန်နိုင်ငံမှ ထွက်ခွာပြီးမှ နောက်ဆုံးနှစ်ကုန်စာရင်းရှင်းတမ်းနှင့် အခွန်ပေးဆောင်ခြင်း လုပ်ထုံး လုပ်နည်းများ လုပ်ဆောင်ရန်လိုအပ်လျှင် ဂျပန်နိုင်ငံအတွင်းနေထိုင်လျက်ရှိသောသူ တစ်ဦးကို ကိုယ်စားအခွန်ပေးဆောင်စေရန်ခန့်အပ်ကာ အခွန်ရုံးသို့ အခွန်ပေးဆောင်ရန် ကိုယ်စားလှယ် ခန့်အပ်ထားကြောင်း အသိပေးစာပေးပို့ရမည်။ မိမိသည် ဂျပန်နိုင်ငံမှထွက်ခွာ ပြီးသော်လည်း အခွန်ပေးဆောင်ရန်ခန့်အပ်ထားသော ကိုယ်စားလှယ်သည် မိမိကိုယ်စား လုပ်ထုံးလုပ်နည်းများ ကို ဆောင်ရွက်ပေးမည်ဖြစ်သည်။

# ၁-၃ အဓိကဝင်ငွေခွန်နုတ်ယူခြင်းများ

ဝင်ငွေခွန်တွက်ချက်ရာ၌ အခွန်ပေးဆောင်သူတစ်ဦးချင်းစီ၏ ကိုယ်ရေးကိုယ်တာအခြေအနေများကို ထည့်သွင်းစဉ်းစားပေး၍ အောက်ပါအခြေအနေများနှင့်ကိုက်ညီပါက သတ်မှတ်ထားသောဝင်ငွေခွန် နုတ် ယူခြင်းများ၊ ကင်းလွတ်ခြင်းများရှိသည်။ (၁မှတွက်ချက်ပုံကိုကြည့်ပါ)

ဂျပန်နိုင်ငံအတွင်းမနေထိုင်သောသူ (၁-၁မှ၃ကိုကြည့်ပါ) ဖြစ်ပါက ဝင်ငွေခွန် နုတ်ယူခြင်း၊ ကင်းလွတ် ခြင်း အမျိုးအစားများသည် အကန့်အသတ်ရှိသည်။

## (၁) မိသားစုဝင်များကိုထောက်ပံ့နေရလျှင်

- မိသားစုဝင်များကိုထောက်ပံ့နေရလျှင်ထောက်ပံ့ခြင်းခံရသောသူ၏စုစုပေါင်းဝင်ငွေပမာဏသည်၃၈၀,၀၀၀ယန်း အောက်ရှိခြင်း စသဖြင့်ကိုက်ညီပါက ပေးဆောင်ရမည့်ဝင်ငွေခွန်မှ သတ်မှတ်ထားသောဝင်ငွေခွန်ပမာဏနုတ်ယူခြင်းများ ရှိနိုင်သည်။
- ထောက်ပံ့နေရသောမိသားစုဆွေမျိုးများသည် ဂျပန်နိုင်ငံအတွင်းမနေထိုင်သောသူ (၁-၁မှ၃ကို ကြည့်ပါ) ဖြစ်လျှင် မိသားစုဝင်ဖြစ်ကြောင်း သိရှိနားလည်နိုင်မည့် အထောက်အထားများ (သန်းခေါင်စာရင်းမိတ္တူစသည်)နှင့် ထောက်ပံ့နေကြောင်း သိရှိနားလည်နိုင်မည့် အထောက် အထားများ (ဘဏ္ဍာရေးအဖွဲ့အစည်းမှ ပို့ပေးသော ငွေလွှဲအထောက်အထားစသည်) ကို နောက်ဆုံးအခွန်ရှင်းတမ်းနှင့်အတူ ပူးတွဲတင်ပြရန် လိုအပ်သည်။

- ၂၀၂၃ခုနှစ်နောက်ပိုင်းမှစ၍၊ ထောက်ပံ့ပေးနေသော မိသားစုဝင်များက အသက်၃၀နှစ်အထက် ၇၀နှစ်မပြည့်သော နေထိုင်သူမဟုတ်သည့် အခါမျိုးတွင်၊ အောက်ပါ တစ်ချက်ချက်နှင့်မှ မကိုက်ညီသည့် အချိန်မျိုးတွင်၊ ဝင်ငွေပယ်ဖျက်ခြင်းကို ခံယူ၍ မရနိုင်ပါ။

(၁) ထိုမိသားစုဝင်က ပညာတော်သင်သွားခြင်းကြောင့် ဂျပန်တွင် နေရပ်လိပ်စာနှင့် နေထိုင်သည့်နေရာ မရှိတော့သည့် မိသားစုဝင်ဖြစ်ခြင်း။

(၂) ထိုမိသားစုဝင်က မသန်မစွမ်းဖြစ်နေခြင်း။

(၃) ထိုနှစ်တွင် နေထိုင်စရိတ် ၊သို့မဟုတ် ပညာရေးစရိတ်အတွက် ပေးချေမှုက ၃၈၀,၀၀၀ယန်းအထက်၊ မိမိက ထိုမိသားဝင်ကို ပေးနေရခြင်း။

## (၂) အိမ်ထောင်ဖက်ရှိလျှင်

- အိမ်ထောင်ဖက်ရှိလျှင် သတ်မှတ်ထားသောအခြေအနေတစ်မျိုးမျိုးနှင့်ကိုက်ညီပါက ပေးဆောင် ရမည့် ဝင်ငွေခွန်မှ သတ်မှတ်ထားသောဝင်ငွေခွန်ပမာဏနုတ်ယူခြင်းများ ရှိနိုင်သည်။
- အိမ်ထောင်ဖက်သည် ဂျပန်နိုင်ငံအတွင်းမနေထိုင်သောသူ (၁-၁မှ၃ကိုကြည့်ပါ) ဖြစ်လျှင် လက်ထပ်ထားကြောင်း သိရှိနားလည်နိုင်မည့် အထောက်အထားများ (သန်းခေါင်စာရင်းမိတ္တူ စသည်)နှင့် ထောက်ပံ့နေကြောင်း သိရှိနားလည်နိုင်မည့် အထောက်အထားများ (ဘဏ္ဍာရေး အဖွဲ့အစည်းမှ ပို့ပေးသော ငွေလွှဲအထောက်အထားများစသည်) ကို နောက်ဆုံးအခွန်ရှင်းတမ်း နှင့်အတူ ပူးတွဲတင်ပြရန် လိုအပ်သည်။

## (၃) လူမှုရေးအာမခံကြေးပေးသွင်းပြီးလျှင်

မိမိ (သို့) အတူတကွ နေထိုင်စားသောက်သည့် အိမ်ထောင်ဖက်နှင့် အခြားမိသားစုဝင်များ၏ လူမှုရေးအာမခံကြေး (ကျန်းမာရေး အာမခံ၊ အမျိုးသားပင်စင်၊ လူမှုဖူလုံရေးပင်စင်အာမခံ စသည်) တို့ကိုပေးသွင်းပြီးလျှင် ပေးသွင်း ထားသောငွေပမာဏအပေါ် အခြေခံ၍ ဝင်ငွေခွန်နုတ်ယူခြင်းများ ရှိနိုင်သည်။

## (၄) အသက်အာမခံကြေးစသည်တို့ကိုပေးသွင်းပြီးလျှင်

သတ်မှတ်ထားသော အသက်အာမခံကြေး၊ ကာလရှည်ပြုစုစောင့်ရှောက်မှုအာမခံကြေး နှင့် တစ်ဦးချင်းပင်စင်အာမခံကြေးများ ပေးသွင်းပြီးလျှင် ပေးဆောင်ရမည့်ဝင်ငွေခွန်မှ သတ်မှတ်ထား သော ဝင်ငွေခွန်ပမာဏနုတ်ယူခြင်းများ ရှိနိုင်သည်။

## (၅) ဆေးကုသစရိတ်ပေးသွင်းပြီးလျှင်

မိမိ (သို့) အတူတကွ နေထိုင်စားသောက်သည့် အိမ်ထောင်ဖက်နှင့် အခြားမိသားစုဝင်များ၏ ဆေးကုသစရိတ်သည် သတ်မှတ်ထား သောပမာဏကို ကျော်လွန်လျှင် အဆိုပါဆေးကုသစရိတ်ပမာဏပေါ်အခြေခံ၍ သတ်မှတ်ထားသော ဝင်ငွေခွန်ပမာဏနုတ်ယူခြင်းများ ရှိနိုင်သည်။

## ၁-၄ လစာဝင်ငွေမှဝင်ငွေခွန်နုတ်ယူထားခြင်းစနစ်နှင့်နှစ်ကုန်ညှိနှိုင်းမှု



- ဂျပန်နိုင်ငံတွင်းအလုပ်လုပ်ကိုင်၍ လစာရရှိသောနိုင်ငံခြားသားသည် အလုပ်ရှင်ထံမှ လစာရရှိ သည့်အချိန်တွင် ဝင်ငွေခွန်နုတ်ယူခံရမည်။ ဝင်ငွေခွန်ကို ဝန်ထမ်းကိုယ်စား အလုပ်ရှင်မှ နိုင်ငံ တော်သို့ တိုက်ရိုက်ပေးဆောင်ခြင်းစနစ်ဖြစ်သည်။
- အဆိုပါနှစ်ကုန်၌ လစာရရှိသည့်အချိန်တွင် ဝင်ငွေခွန်တွက်ချက်ခြင်း(နှစ်ကုန်ညှိနှိုင်းခြင်း) များ ဆောင်ရွက်ပေးမည်ဖြစ်သည်။
- လစာပေးသူမှ ဝန်ထမ်း၏ တစ်နှစ်အတွင်းရရှိသောဝင်ငွေပမာဏ စသည်ကို ရေးမှတ်ထားသည့် "လစာဝင်ငွေမှ နုတ်ယူထားသောဝင်ငွေခွန်စာရင်း"ကို လစာရရှိသူထံ ထုတ်ပေးရမည်။

## ၁-၅ အခွန်စာချုပ်ပါခြွင်းချက်များ

မိခင်နိုင်ငံနှင့်ဂျပန်နိုင်ငံကြားတွင် အခွန်စာချုပ်သဘောတူချုပ်ဆိုထားလျှင် သတ်မှတ်ထားသော အခြေအနေများနှင့် ကိုက်ညီပါက ဝင်ငွေခွန်လျှော့ချခြင်း (သို့) အခွန်ကင်းလွတ်ခြင်းများ ရှိနိုင်သည်။

# ၂ နေထိုင်ခွန်

## ၂-၁ နေထိုင်ခွန်ဆိုသည်မှာ

- လက်ရှိဇန်နဝါရီလ၁ရက်နေ့တွင် နေထိုင်ရာ နေရပ်လိပ်စာရှိသော (ရှိခဲ့သော) စီရင်စုရုံးနှင့်မြို့နယ် ရပ်ကွက် ကျေးရွာရုံးများတွင် ပေးဆောင်ရသော အခွန်ဖြစ်သည်။
- ပြီးခဲ့သည့်နှစ်၏ ဇန်နဝါရီလ၁ရက်နေ့မှ ဒီဇင်ဘာလ၃၁ရက်နေ့အထိ ကုမ္ပဏီမှရရှိသောဝင်ငွေ စသည်တို့ကို တွက်ချက်၍ ကောက်ခံသည့်ဝင်ငွေရာခိုင်နှုန်းနှင့် ရရှိသောဝင်ငွေနှင့်မသက်ဆိုင်ဘဲ သတ်မှတ်ထားသောပမာဏကို ပေးဆောင်ရသည့် တစ်ဦးချင်းအပြားနှုန်း ကို ကောက်ခံသည်။
- စီရင်စုတွင်ပေးဆောင်ရမည့်နေထိုင်ခွန်ကို မြို့နယ်ရပ်ကွက်ကျေးရွာရုံးတွင် ပေးဆောင်ရမည့် နေထိုင်ခွန်နှင့်အတူ မြို့နယ်ရပ်ကွက်ကျေးရွာရုံးတွင် ပေးဆောင်ရမည်။

## ၂-၂ နေထိုင်ခွန်ပေးဆောင်ခြင်း

**(၁) အထူးပေးဆောင်ခြင်း**

ကုမ္ပဏီသည် ပေးအပ်ထားသောလစာများမှ နေထိုင်ခွန်ကို ကြိုတင်နုတ်ယူ၍ မြို့နယ်ရပ်ကွက် ကျေးရွာရုံးများတွင် ပေးဆောင်သည်။ မူအရ ကုမ္ပဏီ၊စက်ရုံများတွင်အလုပ်လုပ်သောသူသည် ကိုယ်တိုင်ကိုယ်ကျ မြို့နယ်ရပ်ကွက်ကျေးရွာရုံး သို့သွားရောက်၍ နေထိုင်ခွန်ပေးဆောင်ရန်မလိုအပ်ပေ။

**(၂) သာမန်ပေးဆောင်ခြင်း**

မြို့နယ်ရပ်ကွက်ကျေးရွာရုံးများမှ "နေထိုင်ခွန်ပေးဆောင်ပါ" ဟု အကြောင်းကြားစာပေးပို့မည် ဖြစ်သဖြင့် အဆိုပါစာနှင့်အတူ စာတွင်ရေးသားထားသည့်ငွေပမာဏကိုယူဆောင်ကာ ကိုယ်တိုင် ကိုယ်ကျ မြို့နယ်ရပ်ကွက်ကျေးရွာရုံး(*)သို့သွားရောက်၍ နေထိုင်ခွန်ပေးဆောင်ရမည်။

* စာတွင်ညွှန်ကြားထားပါက စာတိုက်နှင့် convenience store များမှတစ်ဆင့်လည်း ပေးဆောင်နိုင် သည်။

## ၂-၃ အခြား

- နေထိုင်ခွန်နှင့်စပ်လျဉ်း၍ အောက်ပါအချက်များကိုသတိပြုရမည်။

(၁) လက်ရှိ ဇန်နဝါရီလ၁ရက်နေ့တွင် နေထိုင်ရာ နေရပ်လိပ်စာရှိသော (ရှိခဲ့သော) မြို့နယ်ရပ်ကွက် ကျေးရွာရုံး၌ နေထိုင်ခွန်ပေးဆောင်ရန် လိုအပ်သည်။ အကယ်၍ ဇန်နဝါရီလ၂ရက်နေ့မှစ၍ ဂျပန်နိုင်ငံမှ ထွက်ခွာမည့် အခြေအနေမျိုးတွင်လည်း အခွန်ပေးဆောင်ခဲ့ရန် လိုအပ်သည်။

(၂) အထူးပေးဆောင်ခြင်းနည်းလမ်း (အခန်းခွဲ၂-၂မှ ၁ကိုကြည့်ပါ) အရ နေထိုင်ခွန် ပေးဆောင်သောသူ သည် ကုမ္ပဏီမှ ရပ်ဆိုင်းသည့်အခါ မပေးဆောင်ရသေးသောနေထိုင်ခွန်ကို သာမန်ပေးဆောင်ခြင်း နည်းလမ်း (အခန်းခွဲ၂-၂မှ၂ကိုကြည့်ပါ)အရ ပေးဆောင်ရန်လိုအပ်သည်။ သို့သော် ပေးဆောင်ခြင်းမပြု ထားသော နေထိုင်ခွန်ပမာဏစုစုပေါင်းကို ကုမ္ပဏီအား လစဉ်ရရှိသော လစာနှင့် အလုပ်ထွက်ထောက်ပံ့ ကြေးမှ နုတ်ယူစေ၍ မြို့နယ်ရပ်ကွက်ကျေးရွာရုံးသို့ ပေးဆောင်စေသောနည်းလမ်းမျိုးလည်း ရှိသည်။

(၃) ဂျပန်နိုင်ငံမှမထွက်ခွာမီ နေထိုင်ခွန်ပေးဆောင်ခဲ့ခြင်းမပြုနိုင်လျှင် ဂျပန်နိုင်ငံတွင်နေထိုင်လျက်ရှိသော သူများအနက်မှ မိမိကိုယ်စား အခွန်ပေးဆောင်ရန်လုပ်ထုံးလုပ်နည်းများ ဆောင်ရွက်ပေးမည့်သူ (အခွန် ပေးဆောင်ရန်ကိုယ်စားလှယ်)ကို မထွက်ခွာမီ သတ်မှတ်၍ မိမိနေထိုင်ရာရှိမြို့နယ်ရပ်ကွက်ကျေးရွာရုံးသို့ အသိပေးရန် လိုအပ်သည်။

# ၃ စားသုံးခွန်




ကုန်ပစ္စည်းများဝယ်ယူသည့်အခါနှင့် ဝန်ဆောင်မှုရယူသည့်အခါတွင် စားသုံးခွန်သည် ၁၀ရာခိုင်နှုန်း ကျသင့်သော်လည်း အရက်သေစာဝယ်ယူခြင်းနှင့် စားသောက်ဆိုင်တွင်စားသောက်ခြင်း မှအပ ကျန် စားသောက်ကုန်ပစ္စည်းများဝယ်ယူသည့်အခါတွင် အခွန်နှုန်းထားသည် ၈ရာခိုင်နှုန်းသာဖြစ်သည်။

# ၄ မော်တော်ယာဉ်ပိုင်ဆိုင်သည့်သူများပေးဆောင်ရမည့်အခွန်

## ၄-၁ မော်တော်ယာဉ်ခွန်/ယာဉ်ငယ်ခွန်

### (၁) မော်တော်ယာဉ်ခွန်/ယာဉ်ငယ်ခွန်၏ပတ်ဝန်းကျင်သို့အကျိုးပြုမှုနှုန်းထား



**မော်တော်ယာဉ်နှင့်ယာဉ်ငယ်ဝယ်ယူလျှင်**

မော်တော်ယာဉ်နှင့် ယာဉ်ငယ်ဝယ်ယူထားသောသူသည် မော်တော်ယာဉ်ခွန်/ ယာဉ်ငယ်ခွန်၏ ပတ်ဝန်းကျင်သို့အကျိုးပြုမှုနှုန်းထားကို ပေးဆောင်ရမည်ဖြစ်သည်။

(ပတ်ဝန်းကျင်သို့အကျိုးပြုမှုနှုန်းထားသည် ယာဉ်၊ ယာဉ်ငယ် ၏ ဆီစားနိုင်စွမ်းပေါ် မူတည်သည်။)

### (၂) မော်တော်ယာဉ်ခွန်/ယာဉ်ငယ်ခွန်၏အမျိုးအစားနှုန်းထား

**မော်တော်ယာဉ်ပိုင်ဆိုင်လျှင်**

လက်ရှိ ဧပြီလ၁ရက်နေ့တွင် မော်တော်ယာဉ် (အိတ်ဇောဓာတ်ငွေ့ ၆၆၀cc အထက် ထွက်သော ယာဉ်) ပိုင်ဆိုင်ထားသောသူသည် ယာဉ်၏အမျိုးအစားအလိုက် ဝင်ငွေခွန်ပေးဆောင်ရမည်။(*)

(အခွန်ပမာဏသည်ယာဉ်၏အင်ဂျင်အရွယ်အပေါ်မူတည်သည်)

* အခွန်ပေးဆောင်ရမည့်ပမာဏနှင့် ပေးဆောင်ရမည့်နည်းလမ်းများကို မိမိနေထိုင်ရာရှိ မြို့နယ် ရပ်ကွက်ကျေးရွာရုံး မှပေးပို့သောစာတွင် ရေးသားထားသည်။

**ယာဉ်ငယ်ပိုင်ဆိုင်လျှင်**

လက်ရှိ ဧပြီလ၁ရက်နေ့တွင် ယာဉ်ငယ် (အိတ်ဇောဓာတ်ငွေ့ ၆၆၀cc နှင့်အောက် ထွက်သောယာဉ်) ပိုင်ဆိုင်ထားသောသူသည် ယာဉ်၏အမျိုးအစားအလိုက် ဝင်ငွေခွန်ပေးဆောင်ရမည်။(*)

(အခွန်ပမာဏသည်ယာဉ်မှထွက်သောအိတ်ဇောဓာတ်ငွေ့ပမာဏပေါ်မူတည်သည်)

* အခွန်ပေးဆောင်ရမည့်ပမာဏနှင့် ပေးဆောင်ရမည့်နည်းလမ်းများကို မိမိနေထိုင်ရာရှိ မြို့နယ် ရပ်ကွက်ကျေးရွာရုံးမှ ပေးပို့သောစာတွင် ရေးသားထားသည်။

## ၄-၂ မော်တော်ယာဉ်အလေးချိန်အခွန်

**မော်တော်ယာဉ်နှင့်ယာဉ်ငယ်ကိုစစ်ဆေးသည့်အခါ**

ယာဉ်စစ်ဆေးသည့်အခါတွင် မော်တော်ယာဉ်နှင့်ယာဉ်ငယ်၏အလေးချိန်အလိုက် မော်တော်ယာဉ် အလေးချိန်အခွန်ကို ပေးဆောင်ရမည်။

# ၅ အိမ်ခြံမြေအခွန်

- လက်ရှိဇန်နဝါရီလ၁ရက်နေ့တွင် အောက်ပါပစ္စည်းများပိုင်ဆိုင်ထားလျှင် အခွန်ပေးဆောင်ရမည်။

(၁) မြေ (၂) အဆောက်အအုံ (၃) တန်ဖိုးလျော့ပိုင်ဆိုင်မှု

- တန်ဖိုးလျော့ပိုင်ဆိုင်မှုများရှိလျှင် လျှောက်လွှာတင်ရန်လိုအပ်သည်။
- အခွန်ပမာဏကို ပိုင်ဆိုင်မှုတန်ဖိုးပေါ်အခြေခံ၍ သက်ဆိုင်ရာမြို့နယ်ရပ်ကွက်ကျေးရွာရုံးက တွက်ချက်ပေးမည်။
- အခွန်ကို မိမိ၏ပိုင်ဆိုင်မှုများတည်ရှိရာမြို့နယ်ရုံးတွင် ပေးဆောင်ရမည်။

# ၆ အခွန်နှင့်စပ်လျဉ်း၍မေးမြန်းနိုင်သောလိပ်စာများ

## ၆-၁ နိုင်ငံတော်အခွန်နှင့်စပ်လျဉ်း၍မေးမြန်းခြင်း



နိုင်ငံတော်အခွန်နှင့်စပ်လျဉ်း၍ မေးမြန်းလိုလျှင်

### (၁) ဖုန်းဆက်ဆွေးနွေးနိုင်သောစင်တာ

နိုင်ငံတော်အခွန်နှင့်စပ်လျဉ်း၍ ပုံမှန်ဆွေးနွေးမှုများ ပြုလုပ်လိုလျှင် အောက်ပါစင်တာများတွင် အင်္ဂလိပ်ဘာသာဖြင့် အထူးလက်ခံဆွေးနွေးနိုင်သည်။

- တိုကျိုနိုင်ငံတော်အခွန်ဦးစီးဌာနဖုန်းဆက်ဆွေးနွေးရေးစင်တာ **03-3821-9070**
- အိုဆာကာနိုင်ငံတော်အခွန်ဦးစီးဌာနဖုန်းဆက်ဆွေးနွေးရေးစင်တာ **06-4965-8298**
- နာဂိုယာနိုင်ငံတော်အခွန်ဦးစီးဌာနဖုန်းဆက်ဆွေးနွေးရေးစင်တာ **052-971-2059**

## (၂) အခွန်နှင့်စပ်လျဉ်း၍ဖြေကြားချက်များ(အမေးများသောအခွန်ဆိုင်ရာမေးခွန်းများ)

**အမေးများသောမေးခွန်းများကိုပြန်လည်ဖြေကြားထားသောယေဘုယျဆန်သည့်အဖြေများကို အောက်တွင်အခွန်အမျိုးအစားအလိုက်ရှာဖွေနိုင်သည်။**


https://www.nta.go.jp/english/taxes/index.htm

## (၃) နိုင်ငံတော်အခွန်အေဂျင်စီ၏အင်တာနက်စာမျက်နှာလမ်းညွှန်

နိုင်ငံတော်အခွန်နှင့်စပ်လျဉ်းသော လျှောက်လွှာတင်ခြင်းများ၊ အခွန်ပေးဆောင်ခြင်းများ အတွက် အသုံးဝင်သော သတင်းအချက်အလက်များကို စုစည်းတင်ပြထားသည်။

**အသေးစိတ်ကို အောက်ပါအင်တာနက်စာမျက်နှာတွင် ဖတ်ရှုပါ။**

https://www.nta.go.jp/english/index.htm




# ၆-၂ ဒေသခွန်နှင့်စပ်လျဉ်း၍မေးမြန်းခြင်း

ဒေသခွန်နှင့်စပ်လျဉ်း၍မေးမြန်းခြင်းကို ဖော်ပြပါဝက်ဘ်ဆိုက်ကို အသုံးပြုပါ။

(၁) ပြည်တွင်းရေးရာနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်၏လမ်းညွှန်


**နိုင်ငံခြားသား၏ ကိုယ်ပိုင်သီးသန့်နေထိုင်ခွန်နှင့် စပ်လျဉ်း၍ မိတ်ဆက်ပေးနေပါသည်။**

https://www.soumu.go.jp/main_sosiki/jichi_zeisei/czaisei/czaisei_seido/individual-inhabitant-tax.html

(၂) အသေးစိတ်ကို နေထိုင်နေသောသက်ဆိုင်ရာစီရင်စုနှင့် မြို့နယ်ရပ်ကွက်ကျေးရွာရုံးတို့တွင် မေးမြန်းစုံစမ်းပါ။

အခန်း ၉

# လမ်းပန်းဆက်သွယ်ရေး




## ၁ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း

လမ်းကို လူအများနှင့်ကားများဖြတ်သန်းသွားလာရန် အသုံးပြုကြသည်။ ဘေးအန္တရာယ် ကင်းရှင်း၍ လွယ်ကူချောမွေ့စွာ သွားလာနိုင်ရန်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာကာ လမ်းပန်းဆက်သွယ်ရေးကျင့်ဝတ်များကို လက်တွေ့ကျင့်သုံးရန်မှာ လူ့ဘောင်အတွင်း နေထိုင်သူများ၏ တာဝန်ဖြစ်သည်။

### ၁-၁။ လမ်းလျှောက်သည့်အခါ၌ သတိပြုသင့်သော အချက်များ

#### (၁) ဖြတ်သန်းသွားလာသည့်အခါ

**လမ်းသွားလမ်းလာသည် ညာဘက်မှ၊ မော်တော်ယာဉ်များသည် ဘယ်ဘက်မှသွားလာရသော အခြေခံပုံစံ**




- လမ်း၏ ညာဘက်အခြမ်းမှသွားရမည်။
- လူသွားလမ်းနှင့် လမ်းဘေးလိုင်း(Rosokutai) ရှိပါက ထိုနေရာမှ သွားလာရမည်။

#### (၂) လမ်းဖြတ်ကူးသည့်အခါ

**ဘေးအန္တရာယ်ကင်းရှင်းသည့်နေရာမှလမ်းဖြတ်ကူးခြင်း**

- မီးပွိုင့်ရှိသောနေရာနှင့် လူကူးမျဉ်းကျား၊ လူကူးကုန်းကျော်တံတား၊ လမ်းကူးရန်အသုံးပြုနိုင်သော မြေအောက်လမ်းများ အနီးပတ်ဝန်းကျင်တွင်ရှိပါက ထိုနေရာများမှ ဖြတ်ကူးရမည်။
- "လမ်းသွားလမ်းလာများဖြတ်သန်းသွားလာခြင်းမပြုရ"ဟု ရေးသားထားသော အမှတ်အသား သင်္ကေတရှိရာနေရာများကို လုံးဝ ဖြတ်ကူး၍ မရပါ။
- လူကူးမျဉ်းကျားတွင် လက်ကိုမြှောက်ခြင်းဖြစ်စေ၊ ကားမောင်းသူဘက်သို့ မျက်နှာမူခြင်းဖြစ်စေ ပြုလုပ်ပြီး ကားမောင်းသူအား လမ်းဖြတ်ကူးမည့် ရည်ရွယ်ချက်ကို ရှင်းရှင်းသိစေရန် ပြုလုပ်ပြီး၊ ဘေးအန္တရာယ်ကင်းရှင်းမှုကို စစ်ဆေးပြီးမှ ဖြတ်ကူးပါ။
- လမ်းဖြတ်ကူးနေစဉ်တွင်လည်း ကားများလာနေခြင်းရှိမရှိ စစ်ဆေးရမည်။

### မီးပွိုင့်၏အဓိပ္ပာယ်



- မီးစိမ်းပြလျှင် - ဆက်သွားရန်။
- မီးဝါပြလျှင် (သို့) မီးစိမ်းမှိတ်တုတ်မှိတ်တုတ်အချက်ပြလျှင် - စတင်လမ်းဖြတ်ကူးခြင်းမပြုရပါ။ လမ်းဖြတ်ကူးနေစဉ် ဖြစ်ပါက လျင်မြန်စွာကူးရမည်။ သို့မဟုတ် နောက်ပြန်ဆုတ်ရမည်။
- မီးနီပြလျှင် - လမ်းဖြတ်ကူးခြင်းမပြုရပါ။
- ခလုတ်နှိပ်မီးပွိုင့်စနစ်ဖြစ်လျှင် - ခလုတ်ကိုနှိပ်ကာ မီးစိမ်းသို့ပြောင်းသည်ကိုစောင့်ပြီးမှ လမ်းဖြတ် ကူးရမည်။

### မီးပွိုင့်မရှိသည့်နေရာ၌လမ်းဖြတ်ကူးသည့်အခါ

- ဘယ်ညာကောင်းစွာ မြင်နိုင်သည့် နေရာမှ ဖြတ်ကူးရမည်။
- လမ်းဖြတ်မကူးမီတစ်ကြိမ်ရပ်တန့်၍ ဘယ်ညာကိုကောင်းစွာကြည့်ရှုကာ ကားများလာနေခြင်းရှိမရှိ စစ်ဆေးရမည်။ ကားလာနေပါက ကားဖြတ်ကျော်သွားသည်အထိ စောင့်ဆိုင်းရမည်။
- လမ်းဖြတ်ကူးနေစဉ်အတွင်း၌လည်း ကားလာမလာ သတိပြု၍ တည့်တည့်လျှောက်ရမည်။ ဘေးတစောင်းကူးခြင်းမပြုရပါ။

### ရထားလမ်းကူးကို ဖြတ်သန်းနည်း

- ရထားလမ်းကူးမရောက်မီ မဖြစ်မနေ ခေတ္တရပ်၍ ဘယ်ညာ အန္တရာယ်ကင်းရှင်းမှုရှိမရှိ ကြည့်ရှု စစ်ဆေးရမည်။
- အချက်ပေးစက် မြည်နေသောအချိန်နှင့် ရထားလမ်းဖြတ်ကူးဂိတ် စတင်ပိတ်သောအချိန်မှစ၍ မီးရထားလမ်း ဖြတ်ကူးနေရာသို့ လုံးဝဖြတ်ကူးခြင်းမပြုရပါ။

## (၃) ညဘက်လမ်းမပေါ်၌ လမ်းလျှောက်သည့်အခါ

### အရောင်တောက်သောအဝတ်အစားနှင့်ရောင်ပြန်ပစ္စည်းများအသုံးပြုခြင်း

ညဘက်လမ်းမပေါ်၌ လမ်းလျှောက်သည့်အခါ အဖြူ သို့မဟုတ် အဝါ စသည့် အရောင်တောက်သော အဝတ်အစားကိုဝတ်ဆင်ကာ ရောင်ပြန်ပစ္စည်း သို့မဟုတ် LED မီးတို့ကို ကိုယ်တွင်သယ်ဆောင်လာ သော ပစ္စည်းများ၌တပ်ဆင်၍ ယာဉ်များမှ မိမိအားကောင်းစွာမြင်နိုင်ရန်အတွက် ဆောင်ရွက်ရမည်။

## ၁-၂ စက်ဘီးစီးနင်းသည့်အခါ၌ သတိပြုသင့်သောအချက်များ

### (၁) စက်ဘီးစီးနင်းသည့်အခါလိုက်နာရမည့်ဖြတ်သန်းသွားလာရေးစည်းကမ်း “စက်ဘီး အန္တရာယ်ကင်းစွာ အသုံးပြုရန်အတွက် စည်းမျဉ်း ၅ချက်”ကို လိုက်နာခြင်း

**စည်းမျဉ်း(၁)ယာဉ်သွားလမ်း သည် အခြေခံအားဖြင့် ဘယ်ဖက်မှနေ၍ ဖြတ်သန်းသွားလာရန် လျှောက်လမ်းက ခွင်းချက်ဖြစ်ပြီး၊ လမ်းလျှောက်သူများကို ဦးစားပေးရန်**




- စက်ဘီးသည်ယာဉ်ဖြစ်သောကြောင့် မူအရ ယာဉ်သွားလမ်၏ ဘယ်ဖက်မှနေ၍ ဖြတ်သန်းသွားလာရမည်။
- စက်ဘီးသွားလမ်းရှိသောနေရာများတွင် ၎င်းစက်ဘီးသွားလမ်းပေါ်မှ ဖြတ်သန်းသွားလာရမည်။
- လမ်းမ၏ဘယ်ဖက်တွင်ရှိသည့်မျဉ်းကြားကိုဖြတ်သန်း၍ရသော်လည်း၊လမ်းလျှောက်သူများဖြတ်သန်းနေခြင်းကို တားဆီးနှောင့်ယှက်ခြင်းမပြုရပါ။
- လူသွားလမ်း၌ ဖြတ်သန်းသွားလာခွင့်ရှိကြောင်းဖော်ပြသည့် အမှတ်အသားသင်္ကေတရှိသောလမ်း ဖြစ်လျှင် စက်ဘီးဖြင့်ဖြတ်သန်းသွားလာနိုင်သည်။
- အသက်၁၃နှစ်အောက်ကလေး၊ အသက်၇၀နှင့်အထက်သက်ကြီးရွယ်အို၊ ခန္ဓာကိုယ်မသန်စွမ်းသူ များဖြစ်လျှင် လူသွားလမ်းပေါ်၌ စက်ဘီးဖြင့် ဖြတ်သန်းသွားလာနိုင်သည်။
- လျှောက်လမ်းကို ဖြတ်သန်းရသည့်အခါ၊ ယာဉ်သွားလမ်းမှနေ၍ ချက်ချင်းရပ်တန့်နိုင်သည့် အရှိန်နှုန်းဖြင့် ဖြည်းဖြည်းမောင်း၍ ဖြတ်သန်းရပါမည်။
- လမ်းလျှောက်နေသူများ ဖြတ်သန်းနေခြင်းကို အနှောင့်အယှက်ဖြစ်စေနိုင်သည့်အချိန်မျိုးတွင်၊ ယာယီ ရပ်တန့်ပေးရပါမည်။

**စည်းမျဉ်း(၂) လမ်းဆုံတွင် မီးပွိုင့်ကို လိုက်နာ၍ ယာယီရပ်နားကာ၊ ဘေးအန္တရာယ်ကင်းမကင်း စစ်ဆေးပါ။**

- မီးပွိုင့်ရှိသော လမ်းဆုံတွင်၊ မီးပွိုင့်က မီးစိမ်းဖြစ်သွားပြီးနောက် လုံခြုံစိတ်ချမှုရှိမရှိ စစ်ဆေးအတည်ပြုကာ၊ ဖြတ်ကူးကြပါစို့။
- ယာယီရပ်တန့်ထားရမည့် လမ်းဆုံတွင် သေချာပေါက် ယာယီရပ်တန့်ထားပြီး၊ သေချာလုံခြုံစိတ်ချရန် လုပ်ကြပါစို့။

**စည်းမျဉ်း(၃)ညပိုင်းတွင် ယာဉ်မီးကို ဖွင့်ခြင်း**

- ညပိုင်းတွင် ယာဉ်မီးကို ဖွင့်ရပါမည်။
- စက်ဘီးမစီးခင်တွင် မီးပွင့်နေသလားဆိုတာ စစ်ဆေးကြပါစို့။



**စည်းမျဉ်း(၄)အရက်သေစာသောက်စား၍ စီးနင်းခြင်းမပြုရ**

- အရက်သေစာသောက်စား၍ စီးနင်းခြင်းမပြုရ

### စည်းမျဉ်း(၅) ကလေးများ ခေါင်းဆောင်းအမာ(Helmet) အသုံးပြုရန်

- စက်ဘီးစီးသည့်အချိန်တွင်၊ စက်ဘီးစီးရာတွင် သုံးသည့် ခေါင်းဆောင်းအမာကိုဆောင်းကြပါစို့။
- အခြားသူများကိုတင်စီးသည့်အချိန်တွင်၊ ခေါင်းဆောင်းအမာဆောင်းစေပါ။

ကလေးအုပ်ထိန်းသူများသည၊ကလေးများ စက်ဘီးစီးနင်းသောအချိန်နှင့်ကလေးငယ်များကို ကလေးထိုင်ခုံ၌ တင်ဆောင်စီးနင်းသည့်အချိန်များတွင် ကလေးများအား စက်ဘီးစီးသုံးခေါင်းဆောင်းအမာ(Helmet) ဆောင်းပေးရမည်။

### အခြားစည်းကမ်းများ

- ၂ယောက်တင်စီးခြင်းနှင့်အပြိုင်လိုက်ခြင်းများကိုမလုပ်ကြပါနှင့်။
- စက်ဘီးစီးနင်းနေစဉ် ထီးဆောင်းခြင်း၊ လက်ကိုင်ဖုန်းအသုံးပြုခြင်းတို့ကို မလုပ်ရပါ။
- ခေါင်းပိုင်းကာကွယ်ရန်အတွက် ကလေးများသာမက အသက်အရွယ်တိုင်း ခေါင်းဆောင်းအမာ (Helmet) ဆောင်းကြရအောင်။
- စက်ဘီးမတော်တဆမှုကြောင့်ဖြစ်သော ပျက်စီးမှုအတွက်လျော်ကြေးတာဝန်ယူမှုနှင့်၊ မိမိရခဲ့သည့် ဒဏ်ရာအတွက် အာမခံဖြင့် ပြင်ဆင်ထားနိုင်ပါသည်။ ထိုအထဲတွင် အထူးသဖြင့် ပျက်စီးမှုအတွက်လျော်ကြေးတာဝန်ယူမှုအတွက် လျော်ပေးသော "စက်ဘီးပျက်စီးမှုအတွက်လျော်ကြေးတာဝန်ယူမှုအာမခံစသည်" တို့မှာ၊ တိုကျိုနှင့် အိုဆာကာစီရင်စုစသည့် ဒေသတော်တော်များများတွင် မဝင်၍မရသောကြောင့် သတိပြုပါ။

**အသေးစိတ်ကို အောက်ပါ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုပါ။**

https://www.jitensha-kyogikai.jp/project/#insurance-promotion

## (၂) လမ်းဆုံ၌ဖြတ်ကူးနည်း

### ညာကွေ့သောအခါ

- မီးပွိုင့်ရှိသည့်အခါ၌

  မီးစိမ်းဖြစ်နေစဉ် လမ်းဆုံကိုဦးတည်၍သွားသောလမ်း၏ ဘယ်ဘက်အခြမ်းသို့ကပ်၍စီးနင်းပြီး အခြားတစ်ဘက်ရှိထောင့်နေရာအထိ တည့်တည့်ဆက်သွားကာခေတ္တရပ်၍ စက်ဘီး၏ ဦးတည်ရာကို ပြောင်းလဲပါ။ မျက်နှာမူရာမီးပွိုင့်မှာ အစိမ်းရောင်သို့ ပြောင်းလဲသွားမှ ရှေ့နောက်ဘယ်ညာ ဘေးအန္တရာယ် ကင်းရှင်းမှုရှိမရှိ စစ်ဆေး၍ ရှေ့သို့ဆက်သွားမည်။
- မီးပွိုင့်မရှိသည့်အခါ၌

  မိမိ၏နောက်ဘက်၌ ဘေးအန္တရာယ်ကင်းရှင်းမှုရှိမရှိ စစ်ဆေး၍ လမ်း၏ဘယ်ဘက်အခြမ်းသို့ကပ်ကာ အခြားတစ်ဘက်ခြမ်းထိ တည့်တည့်ဆက်သွား၍ တစ်ဖန်ဘေးအန္တရာယ်ကင်းရှင်းမှုရှိမရှိ စစ်ဆေးကာ ညာကွေ့၍ ရှေ့သို့ဆက်သွားရမည်။

**ဘယ်ကွေ့သောအခါ**

ဘယ်ဘက်သို့ကွေ့သော် ထိုကွေ့သောလမ်းကိုဖြတ်ကူးနေသည့် လမ်းသွားလမ်းလာများ၏ အသွား အလာကို အနှောင့်အယှက်မဖြစ်စေရန် သတိပြုပါ။

**စက်ဘီးဖြတ်ကူးရန်လမ်းကြောင်းရှိသည့် နေရာမျိုး၌**



လမ်းဆုံနှင့်၎င်းအနီးပတ်ဝန်းကျင်၌ စက်ဘီးဖြတ်ကူးရန်လမ်းကြောင်းရှိပါက ထိုနေရာမှသွားရမည်။

## ၁-၃ မော်တော်ယာဉ် (မော်တော်ဆိုင်ကယ်အပါအဝင်)မောင်းနှင်သည့်အခါ

- မော်တော်ယာဉ်မောင်းနှင်ရန် ယာဉ်မောင်းလိုင်စင်ရရှိထားရမည်။
- ယာဉ်စည်းကမ်းချိုးဖောက်မှုနှင့် ယာဉ်မတော်တဆမှုဖြစ်ပွားသည့်အခါ ရဲအရာရှိများက ယာဉ်မောင်း လိုင်စင်ပြသရန်တောင်းဆိုပါက ပြသ ရမည်။
- လမ်းမ၏ ဘယ်ဘက်ခြမ်းတွင် မောင်းနှင်ရမည်။
- လမ်းသွားလမ်းလာနှင့် စက်ဘီးများ၏ဘေးမှဖြတ်သန်းသောအခါ ဘေးအန္တရာယ်ကင်းရှင်းနိုင်သည့် အကွာအဝေးမှ ဖြည်းညင်းစွာမောင်းနှင်ရမည်။



- အရက်သောက်ထားပါက ယာဉ်လုံးဝမမောင်းနှင်ရပါ။
- အရက်သောက်ထားသူကို ယာဉ်ငှားရမ်းခြင်း၊ ယာဉ်မောင်းကို အရက်သောက်ရန် တိုက်တွန်းခြင်း၊ အရက်သောက်ထားသူကို ယာဉ်မောင်းပေးရန်တောင်းဆိုခြင်းတို့ မပြုလုပ်ရပါ။
- ယာဉ်မောင်းနှင်သည့်အခါ ထိုင်ခုံခါးပတ် ပတ်ရမည်။
- ၆နှစ်အောက်ကလေးများအတွက် ကလေးထိုင်ခုံကို အသုံးပြုရမည်။
- ယာဉ်မောင်းနှင်စဉ်အတွင်း လက်ကိုင်ဖုန်းကို ပြောဆိုခြင်း မပြုလုပ်ရပါ။



**အသေးစိတ်ကို အောက်ပါ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုပါ။**

https://www.npa.go.jp/english/bureau/traffic/index.html

# ၂ ယာဉ်မောင်းလိုင်စင်

ဂျပန်နိုင်ငံ၌ မော်တော်ယာဉ် (မော်တော်ဆိုင်ကယ်အပါအဝင်) နှင့် မော်တာတပ်စက်ဘီးများ မောင်းနှင်/ စီးနင်းနိုင်သည့် နည်းလမ်းများမှာ အောက်ဖော်ပြပါအတိုင်း အချက်(၃)ချက်သတ်မှတ်ထားသည်။

(၁) ဂျပန်ယာဉ်မောင်းလိုင်စင်ကိုရယူခြင်း

(၂) နိုင်ငံတကာယာဉ်မောင်းလိုင်စင်ဖြင့် မောင်းနှင်ခြင်း (ဂျနီဗာ"Geneva"ကွန်ဗင်းရှင်းစာချုပ် ချုပ်ဆို ထားသောနိုင်ငံများမှ ထုတ်ပေးသည့် သို့မဟုတ် သတ်မှတ်ပုံစံနှင့်ကိုက်ညီသည့် လိုင်စင်)

(၃) နိုင်ငံခြားယာဉ်မောင်းလိုင်စင်ဖြစ်ပါက သံရုံးမှပြန်ဆိုပေးထားသော ဂျပန်ဘာသာပြန်ကိုပူးတွဲထား သည့် လိုင်စင်ဖြင့် မောင်းနှင်ခြင်း

(ဆွစ်ဇာလန်၊ ဂျာမနီ၊ ပြင်သစ်၊ ဘယ်လဂျီယံ၊ မိုနာကို၊ တိုင်ဝမ် စသည့် နိုင်ငံ ၆နိုင်ငံနှင့်ဒေသ)

* Moped သည် မော်တာပါစက်ဘီး၏ ခေါင်းစဉ်အောက်၌ အကျုံးဝင်သောကြောင့် အထက်၌ ဖော်ပြခဲ့သည့် နည်းလမ်း(၃)သွယ်မှတစ်နည်းနည်းဖြင့် မောင်းနှင်ရန်လိုအပ်သည်။

* နည်းလမ်း (၂) နှင့် (၃) ၌ ဖော်ပြခဲ့သည့် ယာဉ်မောင်းလိုင်စင်ဖြင့် မောင်းနှင်နိုင်သည့် သက်တမ်း မှာ ကြာမြင့်၍ တစ်နှစ်ဖြစ်သည်။

**အသေးစိတ်ကို အောက်ပါ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုပါ။**

https://www.npa.go.jp/english/bureau/traffic/index.html

## ၂-၁ ဂျပန်ယာဉ်မောင်းလိုင်စင်ရယူခြင်း

- ဂျပန်ယာဉ်မောင်းလိုင်စင်ရယူရန် အောက်ပါနည်းလမ်းများရှိသည်။

(၁) ဂျပန်ယာဉ်မောင်းလိုင်စင်စာမေးပွဲဖြေဆို၍ ယာဉ်မောင်းလိုင်စင်ရယူသည့်နည်းလမ်း

- ယာဉ်မောင်းလိုင်စင် စင်တာ၌ ကျွမ်းကျင်မှုဆိုင်ရာစစ်ဆေးခြင်း၊ ဘာသာရပ်ဆိုင်ရာစစ်ဆေးခြင်း ခန္ဓာကိုယ်ပိုင်းဆိုင်ရာ (မျက်လုံးအမြင်စသည်ဖြင့်) စစ်ဆေးခြင်းကိုခံယူပြီး စစ်ဆေးမှုအောင်မြင်ရန် လိုအပ်သည်။
- ယာဉ်မောင်းသင်တန်းကျောင်း (သတ်မှတ်ထားသော ယာဉ်မောင်းသင်ကြားသည့်နေရာ) ၌ သင်တန်း ပြီးမြောက်ပါက ယာဉ်မောင်းလိုင်စင်စာမေးပွဲဖြေဆိုရခြင်းမှ ကင်းလွတ်ခွင့်ရမည်ဖြစ်သည်။

(၂) နိုင်ငံခြားယာဉ်မောင်းလိုင်စင်မှ ဂျပန်ယာဉ်မောင်းလိုင်စင်သို့ ပြောင်းလဲသည့်နည်းလမ်း

- နိုင်ငံခြားယာဉ်မောင်းလိုင်စင်ပိုင်ဆိုင်ထားသူသည် ယာဉ်မောင်းနှင်မှုတွင် လိုအပ်သော အသိပညာနှင့် ကျွမ်းကျင်မှုစသည် ရှိကြောင်း အတည်ပြုခံရပြီး ယာဉ်မောင်းနှင်ရာ၌ ပြဿနာတစ်စုံတစ်ရာ မရှိကြောင်း အသိအမှတ်ပြုခံရပါက ဘာသာရပ်ဆိုင်ရာစစ်ဆေးမှုနှင့် ကျွမ်းကျင်မှုဆိုင်ရာစစ်ဆေးမှု ခံယူရခြင်းမှ ကင်းလွတ်ခွင့်ရမည်ဖြစ်သည်။
- နိုင်ငံခြားယာဉ်မောင်းလိုင်စင်ရယူပြီးနောက် ထိုနိုင်ငံ၌ သုံးလနှင့်အထက်နေထိုင်ခဲ့ရမည်။
- လျှောက်ထားရန်အတွက် မိမိနေထိုင်ရာစီရင်စုတွင်းရှိရဲစခန်း၏ ယာဉ်မောင်းလိုင်စင်စင်တာ စသည်၌ ပြုလုပ်နိုင်သည်။
- လျှောက်ထားရန်အတွက် လိုအပ်သော စာရွက်စာတမ်းစသည်တို့ကို ရဲစခန်း၏ ယာဉ်မောင်း လိုင်စင် စင်တာစသည်တွင် မေးမြန်းစုံစမ်းပါ။

## ၂-၂ ဂျပန်ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းအစရှိသည်



### ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်း

- ဂျပန်ယာဉ်မောင်းလိုင်စင်၌ သက်တမ်းကုန်ဆုံးချိန် ပါရှိသည်။
- ယာဉ်မောင်းလိုင်စင်၌ရေးဖြည့်ထားသည့် နေရပ်လိပ်စာသို့ သက်တမ်းတိုးခြင်း လုပ်ထုံးလုပ်နည်းတွင် လိုအပ်သည်များကိုရေးသားထားသည့် ပို့စကတ်ကို ပေးပို့မည်ဖြစ်သည်။ သတ်မှတ်ကာလ အတွင်း သက်တမ်းတိုးရန်လုပ်ထုံးလုပ်နည်းကိုဆောင်ရွက်ပါ။
- သက်တမ်းတိုးခြင်းမပြုလုပ်ပါက မောင်းနှင်ခွင့်မရှိပါ။

### ယာဉ်မောင်းလိုင်စင်ပါနေရပ်လိပ်စာကိုပြောင်းလဲခြင်း

- ယာဉ်မောင်းလိုင်စင်၌ ရေးသားထားသော အမည်၊ နေရပ်လိပ်စာစသည် အပြောင်းအလဲရှိပါက နီးစပ်ရာ ရဲစခန်း စသည်၌ သက်တမ်းတိုးရန်လုပ်ထုံးလုပ်နည်းကိုဆောင်ရွက်ပါ။
- လိုအပ်သောစာရွက်စာတမ်းများ စသည့် အသေးစိတ်အကြောင်းအရာများမှာ နီးစပ်ရာ ရဲစခန်းတွင် မေးမြန်း စုံစမ်းပါ။

## ၂-၃ ယာဉ်မောင်းလိုင်စင်အမှတ်ပေးစနစ်

- ယာဉ်စည်းကမ်းချိုးဖောက်ခြင်းနှင့် ယာဉ်မတော်တဆမှုတို့ဖြစ်ပွားပါက သတ်မှတ်ထားသော အမှတ် တစ်မျိုးမျိုး ရရှိမည်ဖြစ်သည်။
- လွန်ခဲ့သည့်၃နှစ်တာ၏ စုစုပေါင်းရမှတ်ပေါ်မူတည်၍ ယာဉ်မောင်းလိုင်စင်ကို ရပ်ဆိုင်းခြင်း နှင့် ဖျက်သိမ်းခြင်းစ သည့် လိုင်စင်စွန့်လွှတ်ရခြင်းရှိသည်။

# ၃ မော်တော်ယာဉ်(မော်တော်ဆိုင်ကယ်အပါအဝင်) ပိုင်ဆိုင်မှု

## ၃-၁ မော်တော်ယာဉ်မှတ်ပုံတင်

မော်တော်ယာဉ်မှတ်ပုံတင် မရယူထားပါက ထိုမော်တော်ယာဉ်ကိုအသုံးပြုခွင့်မရနိုင်ပါ။ ထို့အပြင် မှတ်ပုံတင်ရယူ ထားသည့် ယာဉ်ပိုင်ရှင်၏ အမည်၊ နေရပ်စသည် ပြောင်းလဲသည့်အခါနှင့် ဂျပန်နိုင်ငံ၌ အသုံးမပြုတော့သည့်အခါတွင် လည်း မှတ်ပုံတင်ခြင်းလုပ်ထုံးလုပ်နည်း လိုအပ်သည်။

### (၁) မှတ်ပုံတင်ခြင်းလုပ်ထုံးလုပ်နည်းဆောင်ရွက်ရန် လိုအပ်သောအချိန်နှင့် မှတ်ပုံတင်ခြင်း လုပ်ထုံး လုပ်နည်း အမည်

**အသုံးမပြုရသေးသည့်မော်တော်ယာဉ်၏ မှတ်ပုံတင်ခြင်းလုပ်ထုံးလုပ်နည်း**

- အသုံးမပြုရသေးသည့်မော်တော်ယာဉ်ကိုစတင်အသုံးပြုသောအခါ→အသစ်မှတ်ပုံတင်ခြင်း

**အသုံးပြုနေဆဲမော်တော်ယာဉ်၏မှတ်ပုံတင်ခြင်းလုပ်ထုံးလုပ်နည်း**


- မော်တော်ယာဉ်ပိုင်ရှင်အမည်၊နေရပ်စသည်အပြောင်းအလဲရှိသောအခါ→မှတ်ပုံတင်ပြောင်းလဲခြင်း
- မော်တော်ယာဉ်ပိုင်ရှင်ပြောင်းလဲသောအခါ → လွှဲပြောင်းမှတ်ပုံတင်ခြင်း
- မော်တော်ယာဉ်ဖြိုဖျက်သောအခါနှင့်တင်ပို့သောအခါ →မှတ်ပုံတင်ဖျက်သိမ်းခြင်း

### (၂) မှတ်ပုံတင်ခြင်းလုပ်ထုံးလုပ်နည်းပြုလုပ်သည့်နေရာနှင့် မေးမြန်းရန်နေရာ

- မှတ်ပုံတင်ခြင်းလုပ်ထုံးလုပ်နည်းများကို တစ်နိုင်ငံလုံးရှိ သယ်ယူပို့ဆောင်ရေးဌာန ၉၁ ဌာန နှင့် မော်တော်ယာဉ် စစ်ဆေးရေးနှင့်မှတ်ပုံတင်ရုံးများတွင် ပြုလုပ်နိုင်သည်။
- မှတ်ပုံတင်ခြင်းလုပ်ထုံးလုပ်နည်းနှင့် ပတ်သက်၍ နားမလည်မှုများရှိပါက နေအိမ်အနီးရှိ သယ်ယူ ပို့ဆောင်ရေး ဌာန သို့မဟုတ် မော်တော်ယာဉ်စစ်ဆေးရေးနှင့်မှတ်ပုံတင်ရုံးတွင် မေးမြန်းစုံစမ်းပါ။

**တစ်နိုင်ငံလုံးဆိုင်ရာ သယ်ယူပို့ဆောင်ရေးဌာနခွဲများလမ်းညွှန်**
https://www.mlit.go.jp/jidosha/kensatoroku/ans_system/help02.htm

## ၉-၂ ကားဂိုထောင်အသုံးပြုခွင့်လက်မှတ်



မော်တော်ယာဉ်ပိုင်ဆိုင်သည့်အခါ ယာဉ်ပိုင်ရှင်သည် ယာဉ်သိမ်းဆည်းထားရှိမည့် နေရာ သတ်မှတ် ရန် လိုအပ်သည်။

ထို့ကြောင့် မော်တော်ယာဉ်ဝယ်ယူသောအခါနှင့် အိမ်ပြောင်းရွှေ့ခြင်းစသည်ကြောင့် နေရပ်လိပ်စာ အပြောင်းအလဲရှိသောအခါများ၌ မော်တော်ယာဉ်မှတ်ပုံတင်ခြင်း လုပ်ထုံးလုပ်နည်းများ ပြုလုပ်သည့် အခါ ယာဉ်သိမ်းဆည်းထားရှိမည့်နေရာအဖြစ် သတ်မှတ်မည့်နေရာ၏ တည်နေရာကို စီရင်ပိုင်ခွင့်ရှိ သည့် ရဲဌာနမှူးထံမှ ယာဉ်သိမ်းဆည်းထားရှိမည့်နေရာ၏ သက်သေခံ လက်မှတ် (ကားဂိုထောင် အသုံးပြု ခွင့်လက်မှတ်) ထုတ်ပေးခြင်းကို ရယူရန်လိုအပ်သည်။

ယာဉ်ငယ်များမှာ ယာဉ်သိမ်းဆည်းထားရှိမည့်နေရာ၏ တည်နေရာကို စီရင်ပိုင်ခွင့်ရှိသည့် ရဲဌာနမှူးထံ သို့ အကြောင်းကြားရန်လိုအပ်သည်။

ထို့အပြင် ဤကဲ့သို့သောလုပ်ထုံးလုပ်နည်းများ ပြုလုပ်ရန်လိုအပ်သည့်နေရာများမှာ ယာဉ်ငယ်များ အတွက် တိုကျို၏ ရပ်ကွက်၂၃ခု၊ အချို့သောမြို့များဖြစ်သည်။ အခြားသောယာဉ်များအတွက်မှာ တိုကျို၏ ရပ်ကွက်၂၃ခု၊ မြို့ မြို့နယ်နှင့် အချို့သော ရွာများဖြစ်သည်။

ကားဂိုထောင်အသုံးပြုခွင့်လက်မှတ်ထုတ်ပေးခြင်း လုပ်ထုံးလုပ်နည်း အသေးစိတ်ကို ယာဉ် သိမ်းဆည်းထားရှိမည့် နေရာ(ယာဉ်ရပ်နားနေရာ)၏ တည်နေရာကို စီရင်ပိုင်ခွင့်ရှိသည့် ရဲစခန်းတွင် မေးမြန်းစုံစမ်းပါ။

## ၉-၃ မော်တော်ယာဉ်(မော်တော်ဆိုင်ကယ်အချို့အပါအဝင်) စစ်ဆေးခြင်း

- မော်တော်ယာဉ်ပိုင်ဆိုင်သူသည် ဥပဒေအရသတ်မှတ်ထားသော သတ်မှတ်ကာလတိုင်းတွင် မော်တော်ယာဉ်စစ်ဆေးမှု (ကားစစ်ဆေးမှု) ခံယူရမည်။
- စစ်ဆေးမှုခံယူရန် နည်းလမ်း၂မျိုးရှိသည်။

**(၁) ကားဝပ်ရှော့သို့ စစ်ဆေးရန် တောင်းဆိုသည့်အခါ**

လက်ရှိ ဂျပန်နိုင်ငံ၌ ကားပိုင်ရှင်များ၏ ၉၀ရာခိုင်နှုန်းမှာ ကားဝပ်ရှော့သို့ ကားစစ်ဆေးရန် တောင်းဆိုလျက်ရှိပြီး မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းမှုနှင့် စစ်ဆေးမှုကို ကိုယ်တိုင် မဆောင်ရွက်သည်မှာ ယေဘုယျဖြစ်သည်။ စစ်ဆေးရန်တောင်းဆိုချက်နှင့် ပတ်သက်၍ နီးစပ်ရာ အပြာရောင်ဆောင်းဘုတ် (အစိုးရသတ်မှတ်ဝပ်ရှော့) အဝါရောင်ဆိုင်းဘုတ် သို့မဟုတ် အစိမ်းရောင်ဆိုင်းဘုတ် (အစိုးရအသိအမှတ်ပြုဝပ်ရှော့) ဖြင့်ဖော်ပြထားသော ကားဝပ်ရှော့နှင့် ဆွေးနွေးတိုင်ပင်ပါ။

**(၂) ကိုယ်တိုင်မော်တော်ကားစစ်ဆေးမှုခံယူသည့်အခါ**

လက်ရှိ ဂျပန်နိုင်ငံ၌ ကားပိုင်ရှင်များ၏ ၁၀ရာခိုင်နှုန်းမှာ ကိုယ်တိုင် ကားစစ်ဆေးမှု ခံယူ လျက်ရှိသည်။ ဤအခါမျိုး၌ နိုင်ငံပိုင်ပို့ဆောင်ဆက်သွယ်ရေးဌာန(MLIT)စသည်သို့ ကားကိုပို့၍ စစ်ဆေးမှုကို ခံယူရန်လိုအပ်သည်။ ဤကဲ့သို့ ကားစစ်ဆေးမှုခံယူနိုင်သော နေရာများမှာ တစ်နိုင်ငံလုံး တွင် ၉၃နေရာ (ယာဉ်ငယ်များမှာ ၈၉ နေရာ) ရှိသည်။ ဤအခါမျိုး၌ လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု စသည်တို့ကို ကိုယ်တိုင်ပြုလုပ်ရမည်ဖြစ်သည်။ ကိုယ်တိုင်ပြုလုပ်ရမည့် ကားစစ်ဆေးခြင်း လုပ်ထုံး လုပ်နည်းနှင့်ပတ်သက်၍ နီးစပ်ရာ သယ်ယူပို့ဆောင်ရေးဌာနစသည်တွင် မေးမြန်းစုံစမ်းနိုင်သည်။

**တစ်နိုင်ငံလုံးဆိုင်ရာ သယ်ယူပို့ဆောင်ရေးဌာနခွဲများလမ်းညွှန်**

https://www.mlit.go.jp/jidosha/kensatoroku/ans_system/help02.htm

**ယာဉ်ငယ်များဆိုင်ရာ လမ်းညွှန်**

https://www.keikenkyo.or.jp/procedures/procedures_000134.html

- ကားစစ်ဆေးမှုအောင်မြင်သည်နှင့် သက်တမ်းကာလပါရှိသည့် ကားစစ်ဆေးပြီးကြောင်း သက်သေခံ လက်မှတ်နှင့် စစ်ဆေးပြီးအမှတ်အသား(စတစ်ကာ)ကို ထုတ်ပေးမည်ဖြစ်သဖြင့် စတစ်ကာကို မော်တော်ယာဉ်၏ရှေ့မှန် (ဆိုင်ကယ်ဖြစ်ပါက နံပါတ်ပြား၏ ဘယ်ဘက်အပေါ်ပိုင်း) ၌ကပ်ပြီး မောင်းနှင်သည့်အခါ၌ ကားစစ်ဆေးပြီးကြောင်း သက်သေခံ လက်မှတ်ကို မပျက်မကွက် ယူဆောင်သွားပါ။

# ၃-၄ မော်တော်ယာဉ်အာမခံ

## (၁) မော်တော်ယာဉ်တာဝန်ဝတ္တရားအာမခံ (Kyousai)

### မော်တော်ယာဉ်တာဝန်ဝတ္တရားအာမခံ (Kyousai) ဆိုသည်မှာ

- ယာဉ်မတော်တဆမှုကြောင့် ထိခိုက်နစ်နာသူများကို လျော်ကြေးပေးရန်အတွက် မော်တော်ကားနှင့် မော်တော်ဆိုင်ကယ်အပါအဝင် မော်တော်ယာဉ်အားလုံး အာမခံဝင်ထားရန်လိုအပ်သည့် မဝင်မနေရ အာမခံဖြစ်သည်။
- ယာဉ်မတော်တဆမှုကြောင့် တစ်ဖက်လူကို ဒဏ်ရာရစေခြင်းနှင့် တစ်ဖက်လူကို သေဆုံးစေခြင်း ဖြစ်ပွားပါက မော်တော်ယာဉ်တာဝန်ဝတ္တရားအာမခံ (Kyousai)မှ အာမခံကြေးပေးမည်ဖြစ်သည်။
- တရားဥပဒေအရ မော်တော်ယာဉ်တာဝန်ဝတ္တရားအာမခံ (Kyousai) ဝင်ထားခြင်းမရှိ သည့်မော်တော်ကားနှင့် မော်တော်ဆိုင်ကယ် မောင်းနှင်ခြင်း မပြုနိုင်ပါ။
- မော်တော်ယာဉ်တာဝန်ဝတ္တရားအာမခံ(Kyousai)တွင်အသင်းဝင်လျှင်သက်သေခံကတ်ထုတ်ပေးသည့်အတွက်၊ ကားမောင်းသည့်အချိန်တွင်သေချာပေါက်သက်သေခံကတ်ကိုယူဆောင်သွားပါ။ထို့ပြင်မီးခိုးထုတ်လွှတ်မှုပမာဏ က၂၅၀စီစီအောက်ရှိသောမော်တော်ဆိုင်ကယ်ဆိုလျှင်အာမခံ(Kyousai) သင်္ကေတ (စတစ်ကာ)ကိုလည်းထုတ်ပေး သည့်အတွက်၊နံပါတ်ပြား၏ဘယ်ဖက်အပေါ် ပိုင်း (မော်တာပါသည့်စက်ဘီးဖြစ်လျှင်နံပါတ်ပြား၏မြင်သာသည့် အပိုင်း)တွင်ကပ်ထားပါ။
- မော်တော်ယာဉ်တာဝန်ဝတ္တရားအာမခံ (Kyousai)သို့ ဝင်ထားခြင်းမရှိဘဲ ယာဉ်မတော်တဆမှုကြောင့် တစ်ဖက်လူကို ဒဏ်ရာရစေခြင်းနှင့် တစ်ဖက်လူကို သေဆုံးစေခြင်း ဖြစ်ပွားပါက ဆေးကုသစရိတ်အမြောက်အမြားနှင့် နစ်နာကြေးကို ကိုယ်တိုင် ပေးဆောင်ရ မည်ဖြစ်သည်။

**အသေးစိတ်ကို အောက်ပါ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုပါ။**

https://www.mlit.go.jp/jidosha/anzen/04relief/index.html

### မော်တော်ယာဉ်တာဝန်ဝတ္တရားအာမခံ (Kyousai) ဝင်ရောက်ရန်အတွက်

- မော်တော်ယာဉ်တာဝန်ဝတ္တရားအာမခံ (Kyousai)ကို အောက်ပါအရောင်းဆိုင်များတွင် အာမခံ ဝင်ရောက်နိုင်သည်။

(၁) အာမခံကုမ္ပဏီ (Kyousaiအဖွဲ့အစည်း) များ၏ဆိုင်ခွဲများ ကိုယ်စားလှယ်ဆိုင်များ စသည်

(၂) မော်တော်ကားနှင့် မော်တော်ဆိုင်ကယ်အရောင်းဆိုင်များ စသည်

(၃) မော်တာပါစက်ဘီးနှင့် မော်တော်ဆိုင်ကယ်များမှာ စာတိုက် (အချို့သောဝန်ဆောင်မှုများမရှိသည့် စာတိုက်လည်းရှိသည်) အပြင် အချို့သော အာမခံကုမ္ပဏီ (Kyousaiအဖွဲ့အစည်း) များတွင် အင်တာနက် နှင့် Convenient Storeများ

* အာမခံဝင်ခြင်းလုပ်ထုံးလုပ်နည်း၌ မရှင်းလင်းသည့်အချက်များရှိပါက နီးစပ်ရာ အရောင်းဆိုင်များ တွင် မေးမြန်းစုံစမ်းပါ။

### (၂) မိမိဆန္ဒအလျောက်ဝင်နိုင်သော အာမခံ (Kyousai)

မော်တော်ယာဉ်တာဝန်ဝတ္တရားအာမခံ (Kyousai) ဝင်ရောက်ထားသော်လည်း ပစ္စည်းမတော်တဆ ပျက်စီးမှု (မော်တော်ကားစသည့်ပစ္စည်းများပျက်စီးပါက) စသည်အတွက် အာမခံကြေး ရရှိမည် မဟုတ်ပါ။

ထို့ကြောင့် မော်တော်ယာဉ်တာဝန်ဝတ္တရားအာမခံ (Kyousai) ဖြင့် အာမခံကြေးမရရှိနိုင်သောအပိုင်း အတွက် အာမခံကြေးပေးမည့် မိမိဆန္ဒအလျောက်ဝင်နိုင်သောအာမခံ ရှိသည်။

**မော်တော်ယာဉ်တာဝန်ဝတ္တရားအာမခံ (Kyousai) နှင့် မိမိဆန္ဒအလျောက်ဝင်နိုင်သော အာမခံ (Kyousai) ကွာခြားချက်**

| | မော်တော်ယာဉ်တာဝန်ဝတ္တရားအာမခံ | မိမိဆန္ဒအလျောက်ဝင်နိုင်သောအာမခံ |
|---|---|---|
| အာမခံဝင်နည်း | မဝင်မနေရအာမခံ | မိမိဆန္ဒအလျောက်အာမခံဝင်ခြင်း (ပုဂ္ဂလိက အာမခံကုမ္ပဏီ (Kyousaiအဖွဲ့အစည်း) စသည်) |
| လျော်ကြေးရရှိနိုင်သောအရာ | တစ်ဖက်လူကိုပေးရမည့် လျော်ကြေးသာ | တစ်ဖက်လူကိုပေးရမည့်လျော်ကြေး၊ တစ်ဖက်ပစ္စည်းအတွက်ပေးရမည့် လျော်ကြေး၊ကိုယ်တိုင်ထိခိုက်မှုကား လျော်ကြေး စသည်ဖြင့် စာချုပ်ပေါ် မူတည်၍ အမျိုးမျိုးရှိသည်။ |
| လျော်ကြေးပမာဏ | ကန့်သတ်ချက်ရှိ | ကန့်သတ်ချက်မှာ စာချုပ်ပေါ် မူတည်၍ အမျိုးမျိုးရှိသည်။ |

## ၄ ယာဉ်မတော်တဆမှုဖြစ်ပေါ်ပါက ပြုလုပ်ရမည့်အရာများ

### ၄-၁ ယာဉ်မောင်းနှင်မှုရပ်တန့်ခြင်း

- ယာဉ်ကိုချက်ချင်းရပ်တန့်ပါ။
- အခြားယာဉ်များအသွားအလာကိုမပိတ်ဆို့စေရန် မော်တော်ယာဉ်ကို လမ်းဘေး နှင့် နေရာလွတ် စသည့် ဘေးအန္တရာယ်ကင်းရှင်းသောနေရာသို့ ရွှေ့ရမည်။

## ၉-၂ အရေးပေါ်နှင့်ရဲစခန်းသို့အကြောင်းကြားခြင်း

- ဒဏ်ရာရရှိသူရှိပါက အရေးပေါ်ယာဉ် (ဖုန်းနံပါတ်၁၁၉)သို့ ဖုန်းခေါ်ပါ။
- အရေးပေါ်ယာဉ် မလာသေးမီ၌ ဒဏ်ရာရရှိသူကို မလိုအပ်ဘဲ ရွှေ့ပြောင်းခြင်း မပြုလုပ်ရန်။ အော်ပရေတာ၏ ညွှန်ကြားချက်အတိုင်း လိုက်နာ၍ သွေးတိတ်စေခြင်းစသည့် မိမိတတ်နိုင်သည့် အတိုင်းအတာအထိ အရေးပေါ် အသက်ကယ်ခြင်းတို့ကို ဆောင်ရွက်ပါ။
- ဒဏ်ရာရသူရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ရဲစခန်း(ဖုန်းနံပါတ်၁၁၀)သို့ အကြောင်းကြားရန် လိုအပ် သည်။
- ရဲအရာရှိမလာရောက်မချင်း အခင်းဖြစ်ပွားရာနေရာမှ ထွက်ခွာခွင့်မရှိပါ။
- ရဲအရာရှိရောက်ရှိလာပါက မတော်တဆမှုဖြစ်ပွားပုံကိုတင်ပြ၍ အခင်းဖြစ်ပွားရာနေရာကို အတည် ပြုစစ်ဆေး ပေးရန် တောင်းဆိုရမည်။

## ၉-၃ ဆရာဝန်၏ဆေးစစ်ချက်

- မတော်တဆမှုဖြစ်ပွားချိန်တွင် ဒဏ်ရာရရှိခြင်းမရှိ သို့မဟုတ် ဒဏ်ရာအသေးအဖွဲဟုသာ ထင်မြင်ရ သော်လည်း နောက်ပိုင်း၌ ဒဏ်ရာကြီးကြီးမားမားရှိနေကြောင်းသိရှိရသည့်အခါများလည်း ရှိတတ် သည်။
- ဆရာဝန်၏ ကျန်းမာရေးဆေးစစ်မှုကို အလျင်အမြန်ခံယူထားသင့်သည်။

**အသေးစိတ်ကို အောက်ပါ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုပါ။**

https://www.npa.go.jp/english/bureau/traffic/index.html

## ၉-၄ ယာဉ်တော်တဆမှုသက်သေခံလက်မှတ်လျှောက်ထားခြင်း


- ယာဉ်မတော်တဆမှု ဖြစ်ပွားပြီးနောက် အမျိုးမျိုးသော အထောက်အပံ့များ ရရှိနိုင်ရန်အတွက် လုပ်ထုံးလုပ်နည်း များ၌ "ယာဉ်တော်တဆမှုသက်သေခံလက်မှတ်"လိုအပ်လာနိုင်သည်။
- "ယာဉ်တော်တဆမှုသက်သေခံလက်မှတ်"သည် ယာဉ်အန္တရာယ်ကင်းရှင်းရေးယာဉ်မောင်းစင်တာ (Japan Safe Driving Center JSDC) ၌ လျှောက်ထားရယူနိုင်သည်။ လျှောက်ထားရန် လုပ်ထုံး လုပ်နည်းမှာ မတော်တဆမှုကို အကြောင်းကြားခဲ့သည့် ရဲစခန်းတွင် မေးမြန်းစုံစမ်းပါ။
- ထို့အပြင် ရဲစခန်းသို့အကြောင်းကြားထားခြင်းမရှိသည့် မတော်တဆမှု၏ "ယာဉ်တော်တဆမှု သက်သေခံ လက်မှတ်"ကို မလျှောက်ထားနိုင်ပါ။ ယာဉ်မတော်တဆမှုဖြစ်ပွားပါက ရဲစခန်းသို့ မပျက်မကွက် အကြောင်းကြားပါ။

**ယာဉ်အန္တရာယ်ကင်းရှင်းရေးယာဉ်မောင်းစင်တာ**

https://www.jsdc.or.jp/center/tabid/106/Default.aspx

အခန်း ၁၀

# အရေးပေါ်နှင့်သဘာဝဘေးအန္တရာယ်



## ၁ အရေးပေါ်အခြေအနေ၌ ဆက်သွယ်ရန် ဖုန်းနံပါတ်

### ၁-၁ အရေးပေါ်ဆေးကုသမှုလိုအပ်ခြင်းနှင့်ဒဏ်ရာရခြင်း၊မီးလောင်မှုစသည်(ဖုန်းနံပါတ် ၁၁၉)

အရေးပေါ်ဆေးကုသမှုလိုအပ်ခြင်းနှင့်ဒဏ်ရာရခြင်း၊ မီးလောင်မှုစသည် ဖြစ်ပွားပါက ဖုန်းနံပါတ် “၁၁၉” သို့ ဖုန်းဆက်အကြောင်းကြားပါ။

#### အရေးပေါ်ဆေးကုသမှုလိုအပ်လျှင်၊ ဒဏ်ရာရလျှင်

(၁) ဖုန်းနံပါတ်“၁၁၉”သို့ ဖုန်းဆက်ပါက အော်ပရေတာမှ “မီးလောင်မှုလား၊ အရေးပေါ်ကယ်ဆယ်ရေးလား” ဟု မေးမြန်းမည်ဖြစ်ရာ “အရေးပေါ်ကယ်ဆယ်ရေး” ဟု ပြန်လည်ဖြေကြား ပါ။

(၂) အရေးပေါ်ယာဉ်ကိုလာရောက်စေလိုသည့်နေရာနှင့် ထိုနေရာရှိ အထင်ကရအမှတ်အသားတို့ ကို ပြောကြားပါ။

(၃) အရေးပေါ်အကူအညီလိုအပ်သူ၏ ရောဂါလက္ခဏာနှင့် အသက်အရွယ်ကို ပြောကြားပါ။

(၄) သင့်၏အမည်နှင့် ဆက်သွယ်ရန်လိပ်စာကို ပြောကြားပါ။

**အောက်ပါ အင်တာနက်စာမျက်နှာတွင် အရေးပေါ်ယာဉ်ခေါ်နည်းကို ဖတ်ရှုနိုင်သည်။**
**(ဘာသာစကားအမျိုးမျိုးဖြင့် ဖတ်ရှုနိုင်သည်။)**
https://www.fdma.go.jp/html/life/gaikokujin_kyukyusya_guide/index.html

#### မီးလောင်မှုဖြစ်ပွားလျှင်

(၁) ဖုန်းနံပါတ်“၁၁၉”သို့ဖုန်းဆက်ပါက အော်ပရေတာမှ “မီးလောင်မှုလား၊ အရေးပေါ် ကယ်ဆယ်ရေး လား” ဟု မေးမြန်းမည်ဖြစ်ရာ “မီးလောင်မှု” ဟု ပြန်လည်ဖြေကြားပါ။

(၂) မီးလောင်မှုဖြစ်ပွားသောနေရာကို ပြောကြားပါ။

(၃) သင့်၏အမည်နှင့် ဆက်သွယ်ရန်လိပ်စာကို ပြောကြားပါ။

## ၁-၂ ယာဉ်မတော်တဆမှုနှင့်ရာဇဝတ်မှုဆိုင်ရာထိခိုက်နစ်နာမှု စသည်ဖြင့် (ဖုန်းနံပါတ်“၁၁၀”)

- ယာဉ်မတော်တဆမှု၊ ရာဇဝတ်မှုဆိုင်ရာထိခိုက်နစ်နာမှုစသည်တို့နှင့်ကြုံတွေ့၍ ရဲအရာရှိကိုချက်ချင်းလာရောက်စေလိုသော အခါ၌ ဖုန်းနံပါတ်“၁၁၀”က ဖုန်းဆက်ပါ။
- ဖုန်းနံပါတ်“၁၁၀”ကိုဆက်သွယ်သောအခါ၌ အော်ပရေတာမှ များသောအားဖြင့် အောက်ဖော်ပြပါ မေးခွန်းများကို မေးမြန်းမည်ဖြစ်သည်။ ထိုအခါ စိတ်ကို တည်တည်ငြိမ်ငြိမ်ထား၍ အတတ်နိုင်ဆုံး မှန်ကန်တိကျစွာ ဖြေကြားပါ။

(၁) မည်သည့်အချိန်၊မည်သည့်နေရာ၌ မည်သည့်အကြောင်းအရာဖြစ်ပွားခဲ့သည်


(၂) သင့်၏ အမည်နှင့်ဆက်သွယ်ရန်လိပ်စာစသည်ဖြင့်

(၃) ယာဉ်မတော်တဆမှုကျူးလွန်သည့်တစ်ဖက်လူ နှင့် အပြစ်ကျူးလွန်သည့် တရားခံ၏ ကားနံ/မ၊ ဦးရေ၊ အသက်အရွယ်၊ အဝတ်အစား စသည်ဖြင့်

(၄) ထိခိုက်ဒဏ်ရာရသူ ရှိမရှိ

- မိမိကိုယ်တိုင်ဖုန်းမဆက်နိုင်သောအခါမျိုး၌ အနီးအနားတွင်ရှိသောသူများထံ အကူအညီတောင်းခံ ပါ။





# ၂ သဘာဝဘေးအန္တရာယ်



## ၂-၁ တိုင်ဖွန်းမုန်တိုင်းနှင့် နေရာကွက်ကျားမိုးသည်းထန်စွာရွာသွန်းခြင်း

- ရာသီဥတုအကူးအပြောင်း၌ ပူနွေးသောတောင်လေနှင့် မြောက်လေအေးများအကြားရှိ နယ်နိမိတ် လိုင်း(လေစိုင်ဆုံလိုင်း)သည် ဂျပန်နိုင်ငံ၏လေထုအပေါ်လွှာကို ပိတ်ဆို့သောကြောင့် မိုးသည်းထန် စွာရွာသွန်းမှုများ မကြာမကြာရှိ တတ်သည်။
- တိုင်ဖွန်းမုန်တိုင်း နှင့် လေစိုင်ဆုံလိုင်းတို့သယ်ဆောင်လာသော လေဖိအားနည်းဆိုင်ကလုန်းများ ဂျပန်နိုင်ငံ၏အနီး သို့ဖြတ်ကျော်ဝင်ရောက်လာပါက နေရာအနှံ့အပြား၌ မိုးသည်းထန်စွာ ရွာသွန်း တတ်သည်။
- မြေမျက်နှာသွင်ပြင်သက်ရောက်မှုများကြောင့် အထက်သို့လေဆန်တက်ခြင်းများဖြစ်ပွားပြီး ပေါ် ထွက်လာသော မိုးတိမ်တိုက်များ (မိုးတိမ်တောင်"Cumulonimbu") သည် တူညီသောနေရာတွင် ဆက်လက်ဖြစ်ထွန်းသောကြောင့် ထိုနေရာ၌ မိုးသည်းထန်မှုဆက်တိုက်ဖြစ်ပွားခြင်း (နေရာ ကွက်ကျား) ဖြစ်ပွားတတ်သည်။
- ထိုကဲ့သို့ မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် မြေနှန်းတင်ခြင်းဘေးအန္တရာယ်များ နှင့်ရေကြီးခြင်းတို့ဖြစ်ပွား၍ ပြင်းထန်သော ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားနိုင်သဖြင့် သတိပြုရန်လိုအပ်သည်။

### (၁) မြစ်ရေကြီးမှု


- မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် မြစ်ရေလျှံမှုများ ဖြစ်ပေါ်၍ ရေကြီးခြင်း ဖြစ်ပွားပါက အဆောက်အအုံများ ရေဖုံးလွှမ်းခြင်း၊ လူများရေ၌မျောပါခြင်း ဖြစ်ပွားနိုင်သည်။
- ရေကြီးမှုမှ အသက်အန္တရာယ်ကို ကာကွယ်ရန်အတွက် အောက်ပါတို့ကိုလုပ်ဆောင်ရမည်။

**ပြင်ဆင်ခြင်း**

ပုံမှန်အချိန်များကတည်းမှ ဘေးအန္တရာယ်ပြမြေပုံ "Hazard map"စသည်တို့ကို အသုံးပြုပြီး၊ ရေဖုံးလွှမ်းနိုင်သော နေရာများနှင့် တိမ်းရှောင်ရန်နေရာ၊ အိမ်စသည်တို့မှ တိမ်းရှောင်ရန်နေရာအထိ လုံခြုံစိတ်ချရသော လမ်းကြောင်းကို ရှာဖွေထားရန် အရေးကြီးသည်။

**One Point:**

**ဘေးအန္တရာယ်ပြမြေပုံ "Hazard map"**




သဘာဝဘေးအန္တရာယ်ဖြစ်ပွားနိုင်သည်ဟု စိုးရိမ်ဖွယ်ရှိသော နေရာများကို ရေးသားထားသည့် မြေပုံ ဖြစ်သည်။

**အသေးစိတ်ကို အောက်ပါအင်တာနက်စာမျက်နှာတွင် ဖတ်ရှုပါ။**

https://disaportal.gsi.go.jp/

**မိုးကြီးသောအခါ**

(၁) မိုးလေဝသအေဂျင်စီစသည်တို့မှ ထုတ်ပြန်သော သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ရာသီဥတုအခြေအနေများကို အခြေခံ၍ အန္တရာယ်ရှိသည် ဟု ယူဆပါက မိမိကိုယ်တိုင်စဉ်းစားဆုံးဖြတ်၍ တိမ်းရှောင်ရမည်။
(၂) မြို့နယ်ရပ်ကွက်ကျေးရွာရုံးမှ တိမ်းရှောင်ရန်သတင်းအချက်အလက်များ ထုတ်ပြန်ကြေညာပါက အန္တရာယ်ရှိသည့်နေရာမှ ဘေးအန္တရာယ်ကင်းရှင်းသည့် နေရာသို့ တိမ်းရှောင်ရမည်။
(၃) တိမ်းရှောင်သည့်နည်းလမ်းများနှင့် ပတ်သက်၍ "အခန်းခွဲ ၃ တိမ်းရှောင်ခြင်း"၌ ဖတ်ရှုပါ။

## (၂) မြေနုန်းတင်ခြင်းဘေးအန္တရာယ်များ

မြေနုန်းတင်ခြင်းဘေးအန္တရာယ်သည် မိုးကြီးခြင်းစသည်တို့ကြောင့် မြေကြီး၊ ကျောက်နှင့်သဲများ ရွေ့လျားကာ ဖြစ်ပွားသည့် ဘေး အန္တရာယ်ဖြစ်သည်။ တောင်နှင့်ကမ်းပါးများပြိုကျခြင်း၊ ကျောက်နှင့် သဲမြေများမျောပါကာ အဆောက်အအုံ များကို ပျက်စီးစေခြင်း၊ မြေစိုင်များဖုံးလွှမ်းခံရခြင်း၊ လမ်းများဖြတ်သန်းသွားလာ၍မရခြင်းများ ဖြစ်ပွားနိုင် သည်။

မြေပြိုခြင်းမှ အသက်အန္တရာယ်ကို ကာကွယ်ရန်အတွက် အောက်ပါတို့ကို လုပ်ဆောင်ရမည်။

**ပြင်ဆင်ခြင်း**


ပုံမှန်အချိန်များကတည်းမှ ဘေးအန္တရာယ်ပြမြေပုံ "Hazard map"စသည်တို့ကိုအသုံးပြုပြီး၊ မြေနုန်းတင်ခြင်း ဘေးအန္တရာယ်များခံရနိုင်သော နေရာများနှင့် တိမ်းရှောင်ရန်နေရာ၊ အိမ်စသည်တို့မှ တိမ်းရှောင်ရန်နေရာအထိလုံခြုံ စိတ်ချရသောလမ်းကြောင်းကို ရှာဖွေထားရန် အရေးကြီးသည်။

**မိုးကြီးသောအခါ**

(၁) မိုးလေဝသအေဂျင်စီမှ ထုတ်ပြန်သော သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ရာသီဥတု အခြေအနေများကို အခြေခံ၍ အန္တရာယ်ရှိသည် ဟု ယူဆပါက မိမိကိုယ်တိုင်စဉ်းစားဆုံးဖြတ်၍ တိမ်းရှောင် ရမည်။
(၂) မြို့နယ်ရပ်ကွက်ကျေးရွာရုံးမှ တိမ်းရှောင်ရန်သတင်းအချက်အလက်များ ထုတ်ပြန်ကြေညာပါက အန္တရာယ်ရှိသည့်နေရာမှ ဘေးအန္တရာယ်ကင်းရှင်းသည့် နေရာသို့ တိမ်းရှောင်ရမည်။
(၃) တိမ်းရှောင်သည့်နည်းလမ်းများနှင့် ပတ်သက်၍ "အခန်းခွဲ ၃ တိမ်းရှောင်ခြင်း"၌ ဖတ်ရှုပါ။

## ၂-၂ ငလျင်

- ဂျပန်နိုင်ငံသည်ငလျင်ကြောများတလျောက်တွင်ရှိနေပြီး၊ ကမ္ဘာမျက်နှာပြင်မြေလွှာချပ်များ ပွတ်တိုက်မိပြီး၊ ထို အရာများကြောင့် ဂျပန်သည် ကမ္ဘာပေါ်၌ ငလျင်လှုပ်ခတ်မှုအများဆုံးနေရာများထဲမှတစ်ခု ဖြစ်လာ သည်။
- ငလျင်ဖြစ်ပွားပါက ဦးစွာ မိမိ၏အသက်ကိုမိမိကိုယ်တိုင်ကာကွယ်ခြင်း၊ ဒေသခံများနှင့် ပူးပေါင်း ၍ အသက် အန္တရာယ်မှကာကွယ်ခြင်းတို့ကို လုပ်ဆောင်ရန်မှာ အရေးကြီးသောအချက်ဖြစ်သည်။
- ငလျင်ဒဏ်မှ အသက်အန္တရာယ်ကာကွယ်ရန်အတွက် ပုံမှန်အချိန်ကတည်းမှ အောက်ပါတို့ကို လုပ်ဆောင်ရမည်။



### ပြင်ဆင်ခြင်း

(၁) ငလျင်အကြီးစားဖြစ်ပွားပါက တိမ်းရှောင်မည့်နေရာကို မိသားစုနှင့် ဆွေးနွေးတိုင်ပင်ထားရမည်။

(၂) ဒေသတွင်းဘေးအန္တရာယ်ကာကွယ်မှုလေ့ကျင့်ရေး၌ ပါဝင်ပြီး ဒေသတွင်းဆောင်ရွက်မှုများကို နားလည် အောင် ပြုလုပ်ထားရမည်။

(၃) အနည်းဆုံး ၃ ရက်စာ (ဖြစ်နိုင်ပါက တစ်ပတ်စာ) အစားအစာနှင့်သောက်ရေ၊ ဒဏ်ရာရရှိပါက အသုံးပြု နိုင်သည့်အရာများ အစရှိသည်တို့ကို ပြင်ဆင်ထားရမည်။

(၄) ပရိဘောဂများ လဲကျခြင်းမရှိအောင် တပ်ဆင်ထားရှိရမည်။ အကယ်၍လဲကျခဲ့ပါက ထိခိုက်မှုမရှိ စေရန် ပရိဘောဂအထားအသိုကို ဂရုပြုရမည်။

One Point:

### မက္ကနီကျုနှင့် ငလျင်ကြိမ်နှုန်း

- မက္ကနီကျုသည် ငလျင်၏ ပြင်းအားပမာဏကို ကိန်းဂဏန်းဖြင့် ဖော်ပြသည်။ မက္ကနီကျုတန်ဖိုး တစ်ခုကြီးလာပါက စွမ်းအင်သည် အဆ၃၂ ဆခန့် ကြီးလာနိုင်သည်။
- ငလျင်ကြိမ်နှုန်းမှာ နေရာတစ်နေရာ၌ ငလျင်ကြောင့်ဖြစ်ပွားသည့် လှုပ်ခတ်မှုအားကို ဖော်ပြ သည်။ မိုးလေဝသအေဂျင်စီမှ ငလျင်ကြိမ်နှုန်းကို အဆင့်၁၀ဆင့် (၀၊ ၁၊ ၂၊ ၃၊ ၄၊ ၅ အားပျော့၊ ၅ အားပြင်း၊ ၆အားပျော့၊ ၆အားပြင်း၊ ၇) ဟူ၍ ခွဲခြားထားသည်။
- အဆိုပါ သတင်းအချက်အလက်များကို ရုပ်မြင်သံကြား၊ ရေဒီယို၊ အင်တာနက်စသည်တို့တွင် ရယူနိုင်သည်။

### ငလျင်ဖြစ်ပွားသောအခါ

ငလျင်ဖြစ်ပွားပါက စိတ်တည်ငြိမ်စွာထား၍ ပြုမူလှုပ်ရှားပါ။ မည်သို့ပြုမူလှုပ်ရှားရမည်ဆိုသည်မှာ ငလျင်ဖြစ်ပွား သည့်အချိန်တွင်ရှိနေသည့် နေရာပေါ်လိုက်၍ ကွဲပြားသောကြောင့် အောက်ပါအချက်များ ကို သတိပြုပါ။

**(၁) စိတ်တည်ငြိမ်စွာထား၍ ပြုမူလှုပ်ရှားခြင်း**

- အိမ်နှင့် အဆောက်အအုံတွင်း၌ ရှိသောအခါမျိုး၌

  လှုပ်ခတ်မှုကြောင့် ပြုတ်ကျလာသည့်ပစ္စည်းများမှ ဦးခေါင်းထိခိုက်မှုကိုကာကွယ်ရန် ခိုင်ခန့်သော စားပွဲခုံ စသည်အောက်သို့ဝင်၍ လှုပ်ခတ်မှုငြိမ်သက်သည်အထိ စောင့်ရန်။
- အပြင်သို့ရောက်နေသောအခါ၌

  အဆောက်အအုံများ၏ အနီးတွင်ရှိပါက ဆိုင်းဘုတ်များနှင့် အဆောက်အအုံ၏ နံရံ၊ ပြတင်းပေါက် မှန် များ ပြိုကျ၊ ပြုတ်ကျလာနိုင်သဖြင့် အိတ်စသည်တို့ဖြင့် ဦးခေါင်းကို ကာကွယ်၍ ဘေးအန္တရာယ် ကင်း ရှင်းသည့် နေရာသို့ တိမ်းရှောင်ရန်။
- မော်တော်ယာဉ်စီးနင်းနေသည့်အခါမျိုး၌

  လှုပ်ခတ်မှုကိုခံစားမိပါက အလျင်လိုခြင်းမပြုဘဲ မော်တော်ကားကို လမ်း၏လက်ဝဲဘက် အခြမ်း သို့ ကပ်ရပ်ကာ အင်ဂျင်စက်ကို ပိတ်ရန်။ သော့ကို တပ်လျက်ထားခဲ့၍ ကားမှဆင်းကာ လမ်းလျှောက်၍ ဘေးအန္တရာယ်ကင်းရှင်းသည့်နေရာသို့ တိမ်းရှောင်ရန်။

**(၂) မီးငြိမ်းသတ်ခြင်း**

လျင်ကြောင့် မီးလောင်မှုဖြစ်ပွားပါက ထိခိုက်နစ်နာမှုမှာ ပိုမိုကြီးမားလာနိုင်သည်။

- လှုပ်ခတ်မှုငြိမ်သက်သွားပါက မီးဖိုချောင်၊ မီးဖိုစသည်မှ မီးများကို ငြိမ်းသတ်ရန်။
- အကယ်၍ မီးစတင်လောင်ကျွမ်းခဲ့ပါက မီးငြိမ်းသတ်ကိရိယာများဖြင့် တတ်နိုင်သရွေ့ ငြိမ်းသတ် ရန်။
- ငလျင်လှုပ်ခတ်ပြီးနောက် ဂက်စ်စိမ့်ထွက်မှုများရှိနိုင်သဖြင့် မီးလောင်ကျွမ်းခြင်းမရှိအောင် ပြုလုပ် ရန်။

**(၃) ဘေးအန္တရာယ်ကင်းရှင်းသောနေရာသို့ တိမ်းရှောင်ခြင်း**

ငလျင်ကြောင့် အဆောက်အအုံများ ပြိုကျပျက်စီးခြင်းနှင့် မီးလောင်ခြင်းမှ ဘေးအန္တရာယ်များ ဖြစ် ပေါ်လာတတ်သည်။

- တောင်များအနီးတစ်ဝိုက်တွင်နေထိုင်ပါက မြေနုန်းတင်ခြင်းဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သည်။ လှုပ်ခတ်မှု ငြိမ်သက်သွားပါက နေထိုင်ရာရှိ မြို့နယ်ရပ်ကွက်ကျေးရွာရုံးမှ ညွှန်ကြားသည့် တိမ်းရှောင်ရန် နေရာသို့ အလျင်အမြန် ထွက်ပြေးတိမ်းရှောင်ရန်။
- ငလျင်ကြောင့် မီးပျက်သွားပြီး မီးပြန်လာပြီးသည့်နောက်၊ လျှပ်စစ်ပစ္စည်းများမှ မီးထလောင်နိုင် သောကြောင့် မတိမ်းရှောင်မီ ဘရိတ်ကာကို ပိတ်ခဲ့ရန်။

**(၄) အိမ်နီးနားချင်းများနှင့် စုပေါင်းဆောင်ရွက်ခြင်း၊ အပြန်အလှန်ကူညီခြင်း**

မီးလောင်မှုဖြစ်ပွားပါက အိမ်နီးနားချင်းများနှင့် အပြန်အလှန်ကူညီခြင်းသည်လည်း အရေးပါသည်။

- အထူးသဖြင့်တစ်ဦးတည်းနေထိုင်သည့် သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများကို မီးလောင် နေ ကြောင်း အသိပေး၍ ကူညီရန်။

**(၅) မှန်ကန်သော သတင်းအချက်အလက်များကို ရယူရန်**

ကြီးမားသော ငလျင်လှုပ်ခတ်သည့်အခါမျိုး၌ အမျိုးမျိုးသောသတင်းမှားများ ပေါ်ထွက်လာ နိုင်သည်။

- ရုပ်မြင်သံကြား၊ ရေဒီယို၊ မိုဘိုင်းဖုန်းနှင့် ကြိုးမဲ့စနစ်များမှ သတင်းအချက်အလက်များကို အခြေခံ ၍ နောက်ဆုံးရသတင်းမှန်များကို ရယူကာ စိတ်တည်ငြိမ်စွာ ပြုမူဆောင်ရွက်ရန်။

One Point:

**လျှင်အရေးပေါ်ကြားဖြတ်သတင်း (အထူးသတိပေးချက်)**

- မိုးလေဝသအေဂျင်စီသည် အကြီးမားဆုံးငလျင်ကြိမ်နှုန်းကို ပြင်းအား၅ အနည်းငယ် လျော့နှင့်အထက်ဟု မှန်းဆသည့်အခါမျိုး၌ ငလျင်ကြိမ်နှုန်း၄နှင့်အထက် လှုပ်ခတ်နိုင်သည်ဟု ယူဆရသည့် ဒေသများအတွက် ငလျင်အရေးပေါ်ကြားဖြတ်သတင်း (အထူးသတိပေးချက်) ထုတ်ပြန်မည်ဖြစ် သည်။
- ငလျင်အရေးပေါ်ကြားဖြတ်သတင်းသည် ရုပ်မြင်သံကြား၊ ရေဒီယို၊ မိုဘိုင်းဖုန်းနှင့် ကြိုးမဲ့စနစ် အစရှိသည်တို့မှ ထုတ်ပြန်ပေးမည်ဖြစ်သည်။

**ငလျင်နှင့်ငလျင်အရေးပေါ်ကြားဖြတ်သတင်းကြေညာသည့်ရေဒီယို (အင်္ဂလိပ်၊တရုတ်၊ကိုရီးယား၊ဂျပန်)**

https://www.jma.go.jp/jma/kishou/books/sokuho_dvd/index.html

**ငလျင်အရေးပေါ်ကြားဖြတ်သတင်းကို ကြည့်ရှုနားဆင်ရသည့်အချိန်တွင်၊ အလျင်စလိုမပြုမူဘဲ ဦးစွာ မိမိကိုယ်ကို လုံခြုံစေရန်!**

## ၂-၃ ဆူနာမီ



- ပင်လယ်ကြမ်းပြင်အောက်ခြေတွင် ကြီးမားသောငလျင်များဖြစ်ပွားပါက ပင်လယ်မြေအောက် ကြမ်းပြင်မြင့်တက်ခြင်း၊ နိမ့်ကျခြင်းများဖြစ်ပွားနိုင်သည်။ ထိုအခြင်းအရာနှင့်အတူ ပင်လယ်ရေ မျက်နှာပြင်၌လည်း လှိုင်းလုံးကြီးများဖြစ်ပေါ်လာပြီး အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာသို့ ပျံ့နှံ့သွားခြင်းသည် ဆူနာမီဖြစ်သည်။
- "ဆူနာမီမလာမီ ဒီရေကျသည်"ဟု အဆိုရှိသော်လည်း ကျိန်းသေပေါက် ထိုကဲ့သို့လည်း မဆိုနိုင်ပါ။

**ပြင်ဆင်ခြင်း**

- ဆူနာမီမှ မိမိကိုယ်ကိုကာကွယ်ရန်အတွက် ကြိုတင်၍ ဘေးအန္တရာယ်ပြမြေပုံနှင့် တိမ်းရှောင်နိုင် သော နေရာများကို ရှာဖွေဖတ်ရှု၍ မိမိနေအိမ်မှ ထိုတိမ်းရှောင်နေရာအထိသွားမည့် ဘေး အန္တရာယ်ကင်းရှင်းသော လမ်းကြောင်းရှာဖွေထားရန်မှာလည်း အရေးကြီးသည်။

**ဆူနာမီဖြစ်လာနိုင်မည့်(ဖြစ်ပြီးသည့်)အချိန်တွင်**


ဆူနာမီ ပင်လယ်ကမ်းစပ်သို့ရောက်ရှိလာခြင်းကို မြင်တွေ့မှ စတင်တိမ်းရှောင်ပါက အချိန်မီမည် မဟုတ်ပါ။ အောက်ပါအချက်များကို ဂရုပြု၍ ထွက်ပြေးတိမ်းရှောင်ပါ။

- ပင်လယ်နှင့်မြစ်ဝအနီး၌ ပြင်းထန်သော လှုပ်ယမ်းမှုမျိုးခံစားရသောအခါ၊ အားပျော့သော်လည်း အချိန်အတော်ကြာလှုပ်ယမ်းမှုကိုခံစားရသောအခါ ထိုပင်လယ်နှင့်မြစ်ဝမှ ဝေးကွာသည့်နေရာသို့ အလျင်အမြန်ရှောင်ခွာ၍ ကုန်းမြင့်နှင့် တိမ်းရှောင်ရေးအဆောက်အအုံစသည့် မြင့်မားသောနေရာ များသို့ တိမ်းရှောင်ရန်။

- ငလျင်ကိုမခံစားရသော်လည်း မိုးလေဝသအေဂျင်စီမှ ဆူနာမီသတိပေးချက်ထုတ်ပြန်လာသည့်အချိန်နှင့် မြို့နယ်ရပ်ကွက်ကျေးရွာရုံးမှ တိမ်းရှောင်ရန် အမိန့်ထုတ်ပြန်လာပါက၊ ပင်လယ်နှင့်မြစ်ဝမှ ဝေးကွာသည့်နေရာသို့ အလျင်အမြန်ရှောင်ခွာ၍ ကုန်းမြင့်နှင့် ကယ်ဆယ်ရေးစခန်းစသည့် မြင့်မားသောနေရာများသို့ တိမ်းရှောင်ရန်။
- မှန်ကန်သောသတင်းအချက်အလက်များကို ရုပ်မြင်သံကြား၊ ရေဒီယို၊ မိုဘိုင်းဖုန်းနှင့် ကြိုးမဲ့စနစ် များ၊ အင်္ဂလိပ်ဘာသာပြန် မိုးလေဝသအေဂျင်စီ၏အင်တာနက်စာမျက်နှာနှင့် ဘေးအန္တရာယ် ကင်းရှင်းမှုဆိုင်ရာသိကောင်းစရာများ “Safety Tips” စသည်တို့မှ ရယူရန်။
- ဆူနာမီသည်အကြိမ်ကြိမ်ရိုက်ခတ်နိုင်သောကြောင့် အထူးသတိပေးချက် သို့မဟုတ် သတိပေး ချက် ရုပ်တန့်သွားသည်အထိ ပင်လယ်နှင့်မြစ်ဝ၏ အနီးသို့သွားရောက်ခြင်း မပြုရန်။

One Point:

**ဆူနာမီအလံ**




- ၂၀၂၀ခုနှစ် ဇွန်လမှစ၍ ပင်လယ်ကမ်းခြေတွင် အနီရောင်နှင့်အဖြူရောင်လေးထောင့်ကွက်ပုံစံ အလံ "ဆူနာမီအလံ" ဖြင့် ကြီးမားသောဆူနာမီသတိပေးချက်၊ ဆူနာမီသတိပေးချက်၊ ဆူနာမီအသိပေးချက်များထုတ်ပြန်ခြင်းကို အမြင်အာရုံဖြင့် အသိပေးခြင်း ဆောင်ရွက်မှုများကို စတင်ခဲ့ပါသည်။
- "ဆူနာမီအလံ" ကိုအသုံးပြုခြင်းဖြင့် အကြားအာရုံမသန်စွမ်းသည့်ပုဂ္ဂိုလ်များ၊ လှိုင်းသံ၊ လေသံများဖြင့် အသံများကိုကြားရန်ခက်ခဲရန်သော ရေကူးနေသည့်ပုဂ္ဂိုလ်များ၊ တစ်ဖန် နိုင်ငံခြားလူမျိုးများကိုလည်း ဆူနာမီသတိပေးချက်စသည်များ ထုတ်ပြန်နေခြင်းကို အသိပေးနိုင်ပါသည်။

**"ဆူနာမီအလံ" အကြောင်း (အင်္ဂလိပ်ဘာသာ)**

https://www.data.jma.go.jp/eqev/data/en/tsunami/tsunami_flag.html

## ၂-၄ မီးတောင်ပေါက်ကွဲခြင်း

- ဂျပန်နိုင်ငံတွင် မီးတောင်ရှင် ၁၁၁ ခုရှိသည်။
- မီးတောင်ပေါက်ကွဲသည့်အခါမျိုး၌ အသက်အန္တရာယ်အထိ ထိခိုက်နိုင်သည့် ကြီးမားသော ဘေးအန္တရာယ်များ ဖြစ်ပွားနိုင်သည်။
- မီးတောင်ပေါက်ကွဲမှုမှ မိမိအသက်ကို ကာကွယ်ရန် အောက်ပါတို့ကို လိုက်နာရမည်။



**ပြင်ဆင်ခြင်း**

- ပုံမှန်အချိန်ကတည်းက ဘေးအန္တရာယ်ပြမြေပုံတွင် “သတိပြုရန်လိုအပ်သည့်ဒေသများ”ကို ရှာဖွေ ဖတ်ရှုထားရန် လိုအပ်သည်။

- တောင်တက်ချိန်၌ အောက်ပါတို့ကို ပြင်ဆင်ရမည်။

(၁) မီးတောင်ပေါက်ကွဲမှုသတိပေးချက်နှင့် မီးတောင်ပေါက်ကွဲမှုသတိပေးအဆင်ဘေးအန္တရာယ်ပြမြေပုံ "Hazard map" အစရှိသည့် မီးတောင်နှင့်ပတ်သက်သည့် သတင်းအချက် အလက်များကို ရှာဖွေဖတ်ရှုရမည်။

(၂) တောင်တက်ကြောင်း အသိပေးစာ တင်ပြရမည်။

(၃) ဆက်သွယ်ရေးကိရိယာများနှင့် ခေါင်းဆောင်းအမာ(Helmet)များကို အသင့်ပြင်ဆင်ထားရ မည်။

One Point:

### မီးတောင်ပေါက်ကွဲမှုသတိပေးချက်

- မီးတောင်လှုပ်ရှားမှု အခြေအနေပေါ်မူတည်၍ "သတိပေးရန်လိုအပ်သည့် အဝန်းအဝိုင်း" နှင့် "လုပ်ဆောင်သင့်သည့်အရာများ" ကိုချက်ချင်းနားလည်ရန် ထုတ်ပြန်လိုက်သော အချက်အလက်ဖြစ်သည်။
- ဂျပန်နိုင်ငံရှိမီးတောင်ရှင်များအနက်၊မီးတောင်၄၉ခုတွင်လက်တွေ့အသုံးပြုနေပါသည် (၂၀၂၂ခုနှစ်မတ်လလက်ရှိ)
- မီးတောင်ပေါက်ကွဲမှုသတိပေးချက်တွင် အောက်ပါ အဆင့် ၅ ဆင့်ရှိသည်။

အဆင့် ၅ ............တိမ်းရှောင်ရန် (အန္တရာယ်ရှိသောလူနေရပ်ဝန်းဒေသများမှတိမ်းရှောင်ခြင်းစသည်တို့ လိုအပ်သည်။)

အဆင့် ၄ ............အသက်ကြီးသူစသည်တို့ကိုတိမ်းရှောင်စေရန် (သတိပေးရန်လိုအပ်သည့်လူနေဧရိယာတွင်ရှိသောသက်ကြီးရွယ်အိုစသည့် ပြုစုစောင့်ရှောက်ရန် လိုအပ်သောသူများ တိမ်းရှောင်ရန်နှင့် နေထိုင်သူများတိမ်းရှောင်ရန်ပြင်ဆင်ခြင်းစသည်တို့ လိုအပ်ပါသည်။)

အဆင့် ၃ ............တောင်အနီးသို့သွားရောက်မှုကိုကန့်သတ်ခြင်း (အခြေအနေပေါ်မူတည်၍ သက်ကြီးရွယ်အိုစသည့် ပြုစုစောင့်ရှောက်ရန်လိုအပ်သောသူများတိမ်းရှောင်ရန် ပြင်ဆင်ခြင်းစသည်ဖြင့်၊ တောင်တက်ခြင်းကိုတားမြစ်ခြင်းနှင့် တောင်ထဲဝင်ရန်စည်းမျဉ်းစည်းကမ်းစသည်ဖြင့်၊ အန္တရာယ်ရှိဧရိယာအတွင်းဝင် ရောက်မှုကိုကန့်သတ်ခြင်းစသည်ဖြင့်။)

အဆင့် ၂ ............မီးတောင်ဝတဝိုက်သို့ သွားရောက်မှုကိုကန့်သတ်ခြင်း (မီးတောင်ဝတဝိုက်သို့ ဝင်ရောက်မှုကိုကန့်သတ်ခြင်းစသည်ဖြင့်။)

အဆင့် ၁ ............မီးတောင်ရှင်ဖြစ်သည်ကို သိထားရန် (အထူးသဖြင့် ဆောင်ရွက်ရမည့်အရာမရှိ)

**မီးတောင်ပေါက်ကွဲမှုသတိပေးချက်၊ မီးတောင်ပေါက်ကွဲမှုသတိပေးအဆင့်နှင့်စပ်လျဉ်း၍ (အင်္ဂလိပ်ဘာသာ)**

https://www.data.jma.go.jp/vois/data/tokyo/STOCK/kaisetsu/English/level.html

## မီးတောင်ပေါက်ကွဲမှုဖြစ်ပွားမည့်(ဖြစ်ပွားပြီးသည့်)အချိန်တွင်

- မိုးလေဝသအေဂျင်စီမှ ထုတ်ပြန်သည့် မီးတောင်ပေါက်ကွဲမှု ကြားဖြတ်သတင်း၊ မီးတောင်ပေါက်ကွဲမှု အထူးသတိပေးချက်များ၊ မီးတောင်ပေါက်ကွဲမှု သတိပေးအဆင့်များကို အခြေခံကာ လိုအပ်သည်များကို မိမိကိုယ်တိုင် စဉ်းစားဆုံးဖြတ်၍ တိမ်းရှောင်ရမည်။

- မြို့နယ်ရပ်ကွက်ကျေးရွာမှ အရေးပေါ်တိမ်းရှောင်ရန် အမိန့်ထုတ်ပြန်သည့်အခါ၌ ဘေး အန္တရာယ်ကင်းရှင်းသည့် နေရာသို့ တိမ်းရှောင်ရမည်။
- တောင်တက်နေစဉ်အတွင်း အထက်၌ဖော်ပြခဲ့သည့် သတိပေးချက်များကိုရရှိပါက၊ မီးတောင်ပေါက် ကွဲမှုဖြစ်ပေါ်ပါက အောက်ပါတို့ကိုလုပ်ဆောင်ရမည်။

(၁) အလျင်အမြန်မီးတောင်ဝမှ ဝေးရာသို့တိမ်းရှောင်ရန်

(၂) တောင်တက်စခန်းနှင့် အမိုးအကာများရှိသည့်နေရာသို့ တိမ်းရှောင်ရန်

(၃) ဦးခေါင်းကိုထိခိုက်မှုမှ ကာကွယ်ရန်အတွက် ခေါင်းဆောင်းအမာ(Helmet) အသုံးပြုရန်

# ၃ တိမ်းရှောင်ခြင်း

## ၃-၁ ကယ်ဆယ်ရေးစခန်း

ကယ်ဆယ်ရေးစခန်းများမှာ သဘာဝဘေးအန္တရာယ်မှမိမိကိုယ်ကို ကာကွယ်ရန်အတွက် ယာယီ တိမ်းရှောင်နိုင်သည့် နေရာနှင့်စခန်းများဖြစ်သည်။

**သဘာဝဘေးအန္တရာယ်ဖြစ်ပွားမည့်(ဖြစ်ပွားပြီးသည့်)အချိန်တွင်**

- တိမ်းရှောင်ရန်သတင်းအချက်အလက် စသည်တို့ကို အခြေခံပြီး အန္တရာယ်ရှိသောနေရာမှ၊ ဘေးအန္တရာယ်ကင်း ရှင်းသောနေရာသို့ အလျင်အမြန် တိမ်းရှောင်ရမည်။
- ကြိုတင်၍ မိမိနေထိုင်ရာဒေသရှိ ကယ်ဆယ်ရေးစခန်းများကို ရှာဖွေဖတ်ရှုထားရမည်။
- ကယ်ဆယ်ရေးစခန်းများကို ဘေးအန္တရာယ်ပြမြေပုံ "Hazard map" နှင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအသီးသီး၏ အင်တာနက်စာမျက်နှာ စသည်တွင် ရှာဖွေဖတ်ရှုနိုင်သည်။
- ရေမှာကြီးနေပြီးဖြစ်သည့်အချိန်စသည့်၊ ကယ်ဆယ်ရေးစခန်းသို့သွားရောက်ခြင်းမှာ ပိုပြီးအန္တရာယ်များသည်ဟု တွေးရသည့်အခါမျိုး၌ အခြားဘေးအန္တရာယ်ကင်းရှင်း သည့်နေရာသို့ တိမ်းရှောင်ရန် (အနီးရှိ ခိုင်ခံ့သော အဆောက်အအုံများသို့ တိမ်းရှောင်ခြင်း၊ ထိုသို့ တိမ်းရှောင်ရန်အတွက် အခက်အခဲရှိပါက အိမ်၏၂ထပ်နှင့်အထက်ရှိ သော အနည်းငယ် ပိုမို ဘေးကင်းသောနေရာသို့တိမ်းရှောင်ရန်) စသည်ဖြင့် အနည်းငယ်ပင်ဖြစ်စေကာမူ အသက် အန္တရာယ်ကာကွယ်နိုင်မည့် လုပ်ဆောင်မှုများကို လုပ်ဆောင်ကြရအောင်။

## ၃-၂ တိမ်းရှောင်ရေးသတင်းအချက်အလက်

တိမ်းရှောင်ရေးသတင်းအချက်အလက်သည် ဘေးအန္တရာယ်ဖြစ်ပွားမည့် (ဖြစ်ပွားပြီးသည့်) အခြေ အနေများ၌ ဂျပန်နိုင်ငံမိုးလေဝသအေဂျင်စီမှ ထုတ်ပြန်သောသတင်းအချက်အလက်များ ဖြစ်သည်။

## သတိပေးချက် အဆင့် ၃ အသက်ကြီးသူစသည်တို့ကို တိမ်းရှောင်စေရန်

- မည်သို့သောသတင်းအချက်အလက်

 ဘေးအန္တရာယ်ဖြစ်ပွားနိုင်သောကြောင့်၊ တိမ်းရှောင်ရန်အချိန်ပေးရမည့်သက်ကြီးရွယ်အိုများနှင့် ကလေးများကို တိမ်းရှောင်ရန် နှိုးဆော်ခြင်း ဖြစ်သည်။

- ထိုသတင်းအချက်အလက်များထွက်ပေါ်လာပါက အောက်ပါပုဂ္ဂိုလ်များမှာ အန္တရာယ်ရှိသည့် နေရာမှ တိမ်းရှောင်ရန် စတင် ပြုလုပ်ရမည်ဖြစ်သည်။

(၁) သက်ကြီးရွယ်အို

(၂) မသန်စွမ်းသူ

(၃) ကလေးသူငယ်

(၄) တခြား တစ်ယောက်တည်းတိမ်းရှောင်ရန် အခက်အခဲရှိသူနှင့်၊ တိမ်းရှောင်ရာ၌ အချိန်ပေးရမည့်သူ (ကိုယ်ဝန်ဆောင်မိခင်များအပါအဝင်)

(၅) နံပါတ်(၁) အချက်နှင့် နံပါတ်(၄) အချက်မှ ပုဂ္ဂိုလ်များနှင့်အတူ အဖော်လိုက်ပါမည့်လူများ

(၆) အန္တရာယ်ရှိသည်ဟု ခံစားမိသူ

တခြားသူများလည်း လိုအပ်သည့်အလျောက်၊ ပုံမှန်လုပ်နေကျအရာများကို ရပ်လိုက်ခြင်း၊ တိမ်းရှောင်ရန် ပြင်ဆင်ခြင်း တို့ကိုလုပ်ရမည့်အချိန်ဖြစ်သည်။

## သတိပေးချက် အဆင့် ၄ တိမ်းရှောင်ရန်အမိန့်

- မည်သို့သောသတင်းအချက်အလက်နည်း

ဘေးအန္တရာယ်ဖြစ်ပွားနိုင်ခြေမြင့်မားနေသော အချိန်၌ ထုတ်ပြန်သည့် သတင်းဖြစ် သည်။

- ထိုသတင်းများထုတ်ပြန်ပါက အန္တရာယ်ရှိသည့်နေရာမှ အားလုံးက၊ ဖော်ပြပါနေရာသို့ ဘေးအန္တရာယ်ကင်းရှင်းမှု ရှိမရှိ စစ်ဆေး၍ တိမ်းရှောင်ရမည်။

(၁) ကယ်ဆယ်ရေးစခန်း

(၂) လုံခြုံသောဆွေမျိုးအိမ်၊ အသိအိမ်နှင့် ဟော်တယ်၊ တည်းခိုခန်းစသည်

တစ်ဖန် ဘေးအန္တရာယ်ပြမြေပုံ "Hazard map"စသည်တို့ကို ကြည့်ရှုပြီး၊ ဖော်ပြပါအချက် ၃ ချက်နှင့် ပြည့်စုံသည်ဟု ကိုယ်တိုင်ဆုံးဖြတ်နိုင်ပါက၊ အိမ်အတွင်း၌ပင် ဘေးကင်းအောင် နေထိုင်နိုင်သည့်အခါမျိုးလည်း ရှိသည်။

(၁) ရေကြီးခြင်းကြောင့် အိမ်လဲကျခြင်း၊ ပြိုကျခြင်းများဖြစ်နိုင်သော ဧရိယာ (အိမ်ပြိုကျသည်အထိ ရေနစ်မြုပ်နိုင်သည်ဟု ယူဆရသောဧရိယာ) အတွင်းဝင်မနေခြင်း

(၂) ရေလျှံလာနိုင်မည့် အန္တရာယ်မရှိသော မြင့်မားသည့်အဆောက်အဦတွင် နေထိုင်သူများ

(၃) ရေများပြန်ကျသွားသည်အထိ စောင့်နေနိုင်ပြီး၊ ရေနှင့် အစားအစာအလုံအလောက် ပြင်ဆင်ထားခြင်း

## သတိပေးချက် အဆင့် ၅ အရေးပေါ် လုံခြုံမှုအတွက်ဆောင်ရွက်ရန်

- မည့်သို့သောသတင်းအချက်အလက်

  အခြေအနေများ ပိုမိုဆိုးဝါးလာပြီး၊ ဘေးအန္တရာယ်များ ဖြစ်ပေါ်နေဆဲ၊ တစ်နည်းအားဖြင့် ဘေးအန္တရာယ်များ ဖြစ်အံဆဲဆဲ အခြေအနေတွင် ထုတ်ပြန်သည့်သတင်းဖြစ်သည်။

- သတင်းထုတ်ပြန်ပါက

  တိမ်းရှောင်မနေပါက အသက်အန္တရာယ်ရှိနိုင်ပြီး၊ ချက်ချင်း မိမိကိုယ်ကို လုံခြုံအောင်လုပ်ဆောင်ရပါမည်။ တိမ်းရှောင်ရမည့်နေရာသို့ သွားရောက်ခြင်းမှာ ပို၍အန္တရာယ်များသည်ဟု ထင်ပါက အနည်းငယ်ခန့်မျှဖြစ်ဖြစ် အသက်ကိုကာကွယ်ရန်၊ ချက်ချင်းဖော်ပြပါ ဆောင်ရွက်ချက်များကို လုပ်ဆောင်ပါ။

(၁) အနီးအနားရှိ ခိုင်ခံ့သော အဆောက်အဦ၏ အမြင့်နေရာသို့ထွက်ပြေးပါ

(၂) အိမ်၏ ၂ထပ်နှင့် အထက်ရှိသည့် သေချာစိတ်ချရသောနေရာသို့ ထွက်ပြေးပါ

စသည်



One Point:

### သတိပေးချက်အဆင့်များအပေါ်လိုက်၍ ထုတ်ပြန်သော တိမ်းရှောင်ရေးသတင်းများ

**သတိပေးချက်အဆင့်ဆိုသည်မှာ**

- ဆူနာမီမဟုတ်သည့် ရေကြီးမှု၊မြေနန်းတင်မှုဘေးအန္တရာယ်များဖြစ်ပွားမည့်အချိန်များ၌ လုပ်ဆောင်သင့်သော အချက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိစေရန် ထုတ်ပြန်သည့် သတင်းဖြစ်သည်။
- ၂၀၁၉မှစ၍ တိမ်းရှောင်ရေးသတင်းအချက်အလက်နှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး မိုးလေဝသသတင်း အချက်အလက်တို့ကို အတူတကွ ထုတ်ပြန်ပေးလျက်ရှိသည်။
- သတိပေးချက်အဆင့်(၅)ဆင့်ရှိသည်။

| | |
|---|---|
| သတိပေးချက်အဆင့်(၁)..... | ဘေးအန္တရာယ်အတွက်ကြိုတင်ပြင်ဆင်ရန် (မိုးနှင့်မြစ်ရေသတင်းများ ကို ရုပ်မြင်သံကြားနှင့် အင်တာနက်တွင် ရှာဖွေရန်) |
| သတိပေးချက်အဆင့်(၂)...... | တိမ်းရှောင်ရန်ပြင်ဆင်၍ တိမ်းရှောင်ရေးဆိုင်ရာလုပ်ဆောင်ချက်များ ကို ရှာဖွေဖတ်ရှုရန် (မိမိရှိနေသည့်နေရာမှာ အန္တရာယ်ရှိသည့်နေရာလား၊ အန္တရာယ်ရှိနေပါက မည်သည့်နေရာသို့ မည်သို့တိမ်းရှောင်ရမည်ကို ရှာဖွေရန်) |
| သတိပေးချက်အဆင့်(၃)..... | အန္တရာယ်ရှိသည့်နေရာမှ သက်ကြီးရွယ်အိုများတိမ်းရှောင်ရန် (သက်ကြီးရွယ်အိုများ၊ ကလေး များစသည့် တိမ်းရှောင်ရာ၌ အချိန်ပေးရမည့်သူများ တိမ်းရှောင်သင့်သည်) |
| သတိပေးချက်အဆင့်(၄)..... | အန္တရာယ်ရှိသည့်နေရာ အယောက်တိုင်းတိမ်းရှောင်ရန် (အန္တရာယ်ရှိသည့်နေရာလူတိုင်း ဘေးအန္တရာယ်ကင်းရှင်း သည့် နေရာသို့ သွားရောက်တိမ်းရှောင်ကြရန်) |
| သတိပေးချက်အဆင့်(၅) .... | အသက်အန္တရာယ်ကာကွယ်ရန် အတတ်နိုင်ဆုံးသောလုပ်ဆောင်မှုကို ပြု လုပ်ရန် (ဘေးအန္တရာယ်ဖြစ်ပွားနေပြီး သို့မဟုတ်၊ ဖြစ်အံ့ဆဲဆဲအနေအထားဖြစ်သည်။ တန်ဖိုးရှိသည့် အသက်အား ကာကွယ်ပါ။) |

# ၃-၃ တိမ်းရှောင်ရန်နည်းလမ်း



လက်တွေ့တိမ်းရှောင်ရာတွင် အောက်ပါအချက်တို့ကို သတိပြုပါ။

- မတိမ်းရှောင်မီ မပျက်မကွက် မီးများကိုငြိမ်းသတ်ခြင်း
- တိမ်းရှောင်ချိန်၌ အထုပ်အပိုးများကို တတ်နိုင်သရွေ့ ကျောတွင်ပိုးကာ လက်နှစ်ဖက်ကို လွတ်လပ်စွာ အသုံးပြုနိုင်ရန် ဆောင်ရွက်ထားခြင်း

One Point:

**ဘေးအန္တရာယ်ဖြစ်ပွားချိန်တွင်အသုံးပြုသည့် အသံမက်ဆေ့ဝန်ဆောင်မှု**

- ကြီးမားသော ငလျင်လှုပ်ခတ်သည့်အခါမျိုး၌ ဖုန်းအဆက်အသွယ်ပြတ်တောက်မှုများ ဖြစ်ပေါ်နိုင်သည်။
- ဤကဲ့သို့သောအခြေအနေများ၌ ဘေးအန္တရာယ်ဖြစ်ပွားချိန်တွင် အသုံးပြုသည့် အသံမက်ဆေ့ ဝန်ဆောင်မှုများ ရှိသည်။

**ပြည်တွင်းရေးရာနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင်လည်း အကျဉ်းချုပ်သုံးသပ်ချက်ကို တင်ထားပါသည်။**

https://www.soumu.go.jp/menu_seisaku/ictseisaku/net_anzen/hijyo/dengon.html

**ဘေးအန္တရာယ်ဖြစ်ပွားချိန်တွင်အသုံးပြုသည့်အသံမက်ဆေ့နံပါတ် (၁၇၁)**

ကြိုးဖုန်း၊ လက်ကိုင်ဖုန်းမှ "၁၇၁" သို့ဆက်သွယ်ခြင်းဖြင့် အသုံးပြုရန် ညွှန်ကြားချက်များကို လိုက်နာကာ လွယ်ကူသောနည်းလမ်းဖြင့် အသံသွင်းခြင်းနှင့် ပြန်လည်နားထောင်ခြင်းများ ပြုလုပ်နိုင်သည်။

**အသေးစိတ်ကို အောက်ပါ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုပါ။**

NTT : https://www.ntt.co.jp/saitai/171.html
NTTအရှေ့ဂျပန် : https://www.ntt-east.co.jp/saigai/voice171/
NTTအနောက်ဂျပန် : https://www.ntt-west.co.jp/dengon/

NTT | NTTအရှေ့ဂျပန် | NTTအနောက်ဂျပန်

**ဘေးအန္တရာယ်ဖြစ်ပွားချိန်သုံး စာမက်ဆေ့ (ဝဘ်ဆိုက် "၁၇၁") (အင်္ဂလိပ်၊ တရုတ်၊ကိုရီးယား၊ဂျပန်)**

ကွန်ပျူတာနှင့် စမတ်ဖုန်းများဖြင့် ကြိုးဖုန်း သို့မဟုတ် လက်ကိုင်ဖုန်း၏ ဖုန်းနံပါတ်ကိုထည့်သွင်းပြီး လုံခြုံရေးအချက်အလက်များကို မှတ်ပုံတင်ခြင်း၊ အတည်ပြုခြင်းများကို ပြုလုပ်နိုင်ပါသည်။

**ဤနေရာမှအသုံးပြုပါ။**

https://www.web171.jp/web171app/topRedirect/

**အသေးစိတ်ကို အောက်ပါ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုပါ။**

NTTအရှေ့ဂျပန် : http://www.ntt-east.co.jp/saigai/web171/
NTTအနောက်ဂျပန် : https://www.ntt-west.co.jp/dengon/web171/

NTTအရှေ့ဂျပန် | NTTအနောက်ဂျပန်

**ဘေးအန္တရာယ်ဖြစ်ပွားချိန်သုံး စာမက်ဆေ့ (လက်ကိုင်ဖုန်း)**

လက်ကိုင်ဖုန်းကုမ္ပဏီလည်း စာမက်ဆေ့ဝန်ဆောင်မှု ရှိသည်။

**ဤနေရာမှအသုံးပြုပါ။**

NTT dokomo : http://dengon.docomo.ne.jp/top.cgi
KDDI (au) : http://dengon.ezweb.ne.jp/
Soft Bank/ We Mobile : http://dengon.softbank.ne.jp/

NTT dokomo | KDDI (au) | Soft Bank/ We Mobile

**အသေးစိတ်ကို အောက်ပါ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုပါ။**

NTT dokomo : https://www.nttdocomo.co.jp/info/disaster/disaster_board/index.html
KDDI (au) : https://www.au.com/mobile/anti-disaster/saigai-dengon/
Soft Bank : https://www.softbank.jp/mobile/service/dengon/
We Mobile : https://www.ymobile.jp/service/dengon/

NTT dokomo KDDI (au) Soft Bank We Mobile

## ၃-၄ ဘေးအန္တရာယ်ဖြစ်ပွားချိန်တွင် အသုံးဝင်သော မိုးလေဝသ သတင်းများကို ရယူခြင်း

မိုးလေဝသအေဂျင်စီသည် ဘေးအန္တရာယ်ဖြစ်ပွားချိန်တွင် အသုံးဝင်သော မိုးလေဝသ သတင်းများကို ကြေညာလျက်ရှိသည်။

ထို့အပြင် မိုးလေဝသသတင်းများကို ရုပ်မြင်သံကြား၊ ရေဒီယို၊ အင်တာနက်စသည်တို့တွင် ရယူနိုင် သည်။

**မိုးကြီးခြင်းနှင့် လျှော်နှင့်ပတ်သက်သည့် သတင်းအချက်အလက် (ဘာသာစကားအမျိုးမျိုးဖြင့် ပြန်လည် ဖြေကြားခြင်း)**

https://www.jma.go.jp/jma/kokusai/multi.html

### သဘာဝဘေးအန္တရာယ်ကာကွယ်ရေးသတင်းအချက်အလက်

**သဘာဝဘေးအန္တရာယ်နှင့်စပ်လျဉ်းသော သတင်းအချက်အလက်များကို အောက်ပါ အင်တာနက် စာမျက်နှာတွင် ဖတ်ရှုပါ။**

https://www.jma.go.jp/jma/en/menu.html

### ခိခိခုရု "キキクル" (အန္တရာယ်အတိုင်းအတာပျံ့နှံ့မှု)

ဘေးအန္တရာယ် ဖြစ်ပွားနိုင်သည့် အန္တရာယ်ရှိသောနေရာများကို မြေပုံမှတစ်ဆင့်ရှာဖွေပါ။

**ရေနစ်မြုပ်ခြင်း (မြေနိမ့်သောအရပ်၌ ရေဖုံးလွှမ်းခြင်း ဘေးအန္တရာယ်)**

https://www.jma.go.jp/bosai/en_risk/#elements:inund

https://www.jma.go.jp/jma/kokusai/multi.html

### ရေကြီးခြင်း(မြစ်ရေလျှံခြင်းဘေးအန္တရာယ်)

https://www.jma.go.jp/bosai/en_risk/#elements:flood

https://www.jma.go.jp/jma/kokusai/multi.html

### မြေနုန်းတင်ခြင်းဘေးအန္တရာယ်(တောင်နှင့်ကမ်းပါးများပြိုကျခြင်း ဘေးအန္တရာယ်)

https://www.jma.go.jp/bosai/en_risk/#elements:land

https://www.jma.go.jp/jma/kokusai/multi.html

## မီးတောင်ပေါက်ကွဲမှုသတိပေးအဆင့်

### မီးတောင်သတင်းအချက်အလက်

https://www.data.jma.go.jp/vois/data/tokyo/STOCK/kaisetsu/level_toha/level_toha.htm#level_vol

https://www.data.jma.go.jp/vois/data/tokyo/STOCK/activity_info/map_0.html

One Point:

### မိုးကြီးခြင်းသီးသန့်အထူးသတိပေးချက်

- မိုးလေဝသအေဂျင်စီသည် မိုးကြီးခြင်းသီးသန့်အထူးသတိပေးချက်ကို ထုတ်ပြန်လေ့ ရှိသည်။
- မိုးကြီးခြင်းသီးသန့်အထူးသတိပေးချက်သည် ဆယ်စုနှစ်တစ်ခုတွင် တစ်ကြိမ်သာ မိုးကြီးခြင်းဖြစ်ပွားနိုင်သည်ဟု ခန့်မှန်းပြီး၊ ကြီးမားပြင်းထန် သော ဘေးအန္တရာယ်များ ဖြစ်ပွားနိုင်သော အခြေအနေမျိုး၌ ထုတ်ပြန်လေ့ ရှိသည်။

One Point:

### ခိခိခုရု "キキクル" (အန္တရာယ်အတိုင်းအတာပျံ့နှံ့မှု)

- မိုးလေဝသအေဂျင်စီသည် မိုးရွာသွန်းမှုအခြေအနေကိုအခြေခံ၍၊ ရေလျှံပျက်စီးခြင်း၊ ရေကြီးခြင်း၊ မြေနုန်းတင်ခြင်း ဘေးအန္တရာယ်များမကြာမီဖြစ်ပေါ် နိုင်သည့် အန္တရာယ်ရှိသောနေရာများကို ဖော်ပြထားသည့် ခိခိခုရု "キキクル" (အန္တရာယ်အတိုင်းအတာပျံ့နှံ့မှု) မြေပုံကို ကြေညာပေးလျက်ရှိသည်။
- ခိခိခုရု "キキクル" (အန္တရာယ်အတိုင်းအတာပျံ့နှံ့မှု)ကို ဂျပန်နိုင်ငံမိုးလေဝသအေဂျင်စီ၏ အင်တာနက်စာမျက်နှာမှ ၁၀မိနစ်ခြား တစ်ကြိမ် ရယူနိုင်သည်။
- စမတ်ဖုန်းစသည်တို့မှ မိမိနေထိုင်ရာဒေသ၏ အန္တရာယ်အတိုင်းအတာမြင့်တက်မှုသတင်းကို ရယူ၍ အလျင်အမြန် တိမ်းရှောင်ရမည်။

One Point:

**ဘေးအန္တရာယ်ဖြစ်ပွားချိန်တွင် အသုံးဝင်သော သတင်းအချက်အလက်များ ထုတ်ပြန် ပေးသည့် အက်ပလီကေးရှင်း(Application) "ဘေးအန္တရာယ်ကင်းရှင်းမှုဆိုင်ရာသိကောင်းစရာ များ" (Safety Tips)**

- ဂျပန်နိုင်ငံ၌ နိုင်ငံခြားသားခရီးသည်များအတွက် ဘေးအန္တရာယ်ဖြစ်ပွားချိန်တွင် အသုံးဝင်သော သတင်းအချက်အလက်များ ထုတ်ပြန်ပေးသည့် အက်ပလီကေးရှင်း(Application) ရှိသည်။
- ထိုအက်ပလီကေးရှင်းကို စမတ်ဖုန်း၌ ဒေါင်းလော့ပြုလုပ်ထားပါက မိမိ၏ အနီးပတ်ဝန်းကျင်၌ အောက်ပါဘေးအန္တရာယ်များ ဖြစ်ပွားနိုင်ခြေရှိသောအခါမျိုး၌ ကြိုတင် အသိပေးမည်ဖြစ် သည်။

(၁) ငလျင်အရေးပေါ် သတိပေးချက်(မကြာမီအချိန်အတွင်း၌ ပြင်းထန်စွာ လှုပ်ခတ်လာနိုင်သော ကြောင့် မိမိကိုယ်ကိုကာကွယ်ရန်သတိပေးခေါ်ဆိုမှု)

(၂) ဆူနာမီအထူးသတိပေးချက် (ဆူနာမီရောက်ရှိလာနိုင်သောကြောင့် ကုန်းမြင့်ဒေသများသို့ တိမ်း ရှောင်ရန် သတိပေးခေါ်ဆိုမှု)

(၃) မိုးလေဝသစသည်တို့နှင့် စပ်လျဉ်းသော သီးသန့်အထူးသတိပေးချက် (ဆယ်စုနှစ်တစ်ခု၌ တစ်ကြိမ်ပေါ်ပေါက်တတ်သော မိုးကြီးခြင်း၊ မုန်တိုင်းတိုက်ခြင်းများ ဖြစ်ပွားသော်လည်း မထူးဆန်း ဟုဆိုလိုသည့် အကြီးဆုံးအဆင့် သတိပေးခေါ်ဆိုမှု)

(၄) မီးတောင်ပေါက်ကွဲမှုကြားဖြတ်သတင်း (မီးတောင်ပေါက်ကွဲမှုကြောင့် မိမိကိုယ်ကို ကာကွယ်ရန် သတိပေးခေါ်ဆိုမှု)

(၅) တိုင်ဖွန်းမုန်တိုင်းသတင်းအချက်အလက် (တိုင်ဖွန်းမုန်တိုင်းသည် နီးကပ်လာသောကြောင့် မိမိကိုယ်ကို ကာကွယ်ရန် သတိပေးခေါ်ဆိုမှု)

- ထို့အပြင် ဘေးအန္တရာယ်ကြုံတွေ့သောအခါ၌ အသုံးဝင်သော သတင်းအချက်အလက်များ ရယူ အသုံးချနိုင်သည်။

(၁) ဘေးအန္တရာယ်ဖြစ်ပွားချိန်၌ မည်သို့ဆောင်ရွက်ရမည်ကို သိရှိစေနိုင်သည့် လှုပ်ရှားမှုပြဇယား (Flow chart)

(၂) အနီးပတ်ဝန်းကျင်ရှိ ဂျပန်လူမျိုးများနှင့် ဆက်သွယ်စကားပြောနိုင်သော ဆယ်သွယ်ရေးကတ် (Communication card)


(၃) ဘေးအန္တရာယ်ဖြစ်ပွားချိန်၌ လိုအပ်သော သတင်းအချက်အလက်များကို စုဆောင်းရယူနိုင်သည့် ဝပ်ဆိုက်လင့်ခ် (Website Link)

Android : https://play.google.com/store/apps/details?id=jp.co.rcsc.safetyTips.android
iPhone : https://itunes.apple.com/jp/app/safety-tips/id858357174?mt=8

Android iPhone

အခန်း ၁၁

# နေအိမ်



## ၁ ဂျပန်နိုင်ငံရှိအိမ်ရာနှင့်စပ်လျဉ်း၍

### ၁-၁ ကိုယ်ပိုင်အိမ် (Mochi ie)

တရားဝင်ပိုင်ဆိုင်မှုရှိသောနေအိမ်ကို ဂျပန်နိုင်ငံတွင်ယေဘုယျအားဖြင့် ကိုယ်ပိုင်အိမ် ဟုခေါ်သည်။ ကိုယ်ပိုင်အိမ်ဟုဆိုရာတွင် လုံးချင်းအိမ်၊ အဆင့်မြင့်တိုက်ခန်းစသည်တို့ပါဝင်သည်။ အိမ်ဆောက်ခြင်း၊ ဝယ်ယူခြင်းများအတွက် လုပ်ထုံးလုပ်နည်းအမျိုးမျိုးနှင့် စာချုပ်စာတမ်းများ လိုအပ်မည်။

### ၁-၂ ပြည်သူ့အိမ်ရာ

နေအိမ်အခက်အခဲရှိသော ဝင်ငွေနည်းပါးသည့်သူများအတွက် ဒေသန္တရအစိုးရအဖွဲ့အစည်း များမှ ဈေးနှုန်းသက်သာစွာဖြင့်အိမ်ငှားနေနိုင်စေရန် စီစဉ်ပေးထားသော အိမ်ငှားစနစ်ဖြစ်သည်။ သက်ဆိုင်ရာ စီရင်စုနှင့်မြို့နယ်အသီးသီးတွင် ဝင်ငွေစံနှုန်းစသည့် ဝင်ရောက်နေထိုင်နိုင်ရန် လိုအပ်ချက်များ သတ်မှတ် ထားသည်။

### ၁-၃ URမှငှားရမ်းသောအိမ်ရာ

UR(Urban Renaissance Agency)မှစီမံကွပ်ကဲသော အိမ်ရာငှားရမ်းစနစ်ဖြစ်သည်။ ၎င်းအိမ်ရာ များတွင်ဝင်ရောက်နေထိုင်နိုင်ရန်အတွက် URမှသတ်မှတ်ထားသောလစဉ်ဝင်ငွေနှုန်းထားကို ကျော်လွန် သည့်လစာရရှိ၍ နေထိုင်ခွင့်အဆင့်တစ်မျိုးမျိုး (အခန်းခွဲ၂-၂ကိုကြည့်ပါ) ရှိလျှင် ဝင်ရောက်နေထိုင်နိုင် သည်။

### ၁-၄ ပုဂ္ဂလိကမှငှားရမ်းသောအိမ်ရာ

သာမန် အိမ်ငှားစနစ်ဖြစ်သည်။ အိမ်ငှားစာချုပ်ချုပ်ဆို၍ မည်သူမဆို အိမ်ငှားစရိတ် ပေးကာ ငှားရမ်းနေထိုင်နိုင်သည်။ သို့သော် စာချုပ်ပါအချက်အလက်များသည် နေအိမ်အမျိုးအစားပေါ် လိုက်၍ အမျိုးမျိုးကွဲပြားသည်ဖြစ်ရာ စာချုပ်မချုပ်မီတွင် ဂရုတစိုက်ဖတ်ရှုရန်လိုအပ်သည်။

# ၂ ဝင်ရောက်နေထိုင်ခြင်းနှင့်စပ်လျဉ်း၍

## ၂-၁ ပြည်သူ့အိမ်ရာ

- ပြည်သူ့အိမ်ရာသည် အိမ်ရာအခက်အခဲရှိနေသော ဝင်ငွေနည်းပါးသည့်သူများအတွက် ဈေးနှုန်း သက်သာစွာ အိမ်ငှားနေ နိုင်စေရန် စီစဉ်ပေးထားသည့်အိမ်ရာစနစ်ဖြစ်ပြီး သက်ဆိုင်ရာစီရင်စုနှင့် မြို့နယ်ရပ်ကွက်ကျေးရွာရုံး အသီးသီး၌ ဝင်ငွေစံနှုန်းစသည် ဝင်ရောက်နေထိုင်နိုင်ရန်လိုအပ်ချက် များ သတ်မှတ်ထားသည်။
- နိုင်ငံခြားသားဖြစ်လျှင် ဝင်ရောက်နေထိုင်နိုင်ရန် သာမန်လိုအပ်ချက်များအပြင် တစ်နှစ်အထက် နေထိုင်ခွင့်အဆင့်နှင့် နိုင်ငံတွင်း နေထိုင်ခဲ့သည့်ကာလတစ်လျှောက် အထောက်အထား မှတ်တမ်း ရှိခြင်း စသည့် အချက်များနှင့်လည်း ကိုက်ညီရန် လိုအပ်သည်။
- ပြည်သူ့အိမ်ရာများတွင် ဝင်ရောက်နေထိုင်လိုသည့်ဆန္ဒရှိလျှင် သက်ဆိုင်ရာစီရင်စုနှင့် မြို့နယ် ရပ်ကွက်ကျေးရွာရုံး များတွင် လျှောက်လွှာတင်ရမည်။
- ဝင်ရောက်နေထိုင်ရန် လိုအပ်ချက်များနှင့် လျှောက်ထားမှုနည်းလမ်းများစသည်တို့ကို အသေးစိတ် သိရှိလိုလျှင် သက်ဆိုင်ရာစီရင်စုနှင့်မြို့နယ်ရပ်ကွက်ကျေးရွာရုံးများတွင် မေးမြန်းစုံစမ်းပါ။

## ၂-၂ URမှငှားရမ်းသောအိမ်ရာ

- URမြို့ပြအဖွဲ့အစည်းမှ သတ်မှတ်ထားသည့် လစဉ်ဝင်ငွေစံနှုန်းကိုကျော်လွန်ရန် လိုအပ်သည်။
- နိုင်ငံခြားသားဖြစ်လျှင် နေထိုင်ခွင့်အဆင့်သည် သံတမန်၊ အစိုးရဝန်ထမ်း၊ အထူးရာသက်ပန်နေ ထိုင်သူ၊ အလယ်အလတ်မှရေရှည်နေထိုင်ခွင့်ရသူ (ရာသက်ပန်နေထိုင်သူများအပါအဝင်) ဖြစ်ရ မည်။
- ဝင်ရောက်နေထိုင်ရန်လျှောက်ထားမှုနည်းလမ်းများ၊ အခန်းလပ်သဖြင့် ဝင်ရောက်နေထိုင်နိုင်သော အခြေအနေ အသေးစိတ်ကို UR ဝန်ဆောင်မှုစင်တာ စသည်တွင် မေးမြန်းပါ။

## ၂-၃ ပုဂ္ဂလိကမှငှားရမ်းသောအိမ်ရာ

- ပုဂ္ဂလိကမှငှားရမ်းသည့်အိမ်ရာကို ရှာဖွေနေသော နိုင်ငံခြားသားများအတွက် "အိမ်ခန်းရှာဖွေရေး လမ်းညွှန်စာအုပ်"၊ "နိုင်ငံခြားသားများအတွက် ငှားရမ်းသောအိမ်ရာတွင် ဝင်ရောက်နေထိုင်ခြင်းဆိုင်ရာလမ်းညွှန်ချက်"ကို ထုတ်ဝေထားသည်။

- "အိမ်ခန်းရှာဖွေရေး လမ်းညွှန်စာအုပ်"၌ အိမ်ခန်းရှာဖွေရာတွင် အသုံးဝင်သော အောက်ပါအချက်အလက်များ ရေးသား ဖော်ပြထားသည်ဖြစ်ရာ ကိုးကားလေ့လာကြည့်နိုင်သည်။

(၁) ဂျပန်နိုင်ငံတွင်း အိမ်ငှားရမ်းနေထိုင်ရန် ရှာဖွေပုံနည်းလမ်းနှင့် စာချုပ်ချုပ်ဆိုခြင်း
(၂) လိုအပ်သောစာရွက်စာတမ်းနှင့် ကုန်ကျစရိတ်
(၃) ဝင်ရောက်နေထိုင်ရန်လုပ်ထုံးလုပ်နည်း
(၄) ဂျပန်နိုင်ငံရှိနေအိမ်များတွင် နေထိုင်ရာတွင် လိုက်နာရမည့်စည်းကမ်း
(၅) နေအိမ်ပြန်အပ်ရန် လုပ်ထုံးလုပ်နည်း
(၆) အခန်းငှားရမ်းရာတွင် သိသင့်သိထိုက်သော အိမ်ခြံမြေဝေါဟာရအသုံးအနှုန်းများ စသည်



- "အိမ်ရှာဖွေရန်အတွက်လမ်းညွှန်ချက်" ၌ ဂျပန်တွင် အိမ်ခန်းရှာဖွေရာတွင် အသုံးချနိုင်သည့် အခြေခံကျသည့် သတင်းအချက်အလက်များနှင့် နိုင်ငံခြားဘာသာစကားဖြင့် ဖြေကြားနိုင်သည့် အိမ်ခြံမြေဆိုင်၏ ဝက်ဘ်ဆိုဒ်စသည် ကိုမိတ်ဆက်ပေးထားပါသည်။

**မြေ၊အခြေခံအဆောက်အအုံ၊သယ်ယူပို့ဆောင်ရေးနှင့်ခရီးသွားလာရေးဝန်ကြီးဌာန အင်တာနက် စာမျက်နှာ အသေးစိတ်ကို အောက်ပါ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုပါ။**

https://www.mlit.go.jp/jutakukentiku/house/jutakukentiku_house_tk3_000017.html

**"အိမ်ခန်းရှာဖွေရေး လမ်းညွှန်စာအုပ်"**

| | |
|---|---|
| ဂျပန်ဘာသာ | http://www.mlit.go.jp/common/001317843.pdf |
| အင်္ဂလိပ်ဘာသာ | http://www.mlit.go.jp/common/001317844.pdf |
| တရုတ်ဘာသာ | http://www.mlit.go.jp/common/001317845.pdf |
| ကိုရီးယားဘာသာ | http://www.mlit.go.jp/common/001317846.pdf |
| စပိန်ဘာသာ | http://www.mlit.go.jp/common/001317847.pdf |
| ပေါ်တူဂီဘာသာ | http://www.mlit.go.jp/common/001317848.pdf |
| ဗီယက်နမ်ဘာသာ | http://www.mlit.go.jp/common/001316936.pdf |
| နီပေါဘာသာ | http://www.mlit.go.jp/common/001316937.pdf |
| ထိုင်းဘာသာ | http://www.mlit.go.jp/common/001312581.pdf |
| အင်ဒိုနီးရှားဘာသာ | http://www.mlit.go.jp/common/001312584.pdf |
| မြန်မာဘာသာ | http://www.mlit.go.jp/common/001312587.pdf |
| ကမ္ဘောဒီးယားဘာသာ | http://www.mlit.go.jp/common/001312589.pdf |
| ဖိလစ်ပိုင်ဘာသာ | http://www.mlit.go.jp/common/001312590.pdf |
| မွန်ဂိုလီးယားဘာသာ | http://www.mlit.go.jp/common/001312591.pdf |

| | | | |
|---|---|---|---|
| ဂျပန်ဘာသာ | အင်္ဂလိပ်ဘာသာ | တရုတ်ဘာသာ | ကိုရီးယားဘာသာ |
| စပိန်ဘာသာ | ပေါ်တူဂီဘာသာ | ဗီယက်နမ်ဘာသာ | နီပေါဘာသာ |
| ထိုင်းဘာသာ | အင်ဒိုနီးရှားဘာသာ | မြန်မာဘာသာ | ကမ္ဘောဒီးယားဘာသာ |
| ဖိလစ်ပိုင်ဘာသာ | မွန်ဂိုလီးယားဘာသာ | | |

**“အိမ်ရှာဖွေရန်အတွက်လမ်းညွှန်ချက်”**

https://www.mlit.go.jp/common/001334734.pdf

**နိုင်ငံခြားသားများငှားရမ်းနေထိုင်နိုင်သောအိမ်များဆိုင်ရာသတင်းအချက်အလက်**

https://www.safetynet-jutaku.jp/guest/index.php (ဂျပန်ဘာသာ)


အခန်း ၁၂

# နေထိုင်မှုဘဝတွင်လိုက်နာရမည့်စည်းကမ်းနှင့်ဓလေ့များ



## ၁ နေထိုင်မှုဘဝတွင်လိုက်နာရမည့်စည်းကမ်းများ

### ၁-၁ အမှိုက်



#### (၁) အမှိုက်စွန့်ပစ်ရာတွင်လိုက်နာရမည့်အခြေခံစည်းကမ်း


အမှိုက်စွန့်ပစ်ရာတွင် အောက်ပါတို့ကို လိုက်နာရန် လိုအပ်သည်။

- အမှိုက်အမျိုးအစားအလိုက် အမှိုက်ပစ်ရန်နေရာနှင့် နေ့ရက်များကို လိုက်နာရမည်။
- မည်သည့်နေရာတွင် မည်သည့်အမှိုက်ပစ်ရမည်ဖြစ်ကြောင်း မိမိနေထိုင်ရာရှိ မြို့နယ်ရပ်ကွက် ကျေးရွာရုံး၏ စည်းကမ်းများကို လိုက်နာရမည်။

* ယေဘုယျအားဖြင့် အမှိုက်လာသိမ်းမည့်နေ့၏နံနက်တွင် အမှိုက်စွန့်ပစ်ရမည်။

* စည်းကမ်းအရ သတ်မှတ်ထားသည့် အမှိုက်အမျိုးအစားမဟုတ်သော အခြားအမှိုက်များကို စွန့်ပစ်ခြင်း၊ သတ်မှတ် ထားသည့်နေရာတွင်မဟုတ်ဘဲ အခြားနေရာတွင်စွန့်ပစ်ခြင်းများအတွက် လာရောက် အမှိုက် သိမ်းယူမည်မဟုတ်ပါ။

* မိမိနေထိုင်ရာရှိမြို့နယ်ရပ်ကွက်ကျေးရွာရုံးမှထုတ်ပေးသော အခပေးအိတ်များကို အသုံးပြု၍ အမှိုက်စွန့်ပစ်ရသည့်အခါမျိုးလည်းရှိသည်။




**အမှိုက်အမျိုးအစားဥပမာ (နေထိုင်နေသော မြို့နယ်ကျေးရွာရပ်ကွက်ရုံး၏ စည်းကမ်းများအတိုင်း လိုက်နာရန်)**

| | |
|---|---|
| **လောင်ကျွမ်းနိုင်သောအမှိုက်** | မီးဖိုချောင်မှထွက်သောအမှိုက်စို နှင့်စက္ကူအမှိုက်များ |
| **မလောင်ကျွမ်းနိုင်သောအမှိုက်** | ပန်းကန်ကွဲ၊ခွက်ကွဲ၊သတ္တုနှင့်ဖန်ထည် စသည် |
| **ပြန်လည်သန့်စင်နိုင်သောအမှိုက်** | ပုလင်း၊သံဗူး၊ရေသန့်ဘူး၊သတင်းစာ၊စာအုပ်၊ပလတ်စတစ်နှင့်ပြုလုပ်ထား သည့်ထည့်စရာ၊ကတ်ထူစက္ကူပုံး စသည် |
| **ထုထည်ကြီးမားသောအမှိုက်**<br>စွန့်ပစ်ရန်နှင့်ပြန်လည်အသုံးပြုနိုင်စေရန် အတွက် ငွေကြေးကုန်ကျသည်မျိုးလည်း ရှိသည်။ | စားပွဲ၊ကုလားထိုင်စသည့်အိမ်ထောင်ပရိဘောဂ၊စက်ဘီး၊အိပ်ရာ စသည် |
| **အိမ်သုံးလျှပ်စစ်ပစ္စည်းအမှိုက်**<br>စွန့်ပစ်ရန်နှင့်ပြန်လည်အသုံးပြုနိုင်စေရန် အတွက် ငွေကြေးကုန်ကျသည်မျိုးလည်း ရှိသည်။ | အဲယားကွန်း၊တီဗွီ၊ရေခဲသေတ္တာ/ ဖရီဇာ၊အဝတ်လျှော်စက်၊အဝတ် အခြောက်ခံစက်စသည် |

One Point:
**ချက်ပြုတ်ပြီးနောက်ကြွင်းကျန်ဆီ**

အသုံးပြုပြီးသောဆီများကို မီးဖိုချောင်ရှိဘေစင်၌ သွန်မချရ။ အိုးထဲမှဆီများကို လက်သုတ်စက္ကူတွင် ထည့်၍ ဆီကို စုပ်ယူတာမျိုး၊ ပျစ်ခဲဆေးဖြင့် ဆီကို ခဲစေပြီးမှ လွှတ်ပစ်ခြင်းစသည်ဖြင့်၊ နေထိုင်သည့် မြို့နယ်ရပ်ကွက်ရုံးမှ စည်းမျဉ်းစည်းကမ်းများကို လိုက်နာပြီး စွန့်ပစ်ပါ။

One Point:
**အိမ်သုံးလျှပ်စစ်ပစ္စည်းအမှိုက်**



အောက်ပါအိမ်သုံးလျှပ်စစ်ပစ္စည်းများကို အစားထိုးဝယ်ယူလိုလျှင် (သို့) စွန့်ပစ်လိုလျှင် အဆိုပါပစ္စည်းများကို ပြန်လည်အသုံးပြုနိုင်စေရန် စရိတ်နှင့် သိမ်းယူပို့ဆောင်စရိတ်ကို ပေးဆောင်ရမည်။

- အဲယားကွန်း
- တီဗွီ
- ရေခဲသေတ္တာနှင့်ဖရီဇာ
- အဝတ်လျှော်စက်နှင့်အဝတ်အခြောက်ခံစက်

တစ်ဖန် စွန့်ပစ်ချိန်တွင် သိမ်းယူ၊ ပို့ဆောင်ရန်ခွင့်ပြုချက်ရထားသော လုပ်ငန်းလုပ်သူထံ တောင်းဆိုရန် လိုအပ်ပါသည်။ မည်သို့သော လုပ်ငန်းလုပ်သူထံ တောင်းဆိုရမလဲ မသိပါက

၊ နေထိုင်နေသော မြို့နယ်ကျေးရွာရပ်ကွက်ရုံးတွင် မေးမြန်းဆောင်ရွက်ပါ။

**ရီဆိုက်ကယ်ကြေးပေးဆောင်ရမည့်နေရာ၊ အဟောင်းပစ္စည်းများ သိမ်းယူပေးမည့်နေရာ**

(၁) ပစ္စည်းအသစ်နှင့်ဝယ်ယူအစားထိုးလိုလျှင်

- ပစ္စည်းအသစ်ဝယ်ယူမည့်ဆိုင်
  ဆိုင်အလိုက် ပစ္စည်းလဲလှယ်စနစ်ကွဲပြားသည်ဖြစ်ရာ အသေးစိတ်ကိုဆိုင်သို့စုံစမ်းမေးမြန်းပါ။

(၂) အစားထိုးဝယ်ယူလိုခြင်းမဟုတ်ဘဲ စွန့်ပစ်လိုလျှင်

- စွန့်ပစ်လိုသောပစ္စည်းကိုဝယ်ယူခဲ့သည့်ဆိုင်
  မည်သည့်ဆိုင်တွင်ဝယ်ယူခဲ့သည်ကို မမှတ်မိ၊ နားမလည်ပါက မိမိနေထိုင်ရာရှိ မြို့နယ် ရပ်ကွက်ကျေးရွာရုံးသို့ ဆက်သွယ်မေးမြန်းပါ။

## (၂) တရားမဝင်စွန့်ပစ်ခြင်းစသည် (တရားမဝင်အမှိုက်ပစ်ခြင်း)

မည်သည့်နေရာတွင်မဆို သတ်မှတ်ထားသည့်နေရာမှအပ လက်လွတ်စပယ် အမှိုက်မပစ်ရ။

သတ်မှတ်ထားသောနေရာတွင်မဟုတ်ဘဲ အခြားနေရာတွင် အမှိုက်စွန့်ပစ်လျှင် ပြစ်မှုဆိုင်ရာ ပြစ်ဒဏ်အရ ဒဏ်ကြေးပေးဆောင်ရမည်ဖြစ်သည်။


မိမိနေထိုင်ရာမြို့နယ်တွင်ချမှတ်ထားသော စည်းကမ်းများကိုလိုက်နာ၍ အမှိုက်စွန့်ပစ်ရမည်။

မြို့နယ်အများစုတွင် သံဗူးခွံများ၊ ဆေးလိပ်တိုများ စသည် လမ်းပေါ်တွင်စည်းကမ်းမဲ့စွန့်ပစ်ခြင်းကို တားမြစ်ထားသည်။ စီရင်ပြစ်မှု၊ ရာဇဝတ်ပြစ်ဒဏ်ချမှတ်ခံရခြင်းများ ရှိသဖြင့် လမ်းပေါ်တွင် စည်းကမ်းမဲ့ အမှိုက် စွန့်ပစ်ခြင်း မပြုရ။

## ၁-၂ ဆူညံသံ


ဂျပန်လူမျိုးများသည် ကျယ်လောင်သောအသံနှင့် ကျယ်လောင်သောစကားသံများက အခြား သူများကို အနှောင့်အယှက်ဖြစ်စေသည်ဟု ယူဆကြသည်။

- ကျယ်လောင်သောစကားသံများ၊ ပါတီ၊ တီဗွီနှင့် သီချင်းသံများဖြင့် မိမိ၏အိမ်နီးချင်းများကို အနှောင့်အယှက်စေနိုင်သည်။
- နံနက်စောစောအချိန်တွင် အဝတ်လျှော်စက်အသုံးပြုခြင်း၊ ဖုန်စုပ်စက်အသုံးပြုခြင်း၊ ရေချိုးခြင်း စသည်တို့ကို ပြုလုပ်ရာတွင် အသံကျယ်လောင်မှုမရှိစေရန် သတိပြုရမည်။
- အထူးသဖြင့် တိုက်ခန်းနှင့် ကွန်ဒိုမိနီယံ စသည့် စုပေါင်းအိမ်ရာများတွင် ကျယ်လောင်သော အသံများ၊ စကားသံများမထွက်စေရန် သတိပြုကြရမည်။



## ၁-၃ အိမ်သာ

### ဂျပန်ရေဆွဲအိမ်သာ



- အိမ်သာအတွင်းရှိ အိမ်သာသုံးစက္ကူကိုသာ အသုံးပြုပါ။
- အသုံးပြုပြီးသောစက္ကူကို အိမ်သာခွက်တွင်းသို့သာ မဖြစ်မနေ စွန့်ပစ်ပါ။
  → အချို့နိုင်ငံများတွင် အသုံးပြုပြီးသောစက္ကူကို အိမ်သာအတွင်းထားရှိ ပေးထားသောအမှိုက်ပုံးထဲ သို့ စွန့်ပစ်သောအလေ့အထရှိသော်လည်း ဂျပန်နိုင်ငံတွင်မူ အိမ်သာအတွင်းထားရှိပေးထားသော စက္ကူဖြစ်လျှင် ရေဆွဲချလျှင် ရေထဲပျော်ပါနိုင်ပြီး၊ ရေပိုက်တွင် စက္ကူများနှင့် ပိတ်ဆို့ခဲ့ပါသည်။
- ကုန်တိုက်နှင့်ရထားဘူတာရှိအိမ်သာများတွင် ခလုတ်များစွာရှိသော်လည်း ရေဆွဲချရန်ခလုတ်မှာ **流す (FLUSH)** ဟု ရေးသားထားသည်ကများသည်။

## ၁-၄ လက်ကိုင်ဖုန်းအသုံးပြုခြင်း



- လမ်းသွားလမ်းလာများနှင့်တိုက်မိ၍ အခြားသူကိုဒဏ်ရာရစေခြင်း (သို့) မိမိဘာသာကိုယ်တိုင်၌လည်း ထိခိုက်ဒဏ်ရာရခြင်းများဖြစ်ပေါ်စေနိုင်သဖြင့် လမ်းလျှောက်လျက် လက်ကိုင်ဖုန်းအသုံး မပြုရပါ။
- မော်တော်ကားနှင့် စက်ဘီး မောင်းနှင်စီးနင်းလျက် လက်ကိုင်ဖုန်းအသုံးပြုခြင်းကို ဥပဒေအရ တားမြစ်ထားသည်။

## ၁-၅ ရထားနှင့်ဘတ်စကားအတွင်း

ရထားနှင့်ဘတ်စကားသည် အများပိုင်နေရာများဖြစ်သဖြင့် အောက်ပါအချက်များကို သတိပြုရမည်။

- အသံကျယ်လောင်စွာစကားပြောခြင်းသည် ဂျပန်နိုင်ငံတွင် လူကျင့်ဝတ်ချိုးဖောက်ခြင်းဟု တွေးပါသည်။
- ရထားနှင့်ဘတ်စကားအတွင်း လက်ကိုင်ဖုန်းပြောခြင်းသည် ဂျပန်နိုင်ငံတွင် ကျင့်ဝတ်ချိုးဖောက် ခြင်းဖြစ်သည်။
- အသံကျယ်လောင်စွာသီချင်းနားထောင်ခြင်းသည် အခြားသူများကိုအနှောင့်အယှက်ဖြစ်စေသည်။ မိမိ၏နားကြပ်မှအသံများက ပြင်ပသို့လျှံထွက်ခြင်းမရှိစေရန် သတိပြုရမည်။
- ဘတ်စ်ကားသို့မဟုတ် ရထားကျပ်နေစဉ် ကျောပိုးအိတ်ကို နောက်ကျောတွင်လွယ်လျက်ထားခြင်းသည် အခြားသူများနှင့် ထိတိုက်မိ၍ အနှောင့်အယှက်ဖြစ်စေသဖြင့် မပြုလုပ်ပါရန်။

## ၁-၆ ရေပူစမ်းနှင့်အခပေးရေချိုးခန်း

- ရေပူစမ်းနှင့် အခပေးရေချိုးခန်း စသည့်အများသုံးရေချိုးရာနေရာများသည် လူအများ ဝင်ထွက် သွားလာသည့်နေရာဖြစ်သည့် အတွက် အောက်ပါတို့ကိုလိုက်နာရမည်။
- ဦးစွာ ကိုယ်ခန္ဓာကိုဆေးကြောပြီးမှ ရေချိုးကန်ထဲတွင်စိမ်ပါ။
- ရေချိုးကန်အတွင်း မျက်နှာသုတ်ပဝါအသုံးမပြုရပါ။
- ရေချိုးကန်အတွင်း ဆပ်ပြာနှင့်ခေါင်းလျှော်ရည်ကိုအသုံးပြု၍ ကိုယ်ခန္ဓာဆေးကြောခြင်းနှင့် ခေါင်း လျှော်ခြင်း မပြုလုပ်ရပါ။
- တက်တူးထိုးထားသူများကိုဝင်ခွင့်မပြုသည့် အခြေအနေများ ရှိတတ်သည်။

## ၁-၇ တားမြစ်ခြင်းကိုဖော်ပြသည့်သင်္ကေတများ

တစ်စုံတစ်ရာကို "မပြုလုပ်ရ"ဟုဖော်ပြသော သင်္ကေတအမျိုးမျိုးရှိသည်။

အခြေခံတားမြစ်သင်္ကေတ →



တားမြစ်သင်္ကေတများရှိသည့်နေရာများတွင် စည်းကမ်းလိုက်နာကြပါစို့။



"ရေမကူးရ"



"ဆေးလိပ်မသောက်ရ"




"လက်ကိုင်ဖုန်းမပြောရ"

# ၂ ကူးစက်ရောဂါကာကွယ်တားဆီးရေး

ဂျပန်တွင် အထူးသဖြင့် လေထုခြောက်သွေ့သည့်ဆောင်းရာသီအချိန်အခါတွင် အအေးမိခြင်းနှင့် တုပ်ကွေးဖြစ်ခြင်းစသည့် ကူးစက်ရောဂါများ အဖြစ်များသည့်အပြင် ဗိုင်းရပ်စ်အသစ်များကြောင့် မကြုံဖူးသည့်ကူးစက်ရောဂါများသည်လည်း အဖြစ်များပါသည်။ ဤနေရာတွင် ကူးစက်ရောဂါမပျံ့နှံ့စေရန်အတွက် အခြေခံကျသောကာကွယ်တားဆီးမှုနည်းလမ်းများကို မိတ်ဆက်ပေးထားပါသည်။ ကူးစက်ရောဂါအဖြစ်များသည့်အခါတွင် လူတိုင်းသည် အောက်ပါတို့ကို သတိပြုကြရအောင်။

## ၂-၁ လက်ဆေးကြောခြင်း

ရေ၊ ဆပ်ပြာတို့ဖြင့် လက်ဆေးကြောခြင်းသည် လက်ချောင်းများတွင်ကပ်နေသောဗိုင်းရပ်စ်များကို ရုပ်ပိုင်းဆိုင်ရာဖယ်ရှားရန်အတွက် ထိရောက်သည့်နည်းလမ်းဖြစ်ပါသည်။ အပြင်မှပြန်လာသည့်အခါ၊ ဟင်းမချက်မီနှင့်ချက်ပြီး၊ အစာမစားမီစသည့်အခါများတွင် မကြာခဏလက်ဆေးကြောကြရအောင်။ လက်ဆေးကြောခြင်း၏လုပ်ထုံးလုပ်နည်းများသည် အောက်ပါအတိုင်းဖြစ်ပါသည်။




(၁) ရေဖြင့် လက်ကိုသေချာစွတ်ပြီးနောက် ဆပ်ပြာကိုလိမ်းပြီး လက်ဖဝါးကိုသေချာစွာပွတ်တိုက်ပါ။
(၂) လက်ဖမိုးကို ဆွဲဆန့်သကဲ့သို့ ပွတ်တိုက်ပါ။
(၃) လက်ချောင်းထိပ်ဖျား၊ လက်သည်းများကြားကို ဂရုတစိုက် ပွတ်တိုက်ပါ။
(၄) လက်ချောင်းများကြားကို ပွတ်တိုက်ပါ။
(၅) လက်မနှင့် လက်ဖဝါးကို လှည့်၍ဆေးကြောပါ။
(၆) လက်ကောက်ဝတ်များလည်း မမေ့ပဲ ဆေးကြောပါ။

* ဆပ်ပြာဖြင့် ဆေးကြောပြီးလျှင် ရေဖြင့်သေချာစွာဆေးချပြီး၊ သန့်ရှင်းသောလက်သုတ်ပုဝါ သို့မဟုတ် စက္ကူပုဝါဖြင့် သေချာစွာသုတ်ပြီး အခြောက်ခံပါ။

## ၂-၂ ချောင်းဆိုးခြင်းကျင့်ဝတ်

ချောင်းဆိုးခြင်းကျင့်ဝတ်ဆိုသည်မှာ ကူးစက်ရောဂါကို အခြားသူသို့မကူးစက်စေရန် ချောင်းဆိုးခြင်၊ နှာချေခြင်း ပြုလုပ်ချိန်တွင် mask၊ တစ်ရှူး၊ အင်္ကျီလက်၊ အင်္ကျီတံတောင်ဆစ်အတွင်းဘက်စသည်ကို အသုံးပြုပြီး ပါးစပ်နှင့် နှာခေါင်း ကိုထိန်းခြင်းဖြစ်ပါသည်။

ချောင်းဆိုးခြင်းနှင့် နှာချေခြင်းဖြစ်ပေါ်ချိန်တွင် အောက်ပါတို့ကို လိုက်နာကြရအောင်။

- mask ကိုအုပ်ထားပြီး၊ ပါးစပ်နှင့်နှာခေါင်းကို ဖုံးအုပ်ပါ။
- mask မရှိပါက တစ်ရှူး သို့မဟုတ် လက်ကိုင်ပဝါဖြင့် ပါးစပ်နှင့်နှာခေါင်းကို ဖုံးအုပ်ပါ။
- ချက်ချင်းဖြစ်ပါက အင်္ကျီလက် သို့မဟုတ် အင်္ကျီတံတောင်ဆစ်အတွင်းဘက်ဖြင့် ပါးစပ်နှင့်နှာခေါင်းကို ဖုံးအုပ်ပါ။
- ဘာမှမလုပ်ဘဲ ချောင်းဆိုးခြင်းနှင့် နှာချေခြင်းများပြုလုပ်ခြင်း၊ ချောင်းဆိုးခြင်းနှင့် နှာချေခြင်းများကို လက်ဖြင့်ထိန်းခြင်းများကို မပြုလုပ်ရပါ။

တစ်ဖန် mask အုပ်သည့်အခါတွင် မှန်ကန်စွာ အုပ်ရန်အရေးကြီးပါသည်။ mask ကို အောက်ပါအဆင့်အတိုင်း အုပ်ကြရအောင်။

(၁) နှာခေါင်းနှင့်ပါးစပ်ကို နှစ်ခုလုံးကိုသေချာစွာ ဖုံးအုပ်ပါ
(၂) မျှော့ကြိုးကို နားတွင်တပ်ပါ
(၃) ကြားလွတ်နေခြင်းမရှိစေရန် နှာခေါင်းအထိ ဖုံးအုပ်ပါ


## ၂-၃ စိုထိုင်းဆ

လေထုသည် ခြောက်သွေ့နေပါက လေလမ်းကြောင်းရှိအမြေးများ၏ ကာကွယ်မှုစွမ်းရည်သည် နိမ့်လာပြီး၊ ကူးစက်ရောဂါအဖြစ်လွယ်ကူလာပါသည်။ အထူးသဖြင့် ခြောက်သွေ့လွယ်သည့်အခန်းတွင်းတွင် စိုထိုင်းမှုထိန်းစက်စသည်တို့ကိုအသုံးပြု၍ သင့်လျော်သော စိုထိုင်းဆ (၅၀-၆၀%) ကို ထိန်းထားပါက ထိရောက်မှုရှိပါသည်။

## ၂-၄ အနားယူခြင်းနှင့် အာဟာရများရယူခြင်း

ခန္ဓာကိုယ်၏ ခုခံနိုင်မှုအားကို မြှင့်တင်ရန်အတွက် လုံလောက်သော အနားယူခြင်းနှင့် မျှတသောအာဟာရဓာတ်များ ကိုရယူခြင်းကို ပုံမှန်ကတည်းမှ သတိပြုကြရအောင်။

## ၂-၅ အပြင်ထွက်ခြင်း



ကူးစက်ရောဂါပျံ့ပွားနေချိန်တွင် အထူးသဖြင့် သက်ကြီးရွယ်အိုများ၊ ရောဂါအခံရှိသည့်ပုဂ္ဂိုလ်များ၊ ကိုယ်ဝန်ဆောင်များ၊ နေထိုင်မကောင်းသည့်ပုဂ္ဂိုလ်များ၊ အိပ်ချိန်မလုံလောက်သည့်ပုဂ္ဂိုလ်များသည် အပြင်ထွက်ခြင်းကို ရှောင်ကြဉ်ပါ။ အထူးသဖြင့် လူစုလူဝေးနှင့် မြို့လယ်ဧရိယာများသို့ ထွက်ခြင်းကို မလုပ်ကြပါနှင့်။

ထို့အပြင် အပြင်ထွက်ချိန်တွင် သေချာပေါက်mask အုပ်ပါ။ လူစုလူဝေးထဲသို့သွားရန်ဖြစ်နိုင်ခြေရှိပါက ချည်သားဖြင့်လုပ်ထားခြင်းမဟုတ်သည့် mask ကို အုပ်ခြင်းဖြင့် အတိုင်းအတာတစ်ခုထိ အရည်အစက်များမှကူးစက်ခြင်းတို့ကို ကာကွယ်နိုင်ပါသည်။

# ၃ နေ့စဉ်လူမှုဘဝအတွက်လိုအပ်သည့်အရာများ

## ၃-၁ ဒေသတွင်းနေ့စဉ်လူမှုဘဝ

### (၁) ရပ်ရွာအဖွဲ့အစည်း (ရပ်မိရပ်ဖအဖွဲ့)

ဂျပန်နိုင်ငံတွင် မြို့နယ်၊ ရပ်ကွက် စသည့် ဒေသအတွင်းနေထိုင်သူများအချင်းချင်း အသင်းအဖွဲ့များဖွဲ့ စည်း၍ လူမှုရေးလုပ်ရှားမှုများဆောင်ရွက်လျက်ရှိသည်။ ရည်ရွယ်ချက်မှာ နေထိုင်မှုဘဝပိုမိုလွယ်ကူ စေရန်နှင့် သာယာချမ်းမြေ့သော လူမှုပတ်ဝန်းကျင် ဖြစ်လာစေရေး ဖြစ်သည်။ လူမှုရေးလုပ်ရှားမှုများ အတွက် ကျသင့်သောစရိတ်စကများကို အဖွဲ့ဝင်များက မျှဝေတာဝန်ယူလျက်ရှိသည်။

**အဓိကလုပ်ရှားမှုများ**

- လျှင်နှင့်မီးလောင်ခြင်းများဖြစ်ပေါ်လျှင် အရေးပေါ်ကာကွယ်နိုင်စေရန် လေ့ကျင့်ပေးခြင်း
- ကျောင်းသွားကျောင်းပြန်ချိန်တွင် ကလေးများ၏အသွားအလာကို ကြည့်ရှုပေးခြင်း
- သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများအတွက် လူမှုဖူလုံရေးလုပ်ရှားမှုများ
- မြို့နယ်ရုံး စသည်မှ အသိပေးချက်များကို ပြန်လည်မျှဝေပေးခြင်း
- အဖွဲ့ဝင်များကြားရင်းနှီးမှုပိုမိုခိုင်မာလာစေရန် ပွဲတော်များ၊ အားကစားပွဲများ စသည့်အစီအစဉ်များ ကျင်းပ ပေးခြင်း

အသေးစိတ်ကို မိမိ နေထိုင်ရာရှိမြို့နယ်ရပ်ကွက်ကျေးရွာရုံးတို့တွင် မေးမြန်းစုံစမ်းပါ။

## (၂) အိမ်နီးနားချင်းဆက်ဆံရေး

- မိမိ၏အိမ်နီးနားချင်းများနှင့် တွေ့တိုင်း အပြန်အလှန်နှုတ်ဆက်ခြင်းများ၊ ပွဲတော်များတွင် ပါဝင် ဆင်နွှဲခြင်းများ၊ အတူတကွရပ်ကွက်အကျိုးသယ်ပိုးဆောင်ရွက်ခြင်းများ ပြုလုပ်ခြင်းအားဖြင့် အိမ်နီးနားချင်းအချင်းချင်း ပဋိပက္ခဖြစ်ပွားမှုများ လျော့နည်းစေ၍ ၎င်းဒေသတွင်း သတိပြုရမည့် သတင်း အချက်အလက်ဖလှယ်ခြင်းများ ပြုလုပ်နိုင်သည်။
- သဘာဝဘေးအန္တရာယ် စသည် ဖြစ်ပွားလျှင် အချင်းချင်းကူညီရိုင်းပင်းနိုင်သည်။

## ၃-၂ ရာဇဝတ်မှုတားဆီးကာကွယ်ရေး

ခိုးမှုထိပါးနှောင့်ယှက်မှုစသည့် အန္တရာယ်များနှင့် မကြုံရစေရန် အောက်ပါတို့ကိုသတိပြုရမည်။



- အပြင်ထွက်သည့်အခါ အိမ်၏ပြတင်းပေါက်များနှင့်တံခါးမကြီးကို မပျက်မကွက်သော့ခတ်ပါ။
- မော်တော်ကား၊ ဆိုင်ကယ်၊ စက်ဘီးတို့ကိုရပ်ထားစဉ် သော့ခတ်ပါ။
- အိတ်နှင့်ပိုက်ဆံအိတ် စသည့် အရေးကြီးပစ္စည်းများကို ယူဆောင်သွားသည့်အခါ မိမိ၏မြင်သာ သော နေရာတွင်ထားပါ။
- ညဘက်တွင် တတ်နိုင်သရွေ့ မှောင်မည်းသောနေရာနှင့် လူပြတ်သောနေရာများသို့ သွားလာခြင်း မပြုရန်။
- ရာဇဝတ်မှုတားဆီးကာကွယ်ရေးအတွက် နားမလည်မှုများ၊ စိုးရိမ်မှုများရှိပါက နီးစပ်ရာရဲစခန်း စသည်တွင် ဆွေးနွေးပါ။

## ၃-၃ နေ့စဉ်လူမှုဘဝအတွက်လိုအပ်သောဝန်ဆောင်မှုများ

## (၁) လျှပ်စစ်ဓာတ်အား

**လျှပ်စစ်ဓာတ်အားစတင်အသုံးပြုခြင်း**

လျှပ်စစ်ကိုစတင်အသုံးပြုတော့မည်ဆိုလျှင် အောက်ပါအတိုင်းလုပ်ဆောင်ရန် လိုအပ်သည်။

(၁) လျှပ်စစ်ဓာတ်အားစတင်သုံးစွဲမည့်နေ့ကို သတ်မှတ်ပါ။

(၂) လျှပ်စစ်ဓာတ်အားဝန်ဆောင်မှုကို စတင်သုံးစွဲမည့်နေ့ကို သတ်မှတ်ပါ။

(၃) လျှပ်စစ်ဓာတ်အားစတင်သုံးစွဲနိုင်သည့်နေ့တွင် Breakerခလုတ်ကိုဖွင့်ပါ။

သို့သော် စာချုပ်ပါအကြောင်းအရာနှင့် နေထိုင်ရာအဆောက်အအုံကိုလိုက်၍ လျှပ်စစ်ဓာတ်အား ကုမ္ပဏီမှဝန်ထမ်းများ လာရောက်ရန်လိုအပ်သည်များလည်းရှိသည်။ ထိုအခါမျိုးတွင် ကုမ္ပဏီမှ စတင် အသုံးပြုပုံ ထားရှိပေးထားမည်ဖြစ်သဖြင့် သတိပြုပါ။

### လျှပ်စစ်ဓာတ်အားခနှင့်ပေးဆောင်ရန်နည်းလမ်း

- သုံးစွဲသူ၏ လျှပ်စစ်ဓာတ်အားအသုံးပြုပုံပေါ်လိုက်၍ ရွေးချယ်ရန် plan အမျိုးမျိုးရှိသဖြင့် မိမိသုံးစွဲပုံနှင့်ကိုက်ညီသည်ကို ရွေးချယ်ကာ စာချုပ်ချုပ်ဆိုနိုင်သည်။
- အခြေခံအားဖြင့် မိမိအသုံးပြုသောလျှပ်စစ်ဓာတ်အားပမာဏအရ ငွေကျသင့်မည်ဖြစ်သော်လည်း "အခြေခံဝန်ဆောင်ခ" အနေဖြင့် သုံးစွဲသော လျှပ်စစ်ဓာတ်အားပမာဏ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ လစဉ်သတ်မှတ်ထားသောငွေပမာဏကို ပေးဆောင်ရမည်။
- လျှပ်စစ်ဓာတ်အားခပေးဆောင်ပုံနည်းလမ်းတွင် ဘဏ်အကောင့်မှ အလိုအလျောက်နုတ်ယူခြင်း၊ convenience store နှင့်ဘဏ်တွင်ပေးချေခြင်း၊ ခရက်ဒစ်ကတ်ဖြင့်ပေးချေခြင်း စသည့်နည်းလမ်း များရှိသည်။

* သုံးစွဲသောလျှပ်စစ်ပမာဏနှင့်စပ်လျဉ်း၍ တစ်လလျှင်တစ်ကြိမ် လျှပ်စစ်ကုမ္ပဏီမှဝန်ထမ်းက နေအိမ်တွင်တပ်ဆင်ထားသော လျှပ်စစ်မီတာပုံး ၏တန်ဖိုးကို အဝေးမှ သို့မဟုတ် ကွင်းဆင်း၍ လာရောက်စစ်ဆေးမည်ဖြစ်သည်။

* သုံးစွဲသူထံသို့ "လျှပ်စစ်ဓာတ်အားအသုံးပြုမှုပမာဏအကြောင်းကြားစာ"ကို ကုမ္ပဏီမှ လစဉ် အသိပေးလျက်ရှိသည်။

* မိမိရွေးချယ်ထားသောplanအရ ချုပ်ဆိုထားသောစာချုပ်ပါအကြောင်းအရာသည် စာချုပ်မချုပ် ဆိုမီနှင့် ချုပ်ဆိုပြီးချိန်တွင် လျှပ်စစ်ဓာတ်အားကုမ္ပဏီမှပေးပို့လာသော စာရွက်စာတမ်းများကို ကြည့်၍ အတည်ပြု နိုင်သည်။

### လျှပ်စစ်ဓာတ်အားအသုံးပြုမှုရပ်ဆိုင်းခြင်း

လျှပ်စစ်ဓာတ်အားအသုံးပြုမှုရပ်ဆိုင်းလိုလျှင် အောက်ပါအတိုင်းလုပ်ဆောင်ရန် လိုအပ်သည်။

(၁) လျှပ်စစ်ဓာတ်အားအသုံးပြုမှုရပ်ဆိုင်းမည့်နေ့ကို သတ်မှတ်ပါ။

(၂) လျှပ်စစ်ဓာတ်အားကုမ္ပဏီသို့ အင်တာနက် (သို့) ဖုန်းဖြင့် လျှောက်ထားပါ။


အခြေခံအားဖြင့် လျှပ်စစ်ဓာတ်အားအသုံးပြုမှုရပ်ဆိုင်းသည့်နေ့တွင် သုံးစွဲသူသည် နေအိမ်တွင် ရှိနေရန်မလိုသော်လည်း နေအိမ်၏ပြင်ပမှ လျှပ်စစ်မီတာပုံးကို စစ်ဆေးအတည်ပြု၍မရနိုင်သည့် အခြေအနေမျိုးတွင် နေအိမ်၌ရှိနေပေးရန်လိုအပ်သည်။ ထိုအခါမျိုးတွင် ကုမ္ပဏီမှ စတင်အသုံးပြုပုံ ထားရှိပေးထားမည်ဖြစ်သဖြင့် သတိပြုပါ။

**လျှပ်စစ်ဓာတ်အားကုမ္ပဏီမှ စီမံလုပ်ဆောင်ပုံအမှုအကျင့်နှင့် စာချုပ် စသည်တို့ကြောင့် အခက်တွေ့နေသူများအတွက် တိုင်ပင်ဆွေးနွေးကောင်တာမှာ ဤနေရာ**

https://www.emsc.meti.go.jp/general/consult.html

## (၂) ဂက်စ်

### ဂက်စ်အမျိုးအစား



- သာမန်လူနေအိမ်များတွင်အသုံးပြုနိုင်သောဂက်စ်သည် 13A (City Gas) နှင့် LP (Liquid Petroleum) စသည်ဖြင့် ပါဝင်ပစ္စည်းနှင့် လောင်ကျွမ်းနိုင်စွမ်းအပေါ်မူတည်၍ အမျိုးအစားများစွာ သည်။
- နေအိမ်တွင်အသုံးပြုမည့်ဂက်စ်ကိရိယာများသည် ဂက်စ်အမျိုးအစားနှင့်ကိုက်ညီသည့် ပစ္စည်းများ ဖြစ်ရန် ရွေးချယ်ရမည်။

* ဂက်စ်အမျိုးအစားနှင့်မကိုက်ညီသည့် ဂက်စ်ကိရိယာများကို အသုံးပြုလျှင် မီးလောင်မှုများ၊ အပြည့်အဝမလောင်ကျွမ်းနိုင်ခြင်းများ ဖြစ်ပွားနိုင်သဖြင့် အန္တရာယ်ရှိသည်။

### ဂက်စ်စတင်သုံးစွဲခြင်း

- ဂက်စ်စတင်အသုံးပြုတော့မည်ဆိုလျှင် အောက်ပါအတိုင်းလုပ်ဆောင်ရန် လိုအပ်သည်။

(၁) ဂက်စ်ဝန်ဆောင်မှု စတင်သုံးစွဲမည့်နေ့ကို သတ်မှတ်ပါ။

(၂) မိမိနေထိုင်ရာဝန်းကျင်ရှိ ဂက်စ်ကုမ္ပဏီသို့ အင်တာနက်(သို့)ဖုန်းဖြင့်လျှောက်ထားပါ။

* ဂက်စ်စတင်သုံးစွဲမည့်နေ့တွင် ဂက်စ်ကုမ္ပဏီမှဝန်ထမ်းက အိမ်သို့လာရောက်၍ အိမ်တွင်းဖွဲ့စည်းပုံ စနစ်ကိုစစ်ဆေးခြင်း၊ ဂက်စ်ထုတ်လွှတ်မှုစတင်ခြင်း ၊ ဂက်စ်ပစ္စည်းကိရိယာအသုံးပြုပုံကို ရှင်းပြ ပေးခြင်းတို့ ပြုလုပ်မည်။

### ဂက်စ်ဖိုးနှင့်ပေးဆောင်ရန်နည်းလမ်း

- မိမိနေထိုင်ရာဝန်းကျင်ရှိ ဂက်စ်ကုမ္ပဏီမှ မိမိအသုံးပြုသော plan အရ ဂက်စ်ဖိုး ကောက်ခံမည်။
- အခြေခံအားဖြင့် ဂက်စ်ဖိုးသည် ဂက်စ်အသုံးပြုမှုပမာဏ ပေါ်မူတည်၍ အတိုးအလျှော့ရှိနိုင်သော ဂက်စ်အသုံးပြုခ နှင့် သတ်မှတ်ထားသောအခြေခံကြေးကိုပေါင်း၍ လစဉ်တွက်ချက်ကောက်ခံ ခြင်းဖြစ်သည်။
- ဂက်စ်ဖိုး ပေးဆောင်ရာတွင် ဘဏ်အကောင့်မှ အလိုအလျောက် နုတ်ယူခြင်း၊ convenience store နှင့်ဘဏ်တွင် ပေးချေခြင်း၊ ခရက်ဒစ်ကတ်ဖြင့်ပေးချေခြင်းစသည့် နည်းလမ်း များရှိသည်။

* ဂက်စ်အသုံးပြုမှုနှင့်ပတ်သတ်သည့် စာချုပ်ပါအကြောင်းအရာသည် စာချုပ်မချုပ်ဆိုမီနှင့် ချုပ်ဆို ပြီးချိန်တွင်ဂက်စ်ကုမ္ပဏီမှပေးပို့လာသော စာရွက်စာတမ်းများကို ကြည့်၍ အတည်ပြုနိုင်သည်။

### ဂက်စ်အသုံးပြုမှုရပ်ဆိုင်းခြင်း

ဂက်စ်အသုံးပြုမှုရပ်ဆိုင်းလိုလျှင် အောက်ပါအတိုင်းလုပ်ဆောင်ရန် လိုအပ်သည်။

(၁) ဂက်စ်အသုံးပြုမှုရပ်ဆိုင်းမည့်နေ့ကို သတ်မှတ်ပါ။

(၂) ဂက်စ်ကုမ္ပဏီသို့ အင်တာနက် (သို့) ဖုန်းဖြင့် လျှောက်ထားပါ။

* လစဉ်ပေးပို့လာသော ဂက်စ်မီတာဖြတ်ပိုင်းများကို ပြင်ဆင်၍ လုပ်ထုံးလုပ်နည်းများ အလွယ် တကူ ဆောင်ရွက်နိုင်စေရန် မိမိ၏ customer number ကို ကုမ္ပဏီထံသို့ အကြောင်းကြားရမည်။


ဂက်စ်အသုံးပြုမှုရပ်ဆိုင်းသည့်နေ့တွင် ကုမ္ပဏီမှ ဂက်စ်မီတာကို လာရောက်ရပ်ဆိုင်းမည် ဖြစ် သည်။ သို့သော် နေအိမ်၏ပြင်ပမှ ဂက်စ်မီတာကို ရပ်ဆိုင်း၍မရနိုင်သည့် အခြေအနေမျိုးတွင် သုံးစွဲသူ (သို့) ကိုယ်စားတစ်ယောက်ယောက် နေအိမ်၌ရှိနေပေးရန် လိုအပ်သည်။

**ဂက်စ်ကုမ္ပဏီဝန်ထမ်း၏စီမံလုပ်ဆောင်ပုံအမှုအကျင့်နှင့် စာချုပ် စသည်တို့ကြောင့် အခက်တွေ့နေသူများအတွက် တိုင်ပင်ဆွေးနွေးကောင်တာမှာဤနေရာ**

https://www.emsc.meti.go.jp/general/consult.html

## (၃) ရေပေးဝေခြင်း

### ရေသုံးစွဲခြင်း



အိမ်ပြောင်းရွှေ့ခြင်းကြောင့် ရေသုံးစွဲမှုစတင်ရမည့်အခြေအနေမျိုးတွင် ရေသုံးစွဲသူသည် မိမိ နေထိုင်ရာမြို့နယ်ရှိ ရေပေးဝေရေးဌာနနှင့် ရေပေးဝေရေးကုမ္ပဏီထံသို့ ရေသုံးစွဲမှုစတင်ရန် ကြိုတင် လျှောက်ထားရမည်။

အသေးစိတ်ကို မိမိ နေထိုင်ရာရှိမြို့နယ်ရပ်ကွက်ကျေးရွာရုံးတို့တွင် မေးမြန်းစုံစမ်းပါ။

**ရေသုံးစွဲခ(ရေဖိုး)**

ရေဖိုးကို အောက်ပါအတိုင်း ပေးဆောင်ရမည်။

(၁) ရေဖိုးသည် မိမိနေထိုင်ရာမြို့နယ်ရှိ ရေပေးဝေရေးကုမ္ပဏီအလိုက် အသီးသီးသတ်မှတ်ထားသည်။ ရေပေးဝေရေးကုမ္ပဏီများသည် ရေပိုက်လိုင်းရေပမာဏကို မီတာဖြင့် တွက်ချက်အတည်ပြု၍ သုံးစွဲသူ အသုံးပြုထားသော ရေပမာဏပေါ်မူတည်ကာ ပေးဆောင်ရမည့် အဖိုးအခကို သုံးစွဲသူထံ တောင်းခံ မည်။

(၂) ရေဖိုးပေးဆောင်ရာတွင် အခြေခံကြေးနှင့် သုံးစွဲကြေးကို ပေါင်း၍ပေးဆောင်ရမည်။ အခြေခံ ကြေးသည် ရေပိုက်လိုင်း၏အချင်းအရွယ်အစားပေါ်မူတည်သဖြင့် အရွယ်အစားကြီးလျှင် ပေးဆောင်ရ မည့်ငွေပမာဏ လည်းများမည်ဖြစ်သည်။ တစ်ဖက်တွင်လည်း "သုံးစွဲကြေး" သည် သုံးစွဲမှုပမာဏ ပေါ်မူတည်သဖြင့် ရေ သုံးစွဲသောပမာဏများလျှင် ကျသင့်ငွေပမာဏလည်းများမည်ဖြစ်သည်။

(၃) ရေဖိုးပေးဆောင်ရန်နည်းလမ်းသည် ရေပေးဝေရေးကုမ္ပဏီပေါ်မူတည်၍ ကွဲပြားမှုရှိသည်။ အခြေခံ အား ဖြင့် ဘဏ်အကောင့်မှ အလိုအလျောက်နုတ်ယူခြင်း၊ convenience store သို့မဟုတ် ဘဏ်တွင် ပေးချေခြင်း စသည့်နည်းလမ်းများရှိသည်။

## ၃-၄ လက်ကိုင်ဖုန်း



### (၁) လက်ကိုင်ဖုန်းစာချုပ်

- လက်ကိုင်ဖုန်းစာချုပ်ချုပ်ဆိုရာတွင် ဦးစွာ လျှောက်ထားသူ ကာယကံရှင်အမှန် ဖြစ်ကြောင်း အတည်ပြုမည်။
- အတည်ပြုရာတွင် ဖော်ပြပါနည်းလမ်းများရှိသည်။

နာမည်၊ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာ တို့ကို ရေးသားထားသည့် သတ်မှတ်ထားသောစာရွက်စာတမ်း အထောက်အထား (ကာယကံရှင်ဖြစ်ကြောင်းအတည်ပြုထား သည့်စာရွက်စာတမ်း)ကို

① လက်ကိုင်ဖုန်းကုမ္ပဏီထံသို့ တင်ပြခြင်း

② လက်ကိုင်ဖုန်းကုမ္ပဏီထံသို့စာတိုက် သို့မဟုတ် ဝပ်ဆိုက်မှ တစ်ဆင့်လည်း မိတ္တူကိုပေးပို့ခြင်း

- ဥပမာ အောက်ပါစာရွက်စာတမ်းများသည် ကာယကံရှင်ဖြစ်ကြောင်း အတည်ပြုထားသည့်စာ ရွက်စာတမ်း အဖြစ်အသုံးပြုနိုင်သည်။

(၁) နေထိုင်ခွင့်ကတ်ပြား

(၂) ယာဉ်မောင်းလိုင်စင်

(၃) My Number ကတ်

(၄) နိုင်ငံကူးလက်မှတ် (လက်ရှိနေထိုင်ရာနေရပ်လိပ်စာရေးမှတ်ပါရှိမှသာ)

- အရွယ်မရောက်သေးသူဖြစ်လျှင် အောက်ပါအချက်အလက်အားလုံး တင်ပြရန်လိုအပ်သည်။

(၁) ကာယကံရှင်ဖြစ်ကြောင်းအတည်ပြုထားသည့်စာရွက်စာတမ်း

(၂) မိဘအုပ်ထိန်းသူ၏သဘောတူညီချက်

- ငွေပေးချေရန်အောက်ပါအနက်မှတစ်ခုရှိရန်လိုအပ်သည်။

(၁) ခရက်ဒစ်ကတ်
(၂) ဂျပန်နိုင်ငံရှိဘဏ်အကောင့်မှ ငွေလက်ငင်းကတ်(Cash Card)
(၃) ဂျပန်နိုင်ငံရှိဘဏ်အကောင့်မှငွေစုစာအုပ် (ဘဏ်စာအုပ်)

- အချို့လက်ကိုင်ဖုန်းကုမ္ပဏီ၏ အင်တာနက်စာမျက်နှာနှင့် အရောင်းဆိုင် စသည်တို့တွင် နိုင်ငံခြား ဘာသာစကား အမျိုးမျိုးဖြင့် ဖတ်ရှုနိုင်သည်။
- စာချုပ်အတွက်လိုအပ်သောစာရွက်စာတမ်းများကို ကြိုတင်စစ်ဆေးအတည်ပြုခြင်း၊ လက်ကိုင် ဖုန်းဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ မေးမြန်းစုံစမ်းခြင်းများ ပြုနိုင်သည်။

## (၂) လက်ကိုင်ဖုန်းစာချုပ်ချုပ်ဆိုစဉ်နှင့် အသုံးပြုစဉ် သတိပြုရမည့်အရာများ

- "လက်ကိုင်ဖုန်းစာချုပ်ကိုကိုယ်စားချုပ်ဆိုပေးမည်" ဟုဆို၍ချဉ်းကပ်လာကာ သင့်၏ ကာယကံရှင် ဖြစ်ကြောင်း အတည်ပြုထားသည့်စာရွက်စာတမ်းများကို ခွင့်ပြုချက်မရှိဘဲ ယူ၍အသုံးပြုခြင်း စသည့် မသမာသူပွဲစားများလည်းရှိသည်။
- စာချုပ်ချုပ်ဆိုရန် အခြားသူ၏အကူအညီကို ရယူသည့်အခါတွင် မိမိကိုယ်တိုင်လည်း စာချုပ်ပါ အကြောင်းအရာများကို သေချာစစ်ဆေးပါ။
- စာချုပ်ချုပ်ဆိုပြီးသားလက်ကိုင်ဖုန်းကို ကုမ္ပဏီ၏ သဘောတူညီချက်မပါဘဲ အခြားသူထံသို့ လွှဲပြောင်းခြင်းသည် ဥပဒေကိုချိုးဖောက်ရာရောက်သဖြင့် အရေးယူခြင်းခံရမည်။



# ၄-၅ ဘဏ်အကောင့်

## (၁) ဘဏ်အကောင့်ဖွင့်ခြင်း

- ဘဏ်တွင် ဘဏ်အကောင့်ဖွင့်ခြင်းလုပ်ထုံးလုပ်နည်းများ ဆောင်ရွက်နိုင်သည်။ ဘဏ်ပေါ်မူတည် ၍ စာတိုက်ဖြင့်၊ စမတ်ဖုန်းအက်ပလီကေးရှင်းဖြင့်၊ ကွန်ပျူတာဖြင့်လည်း လုပ်ထုံးလုပ်နည်းများ ဆောင်ရွက်နိုင်သည်။ ပုံမှန်အားဖြင့် အဆိုပါလုပ်ထုံးလုပ်နည်းများ ပြီးစီး၍ နောက်တစ်နေ့တွင် Cash Cardကို စာတိုက်မှတစ်ဆင့် အိမ်တိုင်ရာရောက် ပို့ဆောင်ပေးသည်။
- ဘဏ်တွင်ဘဏ်အကောင့်ဖွင့်ရန် အောက်ပါစာရွက်စာတမ်းများကို ယူဆောင်သွားရမည်။

(၁) ကာယကံရှင်ဖြစ်ကြောင်းအတည်ပြုထားသည့် စာရွက်စာတမ်း (ဥပမာ-နေထိုင်ခွင့်ကတ်ပြား)
(၂) တံဆိပ်တုံး (လက်မှတ်ထိုးခြင်းကိုခွင့်ပြုထားသည့်ဘဏ်လည်းရှိသည်။)
(၃) ဝန်ထမ်းID (သို့) ကျောင်းသားID (မိမိတွင်မရှိလျှင်ကုမ္ပဏီမှလုပ်ဖော်ကိုင်ဖက် သို့မဟုတ် ကျောင်းမှ အတန်းဖော်ကို အတူခေါ်ဆောင်လာပါ။)

- ဂျပန်ဘာသာစကားဖြင့်ပြောဆိုဆက်ဆံရာ၌ အဆင်မပြေမှုများရှိလျှင် သင့်အားဆက်တိုက် ကူညီပေးနိုင်သော သူ (သင့်၏လုပ်ငန်းခွင် သို့မဟုတ် ကျောင်းမှရင်းနှီးသောသူ)အား စကားပြန်အဖြစ် ကူညီ ဆောင်ရွက်ပေးရန် တောင်းဆိုပါ။

## (၂) လိပ်စာနှင့် နေထိုင်ခွင့်ကာလ ပြောင်းလဲသွားပါက ချက်ချင်း ဘဏ်သို့အသိပေးခြင်း

- လိပ်စာနှင့် နေထိုင်ခွင့်ကာလ၊ နေထိုင်ခွင့်အရည်အချင်း၊ အလုပ်စသည့် အချက်အလက်များ အပြောင်းအလဲရှိပါက၊ အကောင့်ဖွင့်ထားသော ဘဏ်သို့ချက်ချင်းဆက်သွယ်ပါ။ တစ်ဖန် သင့်အချက်အလက်များတွင် အပြောင်းအလဲရှိမရှိ စစ်ဆေးရန်၊ ဘဏ်မှဆက်သွယ်လာခြင်းလည်းရှိသည်။
- လိပ်စာနှင့် နေထိုင်ခွင့်ကာလ၊ နေထိုင်ခွင့်အရည်အချင်း၊ အလုပ်စသည်တို့ ပြောင်းလဲသွားချိန်တွင် မဆက်သွယ်ခြင်း၊ ဘဏ်မှတောင်းဆိုသည့်အချက်များကို လုပ်ဆောင်မပေးခဲ့ပါက၊ အကောင့်ကို အသုံးမပြုနိုင်တော့ခြင်းများ ရှိသည်။

## (၃) အသုံးမပြုသောဘဏ်အကောင့်ကိုပိတ်ခြင်း

- မိခင်နိုင်ငံသို့ပြန်ခြင်း စသည့် အခြေအနေများကြောင့် ဘဏ်အကောင့်ကိုအသုံးမပြုတော့သည့် အခါ ဘဏ်အကောင့်ကို ပိတ်သွားပါ။ နီးစပ်ရာဘဏ်ခွဲများတွင် ဘဏ်အကောင့်ပိတ်ခြင်းလုပ်ထုံး လုပ်နည်းများ ပြုလုပ်နိုင်သည်။

* ဘဏ်အကောင့်(ဘဏ်ကတ်၊ ့ငွေစုစာအုပ်၊ Login IDနှင့် လျှို့ဝှက်နံပါတ်စသည်တို့)ကို ရောင်းဝယ်ခြင်း၊ အခြားသူထံ လွှဲပြောင်းပေးခြင်း၊ လွှဲပြောင်းရယူခြင်းတို့ သည် ရာဇဝတ်မှုမြောက်သဖြင့် လုံးဝမပြုလုပ်ရ။ ချိုးဖောက်လျှင် ၁နှစ်နှင့်အထက်အလုပ်နှင့် ထောင်ဒဏ် သို့မဟုတ် ၁,၀၀၀,၀၀၀ယန်းထက်မကျော်သော ငွေဒဏ်ဖြင့် အရေးယူခြင်းခံ ရမည်။

***တရားမဝင်သောဘဏ်များ**

ဘဏ်လုပ်ငန်းများကို လုပ်ဖို့အတွက်ဆိုလျှင်၊ နိုင်ငံမှ ခွင့်ပြုလိုင်စင် လိုအပ်ပါသည်။

တရားမဝင်သောဘဏ်များနှင့် နိုင်ငံမှ အသိမှတ်မပြုထားသောလူများသို့ ငွေကြေးပေးချေပြီး၊ နိုင်ငံခြားသို့ ငွေပို့ခြင်း စသည့်တို့ကို တောင်းဆိုခြင်း မပြုနိုင်ပါ။

တရားမဝင်သောဘဏ်ဟုတ်မဟုတ် မသေချာပါက၊ ကုမ္ပဏီစသည်တို့တွင် ဆွေးနွေးတိုင်ပင်ပါ။

# ၃-၆ စာတိုက်

- ဂျပန်နိုင်ငံရှိစာတိုက်နှင့်စာတိုက်ပုံး၏သင်္ကေတမှာ “〒” ဖြစ်၍ အရောင်မှာအနီရောင်ဖြစ်သည်။
- စာတိုက်တွင် အောက်ပါဝန်ဆောင်မှုများရရှိနိုင်သည်။

(၁) ပြည်တွင်းပြည်ပသို့ ပေးစာ၊ ပို့စကတ်နှင့် ပါဆယ်ထုပ်များ ပေးပို့နိုင်သည်။

(၂) ငွေစုခြင်း၊ ငွေပို့ခြင်းနှင့် အထွေထွေစရိတ်များပေးဆောင်ခြင်း စသည်တို့ကိုပြုလုပ်နိုင်သည်။

(၃) အသက်အာမခံဝင်ရောက်နိုင်သည်။

# ၉ အများပြည်သူသယ်ယူပို့ဆောင်ရေး

## ၉-၁ IC Card

### (၁) အခြေခံကျသောလုပ်ဆောင်ချက်

သယ်ယူပို့ဆောင်ရေးအတွက်ပြုလုပ်ထားသော IC Card သည် ကုမ္ပဏီအမျိုးမျိုး၏ ရထားနှင့် ဘတ်စကားတို့၏ ယာဉ်စီးခကို ပေးဆောင်ရာတွင် အသုံးပြုသည်။

- ရထားမစီးမီ IC Card တွင် ပိုက်ဆံဖြည့်ထားခြင်းဖြင့် လက်မှတ်ရောင်းစက်တွင် လက်မှတ်ဝယ်ယူ ရန်အချိန်ကို သက်သာစေသည်။
- ရထားဘူတာရှိ လက်မှတ်ရောင်းစက်နှင့်ကောင်တာ၊ ဘတ်စကားလက်မှတ်အရောင်းရုံး စသည်တို့ တွင် ဝယ်ယူ နိုင်သည်။
- ငွေသားဖြင့်ပေးချေခြင်းထက် ယာဉ်စီးခသက်သာသည်။

### (၂) နာမည်ပါကတ် (မှတ်ပုံတင်ပြီး)


- အသုံးပြုသောသူ၏နာမည်ကိုရေးသားထားသည့် ကတ်ဖြစ်သည်။
- နာမည်၊ ဖုန်းနံပါတ်၊ မွေးသက္ကရာဇ်၊ ကျား/မ စသည်တို့ကိုမှတ်ပုံတင်ရန်လိုအပ်သည်။
- ကတ်ပြားပျောက်ဆုံးသော်လည်း အသစ်ထပ်မံပြုလုပ်နိုင်သည်။

### (၃) နာမည်မပါကတ် (မှတ်ပုံမတင်ရသေးသော)


- အသုံးပြုသောသူ၏နာမည်ကို ရေးသားမထားပါ။
- ကတ်ပြားပျောက်ဆုံးသော် အသစ်ထပ်မံမပြုလုပ်နိုင်ပါ။

## (၄) အာမခံစပေါ်ငွေ

- IC Card စတင်ပြုလုပ်သည့်အခါ အာမခံစပေါ်ငွေ ပေးချေရမည်။
- IC Card ကိုပြန်လည်အပ်နှံသည့်အခါ ပြန်ရမည့်ငွေဖြစ်သည်။



## ၄-၂ ရထား



ဂျပန်နိုင်ငံတွင် ရထားအသုံးပြုမှုသည် ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး အလုပ်သွား အလုပ်ပြန်၊ ကျောင်း သွား ကျောင်းပြန်ကိစ္စများမှ အစ အသုံးများသောသွားလာရေးနည်းလမ်းတစ်ခုအဖြစ် တွင်တွင်ကျယ် ကျယ် အသုံးပြုလျက်ရှိသည်။

### (၁) ရထားကိုအသုံးပြုခြင်း

ရထားကိုအသုံးပြုသည့်အခါ အခြေခံကျသောအဆင့်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ရထားလမ်းကြောင်းပြမြေပုံဖြင့် သွားရောက်လိုသည့်နေရာကို သတ်မှတ်အတည်ပြုမည်။

(၂) ဘူတာတွင် သွားရောက်လိုသည့်နေရာအထိအတွက် လက်မှတ်ကိုဝယ်ယူ၍ ထိုလက်မှတ်ဖြင့် လက်မှတ်ဖြတ်ပေါက်ဂိတ်ကို ဖြတ်မည်။ (ပို့ဆောင်ရေးသုံး IC Card အသုံးပြုနိုင်ပါက အလို အလျောက် လက်မှတ်ဖြတ်စက်၌ ကတ်ကိုထိ၍ လက်မှတ်ဖြတ်ပေါက်ကို ဖြတ်သန်းနိုင်သည်။)

(၃) ဘူတာရုံအတွင်းရှိ လမ်းညွှန်ဆိုင်းဘုတ်များအတိုင်း မိမိသွားလိုသောနေရာကို ဦးတည်သည့် ရထားပလက်ဖောင်းသို့သွားမည်။

(၄) ပလက်ဖောင်းတွင် အဖြူရောင် သို့မဟုတ် အဝါရောင်အကွက်များဖြင့် သတ်မှတ်ထားသော လိုင်း၏ အတွင်းဘက်မှ ရထားကိုစောင့်မည်။

(၅) မိမိသွားလိုသည့်နေရာ(ဂိတ်)သို့ ရောက်လျှင် အဝင်ဂိတ်ဖြတ်ထားသည့် ရထားလက်မှတ်ကို အသုံးပြု၍ အထွက်ဂိတ်ကိုဖြတ်မည်။ (ပို့ဆောင်ရေးသုံး IC Card အသုံးပြုပါက အလိုအလျောက် လက်မှတ်ဖြတ်ပေါက်ဂိတ်ရှိ ကတ်ဖတ်စက်၌ ကတ်ကိုထိခြင်းအားဖြင့် ကတ်ထဲသို့ထည့်သွင်း ထားသော ငွေပမာဏမှ ကျသင့်သောရထားခကို ဖြတ်မည်။)

### (၂) လက်မှတ်အမျိုးအစား


| | |
|---|---|
| **(၁) ပုံမှန်ရထားစီး လက်မှတ်** | ရထားစီးရန်လိုအပ်သည့်လက်မှတ်ဖြစ်သည်။ |
| **(၂) အစောင်တွဲ လက်မှတ်** | သတ်မှတ်ထားသောအကွာအဝေးတစ်ခုအတွက် လက်မှတ်စောင်ရေ ၁၁စောင်ကို ၁၀စောင်တန်ဖိုးဖြင့် ဝယ်ယူနိုင်သည်။ (သက်တမ်းကာလ ၃လတာ) |
| **(၃) လပေးလက်မှတ်** | နေ့စဉ် အလုပ်အသွားအပြန် (သို့) ကျောင်းသွားကျောင်းပြန် သတ်မှတ်ထား သော အကွာအဝေးတစ်ခုအတွက်သာ အသုံးပြုရန်လိုအပ်သည့်အချိန်တွင် အသုံးဝင်သည်။ ပုံမှန်ရထား လက်မှတ်ကို ဝယ်ယူ၍ ရထား လမ်းကြောင်းတစ်မျိုးတည်းကို နေ့စဉ်အသုံးပြုခြင်းထက် ပိုမိုဈေး သက်သာစွာ လိုက်ပါစီးနင်းနိုင်ရန် စီစဉ်ထားခြင်းဖြစ်သည်။ ၁လစာ၊ ၃လစာ၊ ၆လစာ စသည်ဖြင့် ကြိုတင်ဝယ်ယူ နိုင်သည်။ |

## (၃) အခြားလက်မှတ်များ

အထူးအမြန်ရထားကိုအသုံးပြုခြင်းနှင့် ရထားပါအထူးဝန်ဆောင်မှုကိုရယူလိုလျှင် ရထားစီးလက် မှတ်အပြင် အောက်ပါလက်မှတ်များပါဝယ်ယူရန် လိုအပ်သည်။

| | |
|---|---|
| **(၁) အထူးအမြန် ရထားလက်မှတ်** | ကျည်ဆန်ရထား(Shinkansen)နှင့် အထူးအမြန်ရထားစီးရန် လိုအပ် သောလက်မှတ်ဖြစ်သည်။ |
| **(၂) သတ်မှတ်ထိုင်ခုံ လက်မှတ်** | ထိုင်ခုံနေရာရလိုလျှင် ဝယ်ယူရမည့် လက်မှတ် ဖြစ်သည်။ အထူးအမြန် ရထား လက်မှတ်နှင့်အတူ တွဲ၍ဝယ်ယူရမည့်လက်မှတ်မျိုးလည်း ရှိသည်။ |
| **(၃) Green Car Ticket** | ပုံမှန်ရထားထက်အဆင့်မြင့်သော Green Carအတွဲစီးရာတွင် လိုအပ်သည့် လက်မှတ် ဖြစ်သည်။ |

# ၄-၃ ဘတ်စကား



## (၁) အကွာအဝေးရှည်လျားသောလမ်းကြောင်းကိုသွားလိုလျှင်(ခရီးဝေးဘတ်စ်)

- အခြေခံအားဖြင့် ယာဉ်ပေါ်သို့မတက်မီတွင် လက်မှတ်ကြိုတင်ဝယ်ထားရန်လိုအပ်သည်။

## (၂) မိမိနေထိုင်ရာဒေသတွင်းရှိသတ်မှတ်ထားသောလမ်းကြောင်းအတိုင်းသွားလိုလျှင် (လမ်းကြောင်းဘတ်စ်)

### (၁) မည်သည့်နေရာအထိဖြစ်စေ ယာဉ်စီးခတူညီရာတွင်

- ယာဉ်ပေါ်သို့တက်လျှင် ကားခပုံးထဲသို့ ပိုက်ဆံထည့်ရမည်။
- IC Card ဖြစ်လျှင် ကားခပုံးရှိကတ်ဖတ်စက်၌ ကတ်ကိုထိ၍ပေးရမည်။

### (၂) အကွာအဝေးအလိုက် ယာဉ်စီးခကွာခြားရာတွင်

- ယာဉ်ပေါ်သို့တက်လျှင် နံပါတ်ရေးထားသည့်လက်မှတ်ကိုရယူပြီး ယာဉ်ပေါ်မှဆင်းလျှင် ယင်းလက်မှတ်ရှိနံပါတ်ကို ယာဉ်မောင်း၏အထက်ရှိဘုတ်မှ ဖတ်ရှုအတည်ပြုပြီး နံပါတ် အောက်တွင် ဖော်ပြထားသောယာဉ်စီးခကို ပေးချေရမည်။
- IC Card အသုံးပြုပါက ယာဉ်ပေါ်သို့အတက်တစ်ကြိမ်၊ အဆင်းတစ်ကြိမ် ကတ်ကို နှစ်ကြိမ် ထိပေးရမည်။